မှတ်ချက်။ ။

'အလွမ်းဦး မေ့လျော့ခြင်း'ကို ငြိမ်းကျော်၊ နွမ်ဂျာသိုင်းတို့၏ ဝတ္ထုနှင့်တွဲဖက်၍ (၁၉၈၀) (၁၉၉၄) တို့တွင်လည်းကောင်း၊ 'ချစ်စေသတည်း'ကို စမ်းစမ်းနွဲ့(သာယာဝတီ)၏ ဝတ္ထုတစ်ပုဒ်နှင့်တွဲဖက်၍ (၁၉၈၂)တွင် တစ်ကြိမ်၊ မင်းလူ၏ 'ချစ်မြားရှင်' ဝတ္ထုနှင့်တွဲဖက်၍ (၁၉၉၆)တွင် တစ်ကြိမ် ထုတ်ဝေခဲ့ဖူးပါသည်။

တဏှာကူးတဲ့ အရူးတွေမှာ
အမူးမပြေ ပင်ပန်းရှာကြလေး။
တဏှာကြိုက်တဲ့ အမိုက်တွေမှာ
အဟိုက်မပြေ ပင်ပန်းရှာကြလေး။
တဏှာဖမ်းတဲ့ အကန်းတွေမှာ
အပန်းမပြေ ပင်ပန်းရှာကြလေး။
(နိဗ္ဗိန္ဒတေးတပ်)

(၁)

ကိုယ့်ထက် အသက်ခြောက်လခန့်သာ ကြီးသောသူကို 'မမ'ဟု ခေါ်ရမည်ဟု ဆိုကြပါသည်။

သူ့အမည်ရင်း သန်းသန်းနိုင်ဖြစ်ပါသည်။ (၁၉၅၄) ခုနှစ်ဖွားချင်းအတူတူ သူက 'မမနိုင်' ဖြစ်ရပါသည်။ ကျွန်တော် မခေါ်လိုပါ။ သို့ရာတွင် မေမေတို့က ကိုယ့်ထက် အသက်တစ်ရက် တစ်မနက်ကြီးသူကိုပင် ရိုသေရမည်ဟု ဆိုပါသည်။ မေမေတို့ရှေ့တွင်သာ သူ့ကို 'မမနိုင်'ဟု ခေါ်ပါသည်။ မေမေတို့ကွယ်ရာတွင် 'နိုင်နိုင်'ဟုသာ ကျွန်တော်ခေါ်ပါသည်။ သူက မေမေတို့ကို ပြန်တိုင်ပါသည်။ မေမေက "ကျောင်းအုပ်ဆရာမကြီးရဲ့သားဆိုတာ ယဉ်ကျေးသိမ်မွေ့ရတယ်"ဟု ပြောပါသည်။

ထိုအခါမှစ၍သူ့ကို'မမနိုင်'ဟုသာကျွန်တော်ခေါ်ပါတော့သည်။'မမနိုင်'ဟူသောအမည်ကိုကိုကိုနှင့်ပတ်သက်၍ နိမိတ်ပြနေသောအမည်ဖြစ်မှန်း ကျွန်တော် မသိခဲ့ပါ။

ကျွန်တော့်အမည်သည်လည်း သိမ်ငယ်သယောင် ရှိပါသည်။ 'ညီညီ' တဲ့။

(၂)

ငယ်ငယ်တုန်းကတော့ ကလေးများဖြစ်ကြ၏။

သူသည်လည်း ဂါဝန်တိုကလေးကို ဝတ်၏။

ကျွန်တော်သည်လည်း ဘောင်းဘီတိုကလေးကို ဝတ်၏။

ထိုအချိန်က ကျွန်တော်တို့ မရက်ကြချေ။

ကျွန်တော်တို့သည် ပဲခူးမြို့ ကြည်တော်ကုန်းတွင် နေပါသည်။ ဖေဖေ မေမေတို့သည် ချမ်းသာကြပါသည်။ ဆေးလိပ်ခုံလည်းရှိသည်။ ဘတ်စ်ကား နှစ်စီးလည်းရှိသည်။ ဘတ်စ်ကားနှစ်စီး၏ အမည်များမှာ 'ကိုကို'နှင့် 'ညီညီ' ဖြစ်ပါသည်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်၏အမည်များကို မှည့်ထားခြင်းဖြစ်ပါသည်။

ကျွန်တော်တို့အိမ်အတွက် သုံးရန် ဆလွန်းကားလည်းရှိပါသည်။

ဖေဖေနှင့်မေမေတို့တွင် သားနှစ်ယောက်တည်းသာရှိပါသည်။ ကိုကိုနှင့် ကျွန်တော်ဖြစ်သည်။ ကိုကိုသည် ကျွန်တော့်ထက် အသက်လေးနှစ်ကြီးပါသည်။ အခုအခါ ကိုကိုသည ်ရန်ကုန်မြို့ရှိ စိန်ပေါလ်ကျောင်းတွင် ကျောင်းအိပ်ကျောင်းစားနေပါသည်။

ကျွန်တော် ငါးနှစ်ပြည့်သောအခါ ကျောင်းနေရပါသည်။ ရန်ကုန်တွင် ကိုကိုနှင့်အတူတူ ကျောင်းနေချင်သော်လည်း မေမေက ကျွန်တော်နှင့်မခွဲနိုင်ဆိုသဖြင့် ပဲခူးမြို့မှ နေရှင်နယ်ကျောင်းမှာပင် နေရပါသည်။

သူငယ်တန်းမှာ ကျောင်းစတက်၍ တစ်လခန့်အကြာတွင် ကျွန်တော်တို့အခန်းထဲသို့ ကျောင်းသူကောင်မလေး အသစ်တစ်ယောက် ရောက်လာလေသည်။ သူသည် ကျွန်တော်တို့ကျောင်းတွင် ရှိနှင့်ပြီးသား ကောင်မလေးများထက် ထူးခြားပါသည်။

သူသည် ယောကျ်ားလေးရုပ်အင်္ကျီလို အင်္ကျီလက်တိုအဖြူပေါ်မှာ ဂါဝန်အပြာလက်ပြတ်ကလေးကို

ထပ်ဝတ်ထားပါသည်။ သူ့ဂါဝန်သည် ကျောင်းက ကောင်မလေးများ၏ ဂါဝန်နှင့်မတူပါ။ အတွန့်အတွန့်ကလေးတွေပါပြီး သူ့ပေါင်လယ်လောက်တွင် ကားကားကလေး ရှိနေပါသည်။ သူ၏ခြေထောက်တွင်လည်း ခြေအိတ်ဖြူဖြူလေးနှင့် ကြိုးသိုင်းဖိနပ်ကလေးစီးထားပါသည်။ ကျွန်တော်သည် ရောက်ရောက်ချင်းနေ့မှာပင် သူ့ကို နှုတ်ဆက်လိုက်ပါတော့သည်။

မုန့်စားဆင်းချိန်တွင် သူ အပြင်မထွက်ပါ။ အတန်းထဲမှာပင် ထိုင်နေပါသည်။ ကျွန်တော်လည်း အပြင်မထွက်ပါ။ သူ့နောက် ခပ်လှမ်းလှမ်းမှာ သွားရပ်ပါသည်။ ပြီးတော့ အော်ပါသည်။

"ဟော့... အပြာလေး"

သူ လှည့်မကြည့်ပါ။ ကျွန်တော်လည်း တစ်ချိန်လုံး 'အပြာလေး.. အပြာလေး'ဟူ၍သာ အော်နေပါသည်။ သူက တီချာကို သွားတိုင်လေသည်။ တီချယ်က ကျွန်တော့်ကို ခေါ်မေးသည်။

"ညီညီ.. မင်း သူ့ကို အပြာလေး အပြာလေးလို့ စတယ်ဆို"

"ဟုတ်ကဲ့ တီချယ်"

"ဘာဖြစ်လို့ စရတာလဲကွယ်"

"ကျွန်တော် သူ့ကို ယူမလို့"

"ဘာကွ.. သူ့ကို ယူမလို့ ဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"သူ့ကိုယူပြီးတော့ ဘာလုပ်မလို့လဲကွ"

"ဟင်းချက်စားမလို့"

တီချာက ရယ်ပါသည်။ သူက ငိုပါသည်။

"ဟင့်အင်း... မယူရဘူး... ဟင်းချက်မစားရဘူး"

တီချာက သူ့ကို ချော့ပါသည်။ သူက ကြောက်တယ်ဆိုပြီး အော်ငိုနေပါသည်။

"တိတ်ပါတော့ကွယ်..ညီညီက သမီးကို ဟင်းချက်မစားပါဘူး၊ အလကားစတာပါ၊ ကဲ...ညီညီ၊ ဟင်းချက်မစားဘူး မဟုတ်လား"

"ကျွန်တော်နဲ့ခေါ်ရင် မစားဘူး"

"ကဲ... ခေါ်မယ်မဟုတ်လား သမီး"

"ဒီလိုဆိုရင် ရှိတ်ကင်း..."

သူနှင့်ကျွန်တော် လက်ဆွဲနှုတ်ဆက်ကြပါသည်။

ထိုနေ့ညနေတွင် အပြာကလေးသည် ကျွန်တော်တို့အိမ်သို့ လာလည်ပါသည်။ သူ့အဖေနှင့်အမေလည်း ပါသည်။ သူတို့ ရောက်လာချိန်တွင် ကျွန်တော်အိမ်ရှေ့မှာ ရေချိုးနေပါသည်။ အိမ်မှာ ထမင်းဟင်းချက်သည့် မမစိန်က ချေးတွန်းပေးနေပါသည်။ ကျွန်တော်သည် ဘောင်းဘီ ဝတ်မထားပါ။ သူသည် ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး တစ်ဖက်သို့ မျက်နှာလှည့်သွားပါသည်။

သူ.... ကျွန်တော့်ကို ခုထိကြောက်နေတုန်းထင်ပါသည်။

ကျွန်တော်လည်း တစ်ဖက်သို့ မြန်မြန်လှည့်လိုက်ပါသည်။ ထိုစဉ်က ကျွန်တော် ရက်မိသလား၊ မရှက်မိဘူးလား မမှတ်မိတော့ပါ။

ကျွန်တော် အဝတ်အစားလဲနေချိန်တွင် ဖေဖေ မေမေတို့နှင့် ဧည့်သည်များ စကားပြောနေသံကို ကြားရပါသည်။ သူတို့သည် ပဲခူးမြို့ကို ပြောင်းရွှေ့လာခြင်းဖြစ်ပါသည်။ ပဲခူးတွင် မုန့်ဟင်းခါးဖိုတည်မည်ဟု ဆိုပါသည်။ ဦးထွန်းတင်၊ ဒေါ်အမာတို့ ယခင်နေသွားသောအိမ်ကို ဝယ်လိုက်သည်ဟု ဆိုပါသည်။ ထိုအိမ်သည် ကျွန်တော်တို့လမ်းထဲမှာပင် ရှိပါသည်။ ကျွန်တော်တို့အိမ်နှင့် ခုနစ်အိမ်လောက်ခြားပါသည်။

မေမေက ကျွန်တော့်ကို လှမ်းခေါ်သောကြောင့် သွားရပါသည်။ သူသည် ဇာအနားတပ်ထားသော ဂါဝန်ပန်းနုရောင်ကလေးကို ဝတ်ထားပါသည်။ ဖေဖေက ပြောပါသည်။

"ကိုသိန်းမောင်... ဒါ ကျွန်တော့်သားအငယ် ညီညီလေ၊ အကြီးကောင်ကိုကိုကတော့ ရန်ကုန်မှာ ဘော်ဒါသွားနေတယ်"

မေမေက ပြောပါသည်။

"ညီညီ... ဒါ သားတို့အတန်းထဲကလေ၊ သန်းသန်းနိုင်တဲ့၊ ဒါပေမဲ့ သားက မမနိုင်လို့ခေါ်ရမယ်၊ သားထက် အသက်ခြောက်လကြီးတယ်နော်"

"မမနိုင်"

ကျွန်တော်က သံယောင်လိုက်ပါသည်။ သူက သူ့အမေကို တိုးတိုးလေးပြောပါသည်။ သူ့အမေက ရယ်ပါသည်။

"ဟုတ်လား ညီညီ၊ မင်းက နိုင်နိုင့်ကို ဟင်းချက်စားမယ်လို့ပြောတယ်ဆို"

"ခု မစားတော့ပါဘူး ဒေါ်ဒေါ်ရဲ့၊ သူနဲ့ ကျွန်တော်နဲ့ခေါ်သွားပြီ"

လူကြီးတွေအားလုံး ရယ်ကြပါသည်။ ဦးသိန်းမောင်က

"ကိုဖေသိန်း သားကတော့ တော်တော်လည်ပေတာပဲဗျို့"ဟု ပြောပါသည်။

မေမေက ပြောပါသည်။

"သား နက်ဖြန်ကျောင်းသွားရင် မမနိုင်ကို ဝင်ခေါ်သွားနော်"

"ဟုတ်ကဲ့"

သူက ကျွန်တော့်ကို အကဲခတ်သလို ကြည့်ပါသည်။ သူ့မျက်လုံးသည် အညိုရောင်ဖြစ်၏။

နောက်တစ်နေ့မနက် ကျောင်းအသွားတွင် သူ့ကို ကျွန်တော် ဝင်ခေါ်ပါသည်။ ကျွန်တော့်အစ်ကိုဝမ်းကွဲ အစ်ကိုချစ်အောင်လည်း ကျွန်တော့်ကို ကျောင်းလိုက်ပို့ရင်း ပါလာသည်။ သူသည် ဂါဝန်ပြာကလေးကို ဝတ်လျက် ထွက်လာပါသည်။ သူ့မေမေ ဒေါ်ဒေါ်စောစောမြင့်က ကျွန်တော့်ကို မှာပါသည်။

"ကောင်းကောင်းသွားကြ၊ လမ်းမှာ ရန်ဖြစ်မသွားကြနဲ့ဦးနော်"

ကျွန်တော်တို့မှာ ကားရှိသော်လည်း ကျောင်းက အိမ်နှင့်နီးသဖြင့် လမ်းလျှောက်၍ပင်သွားကြပါသည်။ သူက

ကျွန်တော့်ကို မေးပါသည်။

"နင်… ငါ့ကို ဟင်းချက်စားဦးမှာလား"

ကျွန်တော်သည် လမ်းလျှောက်ရင်း သူ့ခြေထောက်ကလေးများကိုကြည့်နေပါသည်။ သူ့ခြေထောက်ကလေးများသည် ဖြူဖြူဖွေးဖွေးကလေးဖြစ်ပါသည်။ သူ့ကို ကျွန်တော် သနားသွားပါသည်။

"မစားပါဘူးဟာ၊ ငါက နင့်ကိုစတာပါ"

ထိုနေ့က သူနှင့်ကျွန်တော် ပြေလည်မှုရသွားပါသည်။ သို့ရာတွင် သူ့ကို ကျွန်တော်က မမနိုင်ဟုမခေါ်ဘဲ နိုင်နိုင်ဟု ခေါ်သည့်အတွက် သူ မကျေမနပ်ပါ။

"ဘာဖြစ်လို့ခေါ်ရမှာလဲ၊ နင်နဲ့ငါနဲ့ တစ်နှစ်တည်းမွေးတာပဲ"

"ဒါပေမဲ့ ငါက ခြောက်လကြီးတယ်"

"အို.. မခေါ်ဘူး၊ မခေါ်ဘူး"

"နင့်ကို နင့်မေမေနဲ့တိုင်မယ်"

"တိုင်… ဘရိုင်… ဦးအောင်နိုင်ပေါ့၊ သွားတိုင် သွားတိုင်"

သူက မေမေ့ကို ပြန်တိုင်ပါသည်။ မေမေက…

"ကျောင်းအုပ်ဆရာမကြီးရဲ့ သားဟာ အပြောအဆိုယဉ်ကျေးရမယ်၊ သားက မိုက်ရိုင်းလို့ရှိရင် မေမေက မဆုံးမလို့လို့ လူတွေက ပြောကြမှာပေါ့"

ကျွန်တော့်မေမေ ဒေါ်စန်းစန်းအောင်သည် ကျောင်းအုပ်ဆရာမကြီးပီပီ စကားအလွန်များပါသည်။ တစ်ခါတစ်ခါ ဖေဖေ့ကိုပင် ဆရာလုပ်တတ်သဖြင့် ဖေဖေနှင့် ရန်ဖြစ်ကြပါသည်။ သို့ရာတွင် မေမေသည် သဘောအလွန်ကောင်းပါသည်။ စိတ်ကောင်းလည်းရှိပါသည်။ မေမေ့ကို ကျွန်တော် အလွန်ချစ်ပါသည်။ မေမေ့စကားကိုလည်း ကျွန်တော် နားထောင်ရပါမည်။ နောက်ဆိုလျှင် သူ့ကို မမနိုင်လို့ပဲ ခေါ်ပါသည်။ သူကလည်း ကျွန်တော့်ကို ညီညီဟု ခေါ်ပါသည်။

ယခုအခါ ကျွန်တော် ကျောင်းသွားလျှင် အစ်ကိုချစ်အောင် လိုက်မပို့တော့ပါ။ အရင်က လိုက်ပို့ရခြင်းမှာလည်း ကျွန်တော် ကျောင်းတက်ပျင်းတတ်သောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တစ်ယောက်တည်း လွှတ်လိုက်လျှင် ကျောင်းကို ရောက်အောင်မသွားဘဲ လိပ်ပြာကန်မှာ သွားသွားထိုင်နေတတ်သောကြောင့်ဖြစ်သည်။

ကျွန်တော် ကျောင်းတစ်ရက်တက်ဖို့အရေး ဘယ်တော့မှ ချောချောမောမော မဖြစ်ခဲ့ပါ။ မနက် မေမေ အိပ်ရာကလာနှိုးလျှင် ခေါင်းကိုက်တယ်၊ ဗိုက်နာတယ်ဆိုပြီး ပေအိပ်နေတတ်ပါသည်။ တစ်ခါတစ်ရံလည်း ကျောင်းသွားချိန်နီးမှ ချီးပါချင်တယ်ဆိုပြီး အိမ်သာထဲမှာ အကြာကြီး ဝင်ထိုင်နေတတ်ပါသည်။ ကျောင်းချိန်နောက်ကျအောင် တမင်လုပ်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ကျောင်းသည် စည်းကမ်းကြီးသောကြောင့် ကျောင်းနောက်ကျလျှင် ကျောင်းထဲမဝင်ရတော့ပါ။ ထိုနေ့မျိုးတွင် ကျွန်တော် ကျောင်းမတက်ရတော့ပါ။ ပျော်စရာ အလွန်ကောင်းပါသည်။

ခုတော့ ကျွန်တော် ကျောင်းတက်မပျင်းတော့ပြီ။ ဘယ်သူမှလည်း လိုက်ပို့ဖို့ မလိုတော့ပြီ။ မနက်ဆိုလျှင် မမနိုင်ကို ဝင်ခေါ်ပြီး ကျောင်းအတူတူ သွားကြပါသည်။ လမ်းမှာ တခြားကောင်ကလေးတွေက စလျှင် ကျွန်တော်က လက်သီးပြပါသည်။ မိုးသိပ်ရွာသောနေ့များတွင် အိမ်ကကားနှင့် လိုက်ပို့ပါသည်။ ထိုနေ့များသည် ပျော်စရာမကောင်းပါ။

ကျောင်းကအကောင်တွေက ကျွန်တော်တို့ကို စကြပါသည်။ မျိုးမြင့်တို့ ကျော်ညွန့်တို့ ထွန်းလွင်တို့သည် အဆိုးဆုံးဖြစ်သည်။

"ဟေ့ကောင် ညီညီ.. မင်းနဲ့ သန်းသန်းနိုင်နဲ့ ဘာတော်လဲ"

"မောင်နှမတော်တာပေါ့ကွ"

"မကျီးပင်ကောက်ကွေး လောက်လေးနဲ့ဆော်၊ မင်းနှမ ဆံတောက်ကလေး…"

ဒီကောင်တွေနှင့် ကျွန်တော် ထိုးကြကြိတ်ကြပါသည်။

ကျွန်တော်နိုင်လျှင် မမနိုင်က ချီးကျူးပါသည်။

"ညီညီ လက်သီးထိုးတာ ကျော်ဆွေနဲ့ သိပ်တူတာပဲ"

ကျွန်တော် ရှုံးလျှင် မမနိုင် မကျေနပ်ပါ။

"တစ်ယောက်ချင်းဆို ဒီကောင်တွေ ညီညီ့ကို မနိုင်ပါဘူး၊ သူတို့က သုံးယောက်ဆိုပြီး ဗိုလ်ကျတာ၊ မျိုးမြင့်ဆိုတဲ့ကောင် လက်သီးထိုးပုံက လှမောင်ကြီး ကျနေတာပဲ"

ကိုကိုသည် ကျောင်းရက်ရှည်ပိတ်ရက်များတွင် ပဲခူးကို ပြန်ရောက်လာတတ်ပါသည်။ သို့ရာတွင် ငယ်ငယ်တုန်းကလို ကျွန်တော်နှင့် မတွဲတော့ပါ။ ကျွန်တော်နှင့် မကစားတော့ပါ။ သူ့ကိုယ်သူ လူကြီးဆိုပြီး အိမ်မှာသွတ်၍ စာအုပ်တွေသာ ဖတ်နေပါသည်။ ကာတွန်းစာအုပ်တွေ…။

ကိုကိုက ကျွန်တော်နှင့် မကစားသော်လည်း ကျွန်တော် အရေးမစိုက်ပါ။ မမနိုင် ရှိပါသည်။ ကျွန်တော် မမနိုင်နဲ့ပဲ ကစားပါသည်။ မမနိုင် အိမ်မှာရော ကျွန်တော့်အိမ်မှာပါ ကစားစရာအရုပ်တွေရှိပါသည်။ ကျွန်တော့်အိမ်သည် ကျယ်ဝန်းသော်လည်း လူရှုပ်ပါသည်။ ပြီးတော့.. မေမေကလည်း နေပူထဲ ထွက်ကစားတာ မကြိုက်သောကြောင့် မလွတ်လပ်ပါ။ မမနိုင်တို့အိမ်မှာပဲ အကစားများပါသည်။ ကျွန်တော်တို့ မကြာခဏ ကစားတတ်သောနည်းမှာ 'အစ်ကိုကြီးတမ်း၊ အစ်မကြီးတမ်း' ဖြစ်ပါသည်။ ထိုအခါလည်း ပြဿနာတက်ပါသည်။ ကျွန်တော်ကလည်း အစ်ကိုကြီး လုပ်ချင်သည်။ သူကလည်း အစ်မကြီး လုပ်ချင်သည်။

"ညီညီ အစ်ကိုကြီး မလုပ်ရရင် မကစားဘူး၊ ပြန်တော့မယ်"

ထိုအခါကျမှ မမနိုင်က အလျှော့ပေးပြီး ကျွန်တော့်ကို အစ်ကိုကြီးလုပ်စေပါသည်။ ထိုအခါ သူက ကျွန်တော့်ကို အစ်ကိုကြီးဟု ခေါ်ပါသည်။ ကျွန်တော်က သူ့ကို ညီမလေးဟု ခေါ်ပါသည်။ သူ့ကို 'ညီမလေး'ဟု ခေါ်ရတာ အရသာသိပ်ရှိပါသည်။

မမနိုင်သည် အတိုင်းအတော ထူပါသည်။ ပဲခူးတံတားကြီးအောက်မှာ ကျွန်တော် ငါးသွားမျှားသည်ကိုလည်းကောင်း၊ ရွှေဂူလေးက ချောင်းမှာ ရေသွားကူးသည်ကိုလည်းကောင်း မေမေ့ကို ပြန်တိုင်တတ်ပါသည်။ ကျွန်တော်ကလည်း သူ ကျောင်းမှာ မရမ်းပြားဝယ်စားသည်ကို သူ့မေမေအား

ပြန်တိုင်တတ်ပါသည်။

ကျွန်တော်တို့ မကြာခဏ ရန်ဖြစ်ကြပါသည်။ သို့ရာတွင် နေ့မကူးခင် ပြန်ခေါ်တတ်ပါသည်။ ကျွန်တော်က စ၍ခေါ်သည်ဟူ၍မရှိပါ။ မမနိုင်ကသာ အရင်စခေါ်တတ်ပါသည်။ ကျွန်တော်တို့ ရန်ဖြစ်ပြီးလျှင် မမနိုင်သည် သူ့လက်ညှိုးနှင့် လက်ခလယ်တို့၏ထိပ်ကို စု၍ လက်နှစ်ချောင်းကြားတွင် ကွင်းကလေးဖြစ်အောင်လုပ်ပြီး ကျွန်တော့်မျက်နှာနားမှာ လာပြပါသည်။ ကွင်းကလေးအတွင်းသို့ လက်ထည့်လိုက်၍ လက်ညှိုးနှင့် လက်ခလယ်နှစ်ပြတ်သွားအောင် ဖြတ်လိုက်လျှင် မခေါ်ဘူးဟု အဓိပ္ပါယ်ရပါသည်။ လက်ညှိုးနှင့် လက်မ နှစ်ခုပူးသွားအောင်နိပ်လျှင် ခေါ်မည်ဟု အဓိပ္ပါယ်ရပါသည်။ ကျွန်တော် ဘယ်တော့မှ မဖြတ်ပါ။ အမြဲနိပ်ပါသည်။ အမြဲခေါ်ပါသည်။

ကျွန်တော်တို့နှစ်ယောက်သည် ကျောင်းမှာ တစ်ခုံတည်းထိုင်ပါသည်။ တစ်ယောက်ဆီက စာကို တစ်ယောက်က ခိုးချကြပါသည်။ နှစ်ယောက်စလုံးမှာ အပြစ်ရှိသဖြင့် မေမေများကို ပြန်မတိုင်ကြပါ။

ငယ်ငယ်တုန်းကတော့ ကလေးများဖြစ်ကြ၏။

(၃)

ကြီးလာသောအခါ လူကြီးများ ဖြစ်လာကြလေသည်။

ကျွန်တော်တို့ ကိုးတန်းအောင်၍ ဆယ်တန်းသို့တက်ရသောအခါ ကျောင်းအတူတူ မသွားဖြစ်ကြတော့ပါ။ အတူတူ မပြန်ဖြစ်ကြတော့ပါ။ ဘာကြောင့်မှန်းလည်း ကျွန်တော် ထိုစဉ်က မသိခဲ့ပါ။

ပြီးခဲ့သော နွေကျောင်းပိတ်ရက်များကပင် ကျွန်တော်တို့အတူတူ တတွဲတွဲ ရှိခဲ့ပါသေးသည်။ ကိုးတန်းစာမေးပွဲတွေဖြေပြီး နွေကျောင်းပိတ်ရက် စသည်နှင့် ကျွန်တော်တို့နှစ်ယောက် လျှောက်လည်ကြသည်။ အိမ်က ကားကလေးနှင့် ဘုရားပေါင်းစုံအောင် သွားဖြစ်ကြပါသည်။ ရန်ကုန်ကိုလည်း ရောက်ပါသည်။ တစ်ခါတစ်ရံ လူကြီးတွေပါ၍ တစ်ခါတစ်ရံ ကျွန်တော်တို့နှစ်ယောက်တည်း ဖြစ်ပါသည်။ ရွှေဂူလေးဘုရားသို့ရောက်သောအခါ မမနိုင်က "ညီညီ ရေကူးပါဦးလား"ဟု ပြောပါသည်။ ကိုးသိန်းကိုးသန်းဘုရားကို ရောက်သောအခါ မမနိုင်က ကျွန်တော့်ကို မရမ်းပြား ဝယ်ကျွေးပါသည်။

ကိုကိုသည် ယခုအခါ မန္တလေးတက္ကသိုလ်မှာ ကျောင်းတက်နေပါသည်။ ပါဠိဘာသာအဓိက တတိယနှစ်ဖြစ်ပါသည်။ ကိုကိုသည် နွေကျောင်းပိတ်ရက်အတွင်း ပဲခူးသို့ ပြန်မလာခဲ့ပါ။ အသုံးလုံး လုပ်အားပေး လိုက်သွားမည်ဖြစ်၍ အိမ်သို့ ပြန်မလာတော့ကြောင်း စာရေးအကြောင်းကြားပါသည်။ ကိုကို့ကို ကျွန်တော် သတိရပါသည်။ ကိုကိုပြန်လာလျှင် တက္ကသိုလ်က အကြောင်းတွေ နားထောင်ရဦးမည်ဟု ကျွန်တော် မျှော်လင့်ထားမိပါသည်။ ကိုကို ပြန်မလာကြောင်းသိရသောအခါ ကျွန်တော် စိတ်မကောင်းဖြစ်မိပါသည်။ အရမ်းကြီးတော့မဟုတ်ပါ။နည်းနည်းပဲဖြစ်ပါသည်။အဘယ်ကြောင့်ဆိုသော်မမနိုင်ရှိနေသေးသောကြောင့်ဖြစ်ပါသည်။ ကိုကို ပြန်မလာသော်လည်း မမနိုင်နှင့် လျှောက်လည်ရခြင်းသည်လည်း ပျော်ရပါသည်။

သင်္ကြန်တွင်းတုန်းကမူ ကျွန်တော်တို့၏ ဇာတ်လမ်း စခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဇာတ်လမ်းအစ မဟုတ်ဟုလည်း

ဆိုနိုင်ပါသည်။ ကျွန်တော်တို့နှစ်ယောက် သူငယ်တန်းမှာ စတွေ့ကြစဉ်ကသော တကယ့်ဇာတ်လမ်းအစ ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ မဟုတ်ဘူးဟုလည်း ဆိုနိုင်ပါသည်။ ဇာတ်လမ်းဆိုသည်မှာ စချင်သည့်နေရာက စ၍ရသလား မရဘူးလား မသိပါ။

သင်္ကြန်တွင်းသည် ကျွန်တော်တို့၏ဘဝတွင် အပြောင်းအလဲကလေး တစ်ခု စတင်ဖြစ်ခဲ့ခြင်းကတော့ အမှန်ပါ။

သင်္ကြန်အကြိုနေ့က ဖြစ်ပါသည်။ ကျွန်တော် အိပ်ရာက နိုးသောအခါ ကျွန်တော်တို့အိမ်ရှေ့က ပိတောက်ပင်ကြီးမှာ ပိတောက်ပန်းတွေ ပွင့်နေသည်ကို တွေ့ရပါသည်။ ပိတောက်န်းတွေကို ကျွန်တော် တက်ခူးပါသည်။ ပိတောက်ပန်းတွေကို ပိုက်၍ မမနိုင်တို့အိမ်ကိုသွားပါသည်။ မမနိုင်ကို ပိတောက်ပန်း ပန်ပေးပါသည်။ ပိတောက်ပန်း တက်ခူးစဉ်က ခါချဉ်နီကောင် အကိုက်ခံရသောလက်က အနီဖုကလေးများကို မမနိုင်ကို ပြပါသည်။

"မမနိုင် ပရုပ်ဆီဘူး သွားယူဦးမယ်"

မမနိုင် အိမ်ထဲဝင်သွားပါသည်။ ကျွန်တော်က မမနိုင်ကို ရေလောင်းရန် ရေခွက်ရှာပါသည်။ မတွေ့ပါ။ အိမ်ရှေ့က ရေတိုင်ကီနားမှာ သံပုံးဝိုင်းကလေးတစ်လုံး တွေ့ပါသည်။ ရေခပ်ပြီး မမနိုင်ကို စောင့်နေသည်။

မမနိုင်သည် ပရုပ်ဆီဘူးကလေးကိုင်၍ ထွက်လာပါသည်။ ကျွန်တော့်လက်ထဲက သံပုံးကိုမြင်သောအခါ မမနိုင် ထွက်ပြေးပါသည်။ ကျွန်တော်က လိုက်ပါသည်။ မမနိုင်သည် သူ့မေမေနောက်မှာ ကွယ်၍ရပ်လိုက်ပါသည်။ သူ့မေမေကို ဖက်ထားပါသည်။

"မမနိုင်... လာခဲ့... ဒီနားကို"

"ဟင့်အင်း.. လာဘူး"

"မလာဘူးလား.. လာမလား"

မမနိုင် ခေါင်းခါသည်။ ကျွန်တော်သည် အိမ်ရှေ့မှာ လှမ်းထားသော မမနိုင်၏အင်္ကျီများကို ရေနှင့်လျှောက်ပက်ပါသည်။ မမနိုင်က အော်ပါသည်။

"ညီညီ... မလုပ်ပါနဲ့၊ အင်္ကျီတွေ ရေစိုကုန်ပြီ၊ မမနိုင် ဝတ်စရာမရှိတော့ဘူး"

"အင်္ကျီတွေ ရေမစိုစေချင်ရင် မမနိုင် လာခဲ့လေ"

"ခက်တာပဲ၊ ညီညီ သိပ်ဆိုးတယ်"

မမနိုင်ရဲ့ မေမေက...

"သွားလိုက်ပါ နိုင်နိုင်ရယ်... ညီညီ ရေလောင်းပါစေ"

မမနိုင်သည် ခြေဆောင့်၍လာပါသည်။ ကျွန်တော့်နားမှာ ရပ်သည်။ ကျွန်တော်သည် ရေတစ်ပုံးလုံး ကုန်အောင်လောင်းသည်။ မမနိုင် နှုတ်ခမ်းစူထားသည်။

"ကဲ... ကျေနပ်တော်မူပလား၊ ပြီးရင် မမနိုင်အလှည့်ပဲ"

မမနိုင်သည် ကျွန်တော့်လက်ထဲက သံပုံးကိုယူ၍ ရေသွားခပ်သည်။ ပြီးတော့ ကျွန်တော့်ကို ခေါင်းကနေ လောင်းချလိုက်လေသည်။ ကျွန်တော်က...

"သာဓုကွယ်.. သာဓု.. သာဓု... ခုလို သင်္ကြန်တွင်းမှာ သက်ကြီးဝါကြီးတွေကို ခေါင်းလျှော်ပေးတဲ့အတွက်

ငါ့မြေးလေး ဘုန်းကြီးပါစေ.. သက်ရှည်ပါစေ”

“ဟုတ်ကဲ့ပါဘိုးဘိုးကြီးရဲ့၊ခေါင်းလျှော်ပေးရုံတင်မကဘူး၊အမွှေးနံ့သာလိမ်းပေးရဦးမယ်၊ခဏလေးစောင့်ပါနော်”

မမနိုင် အိမ်ထဲဝင်သွားပါသည်။ ထို့နောက် လက်ကို သူ့နောက်မှာဝှက်လျက် ပြန်ထွက်လာပါသည်။ ကျွန်တော့်ကို အိုးမဲဖြင့် သုတ်တော့မည်မှန်း သိပါသည်။ ကျွန်တော် ထွက်ပြေးသည်။ မမနိုင်က လိုက်သည်။

“ကောင်လေးနော်... သူ့အလှည့်ကျ ကြောက်လိုက်တာ”

မမနိုင်က အော်ရင်း လိုက်ပါသည်။ ကျွန်တော်သည် အိမ်ကိုလှည့်ပတ်၍ ပြေးရပါသည်။ မမနိုင်တို့အိမ်နောက်က အုန်းပင်ကြီးအောက်မှာ ကျွန်တော် ခလုတ်တိုက်လဲသည်။ မမနိုင်က ကျွန်တော့်ကို အိုးမဲဖြင့် သုတ်သည်။ ကျွန်တော်က မမနိုင်လက်ကို ဖမ်းကိုင်ထားသည်။ မမနိုင် ရုန်းသည်။ မမနိုင် ကျွန်တော့်လက်ကို ကိုက်သည်။ ကျွန်တော် မမနိုင်၏ လက်နှစ်ဖက်စလုံးကို သိုင်း၍ ချုပ်လိုက်သည်။ မမနိုင်ကို ကျွန်တော် ဖက်ထားသလို ဖြစ်နေပါသည်။ မမနိုင်က ရုန်းသည်။ ကျွန်တော် မလွှတ်ပါ။ မမနိုင်သည် မောလာဟန်တူပါသည်။ သိပ်မရုန်းတော့ပါ။

“လွှတ်ပါတော့ ညီညီရယ်”

ကျွန်တော် မလွှတ်ပါ။ မမနိုင်၏ အဝတ်အစားများသည် ရေစိုနေသောကြောင့် သူ့အသားမှာ ကပ်၍နေပါသည်။ မမနိုင်၏ရင်သည် နိမ့်ချည်မြင့်ချည် မောဟိုက်နေပါသည်။ သနပ်ခါး ပျက်စပြုနေသော ပါးကလေးတွင် ရေစီးကြောင်းကလေးများ ဖြစ်နေပါသည်။ မမနိုင်၏ နှုတ်ခမ်းကလေးသည် တဆတ်ဆတ်တုန်နေပါသည်။ သို့ရာတွင် မမနိုင်၏ ကိုယ်ကလေးမှာ နွေးနေပါသည်။

မမနိုင် မျက်လွှာချထားပါသည်။ ကျွန်တော်သည် မမနိုင်၏ နာခေါင်းဖျားတွင် တွဲလွဲခိုနေသော ရေစက်ကလေးကို ကြည့်နေမိပါသည်။ မမနိုင်၏ ကိုယ်မှ ကိုယ်သင်းနံ့ကို ခံစားရပါသည်။ ကျွန်တော့်ရင်သည် တလှပ်လှပ်တုန်လာပါပြီ။ ကျွန်တော် မမနိုင်၏ ခြေဖမိုးလေးကို ကြည့်ပါသည်။ မမနိုင်၏ ခြေဖမိုးကလေးသည် ဖြူဖြူဖောင်းဖောင်းကလေး ဖြစ်ပါသည်။

မမနိုင်ကို ကျွန်တော် လွှတ်လိုက်ပါသည်။ မမနိုင်သည် အိမ်ထဲသို့ ပြေးဝင်သွားပါသည်။ ကျွန်တော်သည် ဘယ်သူ့ကိုမှ နှုတ်မဆက်မိဘဲ ပြန်လာခဲ့ပါသည်။

ကျွန်တော်တို့၏ဇာတ်လမ်းသည် ထိုနေ့က စခဲ့သည်ဟု ဆိုနိုင်ပါသလား။

မည်သို့ပင်ဖြစ်စေ မမနိုင်နှင့် ကျွန်တော်သည် တစ်ယောက်နှင့်တစ်ယောက် ရှောင်ဖယ်ဖယ် ဖြစ်လာကြပါတော့သည်။

သင်္ကြန်တွင်းနောက်ပိုင်းတွင် မမနိုင်နှင့် ကျွန်တော် ခဏခဏ မတွေ့ကြတော့ပါ။ ကျွန်တော်ကလည်း မမနိုင်အိမ်ကို မသွားတော့ပါ။ မမနိုင်ကလည်း ကျွန်တော့်အိမ်ကို မလာတော့ပါ။ ကျွန်တော်သည် မေမေက ခိုင်းမှသာ မမနိုင်အိမ်ကို ရောက်ပါသည်။ မမနိုင်ကလည်း ကိစ္စရှိမှသာ ကျွန်တော့်အိမ်ကို လာပါသည်။ လူကြီးတွေကပင် နင်တို့ ရန်ဖြစ်ထားသလားဟု မေးကြရပါသည်။

မမနိုင်သည် ကျွန်တော်နှင့်စကားပြောရလျှင် ခေါင်းငုံ့ထားတတ်ပါသည်။ ကျွန်တော်ကလည်း မမနိုင်နှင့်

စကားပြောရလျှင် မျက်နှာလွှဲထားတတ်ပါသည်။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ရှက်နေကြပါသည်။ ဘာကိုရှက်နေကြမှန်း ကျွန်တော် ရေရေလည်လည် မသိခဲ့ပါ။ သင်္ကြန်တွင်းတုန်းက မမနိုင်ကို ကျွန်တော် ဖက်ထားခဲ့မိသည့်ကိစ္စအတွက် ဖြစ်ကောင်းဖြစ်ပါမည်။ တခြား အကြောင်းတစ်ခုခုကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ တိတိကျကျ မသိပါ။

ကျောင်းပြန်ဖွင့်သောအခါ ကျောင်းအတူတူ မသွားကြတော့ပါ။ မမနိုင်ကလည်း စုစုနှင့် အတူတူသွားပါသည်။ ကျွန်တော်ကလည်း မျိုးမြင့်နှင့် အတူတူသွားပါသည်။ တစ်ခါတစ်ရံ လမ်းမှာဆုံမိကြလျှင် စကားနည်းနည်း ပြောဖြစ်ကြပါသည်။ 'ဦးလေး နေကောင်းရဲ့လား' 'ဒေါ်ဒေါ် နေကောင်းရဲ့လား' ဒါပဲ ဖြစ်သည်။ တစ်ခါတစ်ရံ မမြင်ချင်ယောင် ဆောင်သွားတတ်ကြပါသည်။ အတန်းထဲမှာလည်း သူက ရှေ့ဆုံးခုံမှာ ထိုင်သည်။ ကျွန်တော်က နောက်ဆုံးခုံမှာ ထိုင်သည်။ ကျောင်းလွှတ်ချိန်ကျပြီဆိုလျှင်လည်း မမနိုင်နှင့် မဆုံမိအောင် ရှောင်တတ်သည်။ စော၍ဖြစ်စေ နောက်ကျ၍ဖြစ်စေ ပြန်မိပါသည်။ မျိုးမြင့်က မေးလေသည်။

"ညီညီ.. မင်းနဲ့ သန်းသန်းနိုင်နဲ့ ရန်ဖြစ်ထားလို့လား"

"မဖြစ်ပါဘူးကွ"

"အရင်က မင်းတို့ တတွဲတွဲနေတာပဲ၊ ခုတော့ စကားတောင် ကောင်းကောင်းမပြောကြပါလား"

"ဘာမှမဖြစ်ပါဘူးကွ"

"မင်းက ကံကောင်းပါတယ်ကွာ၊ သန်းသန်းနိုင်က လှတာပဲ"

"ဘာဆိုင်လို့လဲ"

"မင်းနဲ့ သန်းသန်းနိုင်ကို ကြီးလာရင် ပေးစားမယ်လို့ လူကြီးချင်းသဘောတူထားတယ်ဆို"

"ဟာ.. မဟုတ်ပါဘူး၊ မင်းကလဲ မမနိုင်နဲ့ ငါနဲ့ မောင်နှမလို နေကြတာပဲ"

"ဒါဖြင့်ရင် မင်းကို ငါ ယောက်ဖတော်ချင်လာပြီ"

"ဘာကွ"

"မင်း ငါ့ကို ပြောပေးပါလား"

"ဒီမှာ သူငယ်ချင်း.. မင်း ငါ့ကိုခင်ရင် ဒါမျိုး နောက်မပြောပါနဲ့"

"ဟာကွာ ညီညီကလဲ စိတ်မဆိုးပါနဲ့ကွာ၊ ငါက နောက်တာပါ၊ ငါ သန်းသန်းနိုင်ကို မင်းကိုခင်သလိုပဲ ခင်ပါတယ်"

"အေးပါကွာ... စိတ်မဆိုးပါဘူး၊ တို့ဟာ ကလေးတွေပဲ ရှိသေးတယ်"

မမနိုင်နှင့်ပတ်သက်၍ မျိုးမြင့်ကို ကျွန်တော် အဘယ်ကြောင့် စိတ်ဆိုးခဲ့ပါသနည်း။

ထိုစဉ်က ကျွန်တော် ဆယ့်ခြောက်နှစ်။

ဇူလိုင်လတွင် ကိုကို ပြန်ရောက်လာပါသည်။ တတိယနှစ် အတန်းတင်စာမေးပွဲပြီး၍ ပြန်လာခြင်းဖြစ်ပါသည်။ ကိုကို ပြန်လာသောအခါ ကျွန်တော် သိပ်ပျော်ပါသည်။ ကိုကိုသည် ကျွန်တော့်အတွက် အင်္ကျီစများ ဝယ်လာပါသည်။ မမနိုင်နှင့် မတွေ့ကြ မတွဲကြချိန်တွင် ကိုကို ရောက်လာခြင်းသည် ကျွန်တော့်အတွက် အလွန်အဆင်ပြေပါသည်။ မမနိုင်နှင့် မတွဲရသောကြောင့် ပျင်းရိနေသော ကျွန်တော်သည် ကိုကိုနှင့် တတွဲတွဲရှိနေပြန်ပါသည်။

ဤသို့ဆိုသောကြောင့် မမနိုင်နှင့် တွဲနေရလျှင် ကိုကိုနှင့်မတွဲဟု မဆိုလိုပါ။ ကိုကို့ကို ကျွန်တော် သိပ်ချစ်ပါသည်။ မမနိုင်ကိုလည်း အစ်မရင်းတစ်ယောက်လို ချစ်ခင်ပါသည်။ ကိုကိုနှင့် မမနိုင် ဘယ်သူ့ကို ပို၍သာသည် ဟူ၍တော့ ကျွန်တော် မပြောတတ်ပါ။

ကိုကိုရောက်နေသည့်ရက်အတွင်းတွင် ကျွန်တော်တို့ အိမ်သို့ မမနိုင် နှစ်ခေါက်လောက်သာ ရောက်ပါသည်။ ကိုကိုသည် မမနိုင်ကို ကြည့်၍ အံ့သြနေပါသည်။

"ဟာ… နိုင်နိုင်တောင် အပျိုကြီးဖြစ်နေပါရောလား၊ ငါက အရင်ကလို ကလေးလေးပဲ ထင်နေတာ"

မမနိုင်သည်ကျွန်တော့်ကိုဖျတ်ခနဲကြည့်လိုက်သည်ဟုထင်ပါသည်။မမနိုင်ကိုကျွန်တော်ကြည့်မနေသော်လည်း သူ့မျက်လုံးက ဖတ်ခနဲလက်သွားသည်ကို ကျွန်တော် သတိပြုမိပါသည်။

မမနိုင်က အပျိုကြီးဖြစ်နေပြီဆိုလျှင် ကျွန်တော်ကကော လူပျိုကြီးဖြစ်နေပြီလားဟု စဉ်းစားနေမိပါသည်။ လူကြီးနှင့်ကလေး မည်သို့ကွာခြားပါသနည်း။

ကျွန်တော် ကျောင်းအားချိန်တို့တွင် ကိုကိုနှင့်သာ တတွဲတွဲ ရှိနေပါသည်။ ညောင်ဝိုင်းက ဘုန်းကြီးကျောင်းမှာ ကိုကို ပါဠိစာသွားမေးလျှင်လည်း ကျွန်တော်လိုက်သွားတတ်ပါသည်။ များစွာသောအချိန်တို့တွင် ကိုကိုနှင့် ကျွန်တော် စစ်တုရင် ထိုးကြပါသည်။ ညနေစောင်းပြီဆိုလျှင် လိပ်ပြာကန်ဘက်၊ ရွှေမော်ဓောဘက်၊ တံတားကြီးဘက်၊ ညွန့်ရုံဘက်တို့ကို လမ်းလျှောက်ထွက်ကြပါသည်။ လိပ်ပြာကန်မှာ ထိုင်မိကြပြီဆိုလျှင် ကိုကိုသည် တက္ကသိုလ်ကအကြောင်းတွေ ပြောပြတတ်ပါသည်။ တက္ကသိုလ်မှာ စာသင်ရပုံအကြောင်း၊ မန်းတက္ကသိုလ်က မြေနီချောင်းအကြောင်း၊ တက္ကသိုလ်မှာ အချစ်နှင့်ပတ်သက်၍ လွတ်လပ်ပုံအကြောင်း၊ တက္ကသိုလ်က အမျိုးသမီးတွေ ရဲတင်းပုံအကြောင်း။

"ကိုကို့မှာ ရည်းစားမရှိဘူးလား"

"မရှိပါဘူးကွာ"

"ကိုကို ကြိုက်နေတဲ့လူကော မရှိဘူးလား"

"ဟင့်အင်း"

"ဟာ.. ကိုကိုကလဲ တုံးလိုက်တာ၊ တစ်ယောက်ယောက်တော့ ရအောင်ရှာထားပေါ့"

"မဖြစ်ပါဘူး ညီရာ.. တက္ကသိုလ်ဆိုတာ အနယ်နယ်အရပ်ရပ်က လူတွေ လာဆုံကြတာမဟုတ်လား၊ သူ့အကြောင်း ကိုယ်မသိ ကိုယ့်အကြောင်း သူမသိနဲ့"

"အကြောင်းသိချင်းဆို တော်သေးတာပေါ့နော်"

"အေးပေါ့ကွ"

ကျွန်တော်သည် ထိုအချိန်က မမနိုင်၏မျက်နှာကို အဘယ့်ကြောင့် မြင်နေမိပါသနည်း။

"ကိုကိုက သိပ်သတ္တိနည်းတာပဲ"

"အေးကွ… ညီလောက်တော့ ကိုကို သတ္တိဘယ်ကောင်းပါ့မလဲ၊ ကိုကို ကြိုက်တဲ့လူရှိရင် ညီက ပြောပေးမှာလား"

"ပြောပေးမှာပေါ့"

"ညီက သိပ်အားကိုးရတယ်ဆိုတာ ကိုကို သိပါတယ်၊ ကိုကိုကြိုက်တဲ့လူတွေ့ရင် ညီ့ကို အကြောင်းကြားမယ်"

"သံကြိုးရိုက်လိုက်လေ၊ ညီ လာပြောပေးမှာပေါ့"

ထိုစဉ်က ပျော်စရာပျက်စရာအဖြစ် ပြောကြခြင်းသာဖြစ်ပါသည်။ ကိုကိုသည် တက္ကသိုလ်မဖွင့်မီ တစ်ပတ်ခန့်အလိုတွင် မန္တလေးသို့ ပြန်သွားပါသည်။ ရထားထွက်ခါနီးတွင် ကျွန်တော် လှမ်းအော်လိုက်ပါသေးသည်။

"ကိုကို သံကြိုးရိုက်လိုက်နော်"

မမနိုင်နှင့် ကျွန်တော်သည် ငယ်ငယ်က ခဏခဏရန်ဖြစ်ကြပါသည်။ ချက်ချင်းပြန်တည့်ကြပါသည်။ တစ်ရက်ပြည့်အောင် စကားမပြောဘဲ နေသည်ဟူ၍ မရှိခဲ့ပါ။

ခုတော့ မမနိုင်နှင့် ကျွန်တော် ရန်မဖြစ်ကြပါ။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြပါ။ မမနိုင်နှင့် ကျွန်တော် စိတ်ဆိုးမနေကြပါ။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် မတွေ့ဖြစ်ကြပါ။ မည်သို့ပင်ဖြစ်စေ မမနိုင်နှင့် ကျွန်တော် တတွဲတွဲပြန်ဖြစ်လာစေသည့် အကြောင်းတစ်ခုက ပေါ်ပေါက်လာခဲ့ပါသည်။

တစ်နေ့သောနေ့တစ်နေ့တွင် ဖြစ်ပါသည်။ ကျောင်းဆင်းချိန် ဖြစ်ပါသည်။ မျိုးမြင့်နှင့် ကျွန်တော် ကျောင်းဝင်းထဲမှ ထွက်လာချိန်တွင် လူတော်တော်ရှင်းနေပါပြီ။ ကျွန်တော်တို့ စကားတပြောပြော လျှောက်လာကြသည်။

"ညီညီ.. မင်း သန်းသန်းနိုင်ကို ဒီလိုပဲ ထားတော့မှာလား"

"ဒီလိုပဲ မထားလို့ ငါက ကုန်းပိုးထားရမှာလားကွ"

"မဟုတ်ဘူးလေ.. သန်းသန်းနိုင်က တဖြည်းဖြည်းလှလာတယ် မဟုတ်လား"

"အဲဒါ ဘာဖြစ်သလဲ"

"မင်းလဲ သိသားပဲ၊ မိန်းကလေးတစ်ယောက် လှတယ်ဆိုရင် ယောကျ်ားကလေးတွေ စိတ်ဝင်စားကြမှာပဲ"

မျိုးမြင့်က လေးနက်စွာ ပြောနေသည်။ သူသည် ကျွန်တော့်ထက် အသက်တစ်နှစ်ကျော်ကျော် ကြီးပါသည်။ ကျွန်တော့်ထက် စာရင်တော့ သူက လူကြီးဖြစ်ပါသည်။ သို့ရာတွင် သူ့ကို ကျွန်တော်က အစ်ကိုမျိုးမြင့်ဟု မခေါ်ပါ။ သူက မမနိုင်မှ မဟုတ်ဘဲ။

"အဲဒီတော့ မင်းစဉ်းစားကြည့်၊ ဖိတ်ချင်းဖိတ်ရင် ကိုယ့်အိတ်ထဲ ဖိတ်တာက မကောင်းဘူးလား"

"ဘာလဲ.. မင်းကို မမနိုင်နဲ့ ပြောပေးဖို့ ငါ့ကို ခိုင်းဦးမလို့လား"

"ဟာ... မဟုတ်ပါဘူးကွာ၊ ငါက မင်းအတွက် ပြောနေတာပါ"

"ငါ့အတွက်"

"အေး.. ဟုတ်တယ်၊ မင်း သန်းသန်းနိုင်ကို လိုက်ဖို့ကောင်းတယ်"

"ဟာကွာ.. မမနိုင်ကို အစ်မအရင်းလိုပဲ ချစ်တယ်၊ ပြီးတော့ ငါက ကလေးပဲ"

"မင်း ကလေးမဟုတ်တော့ဘူး ညီညီ၊ ကဲ... ငါမေးမယ်၊ သန်းသန်းနိုင်နဲ့ မင်းနဲ့ ဘာဖြစ်လို့ ကျောင်းအတူတူ မသွားသလဲ"

"အဲဒါတော့.."

ကျွန်တော် ဘာပြန်ပြောရပါမလဲ။ မမနိုင်နှင့် ကျွန်တော် အဘယ်ကြောင့် ကျောင်းအတူတူ မသွားကြပါသလဲ။ ကျွန်တော်လည်း မသိပါ။

"အဲဒါတော့ ငါလဲမသိဘူး"

"အေးလေ... တဖြည်းဖြည်းတော့ မင်း သိလာမှာပါ။ ဘာပဲဖြစ်ဖြစ် မင်း သန်းသန်းနိုင်နဲ့ အတူတူကျောင်းသွားဖို့ကောင်းတယ်"

"ဘာဖြစ်လို့လဲ"

"မင်းအနေနဲ့ သန်းသန်းနိုင်ကို စောင့်ရှောက်ဖို့ပေါ့"

"ဘာဆိုင်လို့လဲ"

"မိန်းကလေးတစ်ယောက် လှတယ်ဆိုရင် ယောက်ျားလေးတွေက လိုက်ကြမှာပဲ"

"လိုက်ပစေပေါ့"

"သန်းသန်းနိုင် သူများလက်ထဲ ပါသွားမှာကို မင်း မစိုးရိမ်ဘူးလား"

"ဟင့်အင်း"

"ဒါဖြင့် ဟိုမှာကြည့်စမ်း"

မျိုးမြင့်က လက်ညှိုးထိုးပြသည်။ လိပ်ပြာကန်ဘောင်ရိုးပေါ်မှာ မမနိုင်တစ်ယောက်တည်း၊ မဟုတ်ပါဘူး နှစ်ယောက် မမနိုင်ဘေးမှာ အမျိုးသားတစ်ယောက် ရှိသည်။ ကျွန်တော့်ခြေလှမ်းများသည် အဘယ်ကြောင့်မြန်လာပါသနည်း။ မမနိုင် ဘေးကလူသည် သန်းကြွယ်ဖြစ်ကြောင်း ကျွန်တော်သိလိုက်ပါသည်။ ဒီကောင်က လမ်းသရဲပဲ။

မမနိုင်သည် လိပ်ပြာကန်ဘောင်ပေါ်မှနေ၍ ကားလမ်းပေါ်သို့ဆင်းသည်။ သန်းကြွယ်က လိုက်ဆင်းသည်။ မမနိုင်က လိပ်ပြာကန်ဘောင်ပေါ်သို့ ပြန်တက်သောအခါ သူက လိုက်တက်သည်။ မမနိုင်ကို ဒီကောင် လိုက်နှောက်ယှက်နေတာပဲ။ ကျွန်တော်သည် အဘယ်ကြောင့် လက်သီးဆုပ်ထားမိပါသနည်း။ ကျွန်တော့်ခြေလှမ်းသည် အသွက်ဆုံး။ သူတို့နားသို့ ကျွန်တော် ရောက်သွားသည်။

"ဒီမှာ..."

သန်းကြွယ်ရော မမနိုင်ပါ လှည့်ကြည့်သည်။ သူတို့ အံ့သြသွားကြသည်။

"ညီညီ"

မမနိုင်က ကျွန်တော့်နားမှာ လာရပ်သည်။ ခေါင်းငုံ့ထားသည်။ သန်းကြွယ်က ကျွန်တော့်ကို မခန့်လေးစားကြည့်၍ ပြုံးသည်။ သူက ကျွန်တော့်ကို ညီညီမှန်းသိပါသည်။

"သူက မမနိုင်ကို လိုက်နှောင့်ယှက်တာလား"

မမနိုင် ရှက်နေပါသည်။ ဘာမှ ပြန်မပြောပါ။

"ပြောလေ..."

မမနိုင် ခေါင်းညိတ်သည်။ ကျွန်တော်က သန်းကြွယ်ကို စေ့စေ့ကြည့်သည်။ သန်းကြွယ်က ကျွန်တော့်ကို

စိမ်းစိမ်းကြည့်သည်။

"ဒီမှာ သူငယ်ချင်း... မိန်းကလေးတစ်ယောက်ကို သဘောမတူဘဲ လိုက်နှောင့်ယှက်ဖို့မကောင်းပါဘူး"

"မင်းနဲ့ ဘာဆိုင်လို့လဲ"

ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ။ မမနိုင်နဲ့ ကျွန်တော်နဲ့ ဘာတော်လို့လဲ။ ဘာမှမတော်ပါ။ သို့ရာတွင် မမနိုင်နှင့် ကျွန်တော် ဆိုင်ပါသည်။ ဘာဆိုင်ပါသလဲ။ မျိုးမြင့်က ကျွန်တော့်နားမှာ လာရပ်သည်။ သန်းကြွယ်၏ဘေးမှာလည်း အကောင်တစ်ကောင် လာရပ်သည်။

"မဆိုင်ဘဲနဲ့ ဝင်မရှုပ်ချင်ပါနဲ့ကွာ"

"ဆိုင်တယ်ကွ.. ဆိုင်တယ်၊ မမနိုင်က ငါ့အစ်မ"

"ဟား... ဟား... ဟား.. ဟား"

သန်းကြွယ်က လှောင်သလို ဟားတိုက်ရယ်သည်။ သူ့ဘေးကကောင်လည်း လိုက်ရယ်သည်။

"သွားကြပါစို့ ညီညီရယ်၊ ဒီလမ်းသရဲတွေနဲ့ စကားဖက်ပြောမနေစမ်းပါနဲ့"

မမနိုင်က ကြောက်နေပြီထင်သည်။ မျိုးမြင့်က ကျွန်တော့်လက်ကို မသိမသာညှစ်လိုက်သည်။ သန်းကြွယ်က...

"ဒီမှာ ညီညီ.. မင်းရဲ့အဖြစ်က တော်တော်ရယ်စရာကောင်းတယ်၊ ကိုယ်ကလဲ မစားနိုင်၊ သူများ လာစားတော့လဲ ဟောင်တတ်တဲ့ ကောက်ရိုးပုံစောင့်ခွေးလိုပဲ၊ ဟား... ဟား"

"ဘာကွ"

ကျွန်တော့်လက်သီးသည် သန်းကြွယ်၏အရိုက်ကို ထိမှန်သည်။ သူ ရှေ့ကို စိုက်ကျလာသည်။ သူ့မျက်နှာကို လက်သီးနှင့် တအားထိုးချလိုက်သည်။ လဲကျသွားသည်။ ပြန်ထလာသည်။ သူ့မျက်နှာမှာ သွေးတွေ၊ ကျွန်တော့်ကို တစ်စုံတစ်ယောက်က နောက်မှလာချုပ်ထားသည်။ သန်းကြွယ်က ကျွန်တော့်ကို ထိုးသည်။ ကျွန်တော့်ကို ချုပ်ထားသူကို မျိုးမြင့်က ဝင်လုံးသည်။ ကျွန်တော် လွတ်သွားသည်။ သန်းကြွယ်နှင့် ကျွန်တော် တစ်ပြန်စီ ထိုးကြသည်။ ရန်ပွဲသည် သိပ်မကြာပါ။ ဘေးကလူတွေ ဝင်ဆွဲကြသောကြောင့် ပွဲပြီးသွားသည်။

ကျွန်တော့်လက်ချက်ကြောင့် သန်းကြွယ် နဖူးကွဲသွားသည်။ သန်းကြွယ်လက်ချက်ကြောင့် ကျွန်တော့်ပါးက ဖူးရောင်နေသည်။ မျိုးမြင့်လက်ချက်ကြောင့် သန်းကြွယ်၏အဖော်သည် ယိုင်လဲလုမတတ် ဖြစ်နေသည်။ မျိုးမြင့်ကတော့ သိုင်းတတ်သောကြောင့် ဘာမှမဖြစ်ချေ။

မမနိုင်ကို အိမ်အထိ လိုက်ပို့သည်။ တစ်လမ်းလုံး စကားမပြောဖြစ်ကြပါ။ မမနိုင်ကလည်း ရှက်ကြောက်နေတုန်း။ ကျွန်တော်ကလည်း ဒေါသမပြေနိုင်တုန်း။

မမနိုင်တို့မေမေနှင့်တွေ့လျှင် လျှောက်မေးနေမည်စိုးသောကြောင့် အိမ်ထဲအထိ လိုက်မပို့တော့ပါ။ ကျွန်တော့်အိမ်သို့ ပြန်ရောက်သောအခါတွင်လည်း မေမေ့ကို လိမ်ပြောလိုက်မိပါသည်။ ကျောင်းမှာ ချော်လဲကျလို့၊ ခုံစောင်းနဲ့ တိုက်မိလို့။

သို့ရာတွင် ညနေစောင်းသောအခါ မမနိုင်နှင့် သူ့မေမေသည် ကျွန်တော်တို့အိမ်သို့ ရောက်လာလေသည်။ ဒေါ်ဒေါ်စောစောမြင့်သည် အိမ်အဝင်ကတည်းက အော်၍ဝင်လာပါသည်။

"ကောင်းကြသေးရဲ့လား မစန်းရဲ့၊ မောင်နှမနှစ်ယောက် ကျောင်းအတူတူ မသွားကြတာ၊ ခုတော့ ကောင်းသေးရဲ့လား"

ဒေါ်ဒေါ်စောစောမြင့်သည် အဖြစ်စုံအား မေမေ့အား ပြောပြပါသည်။ ထိုအချိန်က ကျွန်တော်သည် ကျွန်တော့်အခန်းထဲမှာ ရှိနေပါသည်။ ကျွန်တော် အိပ်ချင်ယောင်ဆောင်နေလိုက်ပြန်ပါသည်။ သူတို့သည် ကျွန်တော့်အခန်းထဲ ဝင်လာကြသည်။

"အိပ်နေတယ်ထင်တယ်"

မမနိုင်ရဲ့အသံ၊ လက်တစ်ခုသည် ကျွန်တော့်ပါးပေါ်ကဒဏ်ရာကို လာထိသည်။ ထိုလက်သည် မမနိုင်၏လက် မဟုတ်မှန်း ကျွန်တော် အလိုလို သိနေပါသည်။

"ဒဏ်ရာကတော့ မကြီးပါဘူး၊ နည်းနည်းရောင်သွားတာပါ"

မေမေက ပြောပါသည်။ မေမေနှင့် ဒေါ်ဒေါ်စောစောမြင့်တို့သည် ခေတ်ကာလ ကလေးတွေက ထစ်ခနဲရှိ ထိုးကြကြိတ်ကြဖို့ပဲ။ ဘာပဲညာပဲနှင့် ပြောနေကြပါသည်။ နောက်တော့လဲ ထုံးစံအတိုင်း ကုန်းဈေးနှုန်းအကြောင်း ရောက်သွားကြပါတော့သည်။

အိပ်ချင်ယောင်ဆောင်နေရသည်မှာ တော်တော်ပင်ပန်းပါသည်။ ဒီကြားထဲ ခြင်တစ်ကောင်က ကျွန်တော့်လက်ကို လာကိုက်နေပြန်ပါသည်။ မလှုပ်ရဲသဖြင့် ငြိမ်ခံနေရသည်။ လက်ကလေးတစ်ခုက ထိုခြင်ကို ယပ်၍ မောင်းထုတ်လိုက်ဟန် တူသည်။ ကျွန်တော့်လက်ကို လေဟပ်သွားပါသည်။ မမနိုင်၏ လက်ကလေး ဖြစ်ပါစေ။

"သမီး နိုင်နိုင်၊ မေမေတို့ မီးဖိုထဲသွားဦးမယ်၊ မောင်လေး နိုးလာရင် ရေနွေးကြပ်ထုပ် ထိုးပေးဖို့ လာခေါ်နော်"

အခန်းထဲမှာ ကျွန်တော်တို့နှစ်ယောက်တည်း။ ခုအချိန်မှာ မမနိုင်သည် ကျွန်တော့်ကို သနားနေပါမည်လား။ ကျွန်တော့်ကို စိုက်ကြည့်နေပါမည်လား။ မမနိုင်၏မျက်လုံးများသည် စိုးရိမ်နေကြပါမည်လား။

လက်ကလေးတစ်ခု ကျွန်တော့်နဖူးပေါ် ကျလာသည်။ ပျော့ပျော့အိအိကလေး။ သူ့လက်ကလေးသည် အေးစက်နေသည်။ ကျွန်တော့်ကိုယ်က ပူနေသောကြောင့်လည်း ဖြစ်ချင်ဖြစ်ပါမည်။ မမနိုင်၏လက်က ကြက်သွန်ဖြူနံ့ကို ရပါသည်။ လက်ဖက်သုပ် စားလာသောကြောင့် ဖြစ်လိမ့်မည်ထင်၏။ ကျွန်တော့်ရင်သည် တလုပ်လုပ်ဖြစ်လာပြန်သည်။ ဆရာဝန်သည် ထိုအချိန်တွင် ကျွန်တော့်သွေးခုန်နှုန်းကို စမ်းကြည့်မိပါက ညီညီ အဖျားတက်နေပြီဟု ဆိုဖွယ်ရာရှိလေသည်။ ဒါဖြင့်... မမနိုင်ကကော ဖျားမနေပါဘဲလျက် သူ့လက်ကလေးသည် အဘယ်ကြောင့် တုန်ခါနေရပါဘိသနည်း။

ကျွန်တော် မျက်စိဖွင့်လိုက်သည်။ မမနိုင်သည် ကျွန်တော့်ကို ကြည့်နေပါသည်။ ကျွန်တော် ရှက်သွားပါသည်။ ပါးက ဒဏ်ရာကို ယောင်၍ကိုင်မိသည်။ ဒဏ်ရာက သွေးထွက်မနေပါဘလဲလျက် ကျွန်တော့်လက်ကို ကြည့်နေမိပြန်သည်။

"သိပ်နာနေသလား.. ဟင်"

နာတယ်ဟု ပြောရမလား။ မနာဘူးဟု ပြောရမလား။ နည်းနည်းတော့ နာသည်။

"မနာပါဘူး"

"မမနိုင် စိတ်မကောင်းဘူး"

"မမနိုင်က ဘာဖြစ်လို့ တစ်ယောက်တည်း သွားရတာလဲ"

"ဒီနေ့ စုစုမှ ကျောင်းမတက်ဘဲ"

"စုစုမရှိရင်လဲ တခြားတစ်ယောက်ယောက်နဲ့ သွားပေါ့"

မမနိုင်က ကျွန်တော့်ကို ဖျတ်ခနဲကြည့်ပါသည်။ ထို့နောက် ခေါင်းငုံ့သွားပြန်သည်။ မေမေက လှမ်းခေါ်သောကြောင့် မမနိုင် အပြင်ထွက်သွားသည်။ ခဏကြာသောအခါ ရေနွေးဇလုံ ဂွမ်းလိပ် အဝတ်စတို့ကို ကိုင်၍ မမနိုင် ပြန်ရောက်လာသည်။ မမနိုင်က ကျွန်တော့်ကို ရေနွေးကြပ်ထုပ် ထိုးပေးသည်။ ရေနွေးက ပူပါသည်။ အနာက ခုမှ နာရမှန်း သိလာပါသည်။ ရေနွေးကြပ်ထုပ်နှင့် ထိသောအခါ ပူသလိုလို စပ်သလိုလို ဖြစ်လာပါသည်။ မမနိုင်က ကျွန်တော့်ကို သတ္တိနည်းသည်ဟု ထင်သွားမည်စိုးသောကြောင့် အောင့်ခံနေရပါသည်။

"ညီညီကမှ မမနိုင်ကို ဂရုမစိုက်ဘဲ၊ မမနိုင်တစ်ယောက်တည်း သွားရတာပေါ့"

မမနိုင်၏အသံသည် တုန်နေပါသည်။ မမနိုင် ဝမ်းနည်းနေသည်ဟု ထင်ပါသည်။ မမနိုင်၏မျက်လုံးများသည် မျက်ရည်များ ဝဲနေသည်ဟု ထင်ပါသည်။ ကျွန်တော်လည်း ဝမ်းနည်းနေပါသည်။ မမနိုင်ကို ကျွန်တော် ဂရုမစိုက်ဘဲ နေခဲ့မိပါသလား။ မသိပါ။ မမနိုင်သည် ဂွမ်းစကလေးကို ရေနွေးထဲတွင် နှစ်လိုက်၊ ရေနွေးတွေကို ညှစ်ချလိုက် လုပ်နေပါသည်။

"မနက်ဖြန်မနက်ကျရင် မမနိုင်ကို ညီညီ လာခေါ်မယ်၊ မမနိုင် ညီညီနဲ့တူတူ ကျောင်းသွားရမယ်"

မမနိုင် ပြုံးလာပါသည်။ ကျွန်တော်ကလည်း ပြုံးပါသည်။ ပါးကဒဏ်ရာကြောင့် အရမ်းတော့ မပြုံးနိုင်ပါ။ မမနိုင်သည် သူ့လက်ထဲက ဂွမ်းစနှင့် ကျွန်တော့်ဒဏ်ရာကို တို့လိုက်ပါသည်။ ရေနွေးတို့သည် အေးကုန်ကြပါပြီလား။

ထိုနေ့ညက အိပ်မက်မက်ပါသည်။

အိပ်မက်ထဲတွင် သန်းကြွယ်နှင့် ကျွန်တော် စီးချင်းထိုးကြပါသည်။ သန်းကြွယ်သည် မြင်းနက်ကြီးကို စီးထားပါသည်။ ဝတ်ရုံအနက်ကြီးကို ခြုံထားပါသည်။ သူ့လက်ထဲမှာ လှံကြီးတစ်ချောင်းကို ကိုင်ထားပါသည်။ ကျွန်တော်သည် မြင်းဖြူကြီးကို စီးထားပါသည်။ ဝတ်ရုံနီကြီးကို ခြုံထားပါသည်။ ကျွန်တော့်လက်ထဲမှာလည်း လှံကြီးတစ်ချောင်းရှိပါသည်။ ကျွန်တော့်မြင်းကြီး၏ နှာခေါင်းက အခိုးအငွေ့တွေ တဖူးဖူး မှုတ်ထုတ်နေပါသည်။

သန်းကြွယ်သည် မြင်းကို ကဆုန်စိုင်း၍ ကျွန်တော့်တူရူသို့ လာနေသည်။ ကျွန်တော်ကလည်း မြင်းကို အပြင်းနှင်သည်။ ကျွန်တော်တို့နှစ်ယောက် မျက်နှာချင်းဆိုင်မိကြသည်။ သူ ကျွန်တော့်ကို လှံဖြင့်လှမ်းထိုးသည်။ လှံကြီးသည် ကျွန်တော့်ပါးကို ဖြတ်ထိသွားသည်။ ကျွန်တော့်ပါးက သွေးတွေကျလာသည်။ ကျွန်တော်တို့သည် မြင်းချင်း ခွာလိုက်ကြပြန်သည်။

ကျွန်တော်သည် မြင်းကို တစ်ပတ်လှည့်၍ သန်းကြွယ်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ကျွန်တော့်မြင်းကို သူ့ဆီသို့ နှင်သွားသည်။ သူသည် ကျွန်တော့်ကို လှံဖြင့်ထိုးပြန်သည်။ ကျွန်တော့်ကို မထိချေ။ ကျွန်တော့်မြင်းကြီးက မတ်တက်ရပ်လိုက်သည်။ ကျွန်တော်သည် ရှေ့သို့ ငိုက်ကျနေသော သန်းကြွယ်၏ နံကြားထဲသို့ ကျွန်တော့်လှံကြီးကို တအားထိုးထည့်လိုက်သည်။ သူသည် အသံနက်ကြီးဖြင့်အော်လျက် မြင်းပေါ်မှ ပြုတ်ကျသွားသည်။ ကျွန်တော်

မြင်းပေါ်မှ ဆင်းသည်။

မမနိုင်သည် ပန်းကုံးတစ်ခုကိုယူလာ၍ ကျွန်တော့်လည်မှာ စွပ်ပေးသည်။ ထို့နောက် မမနိုင် ပျောက်သွားသည်။

ကျွန်တော်သည် နံကြားမှ လုံကြီးတန်းလန်းနှင့် မောက်ရက်လဲနေသော သန်းကြွယ်၏အနားသို့ လျှောက်သွားသည်။ သူ့ပခုံးစွန်းကို ကျွန်တော့်ခြေထောက်ဖြင့် ဆွဲမပြီး သူ့ကို ပက်လက်လှန်လိုက်သည်။ လုံကြီးတန်းလန်း သွေးသံရဲရဲဖြင့် သေဆုံးနေသူမှာ သန်းကြွယ်မဟုတ်ဘဲ ကိုကို ဖြစ်နေသည်။

ကျွန်တော် လန့်နိုးလာသည်။ ပါးကဒဏ်ရာသည် မနေ့ကထက် ပို၍ ဖူးရောင်နေသည်။ မျက်စိတစ်ဖက်သည် ပိတ်လုမတတ် ဖြစ်နေသည်။ ပြီးတော့ ဒဏ်ရာက တဆစ်ဆစ်ကိုက်နေသည်။ တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေသည်။ သို့ရာတွင် ကျွန်တော် အိပ်ရာမှ ထလိုက်သည်။

မေမေက တားမြစ်နေသည့်ကြားက လွယ်အိတ်ကိုလွယ်လျက် ကျွန်တော် ထွက်ခဲ့သည်။ မမနိုင်ကို ဝင်ခေါ်သည်။ မမနိုင်တို့ မေမေကလည်း ကျောင်းမတက်ဖို့ တားမြစ်သည်။ ကျွန်တော်က လပတ်စာမေးပွဲရှိသည်။ မသွားလို့ မဖြစ်ဘူးဟု အကြောင်းပြသည်။ လမ်းရောက်တော့ မမနိုင်က မေးပါသည်။

"စာမေးပွဲလည်း မရှိဘဲနဲ့ ရှိတယ်လို့ ဘာဖြစ်လို့ ညာပြောရတာလဲ"

"အဲဒီလို ညာမပြောရင် ညီညီ ကျောင်းတက်ရမှာမဟုတ်ဘူး"

"နေမကောင်းလို့ မတက်တာပဲ၊ ဘာဖြစ်လဲ"

"ညီညီ ကျောင်းမတက်ရင် မမနိုင်တစ်ယောက်တည်း သွားရမှာပေါ့၊ နောက်တော့မှ ညီညီက မမနိုင်ကို ဂရုမစိုက်ဘူးလို့ အပြောခံရဦးမယ်"

မမနိုင်က ရယ်ပါသည်။ မမနိုင် ရယ်တာကို ကျွန်တော် ခဏခဏ တွေ့ဖူးပါသည်။ ဒီနေ့ရယ်တာ အလှဆုံးပဲဟု ထင်ပါသည်။

"စုစုလည်း ရှိသားပဲ၊ ညီညီ မရှိရင် စုစုနဲ့သွားမှာပေါ့"

"စုစုက မိန်းကလေးပဲ"

"မိန်းကလေးလည်း ဘာဖြစ်သလဲ၊ အဖော်ရှိရင် ပြီးတာပဲ"

"ဩော်.. ဩော် ဟုတ်သားပဲ၊ တခြားအကောင်တွေက လိုက်နှောင့်ယှက်ရင် စုစုက လက်သီးနဲ့ ထိုးမှာပေါ့နော်"

မမနိုင်က ရယ်ပြန်ပါသည်။ လှတာပဲ...။

"ဒီနေ့ကော စုစုကို ဝင်ခေါ်ဦးမှာလား"

မမနိုင်က ခေါင်းခါပါသည်။ ဟုတ်တာပေါ့။ မမနိုင်ရဲ့ဘေးမှာ ညီညီ ရှိနေပြီပဲ၊ ဘယ်သူများ လိုတော့လို့ပါလဲ။ ညီညီတစ်ယောက်ဆိုတာ စစ်သည်တစ်သိန်းအားပဲ မဟုတ်ပါလား။

"မမနိုင်... ညီညီ လက်သီးထိုးတာ ကျော်ဟိန်းနဲ့ တူရဲ့လားဟင်"

ရယ်ပြန်ပါပြီ။ လှပြန်ပါပြီ။ မမနိုင်က ရယ်ရင်လှတယ်ဆိုသောကြောင့် မရယ်ရင် မလှဘူးဟု မဆိုလိုပါ။ မရယ်လျှင်လည်း လှပါသည်။ ငိုရင်လည်း လှပါသည်။ မဲ့ရင်လည်း လှပါသည်။ တည်ရင်လည်း လှပါသည်။ ဖျားနေလျှင်လည်း လှပါသည်။ အိပ်ပျော်နေလျှင်လည်း လှပါသည်။ အို.. ကမ္ဘာပေါ်မှာ မမနိုင် အလှဆုံး။

ထိုနေ့က ကျောင်းမှာ စာသင်နေရင်း ကျွန်တော့်ဒဏ်ရာသည် ပို၍ဆိုးလာပါသည်။ ကျွန်တော့်မျက်လုံးတစ်ဖက်မှာ လုံးဝပိတ်လုလုဖြစ်နေပါသည်။ ဓာတုဗေဒဆရာက ရယ်စရာပြောသည်ကိုပင် မရယ်နိုင်ပါ။ မုန့်စားဆင်းချိန်တွင် မမနိုင်က ပြောပါသည်။

"ညီညီ အိမ်ပြန်တော့"

"မပြန်ဘူး"

"မပြန်လို့ မရဘူး၊ ညီညီ့ဒဏ်ရာက သိပ်ဆိုးနေပြီ"

"ညီညီပြန်ရင် မမနိုင်တစ်ယောက်တည်း ပြန်ရမှာပေါ့"

"ဘာဖြစ်လဲ၊ တစ်ယောက်တည်းပြန်မှာပေါ့"

"စိတ်မချဘူး"

"ညီညီက မမနိုင်ကို ဒီလောက် ဂရုစိုက်နေစရာ မလိုပါဘူး"

"သြော်... ညီညီက မမနိုင်ကို ဂရုစိုက်စရာ မလိုဘူးလား၊ ဒါဆိုရင်လည်း ပြန်ရတာပေါ့လေ၊ နောက်နေ့တွေကျရင်လည်း ညီညီ နေ့တစ်ဝက်ပြန်မယ်"

"ညီညီက မမနိုင်ကို စိတ်ဆိုးသွားတာလား၊ မမနိုင်က ညီညီ့အတွက် စေတနာနဲ့ ပြောတာပါ၊ မမနိုင်ပြောတာက ညီညီ့ဒဏ်ရာက သိပ်နာနေတဲ့အချိန်မှာ မမနိုင်ကို ဂရုစိုက်မနေပါနဲ့လို့ ပြောတာပါ"

မမနိုင်က ဝမ်းနည်းသွားဟန်တူပါသည်။ မမနိုင် ဝမ်းနည်းပြီဆိုလျှင် တစ်နေရာသို့ ငေးစိုက်ကြည့်နေတတ်ပါသည်။ ကျွန်တော်လည်း ဝမ်းနည်းသွားပါသည်။ ကျွန်တော် ဝမ်းနည်းပြီဆိုလျှင်မူ မည်သို့ ပြုမူတတ်မှန်းမသိပါ။

"ဟင်လို့"

"ဘာကိုလဲ"

"ညီညီ ပြန်မှာမဟုတ်လား"

"မပြန်ပါဘူးလို့ ဆိုနေ"

"ညီညီက သိပ်ခက်တာပဲ၊ ပေကပ်ကပ်နဲ့၊ ဒါကြောင့် ညီညီ့မေမေက ညီညီ့ကို ကိုဂျစ်ကန်လို့ ခေါ်တာ"

မမနိုင်က ကျွန်တော်တို့ဆရာမကို သွားပြောပါသည်။ ဆရာမသည် ကျွန်တော့်ကိုခေါ်ကြည့်ပြီး အိမ်ပြန်ခိုင်းပါသည်။ ကျွန်တော်က မပြန်ပါ။ နောက်ဆုံးတော့ မမနိုင် လက်လျှော့လိုက်ပါသည်။ ထိုနေ့က မုန့်စားကျောင်းပြန်တက်ပြီး နောက်ပိုင်းတစ်ချိန်လုံး ကျွန်တော် စာမသင်နိုင်တော့ပါ။ မျက်လုံးတစ်ဖက်ကလည်း မျက်ရည်တွေကျလာပါသည်။ ဒဏ်ရာကလည်း သိပ်နာနေပါသည်။ ကျွန်တော်သည် စားပွဲခုံပေါ်တွင် မျက်နှာမှောက်၍နေရပါသည်။ တစ်ခါတလေ မျက်နှာမော့ကြည့်လိုက်သောအချိန်တွင် မမနိုင်က ကျွန်တော့်ကို လှည့်ကြည့်နေသည်နှင့် ကြုံတတ်ပါသည်။

ထိုနေ့ည ကျွန်တော် အိပ်မပျော်ပါ။ ဒဏ်ရာက အရမ်းနာနေသောကြောင့် ဖြစ်ကောင်းဖြစ်ပါမည်။ အခြား အကြောင်းတစ်ခုခုကြောင့်လည်း ဖြစ်ချင်ဖြစ်ပါမည်။ အိပ်ပျော်ပြန်ပါလည်း အိပ်မက်ဆိုးများ မက်ပါသည်။ ဘာတွေမက်မှန်း တိတိကျကျ မသိရပါ။ ဝိုးတဝါးမျှသာ ဖြစ်ပါသည်။ အိပ်မက်တစ်ခုနှင့်တစ်ခု ရောထွေးနေပါသည်။

မပြည့်မစုံ တစ်ပိုင်းတစ်စ အိပ်မက်များဖြစ်ပါသည်။ ထိုအိပ်မက်များထဲတွင် ပြန်ပြောပြ၍ မကောင်းသော အိပ်မက်များလည်း ပါပါသည်။

ကျွန်တော် အိပ်ရာမှ နိုးသောအခါ ကျွန်တော့်မျက်စိတစ်ဖက်သည် ဖွင့်လို့မရတော့ပါ။ ပိတ်နေသော မျက်စိထဲတွင် ညက အိပ်မက်များ၏ အပိုင်းအစများသည် ကျန်နေဆဲဖြစ်သည်။ ကျွန်တော် ပထမဆုံး သိလိုက်သောအချက်မှာ မမနိုင်ကို ကျွန်တော် ချစ်နေပြီဖြစ်ကြောင်းပင်ဖြစ်ပါသည်။ သို့ရာတွင် ငယ်ငယ်တုန်းက ချစ်သလိုနှင့်တော့ မတူတော့ပါ။ မတူပါဘူးဟုဆိုရာတွင် ငယ်ငယ်တုန်းကထက် ပိုလာသည်။ သို့မဟုတ် လျော့သွားသည်ဟု မဆိုလိုပါ။ တူတူပဲဟူ၍လည်း မဆိုနိုင်ပါ။ မတူပါဘူးဆိုတာတော့ သိပါသည်။ အဘယ်ကြောင့်ဆိုသော် ငယ်ငယ်တုန်းက ချစ်တာနှင့် ယခုချစ်တာ မတူသောကြောင့် ဖြစ်ပါသည်။

အို... အချစ်ဆိုသည်မှာ ဘယ်လိုဟာကြီးမှန်းလဲမသိပါ။

ခုတော့ဖြင့် ရေရေလည်လည် သိရပါပြီ။ မမနိုင်ကို ချစ်သောအချစ်သည် ဘယ်လိုအချစ်ဖြစ်မှန်း ကျွန်တော်သိပါပြီ။ ပြန်ပြောပြရလျှင် ရှက်စရာ ကောင်းလိမ့်မည်လားတော့ မသိပါ။ ရှက်လည်း ရှက်ပါသည်။ မရှက်လည်း မရှက်ပါ။ သိပ်တော့ မပြောချင်ပါ။ သို့ရာတွင် အောက်ပါအတိုင်း ဖြစ်ပါသည်။

မမနိုင်တို့အိမ်သို့ ကျွန်တော် သွားလည်သည့်နေ့တစ်နေ့ဖြစ်ပါသည်။ ကျွန်တော် ရောက်သွားသောအခါ မမနိုင် ရေချိုးနေသည်ဟု ဆိုပါသည်။ မမနိုင်တို့မေမေသည် မီးဖိုခန်းထဲတွင် ချက်ပြုတ်နေပါသည်။ ကျွန်တော်သည် မီးဖိုခန်းထဲမှာ သွားထိုင်နေပါသည်။ ကန်စွန်းရွက်များကို ကူညီ၍ ချွေပေးနေပါသည်။ ဘုန်းကြီးဆွမ်း လာရပ်သောကြောင့် မမနိုင်တို့မေမေက ဆွမ်းသွားလောင်းပါသည်။

ထိုအချိန်တွင် မမနိုင်သည် မီးဖိုခန်းကို ဖြတ်၍ဝင်လာသည်။ မမနိုင်သည် ထဘီရင်ရှား ဝတ်ထားပါသည်။ မျက်နှာသုတ်ပဝါကလေးကိုလည်း ခြုံထားပါသည်။ မမနိုင်သည် မျက်နှာသုတ်ပဝါ၏ အစနှစ်စကို ဘယ်ဘက်လက်ဖြင့် စုကိုင်၍ သူ့ကိုယ်ကလေးကို ဖုံးထားပါသည်။ ညာဘက်လက်ကမူ ရေခွက်ကို ကိုင်ထားပါသည်။ ညာဘက်လက်၌ လက်ဖျံပေါ်တွင် ထဘီရေစိုတစ်ခုကို တင်ထားပါသည်။

ကျွန်တော့်ရင်သည် လုပ်ခနဲဖြစ်သွားရပါသည်။ မမနိုင်သည် ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်၍ တစ်ဖက်ကို လှည့်သွားပါသည်။ ရေခွက်ကို စင်ပေါ်မှာ တင်သည်။ ထဘီကို တန်းမှာ ဖြန့်လှမ်းသည်။ မမနိုင်ကို နောက်ကနေ ကြည့်နေမိသည်။ ထဘီရင်ရှားဝတ်ထားသော မိန်းကလေးတစ်ယောက်ကို နောက်ကနေ မကြည့်သင့်ဘူးဟု ထင်ပါသည်။ သို့ရာတွင် ကျွန်တော် သိပ်ကြည့်ချင်နေပါသည်။ ကျွန်တော်တို့သည် ကလေးများ မဟုတ်ကြတော့ပါ။

မမနိုင်သည် ရှက်နေဟန်တူပါသည်။ ကျွန်တော့်ကို မကြည့်တော့ပါ။ နှုတ်လည်းမဆက်ပါ။ ကျွန်တော်ကကော ရှက်နေပါသေးသလားမသိပါ။ ရင်တွေခုန်နေမှန်းတော့ သိပါသည်။

ကျွန်တော်သည် မီးဖိုခန်းမှ အိမ်ခန်းထဲသို့ ဝင်သောတံခါးဝနားမှာ ထိုင်နေပါသည်။ မမနိုင်သည် ကျွန်တော့်နားကဖြတ်၍ အခန်းထဲသို့ ခပ်သုတ်သုတ်ဝင်လိုက်ပါသည်။ မမနိုင်ကိုယ်ပေါ်က မျက်နှာသုတ်ပဝါကလေးသည် ကျွန်တော့်နားမှာ လာကျပါသည်။ ကျွန်တော့်ကို လေဟပ်သွားသောကြောင့် မျက်နှာသုတ်ပဝါမှ အနံ့တစ်မျိုးကလေးကို ကျွန်တော် ရလိုက်ပါသည်။ မမနိုင်သည် မျက်နှာသုတ်ပဝါကို

ငုံ့၍ကောက်ပါသည်။ မမနိုင်၏ မျက်နှာသည် ကျွန်တော့်မျက်နှာနှင့် တစ်ပေလောက်သာ ကွာပါသည်။

မမနိုင်၏ ကျောကလေးသည် ဖြူဖွေးနေပါသည်။ မမနိုင်၏ မျက်နှာကလေးမှာမူ ပန်းနုရောင်ကလေး သန်းနေပါသည်။ မမနိုင်၏မေးစေ့ကလေးတွင် ရေစက်ကလေးတွေ တွဲလွဲခိုနေပါသည်။ မမနိုင်၏ လက်မောင်းကလေးတွင် ရွှေရောင်သန်းနေသော အမွေးကလေးများ ရှိပါသည်။ ကျွန်တော် ဒီလောက်ပဲမြင်ပါသည်။ ညာတာမဟုတ်ပါ။

ရေချိုးပြီးစ မမနိုင်၏ကိုယ်က ဆပ်ပြာမွှေးနံ့ရောသော ကိုယ်သင်းနံ့ကလေးကို ရလိုက်ပါသည်။ ထိုအချိန်မှာပင် မမနိုင်ကို ကျွန်တော် ချစ်နေပြီဖြစ်ကြောင်း သိလိုက်ပါသည်။ ငယ်ငယ်တုန်းကနှင့် လုံးဝမတူသော အချစ်ဖြစ်ပါသည်။ မမနိုင်ကို ရည်းစားလိုချစ်နေပြီဖြစ်ပါသည်။ မဟုတ်သေးပါဘူး။ ရည်းစားလိုလို့တော့ မပြောချင်ပါ။ ရည်းစားဆိုသည်မှာ ကိုယ်က ချစ်၍ သူကလည်း ပြန်၍ချစ်ပြီဆိုမှ ခေါ်လို့ရပါသည်။ ကိုယ်က ချစ်၍ သူက ပြန်မချစ်သေးလျှင် (သို့မဟုတ်) ကိုယ်က ချစ်နေကြောင်းကို သူက မသိသေးလျှင် ရည်းစားဟု မခေါ်နိုင်သေးပါ။ ချစ်သူဟူ၍သာ ခေါ်နိုင်ပါသည်။ တစ်နည်းအားဖြင့် တစ်ဖက်သတ်ချစ်သူဟူ၍သာ ခေါ်နိုင်သည်။ မမနိုင်သည် ကျွန်တော်၏ တစ်ဖက်သတ်ချစ်သူဖြစ်ပါသည်။ ကျွန်တော့်အယူအဆ မှန်မမှန်တော့ မသိပါ။ သို့ရာတွင် မမနိုင်ကို ငယ်ငယ်တုန်းက အချစ်နှင့် လုံးဝမတူသော အချစ်၊ ငယ်ငယ်တုန်းက အချစ်ထက် အဆတစ်ရာလောက်သာသောအချစ်၊ တစ်ချိန်ချိန်မှာ ရည်းစားဖြစ်လာမည့်အချစ်ဖြင့် ချစ်နေမိပါပြီ။

မမနိုင်ကို ကျွန်တော် သိပ်ချစ်ပါသည်။ သို့ရာတွင် ခုလောလောဆယ်တော့ ဖွင့်ပြောဖို့ မရည်ရွယ်သေးပါ။ မမနိုင်သည် ကျွန်တော့်အပေါ် ဘယ်လိုသဘောထားမှန်း မသိသေးပါ။ ကျွန်တော်က ဖွင့်ပြောလိုက်လို့ မမနိုင် စိတ်ဆိုးသွားမည်ကိုလည်း စိုးရိမ်မိပါသည်။ ကျွန်တော်တို့သည် ပညာမပြည့်စုံကြသေးပါ။ အချစ်ရေးထက် ပညာရေးကို ဦးစားပေးကြရမည်ဟု လူကြီးတွေက ပြောတတ်ကြပါသည် မဟုတ်လား။

ကျွန်တော် မမနိုင်ကို သိပ်ချစ်နေသော်လည်း ကျွန်တော့်အချစ်စိတ်ကို ချိုးနှိမ်ထားရပါဦးမည်။ မည်သည့်အချိန်ထိ ချိုးနှိပ်ထားပါမည်နည်း။ ကျွန်တော့်စိတ်ရင်းအတိုင်း ပြောရလျှင် ချိုးနှိမ်ထားနိုင်သည့်အချိန်ထိသာ ချိုးနှိမ်ထားလိုပါသည်။ မချိုးနှိမ်ထားနိုင်သောအခါ မချိုးနှိမ်ချင်ပါ။ သို့ရာတွင် ဖေဖေ ပြောတတ်သော စကားတစ်ခုကို ကြားယောင်မိပါသည်။

"နောက်ဆုံးက တန်းစီပြီးတော့ တိုကင်နံပါတ် (၁) လိုချင်လို့မရဘူး၊ ဆိုလိုတာကတော့ အချိန်အခါ အလှည့်မသင့်သေးဘဲနဲ့ ကြိုတင်လုပ်ချင်လို့ မရဘူး"

သိပ်မှန်ပါသည်။ အချိန်အခါ မရောက်သေးဘဲ ဘာကိုမှ လုပ်လို့မရပါ။ အသက်ဆယ့်ခြောက်နှစ်မပြည့်သေးဘဲ ဆယ်တန်းစာမေးပွဲ ဖြေချင်လို့မရပါ။ ကျွန်တော်၏အချစ်စိတ်ကို ချိုးနှိမ်ထားရန် ဆုံးဖြတ်လိုက်ပါသည်။

ကျွန်တော်တို့ ဆယ်တန်းအောင်ကြသောအခါတွင် မမနိုင်ကို ဖွင့်ပြောလိုက်ပါမည်။ ထိုအခါ မမနိုင်သည် ကျွန်တော့်ကို စိတ်ဆိုးလိမ့်ပါမည်လား မသိပါ။ သို့ရာတွင် မမနိုင်သည် ကျွန်တော့်ကို ပြန်ချစ်လိမ့်မည် ထင်ပါသည်။ ဖေဖေ မေမေတို့ကလည်း သဘောတူကြမည် အမှန်ပါ။ မမနိုင်ကို ချစ်နေကြောင်း စာဖြင့် ရေးပေးရပါမည်လား။ နှုတ်မှ ဖွင့်ပြောရပါမည်လားမသိပါ။ ဆယ်တန်းအောင်သောအခါမှပင် ဆုံးဖြတ်ပါတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

မည်သို့ပင်ဖြစ်စေ မမနိုင်သည် တစ်နေ့သောအခါတွင် ကျွန်တော့်ရည်းစားဖြစ်လာရပါမည်။ တစ်နေ့သောအခါ မမနိုင်သည် ကျွန်တော်၏ဇနီး ဖြစ်လာရပါမည်။ အို.. ဒီအရွယ်ကလေးနှင့်တော့ လက်ထပ်သည့်အဆင့်ထိ မတွေးတောသင့်သေးပါဟု ထင်ပါသည်။ လောလောဆယ်၌မူ ကျွန်တော်တို့ ငယ်သေးသည်မဟုတ်လား။

တစ်နေ့နေ့တွင်တော့ တွေးတောလာရပါမည်။ ကျွန်တော် လူကြီးဖြစ်လာသောအခါတွင် ဖြစ်ပါမည်။ လူကြီးသည် ဘယ်တော့ ဖြစ်မည်နည်း။ ခုအချိန်၌မူ မမနိုင်ကို ကျွန်တော်စောင့်ရှောက်၍ နေရပါဦးမည်။ မမနိုင်၏ လက်ခုံပေါ်က မှဲ့ကလေးတစ်လုံးကလွဲ၍ တခြားမှဲ့တစ်ပေါက်မှ မစွန်းရအောင် စောင့်ရှောက်ရပါမည်။

ခုအချိန်မှာတော့ ကျွန်တော့်ကို 'ကောက်ရိုးပုံစောင့်တဲ့ခွေး'လို့ပဲ ပြောပြော၊ 'အရက်ဆိုင်ကို စောင့်ရတဲ့ ဘိုးသူတော်' လို့ပဲပြောပြော ကျွန်တော် ခံနိုင်ပါပြီ။ လူဆိုသည်မှာ ကိုယ့်ထက်သာလျှင် မနာလိုဖြစ်ကြသည်မှာ မဆန်းပါ။ ကျွန်တော်သည် မမနိုင်၏ ရည်းစားလောင်းမဟုတ်လား။ သို့ရာတွင် ရန်သူကို အထင်သေးလို့မရပါ။

မမနိုင်သည် တဖြည်းဖြည်း ပို၍ပို၍လှလာပါသည်။ အစကတော့ မမနိုင် ဝလာသည်ဟု ထင်မိပါသည်။ အမှန်မှာ မမနိုင်သည် ဖွံ့ဖြိုးလာခြင်းဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲ မမနိုင် ဖြစ်ပါသည်။ မမနိုင်သည် တဖြည်းဖြည်း ပို၍လှလာသလို မမနိုင်၏အချစ်ကို ရယူလိုသူတို့သည် ပို၍ပို၍များလာပါသည်။

သို့ရာတွင် မမနိုင်ဘေးမှာ ညီညီ အမြဲရှိသည်။ မမနိုင်ကလည်း ဘယ်ကောင့်ကိုမှ ဂရုမစိုက်ပါ။ ညီညီကလွဲလျှင် ဘယ်အကောင်ကို ယောက်ျားထင်ရမည်နည်း။

လူကြီးတွေက ပြောကြပါသည်။ ရှင်ဘုရင်နှင့်ညားရမည့်ဇာတာပါသော မိန်းမသည် ရှင်ဘုရင်နှင့်ပင် ညားရမည်။ သူတောင်းစားနှင့် ညားမည်မဟုတ် တဲ့။ ညီညီ့ရည်းစား ဖြစ်ရမည့်မမနိုင်သည် ညီညီ့ရည်းစားပင်ဖြစ်ရမည်။ သူတောင်းစားများ၏ ရည်စားဖြစ်မည်မဟုတ်။ ညီညီသည် ရှင်ဘုရင်၊ တခြားအကောင်တွေသည် သူတောင်းစား။

ကျွန်တော်သည် ပန်းလှိုင်က သိုင်းဆရာကြီး ဦးဖိုးစိန်ထံတွင် မျိုးမြင့်နှင့်အတူ သိုင်းသင်သည်။ မမနိုင်ကို ကုမ္ပဏီတစ်ထောင်စောင့်သည်ထက် လုံခြုံအောင် စောင့်ရှောက်ရပါမည်။ ကျွန်တော်နှင့် သန်းကြွယ်တို့ ရန်ပွဲပြီးသည်မှစ၍ ကျွန်တော်၏နာမည်သည် တစ်ဟုန်ထိုး ကြီးမားလာပါတော့သည်။

"သန်းသန်းနိုင်ကို သွားမစနဲ့၊ ညီညီ့လက်သီးက လူမရွေးဘူး"

မှန်ပါသည်။ မမနိုင်နှင့်ပတ်သက်လာလျှင် ကျွန်တော့်လက်သီးသည် လူရောခွေးရော မရွေးပါ။

မမနိုင်ကို စေ့စေ့ကြည့်သူတိုင်းကို လက်သီးနှင့် ဆွဲထိုးချင်ပါသည်။

မမနိုင်ကို ချစ်သည်ဟု ပြောလာသူတိုင်းကို သတ်ပစ်ချင်ပါသည်။

သို့ရာတွင်

မမနိုင်ကို ချစ်ပါသည်ဟု ပြောလာပါလျက် ကျွန်တော် သတ်မပစ်ရက်သူတစ်ယောက်ရှိပါသည်။

ကိုကိုဖြစ်၏။

ကျွန်တော်တို့ ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ကိုကို ပြန်ရောက်လာလေသည်။ ကိုကိုသည် နောက်ဆုံးနှစ်၏ ပထမနှစ်ဝက်စာမေးပွဲ ဖြေပြီး၍ ပြန်လာခြင်းဖြစ်သည်။ ကိုကို ပြန်ရောက်လာခြင်းအတွက် ကျွန်တော် ပျော်ပါသည်။

ကိုကိုနှင့် ကျွန်တော်သည် တတွဲတွဲ ဖြစ်နေပြန်ပါသည်။ မမနိုင်နှင့် ကျွန်တော်သည်လည်း တတွဲတွဲပင် ရှိနေပါသေးသည်။ ကျွန်တော်၊ ကိုကိုနှင့် မမနိုင်တို့သည် သုံးယောက်တစ်ပြိုင်တည်းတွဲသည်ဟူ၍တော့ သိပ်မရှိလှပါ။ ထိုသို့ ဖြစ်ရခြင်းမှာ ကျွန်တော်ကလည်းကောင်း၊ မမနိုင်ကလည်းကောင်း မတွဲလိုသောကြောင့်မဟုတ်။ ကိုကိုကသာ မတွဲလိုခြင်းဖြစ်သည်။ ကိုကိုသည် ကျွန်တော်က မမနိုင်နှင့်အတူတူ လည်ပတ်ဖို့ပြောလျှင် ငြင်းတတ်ပါသည်။ မမနိုင်ပါလာလျှင် ကိုကို မလိုက်ပါ။ ကျွန်တော်နှင့် မမနိုင် နှစ်ယောက်တည်း သွားရပါသည်။ သို့ရာတွင် ကျွန်တော် ကျေနပ်ပါသည်။ ကိုကိုသည် ကျွန်တော့်အကြောင်းကို သိနေ၍ မမနိုင်နှင့် ကျွန်တော် နှစ်ယောက်တည်းသွားဖြစ်အောင် ရှောင်ပေးခြင်းမျိုးဖြစ်လိမ့်ပါမည်လားဟုတွေးမိပါသည်။ သို့ရာတွင် ကိုကိုသည် ဤမျှအကင်းပါးလိမ့်မည်မဟုတ်သည်ကို ကျွန်တော် သိပါသည်။ ကိုကိုသည် ကျွန်တော်နှင့် မမနိုင်ကို သူ့စိတ်ထဲက ကြိတ်၍ သဘောတူနေသောကြောင့်သာ ရှောင်ပေးခြင်းမျိုး ဖြစ်ပါလိမ့်မည်။

ကိုကို ပြန်ရောက်ပြီး နောက်တစ်နေ့တွင် မမနိုင် ကျွန်တော်တို့အိမ်ကို လာပါသည်။ ကိုကိုသည် မမနိုင်ကို မြင်သောအခါ အပြတ်အံ့သြနေပါသည်။ မမနိုင် သိပ်လှသည်ကို ကိုကို သတိပြုမိဟန်တူသည်။ ကျွန်တော်သည် မမနိုင်၏အလှအတွက် ကိုကိုရှေ့တွင် ဂုဏ်ယူဝင့်ကြွားနေပါသည်။ မမနိုင်ကို စကားတွေ အများကြီးပြောနေသည်။ ကိုကို့ကိုလည်း မမနိုင်နှင့်ပတ်သက်၍ ရန်ဖြစ်ခဲ့ရပုံများကို မြိန်ရှက်စွာ ပြောပြနေမိလေသည်။

"အဲဒီတုန်းက ကိုကိုရာ သန်းကြွယ်ဆိုတဲ့ကောင်ကို ညီညီ တီးထည့်လိုက်တာ ကောင်စုတ် နဖူးကို ကွဲထွက်ပြီး သွေးတွေ ဖြာခနဲကျလာတာပဲ"

မမနိုင်သည် ခေါင်းငုံ့နေ၏။ ရှက်လို့ထင်သည်။ ကိုကိုက မေးပါသည်။

"ညီကကော ဘယ်မှမထိဘူးလား"

"ဟာ.. ဘယ်ထိလိမ့်မလဲ၊ ညီက သိပ်လျင်တာပဲ"

မမနိုင်က ခေါင်းငုံ့ထားရာမှ ရယ်သည်။ ကျွန်တော် မကျေနပ် ကျွန်တော်က ကိုကို့ကို ညာသည်ဖြစ်စေ မမနိုင်သည် ကျွန်တော့်ဘက်က လိုက်၍ ညာစေ့ချင်သည်။ ကျွန်တော့်ဘက်က လိုက်၍ ဂုဏ်ယူစေ့ချင်သည်။ ကိုကိုကမူ ကျွန်တော် ညာတာကို သိသည်ပင်ဖြစ်စေ၊ မသိသည်ပင်ဖြစ်စေ ကျွန်တော့်အတွက် ဂုဏ်ယူနေပါသည်။

"ဟုတ်တာပေါ့ကွ... ညီ့လက်သီးက တယ်ပြင်းတာကိုး၊ ကိုကို သိတာပေါ့၊ ငယ်ငယ်က ညီ ကိုကို့ကျောကုန်းကို လက်သီးနဲ့ထိုးရင် သိပ်အောင့်တာပဲ၊ ညီက ငယ်ငယ်ထဲက လက်သီးပြင်းတာ"

မမနိုင်ရှေ့မှာ ကိုကိုက ကျွန်တော့်ကို ချီးကျူးခြင်းသည် အလွန်သင့်လျော်ပါသည်။ မမနိုင်ရှေ့မှာ ကျွန်တော် အမှတ်ရသွားခြင်းအတွက် ကိုကို့ကို ကျေးဇူးတင်ရှိပါသည်။ ကိုကိုသည် မမနိုင်ရှေ့မှာ ကျွန်တော့်ကို ချီးကျူးပြီး မမနိုင်ကွယ်ရာတွင် မမနိုင်ကို ချီးကျူးပါသည်။

"ညီ.. နိုင်နိုင် သိပ်ကိုလှလာပါလားကွ"

"ဒါပေ့ါ... ဒါပေ့ါ"

"အရင်တစ်ခေါက်လာတုန်းက ကလေးသာသာရှိသေးတာ၊ ခုမှ တကယ်အပျိုကြီးဖြစ်နေပြီ၊ အသားလဲ ပိုဖြူလာတယ်၊ လှလဲပိုလှလာတယ်"

"မမနိုင်က အရင်ကလဲ လှတာပါပဲ ကိုကိုရ၊ ဒါကြောင့် မမနိုင်ကို ကြိုက်တဲ့လူတွေ များတာပေ့ါ၊ ဒါပေမဲ့ ကျွန်တော်က ဘယ်သူနဲ့မှ သဘောမတူပါဘူး"

ကိုကိုသည် ကျွန်တော့်ကို စေ့စေ့ကြည့်လေ၏။ ကျွန်တော့်စိတ်သည် မလုံမလဲ ဖြစ်ရပါပြီ။ ကျွန်တော့်စိတ်ထဲက စကားတွေကို ကိုကို သိနေပါသလားဟု ကျွန်တော် စိုးရိမ်မိပါသည်။ ကျွန်တော့်စိတ်ထဲမှာ ပြောနေသည့်စကားတွေက ကျွန်တော် မမနိုင်နှင့် သဘောတူသည့်လူတစ်ယောက်ရှိသည်။ ထိုသူကတော့ ကျွန်တော်ကိုယ်တိုင်ပါပဲ။

"နိုင်နိုင့်ကို တခြားမဟုတ်တဲ့လူတွေနဲ့ မဖြစ်ရအောင် စောင့်ရှောက်ပါကွာ၊ နိုင်နိုင်ကလေးက သိပ်လိမ္မာတယ်"

"ဒါတော့ စိတ်ချပါ ကိုကိုရာ"

မမနိုင်ကို တခြားလူတွေနှင့် မဖြစ်စေရပါ။ ကျွန်တော်နှင့်သာ ဖြစ်စေရပါမည်။ ဖိတ်ချင်းဖိတ်လျှင် ကိုယ့်အိတ်ထဲသာ ဖိတ်စေရပါမည်။ ထိုအိတ်သည် ကျွန်တော့်အိတ်ဖြစ်ပါသည်။

မမနိုင်ကို ကျွန်တော် ချစ်နေကြောင်း ကိုကို့ကို ပြောပြလျှင် ကောင်းပါမည်လားဟု စဉ်းစားမိသည်။ သို့ရာတွင် ကျွန်တော် မရဲပါ။ ပညာမပြည့်စုံခင် ဒါမျိုး စိတ်ကူးရပါမည်လားဟု ဆူမည်မှုချဖြစ်ပါသည်။ ကိုကိုသည် သိပ်ရိုးသားသည် မဟုတ်လား။ ပြီးတော့ ကျွန်တော့်မှာ အလုပ်တစ်ခုကို လုပ်၍ မအောင်မြင်ခင် သူများကို ဖွင့်မပြောချင်သောအကျင့်တစ်ခုလည်း ရှိပါသည်။ အောင်မြင်သည့်အခါကျတော့ ကိုကို့ကို အံ့သြဝမ်းသာဖြစ်စေမည်။ ထိုအခါတွင် ကိုကိုကလည်း သဘောတူလိမ့်ပါမည်ဟု ထင်မိပါသည်။ ကျွန်တော့်ကို သိပ်ချစ်သော ကိုကို ဖြစ်ပါသည်မဟုတ်လား။

ဖိတ်ချင်းဖိတ်လျှင် ကိုယ့်အိတ်ထဲ ဖိတ်တာက ပိုကောင်းသတဲ့လား။

ကျွန်တော့်အိတ်ထဲကို ဖိတ်ကျသည်။ သို့ရာတွင် ကျွန်တော့်အိတ်သည်မလုံပါ။ ပိတ်စိမ်းပါး အိတ်မျှသာ။ ကျွန်တော့်အိတ်ထဲမှ ယိုစီး၍ ကျလာသောအခါ အောက်ကခံထားသော ပလက်စတစ်အိတ်ထဲသို့ကျသည်။ ထိုအိတ်သည် ကိုကို့အိတ်။ ကျွန်တော့်အိတ်သည် ကိုကို့အိတ်ထဲသို့ ကြည်လင်စွာကျစေရန် သန့်စင်ပေးလိုက်ရသော ရေစစ်အိတ် ဖြစ်နေပါသည်။

အချိန်နှင့် ပန်းပွင့်ကလေးများသည် လူကို မစောင့်တတ်ကြောင်း ကျွန်တော်နားလည်ဖို့ကောင်းသည်။

နေမင်းကြီးကို ကြိုးဖြင့် ချည်နှောင်ထားလို့မရပါ။

စက္ကန့်များကို လှောင်အိမ်ထဲ ထည့်ထားလို့မရပါ။

ကဗျာတစ်ပုဒ်ကို သတိရမိသည်။

"နာရီလက်တံ နောက်သို့ ပြန်၍မလှည့်နိုင်"

မြစ်တစ်ခုတွင်း နှစ်ကြိမ်ဆင်းရန် မဖြစ်နိုင်။

အချိန်ရထား မီးနီတား၍ မရနိုင်။

တတ်သိလိမ္မာခြင်းသည် တစ်ခါတစ်ရံ ဆိုးကျိုးကိုဖြစ်ပေါ်စေသည်။

ကျွန်တော်သည် မမနိုင်ကို ချစ်၏။ သိပ်ချစ်ပါ၏။ သို့ရာတွင် ကျွန်တော် ဖွင့်မပြောခဲ့။

ကျွန်တော် အဘယ်ကြောင့် နှုတ်ဆွံ့ခဲ့မိသနည်း။

စိတ်နှင့်မျက်လုံးများသည် ထိန်းချုပ်၍ ရအပ်သောအရာများမဟုတ်။ ကျွန်တော့်မျက်လုံးများကို သူ အဓိပ္ပါယ်ဖွင့်ကောင်း ဖွင့်နိုင်လိမ့်မည်။ သူ့မျက်လုံးများကို ကျွန်တော် အဓိပ္ပါယ်ဖွင့်ကောင်းဖွင့်နိုင်လိမ့်မည်။

သို့ရာတွင် ကျွန်တော်သည် နောက်မကျမီကပင် နောက်ကျ၍ နေပြီတကား။

ကိုကိုနှင့် ကျွန်တော်သည် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေသည်။ ဘူတာရုံထဲက လက်ဖက်ရည်ဆိုင်၊ ကိုကို မန္တလေးပြန်ဖို့ ရထားစောင့်နေခြင်း ဖြစ်ပါသည်။

ကိုကိုသည် ဒီနေ့ နှုတ်ဆွံ့လှသည်။ စကားသိပ်မပြော။ ကိုကို့မျက်နှာသည်လည်း ချီတုံချတုံဖြစ်နေဟန်ရှိသည်။ သူသည် စားပွဲပေါ်က ပေါက်စီပန်းကန်ကို ငေးကြည့်နေသည်။

"ကိုကို နေမကောင်းဘူးလား"

"ကောင်းပါတယ်ကွာ"

"ကိုကို့မျက်နှာက တစ်မျိုးကြီးပဲ"

"အေးကွာ... ကိုကို.."

ကိုကို စကားမဆက်ပါ။ ကိုကို့ပုံကို အားမရတော့ပါ။ မမနိုင်ပါ ကိုကို့ကို ဘူတာလိုက်ပို့မည်ဆိုလျှင် ကိုကို ပျော်မလားမသိပါ။

"ကိုကို ပြောလေ"

"ကိုကို ပြောလည်းပြောချင်တယ်၊ ညီ စိတ်ဆိုးသွားမှာလဲ စိုးရိမ်တယ်"

"ညီ ကိုကို့ကို ဘယ်တုန်းက စိတ်ဆိုးဖူးလို့လဲ"

"ညီက ကူညီမှာလား"

"ဟောဗျာ ကိုကို့စကားတွေကလဲ စုံထောက်ဝတ္ထုကျနေတာပဲ၊ လျှို့ဝှက်ချက်တွေနဲ့"

ကိုကို့မျက်နှာသည် တည်ငြိမ်သွားသည်။ ဘာကြောင့်မှန်းမသိ။ ကိုကို့မျက်လုံးများကို ကျွန်တော် သနားနေမိသည်။

ရထားဆိုက်လာသည်။ စောင့်နေသော ခရီးသည်တွေ ရုတ်ရုတ်ရက်ရက်ဖြစ်သွားသည်။ ကိုကို စကားတစ်ခွန်းကို ပြော၏။

"ကိုကိုကတော့ ကြိုက်နေပြီကွာ"

"ဟာ.. ကိုကိုကလဲ ကြိုက်နေရင် ယူလိုက်ပေါ့ဗျ"

"ဟင်.. ညီ သိနေပြီလား"

"သိတာပေါ့ ကိုကိုရာ၊ ကိုဘကြူး လာပြကတည်းက ကိုကို ကြိုက်နေတာ ညီ သိတာပေါ့"

"ညီက ဘာကိုပြောတာလဲ"

"အိုမီဂါနာရီကို ပြောတာ မဟုတ်လား၊ ရှစ်ရာတန်ပါတယ် ကိုကိုရ"

"အဲဒါ မဟုတ်ဘူး ညီ"

ကိုကို မှိုင်ကျသွားသည်။ နှုတ်ခမ်းကို ကိုက်လိုက်၊ ပြန်လွှတ်လိုက်လုပ်နေသည်။ ရထားဥသြဆွဲသည်။

"ကိုကို.. နိုင်နိုင့်ကို ချစ်နေပြီကွာ"

"ဗျာ"

ဂါတ်ပိုလ်၏ ခရာမှုတ်သံသည် ကျွန်တော့်နားကို လာဆောင့်သည်။

ရထားဥသြသံသည် ကျွန်တော့်နလုံးသားကို ဆွဲယမ်းပစ်လိုက်သည်။

ရထားကြီးသည် ကျွန်တော့်ဦးခေါင်းကို တက်ကြိတ်သည်။

ချစ်သူတွေ့လျှင် သံကြိုက်ရိုက်၍ အကြောင်းကြားမည်ဟုဆိုသော ကိုကိုသည် ကျွန်တော့်ဦးနှောက်ကို သံဆူးကြိုးဖြင့် ရိုက်၍ရိုက်၍ အကြောင်းကြားနေပါပြီတည်း။

ကိုကိုသည် ရထားပေါ်သို့ ပြေးတက်သွားသည်။ ကျွန်တော်ထိုင်နေတုန်း ရထားထွက်စပြုပြီး ရထားကြီးဆီသို့ ကြည့်မိသည်။ ဟိုက တံခါးပေါက်မှာ ရပ်နေတာ ကိုကို။ ကျွန်တော် စင်္ကြံပေါ်သို့ ပြေးထွက်လာခဲ့သည်။

ကိုကိုသည် တံခါးပေါက်မှာ ငြိမ်သက်စွာရပ်ရင်း ကျွန်တော့်ကို ကြည့်နေသည်။ ကိုကို့မျက်လုံးများသည် စိုးရိမ်ခြင်း၊ အားငယ်ခြင်း၊ အသနားခံခြင်း။

ဒီမျက်လုံးတွေကို တစ်သက် မမေ့နိုင်တော့ပါ။

ရထားသည် တရွေ့ရွေ့ ဝေး၍သွားပြီ။ ကိုကို့အကြည့်သည် နီး၍နီး၍ လာသည်။

ကိုကို့ကို ကျွန်တော် လက်ပြနှုတ်ဆက်မိသည်။ ကျွန်တော့်စိတ်ထဲတွင် ကိုကို့ကို နှုတ်ဆက်ရသည်ဟု မထင်။ မမနိုင်ကို လက်ပြနှုတ်ဆက်နေရသည်ဟု ထင်သည်။

လက်ပြနှုတ်ဆက်ခြင်းသည် ခွဲခွာခြင်း၏ အထိမ်းအမှတ်။

(၅)

ညီနှင့် ကိုကိုသည် သိပ်ချစ်ကြသည်။

ပို၍ချစ်သူက ပို၍ အလိုလိုက်စတမ်းဆိုလျှင် ကိုကိုက ပို၍ချစ်သည်ဟု ဆိုရပါမည်။

ပို၍ချစ်သူက ပို၍နွဲ့ဆိုးဆိုးစတမ်းဆိုလျှင် ညီက ပို၍ချစ်သည်ဟု ဆိုရပါမည်။

ညီ့ကို မွေးသောအချိန်တွင် ကိုကို လေးနှစ်သား။ မွေးကင်းစ နီတာရဲကလေးကိုကြည့်၍ ကိုကိုသည် ဟိုပြေးသည်ပြေး ဂနာမငြိမ်ဖြစ်နေသည်။ 'ညီညီ.. ညီညီ'ဟု နှုတ်မှမနားတမ်း ခေါ်နေတတ်သည်။ ထို့ကြောင့်ပင် ထိုကလေး၏အမည်ကို 'ညီညီ'ဟု မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

ကိုကို၏ အမည်အရင်းမှာ မောင်ဟန်ထွန်း ဖြစ်သည်။ သို့ရာတွင် သူ၏ ညီမကလေး ညီညီ၏အမည်နှင့် လိုက်ဖက်စေရန် သူ့အမည်ကို 'ကိုကို'ဟု ပြောင်းလိုက်ကြသည်။ ထို့အတူ ကိုကို၏ ငယ်စဉ်ဘဝသည်လည်း ပြောင်းလဲ၍ သွားပါတော့သည်။

ကိုကိုသည် အလွန်လိမ္မာ၏။ ရိုးသားဖြောင့်မတ်၏။ ကလေးတို့ သိအပ်သော မိဘစကားကို နားထောင်ခြင်း၊ သူတစ်ပါး ပစ္စည်းဥစ္စာကို မခိုးဝှက်ခြင်း၊ ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးခြင်း၊ လိမ်ညာ၍ မပြောခြင်းတို့ကို အတိအကျ လိုက်နာ၏။

"ကိုကိုကြီးလာရင် ဘာလုပ်မလဲ"

"ဘုန်းကြီးလုပ်မယ်"

ညီသည် ဆိုး၏။ ကလေးတို့ လိုက်နာအပ်သော အချက်များကို မလိုက်နာတတ်။ မိဘအပေါ် ဆိုး၏။ အိပ်ပျော်နေသော ကိုကို၏ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံကိုခိုး၍ မုန့်ဝယ်စားတတ်သည်။ ညအိပ်ရာဝင်လျှင် အိပ်ရာအောက်မှာ ဝှက်ထားသော ဘီစကတ်မုန့်များကို ထုတ်စားရင်း အိပ်ပျော်တတ်၏။ လိမ်ပြောတတ်ခြင်းသည် ညီ့အကျင့်။

"ညီညီ ကြီးလာရင် ဘာလုပ်မလဲ"

"မိန်းမယူမယ်"

ညီ ရောက်လာသောအခါ ကိုကိုသည် သူရသင့်သော အခွင့်အရေးပေါင်းများစွာကို ညီသို့ လက်ဆင့်ကမ်းလိုက်ရ၏။ စွန့်လွှတ်လိုက်ရ၏။

ကိုကို ပထမဦးဆုံး စွန့်လွှတ်လိုက်ရသောအရာမှာ 'တစ်ဦးတည်သောသား'ဟူသော ဘွဲ့ဖြစ်သည်။ သူ အသစ်ရလိုက်သော အမည်မှာ နို့ညှာတဲ့။ အမည်မှာကိုက အဓိပ္ပါယ်အပြည့်အဝ ပါဝင်ပြီးသားပါ။ 'နို့ညှာ'တဲ့။

ကိုကိုသည် 'နို့ညှာ'ဆိုသော မနှစ်သက်အပ်သည့်အမည်ကို ခံမင်စွာပင် လက်ခံလိုက်၏။ ညီ့ကို ချစ်သောစိတ်သည် အရာအားလုံးကို အောင်မြင်ခဲ့သည်။

ညီသည် ထိုကဲ့သို့သော ကိုကို့အပေါ် မကောင်းခဲ့ချေ။

ကိုကို၏မုန့်များကို လုစားခြင်း၊ ကိုကိုစုထားသော ပိုက်ဆံများကို ခိုးခြင်း၊ အရုပ်ကားထပ်တမ်းကစား၍ ညီ ရှုံးပြီဆိုလျှင် ကားချပ်များကို လျှောက်ဖွပစ်တတ်ခြင်းတို့သည် ညီလုပ်နေကျဖြစ်သောကြောင့် အကျယ်တဝင့် မပြောတော့ပါ။

ညီနှင့်ကိုကို ရန်ဖြစ်ကြပြီဆိုလျှင် ကိုကိုက ညီ့ကို ဘယ်တော့မှ မထိုးပါ။ ညီကသာ ကိုကို၏ကျောကုန်းကို တအားထိုးတတ်လေသည်။ ကိုကိုသည် 'ညီက တအားထိုးတာပဲ'ဟု ပြောရုံကလွဲ၍ ဘာမှပြန်မလုပ်တတ်ချေ။

တစ်ခုရှိသေးသည်။ ကိုကိုနှင့်ညီတို့ မတူညီသောစရိုက်ပင် ဖြစ်သည်။ ညီသည် စည်းကမ်းမရှိ ပစ္စလက္ခက် နေတတ်သည်။ ကစားစရာတို့ကို ကစားပြီးလျှင် ပစ်ထားခဲ့တတ်သည်။ ခေါင်းကို ဆီလိမ်းပေးတာမကြိုက်ချေ။ ခေါင်းဖြီးပေးလျှင် ပြန်ဖွပစ်တတ်သည်။ အိမ်က မီးပူတိုက်ပေးလိုက်သော အင်္ကျီနှင့် ဘောင်းဘီတို့သည် ကျောင်းမရောက်ခင် ကျေမွကုန်တတ်သည်။ ရွှံ့နှင့်ပေါက်တမ်းကစားရသည်ကို ပျော်၏။

ကိုကိုသည် စည်းကမ်းအလွန်ရှိသည်။ ကစားစရာများကို ထုတ်ကစားလေ့မရှိ။ သူ့ဗီရိုကလေးထဲမှာ သိမ်းထားလေ့ရှိသည်။ ကျောင်းသွားခါနီး ဖြီးပေးလိုက်သောဆံပင်သည် ကျောင်းမှပြန်သည်အထိ ပုံမပျက်၊ ကျောင်းအင်္ကျီ အဖြူရောင် ကျေမွပေကျံကုန်မည်စိုး၍ ကျောင်းတွင် ဘယ်တော့မှ မကစားချေ။ သူ အကြိုက်ဆုံးကစားနည်းမှာ စာကျက်ခြင်းဖြစ်သည်။

ညီသည် စိတ်ဆိုးလာပြီဆိုလျှင် ရွှံ့တွေထဲသို့ လက်ကိုနှစ်၍ ကိုကို့အင်္ကျီကိုသုတ်ပစ်တတ်သည်။ အင်္ကျီစွန်းပေမည်ကို အလွန်စိုးရိမ်တတ်သော ကိုကိုသည် အလွန်ဒေါသဖြစ်ပြီး ညီ့လက်မောင်းကို ကိုင်၍ဆွဲယမ်းပစ်တတ်သည်။ ညီသည် ကိုကို့ကျောကုန်းကို လက်သီးဖြင့် တစ်ချက်ထိုးပြီးလျှင် ဖေဖေနှင့်မေမေတို့ကို ဦးအောင် ပြေးတိုင်တတ်သည်။ 'ကိုကိုက ထိုးတယ်'ဟု ငို၍ ပြောသည်။ ဖေဖေနှင့်မေမေသည် 'ညီလေးကို ညှာမှပေါ့'ဟု ဆူသည်။ ထိုအခါမျိုးတွင် ကိုကိုသည် ဘာမျှပြန်မပြောတတ်ဘဲ အိမ်နောက်ဖေးမှာ တိတ်တိတ်ကလေး သွားငိုနေတတ်၏။ ညီက မေမေ့ရင်ခွင်ထဲသို့ ဝင်နေပြီး မေမေက ညီ့ကို ကလူကျီစယ်နေသောအခါ ကိုကိုသည် ခပ်လှမ်းလှမ်းမှ မျက်လုံးကြီးကလယ်ကလယ်လုပ်၍ ကြည့်နေတတ်သည်။

ငယ်စဉ်အခါမှစ၍ ကိုကိုသည် ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်း စသော အကျင့်တို့ကို စွဲခဲ့လေသည်။

ခုအခါတွင် ကျွန်တော့်အလှည့်သို့ ရောက်ပြီဖြစ်သည်။ ကျွန်တော်က ကိုကို့ကို ပြန်ညှာရမည့်အလှည့်။ ငယ်စဉ်က ကိုကို့အပေါ် ဆိုးခဲ့သမျှကို ပြန်ဆပ်ရမည်။

ကိုကိုသည် လူရိုးလူအကြီး။ ကျွန်တော့်ထက် လေးနှစ်ကြီးသော်လည်း ကျွန်တော့်လောက်ပင် အချစ်အကြောင်းကို နားမလည်ရှာ။ မမနိုင်သည် ကိုကို၏ ပထမဆုံးအချစ် ဖြစ်လိမ့်မည်။ ကျွန်တော့်အတွက်လည်း မမနိုင်သည် ပထမဆုံးဖြစ်သည်ကို ကျွန်တော် ကြိုးစား၍ မေ့ပစ်ရမည်။ မမနိုင်သည် ကိုကို့အတွက် ဖြစ်ရမည်။ ဆုံးဖြတ်ချက်ချလိုက်သည်။ မမနိုင်ကို ကိုကိုကချစ်နေကြောင်း ကိုကို့ကိုယ်စား ကျွန်တော်ကပင် ပြောပေးမည်။ ကိုကို့အတွက် ကျွန်တော် အနစ်နာခံလိုက်မည်။ မမနိုင်၏ကိစ္စအတွက် ညီညီ တာဝန်ယူကြောင်း ကိုကို့ထံ စာရေးလိုက်မည်။

ကိုကိုသည် ကျွန်တော့်အပေါ် အစဉ်မပြဲ အလိုလိုက်ခဲ့သည်။ မုန့်ဖိုးကအစ သူ ကျောင်းမှာ ဆုရခဲ့သော ပတ်ကားဖောင်တိန်အဆုံး ကျွန်တော်တောင်းလျှင် ပေးခဲ့သည်။ ကျွန်တော့်ဆီကမူ ဘာတစ်ခုကိုမျှ မတောင်းခဲ့ဖူးပါ။ သို့ရာတွင်…

ခု ပထမဆုံးအကြိမ် တောင်းမယ့်တောင်းတော့လည်း ညီ့အသည်းနှလုံးကိုမှ တောင်းနေပါပေါ့လား ကိုကိုရယ်။

ဖြစ်ချင်တာလည်း မဖြစ်ရ။

မဖြစ်ချင်ပေမယ့်လည်း ဖြစ်ရ။

အမှန်တော့ ဖြစ်ချင်သလို ဖြစ်နေခြင်းပင်။

မမနိုင်ကို ကျွန်တော်ချစ်ချင်သော်လည်း ချစ်လို့မရ။

ထို့အတူ မမနိုင်က ကျွန်တော့်ကိုမချစ်ဘဲ နေစေချင်သော်လည်း သူ့မျက်လုံးထဲတွင် တစ်ခါမျှမမြင်ဖူးခဲ့သော အရိပ်အယောင်များကို တွေ့ခဲ့ရလေသည်။

ကိုကို့ထံသို့ စာရေးသောညကပင်ဖြစ်သည်။ စကားလုံးတွေလှပအောင် အကြောင်းအချက် ရှေ့နောက်ညီညွတ်အောင် ရေးဖို့ မကြိုးစားတော့။ ကိုကို့ကိုယ်စား မမနိုင်ကိုပြောပေးရန် ညီ ကြိုးစားမည်ဖြစ်ကြောင်း၊ အဆင်ပြေမည်ထင်ကြောင်း ဒါပဲဖြစ်ပါသည်။ ဖေဖေနှင့်မေမေတို့ နေကောင်းသည်၊ ညီလည်း စာမေးပွဲအတွက် စာကျက်နေပြီ စသည်ဖြင့် ရေးနေတုန်း....

နောက်မှ ခြေသံကြားသောကြောင့် လှည့်ကြည့်သောအခါ မမနိုင်ကို တွေ့ရသည်။ ကိုကို့ဆီ ရေးနေသောစာကို စာအုပ်တစ်အုပ်ဖြင့် ဖုံးလိုက်၏။ မမနိုင်သည် ကျွန်တော့်ဘေးမှာ လာရပ်သည်။ သူ့ကိုယ်မှ သနပ်ခါးနံ့ကို ရသောအခါ ဟိုတစ်ခါ ရေချိုးပြီးကာစ သူ့ထံမှရခဲ့ဖူးသော ဆပ်ပြာမွှေးနံ့လိုလို အနံ့ကလေးကို သွား၍ သတိရမိပြန်သည်။

"ဦးလေးတို့ ဒေါ်ဒေါ်တို့ကော"

"ဖေဖေက စာဖတ်နေတယ်၊ မေမေတော့ အခန်းထဲမှာထင်တယ်၊ မမနိုင်က တစ်ယောက်တည်း လာတာလား"

"အင်းပေါ့၊ ခုမှ ခုနစ်နာရီပဲရှိသေးတာ"

"မှောင်နေပြီ"

"ဘာလဲ... စိုးရိမ်လို့လား"

သူ့စကားသည် မထူးဆန်းချေ။ သို့ရာတွင် သူ့အသံသည် ထူးခြားနေ၏။

"ကိစ္စရှိလို့လား"

"ကိစ္စရှိမှ လာရမှာလား"

မမနိုင်သည် ဘယ်လိုဖြစ်နေပါသနည်း။ ကျွန်တော်ပြောသမျှ စကားတို့ကို အကျအနကောက်၍ ပြောနေသည်။ သူ့ဟန်အမူအရာတို့သည် မကြုံဖူးအောင် သွက်လက်နေသည်။ သူဝင်လာကာစက ကိုကို့ဆီ ရေးနေသောစာအား စာအုပ်ဖြင့် ဖုံးထားလိုက်သည်ကို မြင်သွားဟန်တူသည်။ စာအုပ်ကို တစ်ချက်စောင်းကြည့်ပြီး...

"ခုန... ဘာရေးနေတာလဲ"

"စာ..."

"ဘာစာလဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့"

"ပြစမ်း"

"အို"

သူ စာအုပ်ကို လှမ်းကိုင်သည်။ ကျွန်တော်က စာအုပ်ကို ဖိထားလိုက်သည်။ သူ့လက်ကို ပြန်ရုပ်သွား၏။

"ပြောလေ.. ဘာစာလဲ"

"မမနိုင်နဲ့ မဆိုင်ပါဘူး"

စာအုပ်ကိုယူ၍ အံဆွဲထဲ ထည့်ထားလိုက်သည်။

"ပြလို့... ဆို"

"ဘာဖြစ်လို့ ပြရမှာလဲ"

"မရဘူး... ပြ"

"ပြလို့ မဖြစ်ဘူး"

"ညီညီနော်"

စကားပြောနေရင်းက သူ့လက်ကလေးများသည် တို့တော့မလို ဆိတ်တော့မလို ကျွန်တော့်လက်မောင်းနားသို့ ဝဲဝဲလာသည်။ ကျွန်တော်သည် ကိုယ်ကို ကျုံ့၍နေရ၏။

"မမနိုင် သိပါတယ်နော်"

သူ့အသံသည် ရုတ်ချည်း ပြောင်းလဲသွားသည်။

"ဘာသိတာလဲ"

"ညီညီရေးတာ ဘာစာလဲဆိုတာ"

"မဟုတ်ပါဘူး"

"ကြည့်... ပြောတောင် မပြောရသေးဘူး ငြင်းချင်နေပြီ"

သူ့ကို ဘာမျှပြန်မပြောဘဲ နေလိုက်သည်။ စကားစ,ကားမပြတ်ချေ။

"ညီညီနော်... အဲဒါမျိုးတွေ မမနိုင်မကြိုက်ဘူး"

"ဟာ.. ဘာလဲဗျ"

"ခု.. ကေသီခင်မောင်ဆီ စာရေးတာမဟုတ်လား"

"ဘယ်ကလာ"

"ဟုတ်တယ် ဟုတ်တယ်၊ မမနိုင် မသိဘူးမထင်နဲ့၊ သူ ညီညီ့ကိုကြည့်တဲ့မျက်လုံးတွေက မရိုးသားဘူး၊ ပြီးတော့ ကောင်မက ညီညီနဲ့များ စကားပြောခွင့်ရရင် ပါးစပ်ကို ဖြဲထားလိုက်တာ။ ဟင်း.. ဟင်း.. ဟင်း.. ဟင်းနဲ့"

မမနိုင်၏ဒေါသအသံကို အံ့သြစွာကြားရသည်။ သူ့အသံတို့ တုန်တုန်ခါခါဖြစ်နေကြောင်းကိုလည်း သတိပြုမိသည်။

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်"

"မမနိုင် ထိုင်လေ၊ မတ်တတ်ကြီး"

"မထိုင်ဘူး"

"ဘာဖြစ်တာလဲ"

"ညီညီ့မှာ မမနိုင် မသိစေချင်တာတွေ အများကြီးရှိနေပြီကိုး၊ အရင်လို မဟုတ်တော့ဘူးနော်"

'အရင်လိုမဟုတ်တော့ဘူး'ဟု ပြောနေသော သူ့အသံများကိုယ်တိုင်က အရင်လိုမဟုတ်တော့။ အားငယ်သော ဝမ်းနည်းသောအသံများကို သူ့နှုတ်မှ ပထမဆုံးအကြိမ် ကြားဖူးပြီ။ ကျွန်တော့်ကိုသာ အမြဲတမ်းချော့ခဲ့သောသူသည် ခုအခါ အချော့ခံချင်နေပြန်သည်။ သူ့အသံတွင် ငိုသံပါလုနီးး ဖြစ်နေသောကြောင့် သူ့မျက်လုံးထဲ၌ မျက်ရည်တို့ ဝဲကောင်းဝဲနေလိမ့်မည် ထင်သည်။ သို့ရာတွင် သူ့ကို မော့မကြည့်ဖြစ်ချေ။ စာရေးစားပွဲရှေ့တည့်တည့်ရှိ ကျောင်းအချိန်စာရင်းကိုသာ ငေးကြည့်ရင်း ကျွန်တော်ပြောသည်။

"မမနိုင်ကလဲ ခက်တာပဲ၊ ကေသီခင်မောင်ကို ညီညီ မကြိုက်ပါဘူး"

"သူကတော့ ညီညီ့ကို ကြိုက်နေတာ သိသားပဲ"

"သူ့ဟာသူ ကြိုက်ရုံမကလို့ လဲသေသေ ညီညီမှ သူ့ကို မကြိုက်ဘဲ၊ ဘာလို့ ကြိုက်ရမှာလဲ"

"ဒါဆို ဘယ်သူ့ဆီ ရေးတဲ့စာလဲ"

"ကိုကို့ဆီ ရေးတာပါ"

"ကိုကို့ဆီဆိုရင် ပြရဲရမှာပေါ့"

"ဟာ.. ပြလို့မဖြစ်လို့ပေါ့၊ ဖေဖေက ရေးခိုင်းတာ၊ စီးပွားရေးကိစ္စတွေလဲပါတယ်"

"ဒါဆိုလဲ ပြီးတာပဲ"

သူ့အသံသည် ရုတ်ချည်း ပြန်လည်၍ ကြည်လင်လာပြန်သည်။ ကျွန်တော့်စကားကို သူ ယုံကြည်သွားဟန်တူသည်။ စိတ်ကျေနပ်သွားသည် ထင်၏။ 'ညီညီ အဲ့ဒါတွေ မစဉ်းစားနဲ့ဦး'ဟု ပြောပြီး ရယ်သည်။

သူသည် စားပွဲပေါ်က ရူပဗေဒစာအုပ်ကို အဓိပ္ပါယ်မရှိ ဖွင့်ကြည့်နေပြန်သည်။ နှုတ်မှလည်း စာအုပ်ထဲက စာအချို့ကို တိုးတိုးကလေး ဖတ်နေသည်။ 'လျှပ်စစ်ညှို့ခြင်း'ဟု ဖတ်ပြီး စာအုပ်ကို ပြန်ပိတ်သည်။ စားပွဲပေါ်သို့ လက်ကိုထောက်သည်။ သူ့ကိုယ်ကိုစားပွဲ၌မှီလိုက်သောအခါသူ့တင်သားများသည်စားပွဲစောင်းပေါ်သို့အိကျလာသည်။ ကျွန်တော် လက်ပိုက်ထားလိုက်ရသည်။ မျက်လုံးများကို စားပွဲပေါ်ရှိ အခြေခံ သတ္တဗေဒစာအုပ်မျက်နှာဖုံးမှ ဖားပြုတ်နှလုံးပုံကိုသာ စိုက်ကြည့်နေရ၏။ ဖားပြုတ်၏နှလုံးသား 'နှစ်ပတ်မပြည့် သွေးလှည့်ခြင်း' မှလွဲ၍ လူ၏နှလုံးနှင့် အတော်နီးစပ်သည်ဟု ဆရာပြောဖူးသည်။ စာအုပ်မျက်နှာဖုံးမှ ဖားပြုတ်နှလုံးပုံသည် ငြိမ်သက်လျက်။

ကျွန်တော်၏ နှလုံးသားမှုကား...

ခုပဲ ငိုသံပါနှင့် စကားပြောပြီး ခုပဲ ခစ်ခနဲရယ်သော မမနိုင်ကို ကျွန်တော် မသင်္ကာတော့ချေ။

ကျွန်တော့်စိတ်များ စတင်ပြောင်းလဲခဲ့စဉ်က ငိုချင်သလိုလို ရယ်ချင်သလိုလို ဖြစ်ခဲ့ဖူးသည်ကို သတိရသည်။ ကျွန်တော့်ရှေ့တွင် သူ စိတ်လှုပ်ရှားခဲ့သည်ကို ပြန်သတိပြုမိ၏။ သူသည်လည်း ကျွန်တော့်အပေါ်တွင်

အို… ဆက်မတွေးတာပဲ ကောင်းပါတယ်။ ဘာမှ ထူးခြားလာမှာမှ မဟုတ်တော့ဘဲ။ သို့ရာတွင် ဒီလိုချည်း ဆက်သွားနေလို့တော့ဖြင့် မလွယ်။ စိတ်ဆိုသည်မှာ ခု ထိန်းချုပ်လို့ရပေမယ့် တော်ကြာ တစ်မျိုးဖြစ်ချင်ဖြစ်တတ်တာ။

ထို့ကြောင့်ပင် ဆယ်တန်းစာမေးပွဲ နောက်ဆုံးနေ့ ဖြေပြီးသောအခါ မမနိုင်ကို ဖွင့်ပြောလိုက်ခြင်းဖြစ်ပါသည်။ ထိုနေ့ညနေက မမနိုင်တို့အိမ်မှာ လူကြီးတွေ မရှိကြပါ။ ကျွန်တော်တို့ကို ကလေးများသာဖြစ်သည်ဟု ယူဆထားသောကြောင့်လား၊ မောင်နှမ အရင်းအချာများသဖွယ် ချစ်ခင်ကြသူများဟု စိတ်ချထားသောကြောင့်လား မသိ။ ကျွန်တော် သူတို့အိမ်ရောက်ပြီး မကြာမီမှာပင် ဦးလေးရော ဒေါ်ဒေါ်ပါ အပြင်ထွက်သွားကြပါသည်။ အိမ်မှာ ကျွန်တော်တို့နှစ်ယောက်တည်း။

စာမေးပွဲကိုသာ အာရုံစိုက်ခဲ့သောအရှိန်က မသေသေး၍လား မသိ။ မမနိုင်သည် ဒီနေ့ကျတော့ တစ်မျိုးဖြစ်နေပြန်၏။ ကျွန်တော်နှင့်သူ နှစ်ယောက်တည်း ရှိနေသည့်အတွက် ရှက်သောအမူအရာ မရှိချေ။ ကျွန်တော်ကတော့ ဒီနေ့ဖွင့်ပြောရန် ရည်ရွယ်ရင်းရှိသဖြင့် စိတ်လှုပ်ရှားနေမိသည်။ သူကဖြင့် ဘာမှ မဖြစ်သလို။

"ဒီနှစ် သင်္ချာမေးခွန်းက လွယ်တယ်နော်"

ကျွန်တော် ဘာမျှပြန်မဖြေဘဲ ခေါင်းညိတ်သည်။

"မမနိုင်ဖြင့်လေ စာမေးပွဲခန်းထဲ ဝင်ကာစက ကြောက်လိုက်တာ၊ လက်တွေတောင် တုန်တယ်၊ အဖြေလွှာပေါ်မှာ လိုင်းတားရတာတောင် မညီချင်ဘူး၊ မေးခွန်းစာရွက်ရလို့ ဖတ်ကြည့်တော့မှ စိတ်အေးသွားတော့တယ်"

မေးခွန်းတို့သည် ထင်ထားသည်ထက် များစွာလွယ်နေကြောင်း၊ ကောင်းစွာဖြေနိုင်ကြောင်း အင်္ဂလိပ်စာတုန်းက ခက်ထားသဖြင့် သင်္ချာကို လျှော့မေးခြင်းဖြစ်နိုင်ကြောင်း သူဆက်ပြောနေသည်။ ကျွန်တော်ကဖြင့် စာမေးပွဲဖြေရင်း ငေးနေမိသောကြောင့် ဂျီသြမေတြီတစ်ပုဒ် မဖြေလိုက်ရကြောင်း မပြောဖြစ်လိုက်ချေ။

သူသည် ကျွန်တော်ကလည်း စာမေးပွဲဖြေခဲ့ပုံအကြောင်း ပြောလိမ့်မည်ထင်သောကြောင့် စကားကိုရပ်ပြီး နားထောင်သည်။ ကျွန်တော်က ဘာမျှမပြောဘဲနေတော့မှ…

"ညီညီကော ဖြေနိုင်တယ်မဟုတ်လား၊ ဖြေနိုင်မှာပါလေ၊ ညီညီက ပိုတော်တာပဲ"

သူ့ဘာသာမေး၍ သူ့ဘာသာ ဖြေပြီးသွားသောကြောင့် ကျွန်တော် မဖြေတော့ချေ။ သူကပဲ ဆက်ပြောပြန်သည်။

"ဒီနှစ်အောင်မယ်ထင်တာပဲ၊ အားလုံး ဖြေနိုင်တာပဲ၊ အင်္ဂလိပ်စာပဲ အမှတ်လျှော့မယ်ထင်တယ်၊ ညီညီကော"

"မသိဘူး"

ကျွန်တော်သည် သူပြောနေသောအကြောင်းများကို စိတ်ဝင်စားမှုမရှိသောကြောင့် 'မသိဘူး'ဟု လွှတ်ခနဲ ပြောမိခြင်းဖြစ်သည်။ ကျွန်တော့်မှာကလည်း ကိုယ့်ကိစ္စနှင့်ကိုယ် သူသည် ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။

"ဘာဖြစ်နေတာလဲ၊ ငိုင်တိုင်တိုင်နဲ့၊ မဖြေနိုင်လို့တော့ မဟုတ်ပါဘူး၊ ဟော.. သိပြီ၊ သူ့ကို ဘာမှမကျွေးလို့ စိတ်ကောက်နေတာမဟုတ်လား"

ကျွန်တော် အားယူ၍ ပြုံးပြလိုက်ရသည်။

"ကျွေးဖို့ သတိရပါတယ်နော်၊ ညနေကတောင် သံပရာသီးကုန်နေလို့ ဝယ်ထားသေးတယ်၊ ခဏစောင့်ဦး" ဆိုပြီး နောက်ဖေးဘက် ဝင်သွားသည်။ လက်ဖက်သွားသုပ်ခြင်းဖြစ်ပါသည်။ ကျွန်တော်သည် လက်ဖက်သုပ်ကို ဂေါ်ဖီထုပ်တွေ

ခရမ်းချဉ်သီးတွေဖြင့် ရောနှောနယ်ဖတ်ထားလျှင် သိပ်မကြိုက်ပါ။ အဘိုးကြီးတွေ အဘွားကြီးတွေ စားတတ်သလို သံပရာရည်ကလေး ညှစ်ထားသော လက်ဖက်က တစ်ပုံ၊ ကြက်သွန်ကြော်၊ နှမ်း၊ ပဲကြမ်းကြော်၊ ပုစွန်ခြောက်တို့က တစ်ပုံစီမှ စားတတ်သည်။ ဒါကိုလည်း မမနိုင်က သိပြီးသား။ ကျွန်တော် စားဖူးသမျှထဲတွင် မမနိုင် လက်ဖက်သုပ်သည်မှာ စားလို့အကောင်းဆုံးဖြစ်သည်။ ဆားနှင့် သံပရာရည်တို့ထည့်ပုံမှာ အနေတော် လက်ဖက်အသားသည် အချောင်းလိုက် အဖတ်လိုက်ကြီးတွေလည်း ဖြစ်မနေ၊ ထောင်းထုထားသလို လုံးဝကျေညက်၍လည်း မနေဘဲ အိအိကလေး။ ထိုလက်ဖက်သုပ်မျိုးကို ကျွန်တော် တစ်သက်လုံး စားသွားချင်စိတ် ရှိမည်ဖြစ်ကြောင်း လက်ဖက်ကောင်းကြိုက်သူတို့ ကိုယ်ချင်းစာမိကြပါလိမ့်မည်။

စိတ်ထဲ၌ ချီတုံချတုံဖြစ်နေသည်။ ပြောသင့်မပြောသင့် စဉ်းစားတွေးတောနေခြင်းသည် မိမိကိုယ်ကို ဒုက္ခပေးရာရောက်သည်ဟု ထင်မိပြန်သည်။ မတ်တတ်ထရပ်သည်။ ပြန်ထိုင်သည်။ မီးဖိုခန်းဘက်ဆီမှ မမနိုင်၏ ချောင်းဟန့်သံကို ကြားရသည်။ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး မီးဖိုခန်းထဲသို့ ကျွန်တော်ဝင်သွား၏။

မမနိုင်သည် ကြောင်အိမ်ကိုဖွင့်၍ ခြင်းတောင်းကလေးတစ်ခုကို ထုတ်ယူနေရာမှ ကျွန်တော်ဝင်လာသည်ကို မြင်သောအခါ "ဘာလို့ လိုက်လာတာလဲ"ဟု မေးသည်။ သူသည် ထူးဆန်းသောစကားကို ဆို၏။ သူတို့အိမ်၏ မည်သည့်နေရာမဆို ကျွန်တော် ဝင်ထွက်သွားလာနေကျ။ ခုမှ.. သူက ကျွန်တော်နှင့်သူ နှစ်ယောက်တည်း ရှိနေချိန်တွင် ကျွန်တော်သည် ဧည့်ခန်းထဲမှာမနေဘဲ မီးဖိုခန်းထဲသို့ 'စွတ်ခနဲ' လိုက်ဝင်လာခြင်းသည် မသင့်တော်ဟူသော အတွေးကို သူ တွေးမိသည်။

"ဘာဖြစ်လို့လဲ"

ကျွန်တော့်အမှားမေးခွန်းသည် သူ့စကားကို ပြင်ဆင်ခိုင်းသလို ဖြစ်သွား၏။

"ဩော်.. ဘာမှမဖြစ်ပါဘူး၊ သုပ်ပြီးရင် လာပို့မှာပေါ့၊ ဘာလဲ... တစ်ယောက်တည်း ပျင်းနေလို့လား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ သူ ပြုံးသည်။ သူ့အပြုံးသည် တစ်မျိုးပဲ။ သူသည် ကြက်သွန်ဖြူများကို အခွံနွှာနေသည်။ ဟင်းထဲထည့်သလို အမြွှေးပါးကလေးတွေ ကျန်အောင် သတိထား၍ နွှာခြင်းဖြစ်သည်။ ကျွန်တော်သည်လည်း ရုတ်တရက်ဝင်ရောက်လာသော အတွေးတစ်ခုကို သတိထား၍ မောင်းနှင်နေရ၏။ ကြက်သွန်ဖြူနံ့ကို တစ်ချက်တစ်ချက် ရသောအခါ ကျွန်တော် နေမကောင်းတုန်းက သူ ကျွန်တော့်နဖူးကို လာစမ်းစဉ် ကြက်သွန်ဖြူနံ့ရသည်ကို သတိရမိသည်။ လက်ဖက်သုပ် တစ်ပန်းကန်သည် လုပစွာ ပြီးစီးသွားလေသည်။

"ကဲ...ထ၊ အိမ်ရှေ့မှာ သွားစားရအောင်၊ ဒီမှာပဲ စားမလား၊ ကြိုက်သလို စားလေ"

သူ့ဘာသာ အိမ်ရှေ့ကိုခေါ်သည်။ သူပဲ ဒီမှာစားမလားဟု မေးသည်။ အမျိုးမျိုး သူ့စိတ်ထဲ၌ ဖြစ်ပျက်နေပုံကို ကျွန်တော် သိနေသည်ဟု ထင်မိ၏။ ကျွန်တော်က ဘယ်မှာစားမည်ဟုမပြောဘဲ နေလိုက်သောကြောင့် သူလည်း ဘာမျှ ဆက်မပြောတော့။ ကိုင်ထားသော လက်ဖက်ပန်းကန်ကို မလည်းမ,မ၊ လွှတ်လည်းမလွှတ်ဘဲ ဒီအတိုင်း နေသည်။

"မမနိုင်"

သူ ဆတ်ခနဲ မသိမသာလန့်သွားသည်။ မှန်၏။ ကျွန်တော့်အသံတို့သည်လည်း တုန်ခါနေသည်။ ကျွန်တော်သည်

ခေါ်နေကျ 'မမနိုင်'ဆိုသော စကားကို ခဲယဉ်းပင်ပန်းစွာ ပြောလိုက်ရသောကြောင့် ပုံမှန်လေသံမဟုတ်ချေ။ တစ်မျိုးကြီးဖြစ်နေသော ကျွန်တော့်အသံကို သူ သတိထားမိသွားပုံရသည်။

"ဘာလဲ"

သူသည် သတိထားပြီး ပြောဖို့အချိန်ရသွားသောကြောင့် သူ့လေသံသည် (ကျွန်တော့်ထက်စာလျှင်) တည်ငြိမ်နေသည်။ ကျွန်တော်သည် ပြောရမည့်စကားတို့ကို စိတ်ထဲက စီစဉ်ကြည့်နေ၏။ အမှန်တော့ ညကတည်းက စဉ်းစားခဲ့ပြီးသား။ စကားတွေအားလုံး ခေါင်းထဲမှာရှိကြောင်း သေချာသည်။ သို့ရာတွင် အစီအစဉ်ကျနမှုမရှိ။

"ညီညီ.. မမနိုင်ကို ပြောစရာရှိတယ်"

"ပြောလေ၊ ဒါများ.."

"ပြောစရာရှိတာများ အထူးအဆန်းလုပ်လို့"ဆိုသော သဘောဖြစ်အောင် သူ ကြိုးစားကြည့်သည်။ မရသောကြောင့် သူ ခေါင်းငုံ့လိုက်သည်။ ကျွန်တော်ပြောမည့်စကားတို့ကို သူ ခန့်မှန်းနေလိမ့်မည်။ သို့တည်းမဟုတ် မျှော်လင့်နေလိမ့်မည်။ စကားတစ်ခွန်းကို ကျွန်တော် ကြိုးစား၍ ပြောသည်။

"မမနိုင်က စိတ်ဆိုးမှာလား"

သူ ကျွန်တော့်ကို ဖတ်ခနဲကြည့်သည်။ ချက်ချင်း ခေါင်းပြန်ငုံ့သွားသည်။ အလိုလေး။ သူ့အကြည့်သည် ထိတ်လန့်ဖွယ်။ သူ တစ်ခါက ပြောဖူးသော 'ကေသီခင်မောင် ညီညီ့ကို ကြည့်ပုံက'ဆိုသော စကားကို သတိရ၏။ ထိုအခါ ကျွန်တော် တုန်လှုပ်ချောက်ချားလာလေသည်။

ပြောရမည့်စကားတို့ကို မျိုသိပ်၍ထားလို့ရလျှင် ထားလိုက်ချင်သည်။ ကျွန်တော်၏စိတ်တို့သည် နယ်စပ်မျဉ်းကြောင်း၏ ဟိုဖက်ကိုကူးလိုက်၊ ဒီဖက်ကိုကူးလိုက်ပြောမည်ဟု စဉ်းစားလိုက်လျှင် စောစောက သူ့မျက်လုံး၏အကြည့်က နှောင့်ယှက်သည်။ မပြောတော့ပါဘူးဟုနေလျှင် ကလည်ကလည်ဖြစ်နေသောမျက်လုံးများက အသနားခံနေကြပြန်၏။ မှန်သည်။ ရထားထွက်ခါနီးတွင် တောင်းပန်တိုးလျှိုးစွာ အားကိုးတကြီးကြည့်ရင်း တဖြည်းဖြည်းဝေးသွားသော တစ်သက်တာအဖို့ မေ့နိုင်လိမ့်မည်မဟုတ်သော ကိုကို၏မျက်လုံးများ...။ ပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ဆိုလိုရင်းသည် ချက်ချင်း ထွက်ပေါ်၍မလာ။

"စိတ်ဆိုးမှာလားလို့"

"ပြောမှ မပြောရသေးဘဲ... ဘယ်သိမလဲ"

ခေါင်းငုံ့ရင်းကပင် သူ ပြောသည်။

"စိတ်ဆိုးစရာဖြစ်နေရင်လည်း မဆိုးရဘူး"

သူသည် 'ပြောစရာရှိတာသာ ပြောလေ'ဟု တိုးတိုးပြောသည်။ လက်ဖက်သုပ်ပန်းကန်ထဲမှ ဇွန်းကလေးကို ကိုင်ရင်း အကြောင်းမဲ့မွှေနေသည်။ လက်ဖက်နှင့်နမ်းတို့ ရောထွေးကုန်ကြ၏။ သူ့လက်ကလေးတွင် ပန်းရောင်အသွေး၊ ငယ်စဉ်က လက်ချင်းတွဲခဲ့သော သကြၤန်တွင်းက ကျွန်တော့်ကို အိုးမဲသုတ်သဖြင့် ဆုပ်ကိုင်ထားခဲ့သော ကျွန်တော့်နဖူးကို လာစမ်းခဲ့သော ထိုလက်ကလေးကို နမြောတသစွာ မျက်နှာလွှဲလိုက်ရသည်။ ကျွန်တော်သည် စကားတစ်ခွန်းကို ဝမ်းနည်းစွာ ပြောလိုက်ရလေသည်။

"မမနိုင်ကို..." သူ ကျွန်တော့်ကို မော့ကြည့်သည်။ "ကိုကိုက" ဆတ်ခနဲ တုန်သွားသည်။ "ချစ်နေတယ်.." "ဟင်..." တဲ့။ လက်ထဲက ဖွန်း လွတ်ကျ၏။

ကျွန်တော့်ကို တုန်လှုပ်စွာ စိုက်ကြည့်နေသည်။ အံ့ဩခြင်း၊ မကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်း၊ နာကြည်းခြင်း၊ ဝမ်းနည်းခြင်း၊ ဘယ်ဟာမှန်း ဝေခွဲ၍မရ။ သူ့အကြည့်သည် ကျွန်တော့်မျက်လုံးများကိုပင် ထိုးဖောက်သွားမတတ်။ ဝင်းခနဲ လက်ခနဲ နှုတ်ခမ်းတို့ ရှုရှုလှုပ်လာ၏။ မျက်တောင်တစ်ချက် ခတ်လိုက်သောအခါ မျက်ရည်ဆိုသောအရာသည်...

"အဲဒါ.."

"မဟုတ်ဘူး... မဟုတ်ဘူး... အဲဒါ မဟုတ်ဘူး"

နားနှစ်ဖက်ကို လက်ဖြင့်အုပ်ရင်း သူ ငိုသည်။ ရင်ထဲက နင့်ခနဲ ခံစားလိုက်ရ၏။ ထရံကြားမှာထိုးထားသော သားလှီးဓားကို ငေးစိုက်ကြည့်နေမိသည်။ စကားကို ဖြတ်ထား၍မရတော့။ မပြောလို့မဖြစ်။ ညီညီ့ကို ခွင့်လွှတ်ပါ မမနိုင်။

"ကိုကို့ကို ပြန်ချစ်လိုက်ပါ မမနိုင်ရယ်"

ငိုသံပါနေသလား။ မျက်ရည်ဝဲနေမိသလား သတိမပြုမိ။ လုပ်ခနဲ မောပန်းသွားသည်ကို သိ၏။ နာကျင်ခြင်းသည် ဘယ်နေရာမှာ ဖြစ်ပေါ်နေသနည်း။ သူ ငိုနေတုန်း။ ကျောကုန်းကလေးသည် တသိမ့်သိမ့်ခါနေသည်။ ဆတ်ဆတ်တုန်နေသော လက်မောင်းကလေးကို ကိုင်၍မချော့မိစေရန် သတိဆွဲ၍နေရ၏။

(၇)

ကိုကို စာရေးလိုက်ပါတယ်... ညီ။

ဝမ်းသာလွန်းလို့ ဘယ်ကနေဘယ်လို စပြောရမှန်းတောင် မသိတော့ဘူးကွာ။ ညီ့ကို သိပ်ကျေးဇူးတင်တယ်။ ကိုကို သိပ်အားငယ်တာပဲ။ အစတုန်းက ညီက... တကယ်မှ ပြောပေးပါ့မလားလို့...။ ပြီးတော့ နိုင်နိုင်ကကော ကိုကို့ကို မေတ္တာမျှနိုင်ပါ့မလားလို့ စိုးရိမ်ခြင်းဖြစ်ခဲ့ရတယ်။ ခုတော့ ကိုကို သိပ်ဝမ်းသာသွားတာပဲ။ ညီ့ကို သိပ်ကျေးဇူးတင်တယ်။ နိုင်နိုင့်ကိုလည်း ကျေးဇူးတင်ပါတယ်။ နိုင်နိုင့်ဆီကို စာ သီးခြားမရေးတော့ဘူး။ ကိုကို ဘယ်လိုရေးရမှန်း မသိလို့ပါကွာ။ ကိုကိုက သိပ်သတိရတယ်လို့သာ ပြောပေးပါ။ ................................. ညီ့ကို သိပ်ကျေးဇူးတင်တယ်။ .................................. ညီ့ကျေးဇူးက ကြီးမားလှပါတယ်ကွာ။ ................................................................................

ကိုကို့စာတစ်စောင်လုံးက 'ညီ့ကို ကျေးဇူးတင်ကြောင်း'တွေနှင့် အတိပြီးသည်။ ကျွန်တော် ကိုကို့ကို သနားမိသည်။ ပြီးတော့လည်း ကိုကိုပျော်နေမည်ဟု သိရသောကြောင့် ဝမ်းသာမိသည်။ ကျွန်တော် လုပ်ခဲ့တာတွေ မှန်သမျှ မှန်သည်ဟုလည်း ထင်သည်။

ကိုကို့ကိစ္စအတွက် မမနိုင်ကို ပြောခဲ့စဉ်က သူ ငြင်းဆန်ခဲ့သည်။ 'ကိုကို့ကို အစ်ကိုတစ်ယောက်လိုပဲ ချစ်နိုင်မယ်'ဟု ပြန်ပြောသည်။ 'ညီညီ့ကိုကော'ဟု ကျွန်တော် မမေးဖြစ်ခဲ့။ ကိုကို့ကို ချစ်ဖို့ပြောတိုင်း သူ ငိုသည်။

ကျွန်တော် အမျိုးမျိုး တောင်းပန်သော်လည်း မရ။ ပြောတိုင်း ငြင်းသည်။ ပြီးတော့ ငိုသည်။

နောက်တော့ ကိုကို့အကြောင်းစကားစမည်ဟု ပြင်လိုက်တိုင်း သူ့မျက်နှာကို တင်းထားတတ်၏။ ကျွန်တော်ကလည်း ညီညီပဲလေ။ 'ဖွတ်တရွတ်သမား ကိုဂျစ်ကန်'မဟုတ်လား။ ပြီးတော့လည်း ကျွန်တော့်စိတ်က ရှင်းလင်းနေပြီ။ ကိုကိုနှင့်မမနိုင် မဖြစ်ဖြစ်အောင် ကြံစည်ကြိုးစားရမည်မှာ ကျွန်တော့်တာဝန်။

"ညီညီ့စကားကို မမနိုင် နားထောင်ရမယ်။ မမနိုင် ကိုကို့ကို ချစ်ရမယ်။ မချစ်ဘူးဆိုရင် ညီညီနဲ့ မမနိုင် ဒီတစ်သက် အပြတ်.. ဒါပဲ"

မမနိုင်သည် နောက်ဆုံးအကြိမ် အသည်းထန်ဆုံး ငိုကြွေးခဲ့လေတော့သည်။

ကျွန်တော်သည် စိတ်စောနေ၏။ ရထားလာမည့်ဘက်သို့ မကြာခဏ မျှော်မျှော်ကြည့်နေမိသည်။ မမနိုင်ကမူ ရထားလာမည့်ဘက်ကိုလည်း မကြည့်။ ဟိုဟိုဒီဒီ လျှောက်ကြည့်နေခြင်းမျိုးလည်း မဟုတ်ဘဲ ဘယ်ကိုမှန်းမသိ ငေးမော၍နေသည်။

မမနိုင်သည် ကိုကို့ကိစ္စအတွက် ကျွန်တော်က အတင်းအကျပ် တိုက်တွန်းပြီးနောက်တွင် မငိုတော့။ ထို့အတူ ရယ်လည်းမရယ်တော့ချေ။ ကျွန်တော့်ကိုလည်း စကား ဟက်ဟက်ပက်ပက် မပြောတော့ချေ။ သူ့အိမ်သို့ ကျွန်တော် သွားလည်လျှင် အလုပ်မရှိ အလုပ်ရှာ၍ တစ်ခုခုလုပ်နေတတ်သည်။ အလုပ်များနေသောကြောင့် ကျွန်တော်နှင့် စကားမပြောဖြစ်သလို နေတတ်သည်။

ရထားဥသြဆွဲသံကို သဲ့သဲ့မျှကြားရသည်။ ရထားဆိုက်ခါနီးပြီ။

"ဟော..."

ကျွန်တော့်ကိုယ်သည် မတ်ခနဲ ဖြစ်သွား၏။ မမနိုင်ကို လှည့်ကြည့်လိုက်သောအခါ ရထားဥသြသံကို မကြားသလို သူ့မျက်နှာသည် ပြောင်းလဲမှုမရှိ ခုနလိုပဲ။

"မမနိုင်မျက်နှာက ဘာဖြစ်နေတာလဲ"

သူ... ဘာမျှပြန်မဖြေ။

"မဟုတ်ဘူးလေ၊ ကိုကိုလာတော့မယ်"

သူ ကျွန်တော့်ကို ကြောင်ငေးငေး ကြည့်လိုက်သည်။

"အဲဒီလို မနေနဲ့လေ"

"ဘယ်လို နေရမှာလဲ"

"ဟိုဥစ္စာ.. ပြုံးပြီးတော့ မဟုတ်ဘူးလေ၊ ပျော်ပျော်ရွှင်ရွှင်"

သူ ပြုံးလိုက်သည်။ မဲ့ပြုံးလား၊ လှောင်ပြုံးလား ကျွန်တော်မသိ။ ဘူတာရုံထဲကလူတွေ လှုပ်လှုပ်ခါခါ ဖြစ်သွားသောကြောင့် လှမ်းကြည့်လိုက်သောအခါ ရထားဝင်လာသည်ကို တွေ့ရသည်။ ရထားပြတင်းပေါက်တွေ ဖြတ်ကျော်သွား၏။ ကိုကို့ကို ရှာကြည့်သည်။

"ဟိုမှာ... ဟိုမှာ"

ကျွန်တော် ဝမ်းသာအားရအော်လိုက်သည်။ ကိုကိုကလည်း ကျွန်တော်တို့ကိုမြင်သွားပြီး လက်ကို ဝှေ့ယမ်းပြနေသည်။ ကိုကိုကား ပြုံးပြုံးကြီး။ ကျွန်တော်က 'တွေ့လား.. တွေ့လား'ဟု ပြောသောအခါ မမနိုင်က ခေါင်းကို ဆတ်ပြသည်။

ရထားရပ်သည်။ ကိုကို ဆင်းလာမည့်ဘက်သို့ ကျွန်တော်က ဦးဆောင်၍ လျှောက်သွား၏။ ကိုကိုသည် လက်ဆွဲအိတ်နှစ်လုံးကို ဆွဲ၍ မပြေးရုံတမယ် လာသည်။

ကျွန်တော့်နောက်မှ မှန်မှန်လျှောက်လာနေသော မမနိုင်ကို မြင်သောအခါကျမှ ခြေလှမ်းကို နှေးလိုက်သည်။ ကျွန်တော်ကား ကိုကို့ဆီသို့ ပြေးသွားလေသည်။ ကိုကို့လက်ထဲက လက်ဆွဲသားရေအိတ်တွေကို ဆွဲယူလိုက်သည်။

"ကိုကို"

"ညီ"

"အိုကေပဲ... ကိုကို"

ကျွန်တော်က လက်မထောင်ပြီး မျက်စိတစ်ဖက် မှိတ်ပြလိုက်၏။ ကိုကိုသည် နောက်နားမှရပ်ရင်း ကျန်ခဲ့သော မမနိုင်ကို ဖျတ်ခနဲ တစ်ချက်ကြည့်သည်။ ယောင်ယောင်ကန်းကန်း ဖြစ်သွားပြီး တိုက်ပုံအင်္ကျီအိတ်ထဲက လက်ကိုင်ပုဝါကို ထုတ်၍ မျက်နှာကိုသုတ်နေသည်။

"မမနိုင်က ရှက်နေတာကိုကိုရဲ့ လာ.. သွားကြစို့"

မမနိုင်နားသို့ လျှောက်သွားသောအခါ ကိုကိုသည် တွန့်ဆုတ်တွန့်ဆုတ် လိုက်လာ၏။ မမနိုင်သည် ခေါင်းကိုငုံ့၍ သမံတလင်းကိုသာ တွေတွေကြီး ငေးကြည့်နေသည်။ ကိုကိုကတော့ ရှက်ကိုးရှက်ကန်းဖြစ်နေပြီး သူ့လက်နှစ်ဖက်ကို ဘယ်လိုထားရမှန်းမသိအောင် ဖြစ်နေသည်။ ကိုကို့အဖြစ်ကို ကြည့်၍ ကျွန်တော် ရယ်ချင်လာသည်။ သို့ရာတွင် ကိုကို အရှက်ပြေသွားအောင် ကြိုးစားကြည့်လိုက်သည်။

"ကိုကို မမနိုင်က သူ့ဖို့ ဘာဝယ်လာသလဲတဲ့"

"ဘောင်းဘီစ၊ ဟာ... မဟုတ်ဘူး၊ အင်္ကျီ၊ ဖိနပ်၊ ခေါက်ထီး၊ ဟို..."

ကိုကိုသည် သူဝယ်လာသမျှ ပစ္စည်းအားလုံးကို လျှောက်ပြောနေခြင်း ဖြစ်လေသည်။ ကျွန်တော် ဣန္ဒြေမဆည်နိုင်ဘဲ နည်းနည်းရယ်မိသည်။ မမနိုင်ပင် ကိုကို့အဖြစ်ကြောင့် ယောင်ယောင်ကလေးမျှ ပြုံးတော့သည်။

ဘူတာရုံမှ အိမ်သို့ပြန်လာသော လမ်းတစ်လျှောက်တွင် ကျွန်တော်တစ်ယောက်တည်းသာ စကားတွေ ပြောနေမိသည်။

အိမ်ကအကြောင်း၊ စာမေးပွဲအကြောင်း။ မမနိုင်သည် ခေါင်းကို ငုံ့မြဲငုံ့နေသည်။ ကိုကိုကား စကားလည်းမပြော။ မမနိုင်ကိုလည်း မကြည့်ရဲ။ မျက်နှာကြီးနီရဲပြီး ဟိုဘက်ကို လှည့်နေလေသည်။

ထိုနေ့ရက်များအတွင်း ကိုကိုနှင့် မမနိုင်တို့သည် တစ်ခါတည်းသာ ချိန်းတွေ့ခဲ့ကြပါသည်။ ချိန်းတွေ့သည်ဟုဆိုသောကြောင့် 'အလဲ့' ဆိုပြီး ကိုကို့ကို ရှီးကျူးရန် ဆန္ဒမစောကြပါနှင့်ဦး၊ ထိုစဉ်က ကျွန်တော်လည်း

ပါပါသည်။

ကိုကိုသည်မန္တလေးကပြန်လာသောအခါလက်ဆောင်ပစ္စည်းတွေအများကြီးပါလာပါသည်။ကျွန်တော့်အတွက် တက်ထရက်စ် ဘောင်းဘီတစ်စ မန္တလေးဖိနပ်တစ်ရံ၊ တောင်ကြီးက တဆင့်လာသော စပို့ရှပ်အင်္ကျီတစ်ထည်။ မမနိုင်ဖို့က အင်္ကျီစတစ်စ၊ ခေါက်ထီးတစ်လက်၊ ပြီးတော့ ဟားဟား.. ပြောရင်းဆိုရင်းတောင် ရယ်ချင်လာပြန်ပါပြီ။ ကိုကိုတို့ လုပ်လိုက်ပုံက မမနိုင်အတွက်ဆိုပြီး ဝယ်လာသော ဖိနပ်တစ်ရံလုံး ကတ္တီပါအုပ်ထားသော ဖိနပ်၊ ခုံက လက်သုံးလုံးလောက်ထူသည်။ မေမေတို့ အပျိုအရွယ်လောက်က ပွဲနေ့ပွဲထိုင်တွေမှာ စီးလေ့ရှိသော ဟဲ... ဟဲ ပုံတော်ဖိနပ်ကြီးကိုဗျ။

"ကိုကိုရာ ဒါကြီးတော့ မပေးပါနဲ့ဗျာ"

"ဟ... ဘာဖြစ်လို့လဲကွ၊ ဒါ ဘယ်လောက် ဈေးကြီးတယ်မှတ်သလဲ၊ မင်း..."

"ဈေးကြီးတာကို သိပါတယ်၊ ဒါပေမဲ့ ခု ဒါမျိုးတွေ မစီးကြတော့ဘူး"

"မစီးဘဲနဲ့ ရောင်းတဲ့လူက ရောင်းပါ့မလားကွာ"

ကိုကိုနှင့်တော့ ခက်ပြီ။ ကျွန်တော့်မှာ သူနားလည်အောင်ရှင်းပြဖို့ ခက်နေသည်။ သူကလည်း ပေးချင်လွန်းလို့ ဝယ်လာတဲ့ဥစ္စာ။

"မဟုတ်ဘူးလေ ကိုကိုရဲ့၊ အဲဒီဖိနပ်မျိုးက ခုခေတ်မှာ အဘွားကြီးတွေပဲ စီးကြတော့တာ။ ပြီးတော့ မမနိုင်ဖို့ ကိုကိုဝယ်လာတာတွေက များလွန်းတယ်၊ တော်ကြာ လူကြီးတွေက မသင်္ကာဘဲနေမယ်"

ကိုကို တွေသွား၏။

"အဲဒီတော့ ဖိနပ်ကိုတော့ မပေးနဲ့တော့။ မေမေ့ကိုသာ ပေးလိုက်"

ဖိနပ်ကိစ္စ ပြေလည်မှုရရှိသွားပါသည်။ နောက်တစ်ခုက ကိုကိုနှင့် မမနိုင်တို့ နှစ်ယောက်ချင်းတွေ့ဖို့ ကိစ္စ။ တကယ်တော့ မမနိုင်နှင့်တွေ့ဖို့သည် ဘာမျှမခဲယဉ်းချေ။ သူ့အိမ်ကို သွားတွေ့လိုက်ဖို့သာ ရှိသည်။ သို့ရာတွင် အိမ်မှာက မလွတ်လပ်။ ပြီးတော့လည်း ကိုကို့ပုံကြီးက မလွယ်။ မမနိုင်ရှေ့တွင် ရှက်ကိုးရှက်ကန်းဖြစ်နေပုံ၊ တစ်ချက်တစ်ချက်ကျမှ မမနိုင်ကို ခိုးကြည့်ပုံ၊ ခိုးကြည့်သည်ဆိုသော်လည်း ခိုးပုံမလျင်သောကြောင့် သိသာနေသည်။ လူကြီးတွေ ရိပ်မိသွားနိုင်သည်။ လူကြီးတွေ ပြောလေ့ရှိသော 'ငါတို့လဲ ငယ်ရာက ကြီးလာတာပါ' ဆိုသော စကားသည် တကယ် ဟုတ်မဟုတ် မသိသော်လည်း လန့်ဖို့တော့ ကောင်းလေသည်။

ထို့ကြောင့် ကိုကိုနှင့်မမနိုင်ကို တစ်နေရာမှာ နှစ်ယောက်ချင်းတွေ့ပေးဖို့ စီစဉ်ရလေသည်။ လူကြီးတွေကို ပြောခဲ့ပုံမှ ကျွန်တော်နှင့်မမနိုင်တို့ စာမေးပွဲအတွက် ဘုရားမှာငွေလှူပြီးဆုတောင်းဖို့ ကိုကိုက အိမ်မှကားဖြင့် လိုက်ပို့မည်။ သူတို့နှစ်ယောက်တည်း လွှတ်ပေးလိုက်ပြီး ကျွန်တော်က မျိုးမြင့်တို့အိမ်မှာနေခဲ့ရန် စဉ်းစားသော်လည်း ကိုကိုက 'ဟာ.. နှစ်ယောက်တည်းသွားလို့တော့ မဖြစ်ဘူး၊ လူမြင်လို့ မသင့်တော်ဘူးထင်တယ်'ဟု ဆိုသောကြောင့် ကျွန်တော်ပါ လိုက်ရသည်။ အမှန်မှာ ကိုကိုသည် သူနှင့် မမနိုင် နှစ်ယောက်တည်း မသွားရဲသောကြောင့် ကျွန်တော့်ကို မရမက ခေါ်နေခြင်းဖြစ်သည်။ ကိုကိုကား အဲသလိုမျိုး ကိုကို။

ရွှေမောဓော၊ ဟသ်ာကုန်း၊ ရွှေသာလျောင်း၊ ကိုးသိန်းကိုးသန်း၊ ရွှေဂူကြီး ရွှေဂူလေး။

"ကိုကို... ချောင်းကလေးဘက် သွားရအောင်"

"ဟာ.. မသွားနဲ့.. မသွားနဲ့၊ အဲဒီဘက်က လူပြတ်တယ်"

ဟင်း.. ကျွန်တော့်အကြံ မအောင်မြင်ပါ။ ကျွန်တော့်အကြံအစည်မှာ လူရှင်းသော တစ်နေရာရာတွင် သူတို့နှစ်ယောက်ကို လွှတ်ထားပေးခဲ့မလို့၊ ခုတော့ ဘယ်လိုမှ မတတ်နိုင်။ နောက်ဆုံးတွင် မဟာစေတီကြီးနားက တန်ဆောင်းတစ်ခုနားအရောက်...

"ကိုကို ညောင်းလိုက်တာ ထိုင်ရအောင်"

အကြံအဖန်လုပ်ပြီး ထိုင်ခိုင်းရသည်။ ကျွန်တော်သည် ရှောင်ပေးဖို့အတွက် အကြောင်းရှာနေသည်။ မမနိုင်ကတော့ မထုံတက်တေး။ မေးလျှင်ဖြေသည်။ ဟိုအရင်ကလို ငေးငေးငိုင်ငိုင် မဟုတ်တော့။ သို့ရာတွင် ဟက်ဟက်ပက်ပက် ပျော်ရွှင်နေခြင်းလည်း မဟုတ်ချေ။ ကိုကိုကား ရှက်မြဲ။ ကျွန်တော့်ကို စကားတွေ ပြောတတ်သော်လည်း မမနိုင်ကိုမူ သူ မပြောရဲသေး။ ကျွန်တော်ကတော့ ပျင်းခြောက်ခြောက်ကြီး ဖြစ်မနေရအောင် ဟိုဘက်လှည့်ပြောလိုက်၊ ဒီဘက်လှည့်ပြောလိုက်။

"ကိုကိုကတော့ဗျာ တကယ်ပဲ၊ မမနိုင်အတွက် ဝယ်လာတဲ့အင်္ကျီစက မမနိုင်နဲ့ သိပ်လိုက်တာပဲ၊ အရောင်ရွေးတာ တကယ်တော်တယ်"

"ကိုကို့သူငယ်ချင်းတစ်ယောက် လိုက်ဝယ်ပေးတာကွ"

ကျွန်တော်သည် မမနိုင်ဘက်သို့ လှည့်ပြီး...

'မမနိုင်ကလဲ ကိုကိုဝယ်လာတဲ့ထီးကလေး ယူခဲ့ရင်ပြီးရော၊ နေသိပ်ပူတာပဲ'

"ဟုတ်တယ်"

စကားသာပြောနေသည်။ စိတ်ထဲကတော့ လစ်ပြေးဖို့ အကြံထုတ်နေရ၏။ စိတ်ကူးတစ်ခုကို ဖျတ်ခနဲရသည်။ ကျွန်တော် ထရပ်လိုက်သည်။

"ခဏလေးနော်.. ခု ပြန်လာမယ်"

"ဟာ... ဟာ... ဘယ်သွားမလို့လဲ"

ကိုကိုက ထိတ်ထိတ်ပျာပျာ မေးသည်။

"အိမ်သာသွားမလို့၊ ဗိုက်နာလို့ ခဏလေးပါ"

ကိုကိုက 'ဟိုး... ဟိုး' ဆိုပြီးလုပ်နေတုန်း ကျွန်တော်ထွက်လာခဲ့သည်။ အမှန်မှာ ကျွန်တော် ဘာမှမဖြစ်ပါ။ တမင်တကာ ရှောင်ထွက်လာခြင်းဖြစ်သည်။ ကျွန်တော်သည် မဟာစေတီကြီး ခြေတော်ရင်းမှာ သွားထိုင်နေလိုက်သည်။ စေတီကြီးပေါ် တက်ကြည့်လိုက်၊ ဟိုလျှောက်ဒီလျှောက် လုပ်လိုက်၊ နာရီဝက်လောက်ကြာအောင် အချိန်ဖြုန်းနေလိုက်၏။ ဘာပဲဖြစ်ဖြစ် ကျွန်တော်မရှိတုန်းအချိန်တွင် သူတို့ ဒီအတိုင်းကြီးတော့ ထိုင်နေကြမည်မဟုတ်။ တစ်ခုခုတော့ ပြောကြရလိမ့်မည်။ တစ်ခွန်းစနစ်ခွန်းစ ပြောလျှင်ပင် တော်လောက်ပြီ။ အစတော့ ဒီလိုပဲပေါ့။ သိပ်ကြာကြာကြီး ရှောင်နေလျှင်လည်း မကောင်းသောကြောင့် ကျွန်တော် သူတို့ဆီ ပြန်လာခဲ့သည်။

ဇရပ်ထဲသို့ရောက်သောအခါ တစ်ယောက်တည်း ငုတ်တုတ်ကလေး ထိုင်နေသော မမနိုင်ကို တွေ့ရသည်။

ကိုကို့ကို မတွေ့။

"ဟင်… မမနိုင်… ကိုကိုရော"

မမနိုင်သည် အတန်ငယ်ပြုံးပြီး 'ဟိုမှာလေ'ဟု ပြောသည်။ မမနိုင် ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ…

ဟိုက်.. လုပ်လိုက်ကွာ။

လား.. လား… ကိုကိုသည် ဘုရားဆင်းတုတော်ရှေ့တွင် တင်ပျဉ်ခွေထိုင်ရင်း မျက်စိကို မှိတ်လျက် စိတ်ပုတီးကို ကျကျနနစိပ်နေသည်ကို တွေ့လိုက်ရလေသတည်း။

(၈)

ကိုကို မန္တလေးပြန်သွားသည်။ ဖွန်လတွင် နောက်ဆုံးနှစ် အတန်းတင်စာမေးပွဲဖြေပြီး ပြန်လာသည်။ ထိုရက်များအတွင်းမန္တလေးမှ ကိုကိုရေးလိုက်သောစာများမှာ ကျွန်တော့်ဆီသို့သာ ရောက်သည်။ ကျွန်တော်ကမှတဆင့် မမနိုင်ကို ပြောပြရန်များ စာထဲတွင်ပါလာသည်။ သတိရကြောင်းလောက်သာ ဖြစ်၏။

ကျွန်တော်တို့ ဆယ်တန်းအောင်စာရင်းတွေ ထွက်သည်။ ကျွန်တော်ရော မမနိုင်ပါ အောင်သည်။ ကျွန်တော်က စက်မှုတက္ကသိုလ် ရောက်သွားသည်။ မမနိုင်က ရူပဗေဒအဓိက။ ကျွန်တော်က ဒူးယားဆောင်မှာ မမနိုင်က အင်းလျားဆောင်မှာ။

ကျွန်တော်တို့နှစ်ယောက်ကို အိမ်ကကားဖြင့် ကိုကိုကလိုက်ပို့သည်။ ကျောင်းဝင်ခွင့် လျှောက်လွှာတင်ခြင်း၊ ငွေသွင်းခြင်း၊ အဆောင်မှာ နေရာချခြင်းတို့ကို ကိုကိုပင် အစအဆုံး ကူညီသည်။ မီးလုံး၊ ရေပုံး၊ ရေခွက်၊ ဆပ်ပြာခွက်၊ ထမင်းဘူးကအစ မမနိုင်အတွက်ရော ကျွန်တော့်အတွက်ပါ ကိုကိုက ပိုက်ဆံစိုက်၍ ဝယ်ပေးသည်။ အားလုံး အဆင်ပြေမှ ကိုကိုပြန်သွားသည်။

"နိုင်နိုင့်ကို စောင့်ရှောက်ပါနော် ညီ၊ ညီက သမိုင်းနဲ့အင်းစိန်မှာချည်း နေရပေမယ့် နိုင်နိုင့်ဆီ မကြာမကြာ လာပါနော်၊ လိုတဲ့အကူအညီကို ပေးပါနော်၊ ငွေလိုရင် ကိုကို့ဆီ စာရေးလိုက်၊ ကိုကို လာပို့မယ်၊ ပြီးတော့ ညီရော နိုင်နိုင်ရော တစ်လတစ်ခါလောက်ဖြစ်ဖြစ် ပဲခူးကို လာခဲ့ကြပါ၊ စနေနေ့ညနေလာပြီး တနင်္ဂနွေနေ့ညနေ ပြန်ပေါ့"

ကိုကိုသည် မမနိုင်ကို စောင့်ရှောက်ရန် တတွတ်တွတ်မှာပြီး ပြန်သွားသည်။ 'ဟင်း… ညီညီ ရှိနေလို့သာ ကိုကို စိတ်အေးနိုင်တော့တယ်ကွာ'ဟု ပြောသွားသော ကိုကို့အသံသည် နားထဲမှမထွက်။

အစပိုင်းတွင် ကျောင်းမှာ မပျော်ချင်။ အပေါင်းအသင်းလည်း မရှိသေး။ မျိုးမြင့်က ဗိုလ်သင်တန်းသွားတက်သည်။ ထွန်းလွင်က သွားကောလိပ်မှာ၊ ကျော်ညွန့်က စာမေးပွဲကျသောကြောင့် ပဲခူးမှာကျန်ခဲ့သည်။ အတန်းထဲတွင် ထောင့်တစ်ထောင့်မှာထိုင်၍ သင်သမျှ လိုက်မှတ်သည်။ ကျောင်းမပြေးရဲ။ အဆောင်မှာလည်း အခန်းထဲမှာ တစ်ယောက်တည်း ကုပ်၍နေသည်။ အချိန်အားသည်နှင့် မမနိုင်ရှိရာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဘက်သို့ သွားသည်။ မမနိုင်က မြို့ထဲသွားချင်သည်ဆိုလျှင် လိုက်ပို့သည်။ တစ်ခါတလေ သူ့သူငယ်ချင်း တစ်ယောက်နှစ်ယောက်ကိုပါ ခေါ်၍ မြေနီကုန်းမှာ ရုပ်ရှင်ကြည့်သည်။ ထိုအခါမျိုးတွင် ကျွန်တော်၏စိတ်သည် ပျော်ရွှင်၍နေတတ်သည်။ မမနိုင်သည်လည်း ကြည်လင်သောမျက်နှာဖြင့် ရယ်ရယ်မောမော နေတတ်၏။

ကျောင်းဖွင့်ကာစကပဲခူးသို့တစ်ပတ်တစ်ခါပြန်သည်။ပထမတစ်ပတ်နှစ်ပတ်လောက်မမနိုင်ပါလိုက်သော်လည်း နောက်ပိုင်းတွင် သူ မလိုက်တော့။ ကျွန်တော်တစ်ယောက်တည်း သွားသည်။ သူက တစ်လမှတစ်ခေါက်သာ ပြန်သည်။ ဒီဇင်ဘာ ကျောင်းပိတ်ရက်ကုန်၍ ကျောင်းပြန်ဖွင့်သောအချိန်မှစ၍ ကျွန်တော် ပဲခူးသို့ မပြန်ဖြစ်တော့ချေ။ ကျွန်တော် ကျောင်းမှာပျော်လာသည်။ အပေါင်းအသင်းတွေ ရလာသည်။

ကိုကို့ဆီက စာတွေလာသည်။ "နိုင်နိုင့်ကို ဂရုစိုက်ပါနော်" ဆိုသော စကားလုံးသည် စာတိုင်းတွင်ပါမြဲ။ တစ်ခါကျတော့ ထူးထူးခြားခြား မမနိုင်အတွက် စာတစ်စောင်ပါလာသည်။ ပထမဆုံးအကြိမ် မမနိုင်ဆီသို့ တိုက်ရိုက်ရေးလိုက်သောစာ၊ အိတ်တစ်လုံးဖြင့် သပ်သပ်ထည့်၍ အသေပိတ်ထားသည်။ ကျွန်တော်သည် ထိုစာကို ဖွင့်မဖတ်ဘဲ မမနိုင်ကို သွားပေးလိုက်သည်။ မမနိုင်က ထိုစာကိုဖွင့်ဖတ်ပြီး ကျွန်တော့်ကို ပြန်ပေးသည်။

"ဟာ.. မမနိုင်ကိုပေးတဲ့စာ ညီညီက ဘာလုပ်ရမှာလဲ"

"ဟင့်အင်း... ညီညီပဲ ယူထား၊ မမနိုင်ဆီမှာ မထားချင်ဘူး"

"ဖတ်ကြည့်ရမှာလား"

"ဖတ်ကြည့်ပေါ့"

"မရှက်ဘူးလား"

သူသည် နှုတ်ခမ်းတစ်ဖက်ကို တွန့်၍ပြုံးပြသည်။ တကယ့် တကယ်တော့လည်း ကိုကို့စာထဲမှာ ရှက်စရာစကားလုံးများ မပါရှိပါ။ 'လွမ်းတယ်' ဆိုသောစကားကို သူ မသုံး။ 'သတိရတယ်'ဟု ရေးသည်။ ပြီးတော့ ကျန်းမာရေးဂရုစိုက်ရန်၊ စာကြိုးစားရန်၊ ကိုကိုလည်း ပဲခူးက ဆေးလိပ်ခုံကို တာဝန်ယူ၍ ဦးစီးလုပ်ကိုင်နေကြောင်း အလုပ်များကြောင်း၊ မမနိုင်တို့မိဘတွေရော ကျွန်တော်တို့မိဘတွေရော နေကောင်းကြောင်း၊ ဒါပဲ။

ကျွန်တော်တို့က ပဲခူးသို့မပြန်ဘဲ နေသောအခါ ကိုကိုသည် ရန်ကုန်သို့ ဆင်းလာရန် အကြောင်းရှာလေသည်။ အရင်က လူကြုံဖြင့် ပို့နေကျဖြစ်သော ကျွန်တော့်အတွက် တစ်လစာ ငွေသုံးရာကို သူကိုယ်တိုင် လာပို့လေတော့သည်။ ကိုကိုသည် နည်းနည်းတော့ လူရည်လည်လာပြီ။

(၉)

"လူကြုံနဲ့ပို့လိုက်လဲ ရသားပဲ ကိုကိုရာ"

"မဟုတ်ပါဘူးကွာ၊ လူကြုံက ရန်ကုန်ရောက်ရောက်ချင်း ညီ့ဆီ တန်းလာတာမှမဟုတ်ဘဲ"

"ဘာဖြစ်လဲ.. နည်းနည်းပါးပါး နောက်ကျရင်လဲ ရတာပဲဟာ"

"ဟို... ကိုကိုလဲ ရွှေတိဂုံဘုရား မရောက်တာကြာလို့"

"ဟုတ်လား.. ရွှေတိဂုံဘုရားဆိုတာက အင်းလျားကန်နားမှာလား"

"ဟာကွာ... ညီကလဲ"

အမှန်မှာ ကိုကို့ကို ကျွန်တော် သတ်သတ်မဲ့စနေခြင်းသာ ဖြစ်ပါသည်။

"ကဲ... ဘုရားသွားမယ်ဆိုလဲ သွားရအောင်"

ကျွန်တော် မတ်တတ်ထရပ်လိုက်သည်။ ကိုကို...

"ဟို... ဟိုဥစ္စာကို မခေါ်ဘူးလား"

"ထွန်းလွင်ကြီးလား... ဒီကောင်က မြို့ထဲမှာပဲဟာ၊ ဘယ်လိုလုပ် ခေါ်မလဲ"

ကျွန်တော်သည် အခန်းတံခါးသော့ကို ကောက်ကိုင်လိုက်သဖြင့် ကိုကိုလည်း ထရပ်လိုက်ရသည်။ ကိုကိုသည် အင်း... အဲလုပ်ရင်း သူ့ကိုယ်ကြီးသည် ဟိုယမ်းဒီယမ်း ဖြစ်နေ၏။ ကိုကို့ကိုကြည့်၍ ကျွန်တော် ရယ်ချင်လာသည်။

"ကဲပါ ကိုကိုရာ... ဘုရားကို သွားမနေပါနဲ့တော့ မမနိုင်ဆီကိုပဲ သွားရအောင်"

ထိုအခါကျမှ ကိုကိုသည် 'အေးလေ ညီ့သဘောပဲ' ဆိုပြီး လိုက်လာသည်။ ဟိုရောက်တော့လည်း သိတဲ့အတိုင်းပဲ ဘာမျှ မည်မည်ရရ ပြောတာမဟုတ်။

"နိုင်နိုင်"

မမနိုင်က ကိုကို့ကို တစ်ချက်မော့ကြည့်ပြီး ခေါင်းပြန်ငုံ့သွားသည်။ ကိုကိုသည် တံတွေးကို ခဲယဉ်းစွာ မျိုချလိုက်ပြီး...

"နေကောင်းရဲ့လား"

တစ်မျိုးအသံကြီးဖြင့် မေးသည်။

"ဟုတ်ကဲ့"

ထုံးစံအတိုင်း သူ့ကိုယ်ကြီးကို ဟိုဘက်ဒီဘက် ယမ်းပြီးတော့ ကျွန်တော်ပြောသမျှကို သူတို့နှစ်ယောက်က နားထောင်၊ အဆောင်ပိတ်ခါနီးကျတော့ ပြန်။

နောက်တစ်နေ့တွင် ကိုကို့ကို ကျွန်တော် ပညာပြလိုက်သည်။ ကျောင်းချိန်ပြီးလို့ အဆောင်ကိုပြန်ရောက်သောအခါ ကျွန်တော့်အခန်းတံခါးကို သော့ခတ်လိုက်သည်။ 'ကိစ္စရှိလို့ မြို့ထဲသွားတယ်၊ မမနိုင်ဆီကို ညီ မလိုက်တော့ဘူး'စသည်ဖြင့် စာရေးပြီး သော့မှာချိတ်ခဲ့သည်။ ပြီးတော့ အပေါ်ထပ်က တင့်လွင်အခန်းထဲမှာ သွားအိပ်နေလိုက်သည်။

မနေ့ညက ကျွန်တော့်အခန်းမှာပင် အိပ်ဖို့ ကိုကို့ကို ပြောသေးသည်။ မရ။ မြို့ထဲက ကျွန်တော်တို့ ဆေးလိပ်ကိုယ်စားလှယ်အိမ်မှာပင် အိပ်မည်ဆိုပြီး ပြန်သွားသည်။ ကျွန်တော်က တားသေးသော်လည်း 'အဆောင်မှာ လူပို ခေါ်မအိပ်ရဘူးဆိုတဲ့ စည်းကမ်းကို ညီ နားမလည်ဘူးလား'ဟု ဟောက်သွားသေးသည်။ ဒီတော့.. ဒီနေ့ ကျွန်တော် နိုပ်စက်ထားလိုက်သည်။ ခံပေါ့။

မနေ့က ကိုကိုမပြန်ခင် ကျွန်တော် သင်တန်းပေးလိုက်သေးသည်။

ကိုကိုက မမနိုင်ရှေ့ကျရင် ဒီအတိုင်းကြီးမနေနဲ့၊ စကားလေးဘာလေးပြောပေါ့၊ နေကောင်းလားဆိုတာလောက်နဲ့တော့ ဘယ်ပြီးမလဲ၊ မတွေ့ရတာကြာကြောင်း၊ လွမ်းကြောင်း ချစ်ကြောင်းတွေ ပြောပေါ့။

အဲဒီတော့ ကိုကိုက ဘာပြန်ပြောတယ် မှတ်သလဲ။

"အိုကွာ၊ ဒါတွေပြောဖို့ မလိုပါဘူး၊ စိတ်ထဲကချစ်နေရင် ပြီးတာပါပဲ"

ကိုကို့ကို ဒီနေ့ တစ်ယောက်တည်း လွှတ်ပေးလိုက်တာ ကောင်းသည်ဟု ထင်၏။ ဒါမှ ကိုကိုရဲလာမည်။ အလေ့အကျင့်ရလာမည်။ နို့မို့ဖြင့် ကျွန်တော် အမြဲတမ်းလိုက်ပေးနေရလျှင် မကောင်း။ ကျွန်တော့်အတွက်လည်း စိတ်ကျဉ်းကျပ်သည်။ မမနိုင်အတွက်လည်း အနှောင့်အယှက်ဖြစ်သည်။ ဒီနေ့ ဘယ်လို သတင်းထူးမယ်ဆိုတာ ကိုကိုပြန်လာတော့ သိရမည်။

ညနေ ခြောက်နာရီကျော်ကျော်လောက်ကျတော့ ကိုကို အခန်းကို ရောက်လာသည်။ ခရီးရောက်မဆိုက်ပင် သူ ကျွန်တော့်ကို အပြစ်တင်လေသည်။

"ညီကလဲကွာ ဘယ်သွားနေတာလဲ"

"ကိစ္စရှိလို့ပါ ကိုကိုရ၊ အရေးကြီးလို့"

"ဘာအရေးကြီးတာလဲ ညီရ"

"ဟို ရွှေတိဂုံဘုရားသွားတာပါ၊ မရောက်တာ ကြာလို့"

ကိုကိုသည် 'ခွေးကောင်လေး တော်တော်နောက်တယ်' ဆိုပြီး ကျွန်တော့်လက်မောင်းကို မနာအောင် ထိုးသည်။

"ကိုကို မမနိုင်ဆီ သွားသေးသလား"

"အေးကွာ.. သွားတယ်၊ ညီကမရှိတော့ ကိုကိုတစ်ယောက်တည်း သွားရတာပေါ့၊ ကိုကိုဖြင့်ကွာ အဆောင်ဆင်ဝင်အောက်ရောက်တော့ တော်တော်နဲ့ မဝင်ရဲဘူး၊ ဒူးတွေတောင် တုန်တယ်၊ တစ်ယောက်တည်း ကြောင်လိုက်တာ"

"တွေ့တယ်မဟုတ်လား"

"အေး... တွေ့တယ်"

"ကိုကို မကိုင်ခဲ့ဘူးလား"

"ဘာကွ..."

ကိုကို့လေသံသည် နည်းနည်းမာသွား၏။ သို့ရာတွင် ငယ်နိုင်ဖြစ်သောကြောင့် ကိုကို့ကို ကျွန်တော် မကြောက်ပါ။

"မဟုတ်ဘူးလေ... ကိုကိုရဲ့၊ လူလစ်တဲ့အခါ လက်ကလေး ဘာလေး မကိုင်ဘူးလားလို့"

"တော်စမ်းကွာ.."

ကိုကိုက ဟောက်သောအခါ ကျွန်တော် ကြောက်ချင်ယောင်ဆောင်လိုက်သည်။ မျက်နှာငယ်ကလေးလုပ်၍ ကိုကို့ကို ကြည့်နေလိုက်၏။ ထိုအခါကျတော့လည်း ကိုကိုသည် လေသံကိုပြန်လျှော့၍...

"ကိုကို နိုင်နိုင့်ကို သန့်သန့်ရှင်းရှင်းပဲ ချစ်ချင်တယ်ကွာ"

ဩော်...လက်ကိုင်ရင်တော့ညစ်တီးညစ်ပတ်ဟုကိုကိုယူဆနေသလားမသိ။ကိုကိုသည်မန္တလေးတက္ကသိုလ်မှာ လေးနှစ်လေးမိုး နေခဲ့သော်လည်း ပညာကို စုံလင်အောင် မတတ်ခဲ့ရှာပါကလား။

နောက်တစ်လလောက်ကြာသောအခါ ကိုကို ရန်ကုန်သို့ တစ်ကြိမ် ဆင်းလာပြန်သည်။ ကိုကို့ကို 'ထရိန်နင်' ပေးသည့်အနေဖြင့် မမနိုင်ကိုပါခေါ်ပြီး ရုပ်ရှင်သွားကြည့်သည်။ ထုံးစံအတိုင်း သူတို့နှစ်ယောက်တည်း ကြည့်ခိုင်း၍မရ၊

"မိန်းကလေးတစ်ယောက်တည်း ရန်ကုန်မှာ ကျောင်းလာနေရတာ ဆင်ဆင်ခြင်ခြင် နေမှ။ နစ်ယောက်တည်း ရုပ်ရှင်ကြည့်ရတာ လူမြင်လို့မသင့်တော်ဘူး"

ဆိုပြီး သုံးယောက် တူတူကြည့်ရသည်။

အကြားအမြင် များပါစေတော့ဟု ရည်ရွယ်၍ အင်းလျားကန်စပ်က ဘူးသီးကြော်ဆိုင်ကို ခေါ်သွားသည်။ သစ်ပင်အောက်က ချုံကွယ်နားက အတွဲတွေကို မြင်လျှင် ကိုကိုသည် မျက်နှာကို ချာခနဲ လှည့်ပစ်တတ်သည်။ နောက်တော့ အမိန့်တစ်ခု ထုတ်ပြန်သွားသည်။

"နောက်နောင် မမနိုင်ကို အင်းလျားကန်စပ်သို့ ခေါ်မသွားရ"

ဩော်.. ကိုကို... ကိုကို၊ ကိုကို့ရှေ့ရေးအတွက် ရင်လေးလိုက်လှပါဘိတော့။

(၁၀)

နွေကျောင်းပိတ်ရက်များသည် ထူးခြားမှုမရှိဘဲ ကုန်လွန်သွားသည်။ ကျောင်းပိတ်ရက်အတွင်း လှုပ်လှုပ်ရှားရှား သိပ်မရှိကြ။ တစ်အိမ်နှင့်တစ်အိမ် ကူးသန်းသွားလာမှုလည်း သိပ်မလုပ်ဖြစ်ကြပါ။ မမနိုင်က သူ့အိမ်မှာ စာကျက်နေသည်။ ကျွန်တော်က ကိုကိုဦးစီးလုပ်ကိုင်နေသော ဆေးလိပ်ခုံမှာပင် အချိန်ကုန်သည်။ ကိုကိုကား ကျွန်တော်တို့ပြန်ရောက်ပြီး တစ်ပတ်လောက်အကြာမှာပင် စစ်တွေမြို့သို့ ခရီးထွက်သွား၏။ ကျွန်တော်တို့ ဆေးလိပ်များကို ရခိုင်ပြည်နယ်မှ အကြီးအကျယ် ဝယ်ယူမည်ဆိုသောကြောင့် ကိုယ်စားလှယ်နှင့် သွားရောက်ဆွေးနွေးခြင်းဖြစ်လေသည်။ ကျောင်းပြန်ဖွင့်ကာနီးကျမှ ကိုကို ပြန်ရောက်လာသည်။ ကိုကို၏ တိုးတက်မှုမှတ်တမ်းတွင် စစ်တွေက လက်ဆောင်အဖြစ်ပါလာသော ငါးရွှေခြောက်ကြီးကို မမနိုင်တို့အိမ်သို့ သူတစ်ယောက်တည်း သွားပို့ခဲ့ခြင်းမျှသာ ဖြစ်သည်။

©

ကျောင်းပြန်ဖွင့်သောအခါ မမနိုင်ရှိရာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဘက်သို့ ထပ်မရောက်ဖြစ်တော့ချေ။ မရောက်ဖြစ်သည့် အကြောင်းမှာလည်း သိပ်မည်မည်ရရတော့မရှိ။ ဖွန်လကုန်လောက်တွင် စစ်မည်ဟု ယူဆရသော စာမေးပွဲကြောင့်လည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ကိုယ့်ကျောင်း ကိုယ့်အဆောင်နှင့်ကိုယ် နေသားကျနေပြီဖြစ်သောကြောင့် မမနိုင်အဖို့ ကျွန်တော့်အကူအညီကို မလိုအပ်တော့ဟု ထင်သောကြောင့်လည်း ဖြစ်နိုင်သည်။

ကိုကိုသည်လည်း ရန်ကုန်သို့ မလာနိုင်တော့။ ကျွန်တော်တို့၏ ဆေးလိပ်ခုံသည် ကိုကို့လက်ထပ်တွင် ပို၍ကျယ်ပြန့်လာသည်။ ကိုကိုသည် အချစ်ကိစ္စတွင် 'ထူ' သလောက် စီးပွားရေးကိစ္စတွင် 'ပါး' လေသည်။ ဈေးကွက်ချဲ့ထွင်ဖို့ သူ ကြိုးစားရာ တော်တော်ပင် အောင်မြင်၏။ တစ်ဖက်ဖက်တွင် ညံ့ဖျင်းသူသည် တစ်ဖက်ဖက်တွင် ထူးချွန်မှုရှိတတ်ခြင်းသဘောပင် ဖြစ်မည်ထင်သည်။

ကိုကိုသည် ကျွန်တော့်ထံသို့ စာအရေးပင် ပါးလာသည်။ ကျွန်တော် ကိုကို့ထံသို့ စာတစ်စောင် ရေးသည်။ အလုပ် ဘယ်လောက်ပင်များများ မမနိုင်ထံသို့မူ ဖြစ်သည့်နည်းဖြင့် လာသင့်ကြောင်း ရေးလိုက်ခြင်းဖြစ်သည်။

ကိုကို့ဆီကစာပြန်လာသည်။ အလုပ်အလွန်များကြောင်း၊ ဆေးလိပ်ခုံအလုပ်အပြင် ဘတ်စ်ကားအလုပ်များလည်း ရှိကြောင်း၊ ဘတ်စ်ကားအသစ်တစ်စင် ထပ်ဝယ်ထားကြောင်း၊ ပဲရူးနှင့်ညောင်လေးပင် ဆွဲနေကြောင်း၊ ထိုကားကို 'အောင်နိုင်'ဟု အမည်ပေးထားကြောင်း၊ မမနိုင်ကို အလွန်သတိရကြောင်း၊ ရန်ကုန်လာဖို့မှာ လောလောဆယ် မဖြစ်နိုင်သေးကြောင်း၊ မကြာခင် လာနိုင်အောင် ကြိုးစားမည်ဖြစ်ကြောင်း ရေးထားသည်။ ပြီးတော့ မမနိုင်အတွက် စာတစ်စောင်ပါလာသည်။ ထို့ကြောင့် မမနိုင်အတွက် စာကိုပေးရန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဘက်သို့ လာခဲ့ရလေသည်။

မတွေ့ရတာ ကြာသောကြောင့်လား မသိ။ မမနိုင်ထံသွားရမည်ကို ပျော်သလိုဖြစ်နေမိသည်။ ကိုကို၏စာကို ရမှပင် မမနိုင်ကို သတိတရရှိလာသည်။ မမနိုင်ဆီ မရောက်တာကြာပါပကောဆိုသော အသိဝင်လာသည်။ ကျွန်တော် မသွားဘဲ နေခဲ့သောရက်များအတွင်း မမနိုင်သည် အားငယ်၍နေမလားဟု ထင်မိသည်။ ကျွန်တော့်ကိုတွေ့လျှင် မမနိုင်သည် သူ့ကိုပစ်ထားသည်ဟု ရန်စကားဆိုလေမလားမသိ။

အင်းလျားဆောင်သို့ ရောက်သောအချိန်တွင် လေးနာရီခွဲပြီး အဆောင်ထဲသို့ဝင်ရန် ရှက်သလိုလို ဖြစ်နေပြန်သည်။ နောက်တော့မှ ကိုကို့စာကို သတိရပြီး အဆောင်ခန်းထဲသို့ ဝင်လာခဲ့သည်။

မမနိုင် မရှိချေ။ ဘယ်သွားမှန်းလည်း မသိရ။ ဧည့်ခန်းထဲမှာ ထိုင်နေသေးသည်။ တစ်ယောက်တည်း ကြောင်တက်တက်ဖြစ်လာသောကြောင့် အပြင်ကို ပြန်ထွက်လာခဲ့၏။ ထိုအခါကျမှ အပြင်ကပြန်လာသော သူ့သူငယ်ချင်းတစ်ယောက်နှင့် တွေ့သည်။ သူပြောပြမှ သိရသည်။ မမနိုင်က သူငယ်ချင်းတွေနှင့် အင်းလျားကန်စပ်မှာ အကြော်သွားစားတာတဲ့။

အင်းလျားကန်စပ်သို့ သွားရပြန်သည်။ မမနိုင်သည် ကျွန်တော်မရှိလျှင်လည်း သူ့အပေါင်းအသင်းနှင့်သူ ပျော်နေနိုင်တာပဲဟု စဉ်းစားမိသည်။ ကျွန်တော့်ကို မမနိုင် မလိုအပ်တော့ဘူးလား။ မမနိုင်သည် ကျွန်တော့်အပေါ် အားကိုးလိုစိတ်များ လျော့နည်းနေလိမ့်မည်ဟု စိတ်မကောင်းဖြစ်မိပြန်သည်။ သို့ရာတွင် ထိုမြင်ကွင်းကို မြင်လိုက်ရသောအခါ စောစောက စိတ်ထားများ လွင့်ပျောက်ကုန်သည်။ ဒေါသစိတ်သည် တမုဟုတ်ချင်း ဝင်လာ၏။

အကြော်ဆိုင်မှ လေးထောင့်စားပွဲကလေးတွင် မမနိုင်ထိုင်နေသည်။ သူ့မျက်နှာချင်းဆိုင်မှ အမျိုးသားတစ်ယောက်။ မမနိုင်သည် ကျောပေး၍ ထိုင်နေသောကြောင့် ကျွန်တော် ရောက်လာသည်ကို မမြင်ချေ။ မျက်နှာချင်းဆိုင် ထိုင်နေသော လူကို ကျွန်တော် တစ်ခါမှ မမြင်ဖူးချေ။ ကျွန်တော် သူ့ကို စိုက်ကြည့်ရင်း ရောက်လာသောကြောင့် သူကလည်း ကျွန်တော့်ကို 'ဘယ်လိုကောင်ပါလိမ့်' ဆိုသောအကြည့်ဖြင့် ပြန်ကြည့်သည်။ ထိုလူ၏ မျက်နှာအပြောင်းအလဲကြောင့် မမနိုင် နောက်ကို လှည့်ကြည့်သည်။ ကျွန်တော့်ကိုမြင်လျှင် မမနိုင်သည် ထိတ်လန့်တုန်လှုပ်သွားလိမ့်မည်ဟု ထင်သော်လည်း မဟုတ်ချေ။ အတန်ငယ် အံ့သြဟန်ကိုသာ မြင်ရသည်။

"ညီညီပါလား၊ လာ.. ထိုင်လေ"

ကျွန်တော် အောင့်သက်သက် ဝင်ထိုင်လိုက်ရသည်။ ထိုအချိန်မှာပင် ကိုကို့စာကို သတိရသောကြောင့် ကျွန်တော် အားတက်သွားသည်။ ကျွန်တော်သည် ကိုကို၏စာကို ဆွဲထုတ်လိုက်၏။ 'ကိုကိုက စာပေးခိုင်းလို့'ဆိုပြီး မမနိုင်ကို ပေးလိုက်သည်။ ဤနေရာတွင်လည်း ကိုကို့အပေါ် အလိုမကျ ဖြစ်မိပြန်သည်။ မမနိုင်အတွက် စာကိုထည့်ပေးလိုက်သော စာအိတ်မှာ အပြာရောင်ကလေးတွေ၊ အဝါရောင်ကလေးတွေ၊ လိပ်ပြာပုံ

ပန်းပွင့်ပုံကလေးတွေ မဟုတ်ဘဲ အစိုးရရုံးသုံး အညိုရောင်စာအိတ်ကြီး။ မမနိုင်သည် ဘာမျှ အရေးမကြီးသလိုပင် 'ဪ.. အင်း... အင်း'ဆိုပြီး စာကို သူ့ပိုက်ဆံအိတ်ကလေးထဲ ထည့်ထားလိုက်သည်။

ပြီးတော့လည်း ဟိုလူနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးပြန်သည်။

"သူက မမနိုင်တို့နှင့် တစ်တန်းတည်း။ နာမည်က တင်မောင်ဇော်တဲ့"

"ဒါက ညီညီတဲ့ အာအိုင်တီက တို့နဲ့ တစ်မြို့တည်းလေ"

"ဟုတ်ကဲ့၊ ကျွန်တော် ကိုကို့ရဲ့ညီပါ"

ကျွန်တော့်စကားကြောင့် တင်မောင်ဇော် အူလည်လည်ဖြစ်သွားသည်။ မမနိုင်က ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ဟိုလူဘက်ပြန်လှည့်၍ 'ပဲခူးက ကိုကိုလေ'ဟု ဝင်ပြောသည်။ တင်မောင်ဇော်သည် သူ့ကိုယ်သူ လူမှုရေးနားလည်သော လူယဉ်ကျေးတစ်ယောက်ဟု ထင်နေသလားမသိ။ ရေနွေးကြမ်းတစ်ခွက်ကို သောက်ပြီး စီးကရက်မီးညှိသည်။ ကျွန်တော့်ကို စီးကရက်တည်သည်။ ခေါင်းခါလိုက်၏။ 'တို့ သူ့နောက် လိုက်သွားဦးမယ်'ဆိုပြီး သူ ကျွန်တော့်ကို ပါ နှုတ်ဆက်ထွက်ခွာသွားသည်။ ပြောစရာရှိတာ လွတ်လွတ်လပ်လပ် ပြောကြပါဆိုသော သဘောမျိုး။

"သူက ဘယ်သူလဲ"

ဟိုလူ သွားသွားချင်း ကျွန်တော် ဟန်မဆောင်နိုင်ဘဲ မေးသည်။

"ဟော... ခုနပဲ မိတ်ဆက်ပေးပြီးပြီပဲ၊ ကိုတင်မောင်ဇော်လေ"

"ဪ... မမနိုင်တောင် အထေ့အငေါ့တွေ တက်နေမှကိုး။ ကျွန်တော်သည် 'အဲဒါ ပြောတာမဟုတ်ဘူး' ဟု ပြောပြီး စကားကို ဘယ်လို ဆက်ရမှန်းမသိ ဖြစ်သွားသည်။ မတတ်နိုင်။ တိုက်ရိုက်မေးမှ...

"သူနဲ့ မမနိုင်နဲ့က ဒီကို ဘာလာလုပ်တာလဲ"

"အကြော် လာစားတာလေ"

ကျွန်တော့်ကို ငေါ့နေသည်ကို မကြိုက်ချေ။ ထို့ကြောင့် မမနိုင်ကို ကျွန်တော် ဘုကြည့် ကြည့်မိသည်။ မမနိုင်သည် ကျွန်တော့်စကားကို ကောင်းကောင်းမွန်မွန် ဖြေကြားရန် ပြင်ဆင်လိုက်၏။

"ဘာဖြစ်လို့ နှစ်ယောက်တည်း လာတာလဲ"

"ဘယ်မှာ နှစ်ယောက်တည်းလာလို့လဲ"

ကျွန်တော်သည် ဒေါသသံဖြင့် တစ်စုံတစ်ခု ပြောမည်ပြုသည်ကို သူက လက်ကာပြပြီး 'ဟိုမှာ မမြင်ဘူးလား'ဟု လက်ညှိုးထိုးပြသည်။ ဟိုဘက်ခပ်လှမ်းလှမ်းက ကန်စပ်မှာ တင်မောင်ဇော်နှင့် အမျိုးသမီးနှစ်ယောက် စကားပြောရင်း ရယ်မောနေကြသည်။

"ခုနတုန်းက နှစ်ယောက်တည်းထိုင်နေတာ မဟုတ်လား၊ ဒီမှာ မမနိုင် ရန်ကုန်မှာ ကိုကိုမရှိပေမယ့် ညီညီရှိနေတယ်ဆိုတာ သတိထားပါဦး၊ ဘာပဲဖြစ်ဖြစ် ကိုကို့အပေါ်မှာတော့ သစ္စာဖောက်မယ် မကြံနဲ့နော်"

ကျွန်တော်သည် 'ဟက်'ခနဲ ရယ်လိုက်ပြီး "ညီညီနဲ့တွေ့သွားမယ်"ဟု ဆက်ပြောသည်။

"နေပါဦး ညီညီရဲ့၊ တစ်ယောက်တည်း ဒေါသတွေဖြစ်နေတယ်၊ မမနိုင်ကို မသင်္ကာလို့လား၊ ညီညီ့စကားကို မမနိုင် မလွန်ဆန်ရဲပါဘူး၊ ကိုတင်မောင်ဇော်ကလည်း မမနိုင်နဲ့ ဘာမှမဆိုင်ပါဘူး၊ ရိုးရိုးစီရဲ့ အမျိုးသားပါ"

"ဘာပဲဖြစ်ဖြစ် ခုလို နှစ်ယောက်တည်းထိုင်နေတာ မသင့်တော်ဘူး"

"သူကလည်း ထသွားတော့မလို့ပါ။ ရိုစီတို့က အရင်ထွက်သွားတာ၊ သူက ရေခွေးကြမ်းသောက်နေလို့ ခဏကျန်ခဲ့တာ"

"အို.. ခုလို ယောကျ်ားတစ်ယောက်နဲ့ မိန်းကလေးတွေနဲ့ ရှုံးရှုံးရှုံးရှုံးသွားနေတာ မကြိုက်ဘူး"

"မမနိုင်ကို ချုပ်ချယ်တာလားဟင်"

"ထင်ချင်သလိုထင်"

"မမနိုင်မှာ သွားစရာလာစရာ အဖော်ဆိုလို့ သူတို့ပဲရှိတာပဲ"

သူ့ဆီသို့ ကျွန်တော် မလာဘဲနေခြင်းအတွက် သူ မကျေမနပ် ဖြစ်နေကြောင်း ပြောချင်နေခြင်းပင် ဖြစ်မည်။

"အေးလေ... ညီညီ မကြိုက်ဘူးဆိုရင် မမနိုင် နောက်ကို မသွားတော့ပါဘူး၊ ညီညီကမှ မမနိုင်ကို ဂရုမစိုက်ဘဲ"

ကျွန်တော် ဘာမျှပြန်မပြောနိုင်ဘဲ သူ့ကို ငေးကြည့်နေမိသည်။ သူ့လေသံနှင့် သူ့အမူအရာတို့သည် ငယ်ငယ်က သူနှင့်အတူ ကျောင်းမသွားဘဲနေခဲ့စဉ် ပြောခဲ့သော ဝမ်းနည်းစကားတို့အတိုင်း။ သူသည် ထိုစကားကို ပြောပြီးနောက် အင်းလျားကန်ဆီသို့ ငေးမောကြည့်နေသည်။ သူ့ကို ကျွန်တော် သနားသွားမိသည်။ စောစောက ဖြစ်ပွားခဲ့သော ဒေါသများ ပြေပျောက်ကုန်သည်။

သနားသောစိတ်ကို 'သနားစိတ်အတိုင်းတိုင်း'ပင် ထားလိုက်ရတော့သည်။

ကျွန်တော့်စိတ်များ လေးလံနေသည်။ မမနိုင်နှင့်ပတ်သက်သော ကိစ္စများသည် ကျွန်တော့်ဦးနှောက်ထဲတွင် ရှုပ်ထွေးပွေလီ၍ နေ၏။ တင်မောင်ဇော်သည် မမနိုင်ပြောခဲ့သလို ရိုစီ၏အမျိုးသား ဖြစ်ပါသည်ဟု ကျွန်တော် စိတ်ချလက်ချ သဘောမထားနိုင်ဘဲ ဖြစ်နေသည်။

ကိုကို့ကိုလည်း ကျွန်တော် မကျေနပ်။ ဘာပဲဖြစ်ဖြစ် ဘယ်လောက်အလုပ်များနေနေ မမနိုင်ဆီကို မရောက် ရောက်အောင်လာသင့်သည်။ ကိုကို မမနိုင်ဆီသို့ ရေးလိုက်သောစာထဲတွင်လည်း သူမအားလပ်၍ မလာနိုင်ကြောင်း ရေးထားပေလိမ့်မည်။ ဒါကိုက ကိုကို့လုပ်ပုံ မဟုတ်သေး။ တက္ကသိုလ်၌ သူသူ ငါငါတို့ အတွဲကိုယ်စီ သွားလာပျော်ရွှင်နေကြသည်ကို မမနိုင် တွေ့လိမ့်မည် အမှန်။ အတွဲကိုယ်စီ သွားလာပျော်ရွှင်နေကြသည်ကို မမနိုင် တွေ့လိမ့်မည် အမှန်။ သူလည်း ဒီလိုနေချင်ပေလိမ့်မည်။ စိတ်ထဲက ချစ်နေရင်ပြီးရောဆိုသော သဘောထားကို ကိုကို မစွန့်လွှတ်သေး။

ပြီးတော့ ကျွန်တော်ကိုယ်ကျွန်တော်လည်း မကျေနပ်။ ကိုကို ရန်ကုန်မှာ မရှိသောအချိန်တွင် မမနိုင်ကို ကျွန်တော် ဒီအတိုင်း ပစ်ထားလို့မသင့်တော်ချေ။ ကိုကို့ကွယ်ရာဖြစ်သော နေရာတွင် ကျွန်တော်ကပါ မမြင်ကွယ်ရာ အခြေအနေမျိုး ဖြစ်စေခဲ့လျှင်...။

ကျွန်တော်သည် စိုးရိမ်တကြီးစိတ်များ ပြန်လည် ဝင်ရောက်လာပြီး မမနိုင်ဆီသို့ မကြာခဏ ရောက်ခဲ့ပြန်သည်။

တခြားထွေထွေထူးထူးတော့ မသွားဖြစ်ကြပါ။ ရိုစီတို့အိမ်သို့ တစ်ခေါက်ရောက်သည်။ ရုပ်ရှင် တစ်ခါကြည့်သည်။ အားလျားကန်စပ်က အကြော်ဆိုင်သို့ ရောက်သည်။

"ဒီဆိုင်မှာထိုင်ပြီး အကြော်စားရင်း အင်းလျားကန်ထဲကို ငေးကြည့်ရတာ သိပ်ကြည်နူးဖို့ကောင်းတာပဲ"

သူ ပြောသည်။ မမနိုင်သည် အခုတလော အရင်ကနှင့်မတူတော့ချေ။ သူ့မျက်နှာ ရွှင်လန်းနေသည်။ ကျွန်တော်နှင့် သွားရလာရသောအခါ သူ ပျော်ရွှင်နေသည်ကို မြင်ရသည်။

ကျွန်တော်က သူ့ကို ပြန်လည်၍ ဂရုစိုက်လာသည်ဆိုပြီး ကျေနပ်နေတာလား မသိ။ သို့တည်းမဟုတ် ကိုကို့အပေါ် သူ စိတ်ရှင်းစွာ ကြည်ဖြူနိုင်ပြီ ဖြစ်သောကြောင့်လည်း ဖြစ်နိုင်သည်။ ခုမဟုတ်သည့်တိုင် တစ်နေ့သောအခါတွင် ရိုးသားသော အချစ်ကြီးသော အနစ်နာခံတတ်သော ကိုကို့အပေါ် သူ အမှန်တကယ် ချစ်လာလိမ့်မည်ဟု ယုံကြည်သည်။

(၁၁)

မမျှော်လင့်သော အဖြစ်အပျက်များသည် ဖြစ်လာတတ်ကြောင်းကို ပြောဖို့မလိုလောက်အောင် အားလုံးသိပြီး ဖြစ်သည်။ ကိုကို့အတွက် လည်းကောင်း၊ မမနိုင်အတွက်လည်းကောင်း၊ ကျွန်တော့်အတွက် လည်းကောင်း အကြီးမားဆုံး ပြဿနာများ ဖြစ်ပွားလာသည်။ ကျွန်တော်စခဲ့သော ဇာတ်လမ်းတစ်ခုသည် ကျွန်တော်ကိုယ်တိုင်ပင် မဖြေရှင်းနိုင်သောအဆင့်သို့ ရောက်ရှိခဲ့လေတော့၏။

ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်နယ်မြေအတွင်း၌ ဒေါင်းတောက်အောင် ပျာယာခတ်နေသော ကျွန်တော့်ကို ဘယ်လိုထင်ကြပါသနည်း။ အင်းလျားဆောင်ထဲကိုဝင်... ပြန်ထွက်။ အင်းလျားကန်စပ်ကို သွား.. ပြန်လာ။ လက်သီးကိုဆုပ်လိုက်၊ တောက်ခေါက်လိုက်၊ ဒေါသကြောင့်လား၊ နေပူရှိန်ကြောင့်လား မသိ။ ဦးခေါင်းတစ်ခုလုံး ပူထူနေသည်။ မျက်နှာတပြင်သည် ရဲရဲနီနေလိမ့်မည်ဟု ထင်၏။

ကြားကြားချင်း ကိုယ့်နားမို့လို့သာ ယုံကြည်လိုက်သည်။ ပြီးတော့ ထိုစကားကို ပြောလာသောသူသည် အို.. ကျွန်တော် စိတ်လောကြီးလွန်းနေသည်။ ခေါင်းအေးအေးထား၍ ပြန်စဉ်းစားကြည့်ဖို့ ကြိုးစား၍မရ။ တိတိကျကျနီးပါး မှတ်မိသောအရာတစ်ခုတည်းသာ ရှိသည်။

စာတစ်စောင်...။

ကျွန်တော် ကျောင်းက ပြန်လာတော့ အဆောင်ကအခန်းရှေ့မှာ ကိုကိုရောက်နေသည်။ တံခါးသော့ခတ်ထားခဲ့သောကြောင့် သမံတလင်းပေါ်မှာ ငုတ်တုတ်ထိုင်စောင့်နေခြင်း ဖြစ်သည်။ ကိုကို့ကို လှမ်းမြင်လိုက်သောအချိန်တွင် ကိုကိုသည် ဒူးနှလုံးကြားမှာ ခေါင်းငိုက်စိုက်ကျနေ၏။ ကိုကို့ကို ဒီလိုပုံစံမျိုးဖြင့် တစ်ခါမျှ မမြင်ဖူးသောကြောင့် ကျွန်တော် အံ့သြသွားသည်။

"ကိုကို"

ကိုကို ကျွန်တော့်ကို မော့ကြည့်သည်။

"ညီလား"

ကျွန်တော် အံ့သြရာမှ ထိတ်လန့်သွားသည်။ ကိုကို၏ဆံပင်များသည် မကြုံဖူးအောင် ဖွာလန်ကြဲလျက် နဖူးပေါ်သို့ ကျနေသည်။ ကိုကို့မျက်လုံးများသည် နီရဲနေ၏။

"ဘယ်လိုဖြစ်တာလဲ ကိုကို"

ကိုကို့ဘေးသို့ ထိုင်ချလိုက်သည်။ ကိုကို့ထံမှ စူးဝါးသော အနံ့တစ်ခုကို လှိုက်ခနဲ ရလိုက်သည်။ အရက်။

"ကိုကို... အရက်တွေ"

"အေး.. ဟုတ်တယ်၊ ညီကော သောက်ဦးမလား"

ကိုကို သူ့တိုက်ပုံအင်္ကျီ အတွင်းအိတ်ထဲက ပုလင်းပြားကလေးကို ထုတ်ပေးသည်။ ကျွန်တော် အံ့ဩလွန်းသောကြောင့်ကိုကို့ကိုသာငေးစိုက်၍ကြည့်နေမိသည်။ကိုကိုသည်ပုလင်းကိုဖွင့်၍မော့လိုက်သောအခါကျမှ သူ့လက်ထဲကပုလင်းကို ဆွဲလုလိုက်ရသည်။

"ဘာဖြစ်တာလဲဗျာ၊ ပြောပါဦး"

ကိုကိုသည် တိုက်ပုံအင်္ကျီကို ဆွဲချွတ်သည်။ လုံးချေ၍ နံရံကို ပစ်ပေါက်လိုက်သည်။ 'ညို့စကား နားထောင်မိတာ မှားတာပဲ'ဟု ပြောသည်။ 'မီးဝေးတော့ ချိတ်အေးသတဲ့ကွ'ဟုလည်း လေးလေးကန်ကန် ပြောသည်။

"ဘယ်လိုလဲ ကိုကိုရာ"

"ဒီလိုပဲ ညီရာ"

"ကဲပါ အစက ပြောပါဦးလေ"

ကိုကိုသည် 'နည်းနည်းပေးဦး'ဆိုပြီး ပုလင်းကို ယူ၍ မော့ပြန်သည်။ ကျွန်တော် တားဖို့ သတိမရလိုက်။ သိချင်ဇောအားကြီးနေသည်။ ပျော်ရွှင်ဖွယ် မဟုတ်ကြောင်းကိုတော့ သိနှင့်ပြီးပြီ။

"ညို့ဆီကိုလာတော့ အခန်းတံခါးပိတ်ထားတာနဲ့ ကိုကိုတစ်ယောက်တည်းပဲ နိုင်နိုင့်ဆီကို သွားတယ်၊ ဟဲ...ဟဲ... ပိုင်တယ်နော်"

ကိုကိုသည် အတန်ကြာအောင် တဟဲဟဲရယ်နေပြီးမှ မျက်နှာကို ချက်ချင်းတည်လိုက်၏။ သက်ပြင်းတစ်ချက်ချသည်။

"နိုင်နိုင်က ကိုကို့ကို ဆင်းမတွေ့ဘူး၊ ညီ သူ့သူငယ်ချင်းတစ်ယောက်နဲ့ စာတစ်စောင်ပေးလိုက်တယ်"

ဟုဆိုပြီး သူ့အိတ်ထဲက စာကလေးတစ်စောင်ကို ထုတ်ပြသည်။ ကျွန်တော် စာကို ဖွင့်၍ဖတ်ကြည့်သည်။ စာထဲမှာ ပါဝင်မည့်အကြောင်းအရာကို မဖတ်ရခင်ကပင် သိနှင့်ပြီးပြီဟု ထင်နေသည်။

ကိုကို...

ကိုကို့ကို မမနိုင် မချစ်တော့ဘူး။ အစကလဲ ညီညီက ဖွတ်အတင်း တိုက်တွန်းလို့သာ ကိုကို့အချစ်ကို လက်ခံရတာပါ။ ကိုကို့ကို ချစ်လာအောင် ကြိုးစားကြည့်လို့မရဘူး။ ကြာရင် အားလုံးအတွက် စိတ်မချမ်းသာစရာ ဖြစ်လိမ့်မည်။ ဒါကြောင့်...

ကျွန်တော် စာကို လုံးချေ၍ လွှင့်ပေါက်မိသည်။ သမံတလင်းပေါ်မှာ ထောင်ထားသော အရက်ပုလင်းကိုယူ၍ ပေါက်ခွဲပစ်လိုက်သည်။ တောက်ခေါက်သည်။ အခန်းတံခါးကို လက်သီးဖြင့်ထိုးသည်။ ဒူးထောက်လျက်သား ပြန်ထိုင်သည်။ ကိုကို့ပခုံးကို ဖက်သည်။ ကိုကိုသည် ကျွန်တော်၏ရင်ခွင်ထဲ၌ ပထမဆုံးအကြိမ် သည်းထန်စွာ ငိုကြွေးလေသည်။

ကျွန်တော့်စိတ်သည် ဆောက်တည်ရာမရ။ ကိုကိုသည် အမူးလွန်၍ လဲကျသွားသည်ကို သတိရသည်။

အခန်းတံခါးဖွင့်ပြီး အထဲမှာ သိပ်ထားခဲ့ဖို့ မစဉ်းစားမိဘဲ တံခါးမှာ မီးလျက်သားထားခဲ့ပြီး ကျွန်တော် ပြေးထွက်လာခဲ့သည်ဟု ထင်သည်။

မမနိုင်ကို ဘယ်မှာမှ ရှာ၍မရ။ ရူပဗေဒခန်းမသို့ ရောက်သည်။ အခန်းသည် ဟာလာဟင်းလင်း၊ အင်းဝစားသောက်ဆိုင်တန်း၊ တောင်ငူဆောင် စားသောက်ဆိုင်တန်း၊ ဘယ်မှာမှ မတွေ့။ တစ်နေရာကို ဖျတ်ခနဲ သတိရမိသည်။ ရိုစီအိမ်။ လှည်းတန်းကုန်းအဆင်းနားမှာ ရှိသည်။ အမှတ်ဆယ့်ခြောက်ကား မစီးဖြစ်။ ကျွန်တော့်စိတ်သည် ကားထက် ပို၍ မြန်နေသည်။ ခြေလှမ်းတို့သည်လည်း ထို့အတူ ဖြစ်နေကြသော ကားများကို သတိမမူ မရှောင်မတိမ်းဘဲ ဖြတ်သွားနေသော ကျွန်တော့်အား အဘယ့်ကြောင့် ကားမတိုက်မိပါသနည်း။

(၁၂)

ရိုစီတို့အခန်းတံခါးသည် ပွင့်နေ၏။ ထို့ကြောင့် တံခါးကို ဝုန်းခနဲ ဆွဲဖွင့်ရန် မလိုအပ်ချေ။ မမနိုင်ကို တွေ့လျှင် ဘယ်စကားက ဘယ်လိုစပြောမည်ဟု ကြိုတင်စဉ်းစားမိခြင်း မရှိ။ ဧည့်ခန်းတွင် မမနိုင်ကို မတွေ့ရချေ။ အတွင်းခန်းထဲသို့ ကျွန်တော် စွတ်ဝင်သွားသည်။ အထဲမှာ မမနိုင်နှင့် ရိုစီတို့သည် ကွပ်ပျစ်ကလေးပေါ်မှာ ထိုင်နေကြ၏။ သူတို့နှစ်ယောက်၏အလယ်မှာ လက်ဖက်သုပ်ပန်းကန်...။

ကျွန်တော့်ကို တွေ့သောအခါ 'ဟင်... ညီညီ' ဆိုပြီး မမနိုင် အံ့သြသွားသည်။ ကျွန်တော့်မျက်နှာထားပုံကို မြင်ရုံဖြင့် အခြေအနေ၏ တင်းမာမှုကို သူ ရိပ်မိသွားပုံရသည်။ ကျွန်တော့်မျက်နှာထားကို ငေးကြောင်၍ ကြည့်နေသော ရိုစီကို ကျွန်တော်ပြောသည်။

"ကျွန်တော်နဲ့ မမနိုင်နဲ့ အရေးတကြီးကိစ္စ ပြောစရာရှိလို့ ရိုစီ ခဏလောက် အပြင်ကိုသွားနေရင် ကောင်းမယ်ထင်တယ်၊ ဒါမှမဟုတ်ရင်လည်း မမနိုင် လိုက်ခဲ့ပါ"

ဒေါသကို ချုပ်တည်း၍ပြောသော်လည်း လေသံမာထန်နေမှန်း သိသာလွန်းသည်။ ရိုစီ မတ်တတ်ရပ်လိုက်၏။ 'အေးအေးဆေးဆေး ပြောကြပါ'ဟု ဆိုပြီး အခန်းထဲက ထွက်သွားသည်။ ကျွန်တော် လက်ဖက်သုပ်ပန်းကန်ကို စိုက်ကြည့်နေသည်။ မမနိုင်၏လက်ရာ ဖြစ်တန်ရာသော ကျွန်တော် နှစ်သက်ခဲ့သော ထိုလက်ဖက်သုပ်များသည် ကျွန်တော့်ဒေါသကို ပြေပျောက်စေခြင်းငှာ မစွမ်းသာ။

"ခင်ဗျား... သစ္စာဖောက်တယ်"

ပထမဆုံး ထွက်ပေါ်လာသော စကား။ သူ မျက်နှာပျက်သွားသည်။ သွေးဆုတ်သွားသောကြောင့် ရုတ်ချည်း ဖွေးခနဲဖြစ်သွား၏။ မှန်သည်။ ယခုအချိန်တွင် စကားအရှိန်ကို အဆင့်ဆင့် မြှင့်တင်ဖို့ မလိုအပ်။ ကြိုတင်ချိန်းဆိုပြီး ဖြစ်၍မရသော ဒေါသသည် စနစ်တကျမရှိနိုင်။

သူသည်'ဘာကိုပြောတာလဲညီညီ၊မမနိုင်ဘာမှနားမလည်ပါလား'စသောစကားတို့ကိုအချည်းအနှီးဖြစ်မည်မှန်း သိ၍ မပြောတော့။ ကျွန်တော် ဆက်ပြောမည့် ပြင်းထန်သော စွဲချက်များကိုသာ ငံ့လင့်နေဟန်တူသည်။

"ခင်ဗျားမို့လို့ ကိုကို့လိုလူမျိုးကို လုပ်ရက်တယ်"

ကျွန်တော့်လေသံသည် တုန်တုန်ခါခါ ထွက်ပေါ်လာပြန်သည်။ သူသည် ဘာမျှပြန်မပြော။ ကျွန်တော်

ပြုမူသမျှကို ခေါင်းငုံ့ခံတော့မည်ဟူသော သဘောပေလားမသိရ။ သူသည် ထရပ်လိုက်ပြီး ကျွန်တော့်ရှေ့သို့ လျှောက်လာသည်။ ဦးခေါင်းကိုမူ ငုံ့၍ထားဆဲ။ ဆက်ပြောရမည့်စကားကို စီကာစဉ်ကာ စဉ်းစား၍ မရ။ အမှန်အားဖြင့် ပြောချင်နေသောစကားတွေ ပြည့်ကျပ်မွန်းသိပ်နေခြင်း ဖြစ်သည်။ ဆတ်ဆတ်ခါနေသော ဒေါသစိတ်သည်သာ ကြီးစိုးနေ၏။

"ဟင်... ပြောလေ၊ ကိုကို့ဆီ ခင်ဗျား ရေးလိုက်တဲ့စာ"

သူ့လက်မောင်းကို ကျွန်တော် ဆုပ်ကိုင်လှုပ်ယမ်းသည်။

သူ မှင်သက်နေရာမှ သတိပြန်ဝင်လာဟန် တူသည်။ သူ့မျက်နှာတွင် သွေးရောင် လွှမ်းလာ၏။ သူ့နှုတ်ခမ်းများသည် တလှုပ်ရွရွ။

"ညီညီ.. မတရားဘူး"

ကျွန်တော် ထိတ်ခနဲ တုန်လှုပ်သွားစေသည်။ သူသည်လည်း ကျွန်တော်ကဲ့သို့ပင် အစီအစဉ်အတိုင်း မဟုတ်သော စွဲချက်တစ်ခုကို အစပျိုးနေပြီကော။ 'ဘာမတရားတာလဲ'ဟု ပြန်မမေးဖြစ်။ နှုတ်ခမ်းကိုကိုက်လျက် သူ့ကိုသာ စိုက်ကြည့်နေသည်။ သူသည် ဝမ်းနည်းသော နာကျည်းခံခက်သော အသံဖြင့် စကားကို ဆက်သည်။

"ညီညီ့လုပ်ရပ်တွေဟာ တရားသဖြင့် ဟုတ်ရဲ့လားဆိုတာကော စဉ်းစားပါဦး"

"ဘာမှ စဉ်းစားစရာမလိုဘူး၊ ခင်ဗျား"

မမနိုင် ကျွန်တော့်စကားကို အတင်းဝင်ဖြတ်၏။

"ညီညီ... မမနိုင်ကို ခင်ဗျားလို့သုံးနှုန်းနေတာ ငါးခွန်းမကတော့ဘူး"

"အဲဒါ ဘာဖြစ်သလဲ"

"မမနိုင် ရင်နာတယ်"

ဝမ်းနည်းခြင်းအရိပ်များ သူ့မျက်လုံးထဲ၌ ဖြတ်သန်းသွားသည်။ ကျွန်တော်သည်လည်း ရင်ထဲက စူးစူးနင့်နင့် နာကျင်လာ၏။

"ညီညီ စဉ်းစားကြည့်ပါဦး။ ကိုကို့ကို အစ်ကိုအရင်းတစ်ယောက်ထက် ပိုပြီးမချစ်နိုင်ပါဘူးလို့ မမနိုင် အကြိမ်ကြိမ် တောင်းပန်ခဲ့တယ်မဟုတ်လား၊ ညီညီက ဖွတ်အတင်း လက်ခံခိုင်းလို့သာ ကိုကို့အချစ်ကို လက်ခံခဲ့ရတာပါ၊ ညီညီ့ရဲ့ဆန္ဒ၊ အင်းလေ.. တကယ်တော့ ညီညီ့ရဲ့အမိန့်ပါပဲ၊ အဲဒါ.. ဘာဖြစ်လို့လဲ သိလား..."

ကျွန်တော် သိသည်ဟုထင်လာသည်။ သူ့စကားတို့ကို စိတ်ထဲက ကြိတ်၍ မထောက်ခံမိစေရန် အတင်းကြိုးစားနေရ၏။ ရင်ထဲက တလှပ်လှပ်ဖြစ်လာသည်။ အတိတ်က အကြောင်းခြင်းရာများသည် ဦးနှောက်ထဲတွင် ပြည့်ပြည့်သိပ်သိပ် တုန်ယင်မောပန်းနေသောကြောင့် သူဆက်ပြောမည့်စကားကို အချိန်မီ မတားမြစ်နိုင်တော့။

"မမနိုင် ညီညီ့ကို.. ညီညီ့ကို.."

သူ့စကားကို မဆက်။ သို့ရာတွင် ကျွန်တော့်ကို မော့ကြည့်နေသော သူ့မျက်လုံးများထဲ၌ ကြိမ်ဖန်များစွာ ရှောင်တိမ်းလွှဲဖယ်ခဲ့ရသော အကြည့်။ သူ့စကားကို ဆက်ဖို့မလိုတော့။ သိပြီ။

ကျွန်တော့်ကိုယ်သည် အေးစက်တောင့်တင်းသွားသည်။ စိတ်အစဉ်သည် ဟင်းလင်းပြင်သို့ လွင့်ထွက်သွား၏။

ဒုန်းစိုင်းနေသော နှလုံးခုန်သံသည်သာ ဆူဆူညံ၍နေဆဲ။

နံရံတွင် ကပ်ထားသော မှန်ကလေးထဲ၌ အရိပ်တစ်ခု ပေါ်လာ၏။

"ဟင်.. ကိုကို"

ကျွန်တော့်လက်သည် မြောက်ခနဲ လွှဲတက်သွားသည်။ မမနိုင်၏ ပါးပြင်ပေါ်သို့ အရှိန်ပြင်းစွာ။ 'ဖော့… ရပ်လိုက်' ကိုကို့အသံ။ ကျရောက်သွား၏။ 'ဖြန်း'ခနဲမြည်သည်။ နောက်တစ်ကြိမ် မြှောက်လိုက်သောလက်သည် ဆုပ်ကိုင်ဖမ်းဆီးခံလိုက်ရသည်။ မမနိုင်သည် ကွပ်ပျစ်ပေါ်သို့ ပုံ့ပုံ့ကလေး။

"ဘာလုပ်တာလဲ ညီ"

"ဖယ်ပါ ကိုကို၊ ဒါ ကိုကိုနဲ့ မဆိုင်တော့ပါဘူး၊ ညီရှင်းရမယ့် ပြဿနာပါ"

ကိုကို ဖမ်းဆုပ်ထားသော ကျွန်တော့်လက်ကို ရုန်းသည်။ ကိုကိုသည် လွှတ်မပေး။ မမနိုင်သည် ဆံပင်များကို ခါယမ်းလိုက်ပြီး မော့ကြည့်သည်။ သူ၏ပါးပြင်တစ်ခြမ်းသည် အနီသွေး။

"လွှတ်ပေးလိုက်ပါ ကိုကို၊ သူ… နိုင်နိုင့်ကို ထပ်ရိုက်ပါစေဦး၊ ညီညီရယ် မင်း ရိုက်ရက်တယ်ဆိုရင် ထပ်ရိုက်လိုက်ပါဦးကွယ်"

မမနိုင်သည် ကျွန်တော့်ရှေ့မှာလာရပ်၍ ပါးကို ထိုးပေးလိုက်သည်။ ကိုကိုသည် ကျွန်တော့်လက်ကို လွှတ်လိုက်သည်။ သို့ရာတွင် ကျွန်တော့်လက်သည် တစ်လက်မမျှပင် မြှောက်၍မရတော့။ မြင်ကွင်းသည် ရုတ်တရက် မှုန်ဝါးသွားသည်။ အလို.. ကျွန်တော် မျက်ရည်ဝဲနေပြီ။ ကိုကို၏အသံသည် တည်ငြိမ်အေးဆေးစွာ ထွက်ပေါ်လာသည်။

"ကိုကို အားလုံးကို နားလည်ပါတယ်ကွာ၊ နိုင်နိုင်ရောညီ့မှာပါ အပြစ်မရှိပါဘူး၊ တကယ်တော့ အချစ်ဆိုတာ သူ့အလိုလို ပေါက်ဖွားဖြစ်ထွန်းလာရတာပါ၊ အချစ်ကို ဇွတ်အတင်း ဖန်တီးယူလို့ မရပါဘူး၊ ပြီးတော့ အချစ်ဆိုတာ လွှဲပြောင်းလို့လဲ မရနိုင်ပါဘူးကွာ"

လှိုက်ခနဲ ဝမ်းနည်းသွားသည်။ မျက်ရည်တစ်စကို ထိန်းမရတော့။ ကျွန်တော်တို့သုံးယောက်သည် တစ်ယောက်ကိုတစ်ယောက် ငေးမောကြည့်နေကြဆဲ။

ကိုကိုသည် အလွန်လှပစွာ ပြုံးလိုက်၏။ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်း၊ သဘောထားကြီးခြင်း၊ နားလည်ခွင့်လွှတ်ခြင်းတို့ဖြင့် အတိပြီးသော ကိုကို၏ ကိုယ်ပိုင်အပြုံး။

ကိုကိုသည် ကျွန်တော့်ပခုံးကို ပုတ်လိုက်သည်။

"ညီညီ.. ကိုကို သွားမယ်"

ကိုကို မမနိုင်အနီးသို့ သွားသည်။ မမနိုင်၏ ပခုံးပေါ်သို့ သူ့လက်ကို ကြင်နာစွာ တင်လိုက်၏။

"ညီမလေး နိုင်နိုင်…. ကိုကို သွားမယ်"

ကိုကို ချာခနဲ လှည့်ထွက်သွား၏။

မမနိုင်သည် တလှိုက်လှိုက် ရှိုက်ငိုနေဆဲ..။

ကျွန်တော်သည်လည်း အေးစက်တောင့်တင်းစွာ ရပ်နေဆဲ…။

ညီနှင့်ကိုကိုသည် သိပ်ချစ်ကြသည်။

ပို၍ချစ်သူက ပို၍အလိုလိုက်စတမ်းဆိုလျှင် ကိုကိုက ပို၍ချစ်သည်ဟု ဆိုရပါမည်။

ပို၍ချစ်သူက ပို၍ နွဲ့ဆိုးဆိုးစတမ်းဆိုလျှင် ညီက ပို၍ချစ်သည်ဟု ဆိုရပါမည်။

... .... ...

... .... ...

... ညီက ကိုကို၏ကျောကုန်းကို တအားထိုးတတ်လေသည်။ ကိုကိုသည် 'ညီက တအားထိုးတာပဲ' ပြောရုံကလွဲ၍ ဘာမျှ ပြန်မပြောတတ်ချေ။

မင်းလူ

၅.၉.၇၉

ချစ်စေသတည်း

(၁)

သို့…

သူငယ်ချင်းဖြစ်သူ မောင်သာလှထံ ငါ (မောင်အောင်ထိန်) စာရေးလိုက်ပါသည်။ အကြောင်းကတော့ မင်းဆီမှာ အကူအညီ တောင်းခံစရာရှိလို့ပါပဲ။

မင်းနဲ့ငါ ကွဲကွာခဲ့ကြတာကလည်း မောင်အိုအောင်လေး အသက်ခုနစ်နှစ်သားကတည်းက ဆိုတော့ ခု… ငါ့သားပဲ အသက်နှစ်ဆယ့်ခုနစ်နှစ် ရှိပြီ။ နှစ်ပေါင်း နှစ်ဆယ်ခန့်ရှိပါပြီ။ ခုနေခါ ငါ့သား မောင်အိုအောင်ကို မြင်ရင် မင်း မှတ်တောင်မှတ်မိမယ် မထင်ပါ။ ငါလည်း တူမကလေး ခင်ဦးမြင့်ကို ဘယ်မှတ်မိပါတော့မလဲကွယ်။ ငါတို့သူငယ်ချင်းနှစ်ယောက် ကွဲကွာခဲ့ကြစဉ်က တူမလေး ခင်ဦးမြင့်က အသက်သုံးနှစ်သမီးလောက်ပဲ ရှိသေးတာကလား။ ဒါနဲ့ မမြင့်ကော နေကောင်းရဲ့လား။ ငါက သတိရတယ်လို့ ပြောပြပါ။ မင်းတို့ အလုပ်အကိုင် အဆင်ပြေတယ်လို့ကြားလို့ ငါ ဝမ်းမြောက်လှပါသည်။

ငါကတော့ မင်းတို့သိတဲ့အတိုင်းပါပဲ။ မောင်အိုအောင်တို့အမေ ဆုံးပြီးကတည်းက စီးပွားပျက်ခဲ့ရတာပါပဲ။ ကျန်းမာရေးကလည်း သိပ်မကောင်းလှပါ။

ပြောရင်းဆိုရင်းနှင့် လိုရင်းကိုတောင် မရေးရသေးပါ။ အကြောင်းကတော့ ဒီလိုကွယ့်။ ငါ့သား မောင်အိုအောင်ဟာ ရန်ကုန်မှာ အလုပ်အတွက် စာမေးပွဲ လာဖြေရပါလိမ့်မည်။ ရန်ကုန်မှာ အရင်းအချာဆိုလည်း မင်းတို့ပဲရှိတာကြောင့် အကူအညီ တောင်းခံရခြင်းပါပဲ။ အပူကပ်တယ်။ ဒုက္ခပေးတယ်လို့ ပြောရင်လည်း ရပါသည်။ နို့ပေမယ့် ငါ့မှာ မင်းတစ်ယောက်သာ အားကိုးစရာရှိတာကတစ်ကြောင်း၊ ပြောမနာဆိုမနာ ဆဲမနာ အလွန်အင်မတန်ချစ်ခဲ့ကြတဲ့ သူငယ်ချင်းဖြစ်တာလည်း တစ်ကြောင်းကြောင့် ဒုက္ခပေးရတာပါပဲကွယ်။

ဆိုလိုရင်းကိုပြောရရင်တော့ မောင်အိုအောင် ရန်ကုန်မှာ စာမေးပွဲဖြေတဲ့ရက်နှင့် စာမေးပွဲမဖြေခင် ကြိုတင်ပြင်ဆင်ရမည့် ရက်တွေအတွင်းမှာ မင်းအိမ်မှာ နေစေဖို့ပါပဲ။ မင်းနှင့်ငါဟာ အထူးခွင့်ပန်နေစရာ မလိုတဲ့သူတွေ ဖြစ်တဲ့ အားလျော်စွာ ငါ့သားကို လက်ခံလိမ့်မယ်လို့ ယုံကြည်လိုက်ပါပြီ။

ယခုလကုန်လောက် မောင်အိုအောင် ရန်ကုန်သို့ ဆင်းလာပါလိမ့်မည်။ အစစအဆင်ပြေလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဆထက်ထမ်းပိုး တိုးတက်ကြီးပွားပါစေသော်။

သင့်…

အောင်ထိန်(မြင်းခြံမြို့)

ဒေါ်ကြည်မြင့်သည် စာကို ဆုံးအောင်ဖတ်ပြီးနောက် စားပွဲပေါ်ရှိ ဆေးလိပ်ခွက်နှင့် ဖိထားလိုက်သည်။ သူ့ခင်ပွန်းကို လှမ်းကြည့်လိုက်၏။

"ဘယ်လို သဘောရသလဲကွ"

ဦးသာလှက မေးသည်။

"ဘယ်လို သဘောရရမှာလဲရှင့်။ စာက ရှင်းနေတာကြီးပဲဟာ"

"အေးပါ၊ ဘယ်လိုရှင်းနေတာလဲဆိုတာ မင်း နားလည်သလို ပြောစမ်းပါ"

"ကိုအောင်ထိန့်သား ရန်ကုန်မှာ စာမေးပွဲလာဖြေမယ်၊ အဲဒီရက်အတွင်း ကျွန်မတို့အိမ်မှာ နေမယ်၊ ဒါပဲမဟုတ်လား"

ဦးသာလှက ပြုံးပြီး ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"ရှင်က ဘာပြုံးတာလဲ"

ဒေါ်ကြည်မြင့်က မေး၏။

"ဘာမှ မဟုတ်ပါဘူးကွ၊ မင်းထင်တဲ့အတိုင်းပါပဲ"

"ဘာလဲ၊ ဘာထင်တဲ့အတိုင်းလဲ"

"မမြင့်ရယ်... မင်းနဲ့ငါ ပေါင်းသင်းလာတာ နှစ်အစိတ်ကျော်ခဲ့ပါပြီကွ၊ မင်းစိတ်ထဲ ဘာရှိတယ်ဆိုတာ ငါမသိဘဲ နေပါ့မလား"

"ကဲ.. သိရင် ရှင်ပဲပြောပါဦး"

"အေး... ပြောမယ်ကွာ၊ ခဏနေဦး၊ ဆေးလိပ်သောက်လိုက်ဦးမယ်"

ဦးသာလှသည် ငါးသုံးလုံးစီးကရက်ဘူးထဲက တစ်လိပ်ထုတ်ယူပြီး မီးညှိသည်။ ဒါ သူလုပ်နေကျ အကျင့်။ အရေးကြီးသော စကားတစ်ခု၊ စိတ်ဝင်စားစရာ စကားတစ်ခု ပြောတော့မည်ဆိုလျှင် ချက်ချင်းမပြော။ ရုတ်တရက် စကားကိုဖြတ်လိုက်ပြီး စီးကရက် သုံးလေးဖွာဖွာချင်ဖွာသည်။ ရေနွေးကြမ်းငုံ့သောက်ချင်သောက်သည်။ ပြောနေရင်းက ဆတ်ခနဲထပြီး ရေခဲသေတ္တာထဲက ရေခဲရေ သွားထုတ်သောက်ချင် သောက်သည်။ ပြီးမှ စကားပြန်ဆက်သည်။ ဒါမှ တစ်ဖက်လူက ဆက်ပြောမည့်စကားကို ပိုစိတ်ဝင်စားမည်။ စကားတန်ဖိုး ပိုရှိမည်ဟု သူ ယူဆထား၏။

"ကဲ... ပြောမှာသာ ပြောစမ်းပါ"

ဒေါ်ကြည်မြင့်က ဝင်လောသည်။ ထိုအခါကျမှ...

"ဒီလိုရှိတယ်ကွ၊ မင်း စဉ်းစားကြည့်လေ၊ ရှင်းရှင်းလေးပဲ၊ အောင်ထိန့်သားက ငါတို့အိမ်မှာလာနေပြီး အလုပ်စာမေးပွဲ ဖြေမယ်၊ အသက်နှစ်ဆယ့်ဘယ်လောက်၊ အေး... ခုနစ်နှစ်ဆိုတော့ ကြည့်ရတာ လူပျိုထင်တယ်ကွ၊ အဲဒီတော့ ဘာဖြစ်သလဲ၊ ကဲ... မင်းပြော"

"သမီးနဲ့ ဖြစ်သွားမှာစိုးရတယ်၊ ဒါပဲပေါ့"

"အေး... ဟုတ်တယ်၊ ငါတို့မှာက သမီးလေးတစ်ယောက် ရှိတယ်၊ အဲဒီအိမ်မှာ လူပျိုလူရွယ် ကောင်ကလေးတစ်ယောက်က လာနေမယ်ဆိုတော့ ဖြစ်သွားဖို့က တော်တော်များတာပဲ"

"ကျွန်မကတော့ အဲဒီကောင်လေးကို သိပ်လက်မခံချင်ဘူး ကိုသာလှ..."

"ဘာဖြစ်လို့လဲ"

"ရှင်ပြောသလိုပေါ့၊ ရှင်းရှင်းလေးပဲ"

ဒေါ်ကြည်မြင့်သည် သူ့မျက်နှာနားသို့ ဝေ့လာသော စီးကရက်မီးခိုးများကို ဖြေ့ယမ်းထုတ်လိုက်ပြီး ဆက်ပြောသည်။

"ကိုအောင်ထိန်ဟာ ရှင့်သူငယ်ချင်းဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခုချိန်မှာ ကိုအောင်ထိန်တို့ အခြေအနေကလည်း သိပ်မဟန်ဘူးဆို၊ တလောက မြင်းခြံက လူတစ်ယောက်လာလို့ ရှင်ပဲ မေးတယ်မဟုတ်လား၊ ကိုအောင်ထိန့် စာထဲမှာလည်း ပါလာတယ်လေ၊ သူ စီးပွားရေးပျက်တဲ့အကြောင်း၊ ပြီးတော့ သူ့သားဆိုတဲ့ ဟိုသူငယ်ကလည်း ရန်ကုန်လာမယ့်ကိစ္စက အလုပ်အတွက် စာမေးပွဲလာဖြေမှာဆိုမဟုတ်လား၊ ခုမှ စာမေးပွဲဖြေတဲ့အဆင့်ပဲ ရှိသေးတယ်ဆိုတော့ ဒီကောင်လေးမှာ လောလောဆယ် အလုပ်အကိုင် မရှိသေးလို့နေမှာပေါ့၊ ကဲ… အဲဒီလို စီးပွားရေးလည်း မတောင့်၊ အလုပ်အကိုင်လည်း မရှိသေးတဲ့လူတစ်ယောက်နဲ့ သမီးကို"

"အေး ဟုတ်တယ်၊ ငါ့အနေနဲ့လည်း ဖြစ်မသွားစေချင်ဘူး၊ ဒါပေမဲ့ လက်မခံနိုင်ဘူးလို့ ပြောလို့ မဖြစ်ပြန်ဘူးကွ၊ ငါတို့အပေါ်မှာ အရင်က အောင်ထိန့်ရဲ့ကျေးဇူးတွေ အများကြီး ရှိနေခဲ့ဖူးလေတော့"

ဒေါ်ကြည်မြင့်စကားကို ဦးသာလှက ဖြတ်ပြောပြီးသောအခါ သူ့စကားကို ဒေါ်ကြည်မြင့်က တစ်ဖန် ဖြတ်ပြောပြန်၏။

"ဟိုကိစ္စကိုလည်း ထည့်စဉ်းစားဦး၊ ခင်မောင်မောင်စိန်နဲ့ စီစဉ်ထားတာကို"

"အေးလေ၊ အဲဒါလည်း ထည့်တွက်ရမှာပေါ့"

"အဲဒီ မောင်ခင်မောင်မောင်စိန်ကတော့ ဘာပြောစရာလိုသလဲ၊ အဖက်ဖက်က ပြည့်စုံပြီးသားပဲဟာ"

"ဟုတ်ပါတယ်လေ၊ ငါကလည်း ဘာပြောလို့လဲ၊ ခုဟာက ဒီသူငယ်ကို လက်မခံဘူးလို့ ပြောလို့လည်း မဖြစ်သေးဘူးကွ"

"အို… မောင်ခင်မောင်မောင်စိန်က…"

"ဟာ.. ခက်လိုက်တာ၊ ငါပြောနေတာက အောင်ထိန့်သားကို ပြောနေတာ"

"အဲဒီတော့ ဘယ်လိုလုပ်မလဲ၊ သူလာရင် ကျွန်မတို့ ပွဲရုံထပ်ခိုးမှာ နေခိုင်းရင် ကောင်းမလား"

"ဟာ.. ဘယ်ဖြစ်မလဲကွ၊ အလုပ်သမားတွေလည်း ရှိနေတဲ့ဟာ၊ ပြီးတော့ အဲဒီမှာ သွားနေခိုင်းရင် မကောင်းဘူးလေ၊ ပြောစရာ ဖြစ်လာမယ်"

"ပြောစရာဖြစ်တာက နောက်၊ သမီးကိစ္စက အရင်"

"အေးပါကွာ၊ ငါ ကြည့်စီစဉ်ပါ့မယ်"

အိုအောင်သည် အဖေ့ကို ထိုင်ကန်တော့သည်။

အဖေသည် ဆုမပေးချေ။ အဖေပြောနေကျ စကားတစ်ခု ရှိသည်။ 'ဆုပေးတိုင်းလည်း ရတာမဟုတ်ဘူးကွ၊ ကိုယ့်ဘာသာကိုယ် လုပ်ရမှာ' ထို့ကြောင့် အဖေ ဆုပေးလေ့မရှိ။ အဖေ့ကို ကန်တော့တိုင်း ဩဝါဒတစ်ခုခုကိုသာ ပြောလေ့ရှိသည်။

"အဖေပြောမယ့်စကားက နည်းနည်းတော့ထူးမယ်ကွ သားရဲ့"

ထိုသို့ပြောလိုက်သော်လည်း အိုအောင်သည် အဖေ့ကို သိပ်မထူးခြားသလိုပင် ကြည့်နေလိုက်သည်။ အကြောင်းမှာ အဖေသည် ထူးခြားသောစကားတွေကို မကြာခဏ ပြောတတ်သောကြောင့် ဖြစ်သည်။

"အခု ငါ့သား သွားရမယ့်ကိစ္စက အလုပ်စာမေးပွဲအတွက်ဆိုတာလည်း မှန်တယ်၊ နောက်တစ်ခုက သားရဲ့ အိမ်ထောင်ရေးအတွက်လည်း ပါတယ်ကွ"

"ခင်ဗျာ"

ဒီတစ်ခါကျ အိုအောင် တကယ် အံ့သြသွားသည်။

"အေးလေကွာ၊ အဖေတို့သားအဖဟာ သူငယ်ချင်းလို နေခဲ့ကြတာပဲဟာ၊ ရှင်းရှင်းပဲ ပြောကြရအောင်၊ ဒီလိုကွ... မင်း အခု သွားနေမယ့်အိမ်က သာလှတို့အိမ်မှာ သမီးကလေးတစ်ယောက် ရှိတယ်"

"ဟုတ်ကဲ့ ဖေဖေ"

"ဟ.. နေပါဦးကွ သားရဲ့၊ အဖေတောင် သေသေချာချာ မပြောရသေးဘူး၊ မင်းက ဟုတ်ကဲ့နေပြီလား"

သားအဖနှစ်ယောက်စလုံး ရယ်လိုက်ကြ၏။

"အဲ... အဲဒီကလေးမ သူ့နာမည်က ခင်ဦးမြင့်တဲ့၊ ခုဆို အသက် နှစ်ဆယ့်နှစ် နှစ်ဆယ့်သုံးတော့ ရှိပြီ၊ ကောင်မလေးဟာ လှမှာတော့အမှန်ပဲကွ၊ ဘာကြောင့်လဲဆိုတော့ မကြည်မြင့်ဟာ ငယ်ငယ်က တော်တော်လှတာကိုး၊ သာလှကလည်း သိပ်မခေလှဘူး၊ ပြီးတော့ သူတို့ပွဲရုံနဲ့ အဆက်ရှိတဲ့ ကုန်သည်တွေကို တီးခေါက်ကြည့်တော့ တချို့က မြင်ဖူးကြတယ်၊ လှတယ်လို့ ပြောသကွ၊ စိတ်သဘောထား ကောင်းမကောင်းဆိုတာကတော့ မင်း ဆက်ဆံကြည့်တဲ့အခါကျတော့ သိမှာပါပဲ၊ ဒီတော့ ငါ့သား..."

ဦးအောင်ထိန်က အိုအောင့်ပခုံးကို လှမ်းပုတ်လိုက်သည်။ ထိုအချိန်ထိ အိုအောင်သည် ကြမ်းပြင်ပေါ်တွင် ဒူးတုပ်ထိုင်နေတုန်း။ ဦးအောင်ထိန်က ရယ်လိုက်သည်။

"အဖေကလည်း အဲဒီကိစ္စ စိတ်ဝင်စားနေတာနဲ့၊ ကဲ... ထကွာ"

အိုအောင် ထရပ်လိုက်သည်။ ဦးအောင်ထိန်ကလည်း ကုလားထိုင်ပေါ်မှာ ထိုင်နေရာမှ ထလိုက်သည်။ အိုအောင်၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး...

"ကိုင်း.. သွားပေတော့ ငါ့သား၊ အဖေ နောက်ဆုံး မှာလိုက်ချင်တာကတော့ တကယ်လို့များ အဲဒီမိန်းကလေးကို ငါ့သား စိတ်ဝင်စားမယ်ဆိုရင် သူကလည်း မင်းကို လက်ခံမယ်ဆိုရင်ပေါ့၊ အဖေ မကန့်ကွက်ဘူးဆိုတာပါပဲ"

အိုအောင်သည် အဖေ့ကို နှုတ်ဆက်ပြီး ဘူတာရုံသို့ ထွက်လာခဲ့သည်။

တစ်ခါတလေကျတော့ ဖေဖေတို့ မေမေတို့ကို ဆန့်ကျင်ပစ်လိုက်ချင်သည်။ ဘာကြီးပဲဖြစ်ဖြစ် လုပ်ချင်တာတွေ အကုန် လျှောက်လုပ်လိုက်မယ်ဟု စိတ်ကူးမိတတ်သည်။ သို့ရာတွင် တစ်ခါမျှ မလုပ်ဖြစ်ခဲ့။ ခင်ဦးမြင့်သည် မိဘစကားကို နားထောင်ခြင်း၊ မိဘစိတ်တိုင်းကျဖြစ်အောင် နေထိုင်ခဲ့ခြင်း၊ မိဘ၏ သဘောထားကို မလွန်ဆန်ခဲ့ခြင်းတို့တွင် အကျင့်များတောင် ပါနေပြီလားမသိ။

တစ်ဦးတည်းသော သမီးဖြစ်သဖြင့် အစစအရာရာ လိုလေသေးမရှိအောင် ထားခဲ့သည်မှာ မှန်၏။ စားချင်တာကို စားချင်သလောက်စား၊ ဝတ်ချင်တာကို ဝတ်ချင်သလောက်ဝတ်၊ ထိုအခြေအနေအထိတော့ ဟုတ်သည်၊ သို့ရာတွင် လူ့ဘဝဆိုသည်မှာ စားရုံဝတ်ရုံဖြင့် မပြီးသေး။ လုပ်ချင်တာကလေး လုပ်လိုက်ရမှ။

သူ ဆယ်တန်းအောင်တော့ ပညာရေးတက္ကသိုလ် တက်ချင်သည်။ ကျောင်းဆရာမ လုပ်ချင်သည်။ သို့ရာတွင် မိဘများက ခွင့်မပြု။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကို တက်ခဲ့ရသည်။ ဘွဲ့ရပြီးတော့လည်း သူ အလုပ်တစ်ခုခု ဝင်လုပ်ချင်သည်။ မရ။ ဘာအလုပ်မှုမရှိဘဲ အိမ်မှာပင် ဒီအတိုင်းနေရသည်။

ရေချိုးခြင်း၊ အဝတ်စားလဲခြင်း၊ အလှပြင်ခြင်း၊ သီချင်းနားထောင်ခြင်း၊ စာဖတ်ခြင်းတို့သည်သာ သူ့အတွက် အလုပ်ရှိသည်။ ထမင်းဟင်းဝင်ချက်ဖို့ ကြိုးစားကြည့်သည်။ မီးဖိုထဲမှာက သူ့နေရာနှင့်သူ လူတွေပြည့်စုံပြီးသား။ သူ့အတွက် နေရာမရှိ။ သူသည် လူပိုတစ်ယောက်လို ဟိုထိုင်သည်ထိုင်နှင့်ပင် ပြီးသွားသည်။

ပျင်းလျှင် သူငယ်ချင်းတွေဆီ ဖုန်းဆက်သည်။ တစ်ခါတလေ ရုပ်ရှင်ကြည့်သည်။ များသောအားဖြင့် ညပွဲ။ ဖေဖေတို့ မေမေတို့ လိုက်ပို့သည်။ သူတို့မအားလျှင် ဒေါ်လေးနှင့်သွားရသည်။ ဒေါ်လေးဆိုသည်မှာ အိမ်က စားရေး သောက်ရေး လျှော်ဖွပ်ရေးတို့ကို အုပ်ချုပ်စီမံရသော ဆွေမျိုးနီးစပ် အဒေါ်ကြီး၊ အိမ်က ကားအားသောနေ့ဆိုလျှင် သူငယ်ချင်းတွေအိမ် သွားလည်ရသည်။ သို့ရာတွင် မိန်းကလေးတစ်ယောက်အဖို့ နေ့တိုင်းအပြင်ထွက်ပြီး လျှောက်လည်ဖို့ဆိုသည်မှာ မဖြစ်နိုင်။ ထို့ကြောင့် အိမ်မှာနေပြီး သီချင်းနားထောင်၊ စာဖတ်၊ စား၊ အလှပြင်၊ အိပ် ဆိုသော သံသရာထဲမှာပင် လည်နေရသည်။

ဘာမှု ပင်ပင်ပန်းပန်း မလုပ်ရသောဒုက္ခကို ခံစားနေရသည်ပင် ဆိုကြပါစို့။ ဒီလိုဒုက္ခမျိုး ခံစားချင်လိုက်တာဟု တောင့်တမိကြမည်မှာ အမှန်။ ခဏတဖြုတ်တော့ ပျော်စရာကောင်းပါလိမ့်မည်။ နှစ်နှင့်ချီပြီးကြာအောင် နေကြည့်ကြစမ်း။ ထိုအခါ အူကြောင်ကြောင်နိုင်လှသော ဘဝ၊ အဓိပ္ပါယ်မရှိသောဘဝကို စိတ်ညစ်လာပါလိမ့်မည်။

ခင်ဦးမြင့်အနေဖြင့် စိတ်မချမ်းမသာ အဖြစ်ရဆုံးကိစ္စမှာ သူ့အိမ်ထောင်ဖက်ကို သူကိုယ်တိုင် ရှာခွင့်မရခဲ့ခြင်းပင် ဖြစ်လေသည်။ တက္ကသိုလ် ပထမနှစ်တက်ရမည့်အချိန်တွင် မေမေက ပြောသည်။ ကျောင်းမှာ ရည်းစားမထားနဲ့၊ သမီးအတွက် အိမ်ထောင်ဖက်ကို မေမေတို့ကိုယ်တိုင် စိတ်ကြိုက်ရွေးပေးမယ်။ သမီးအနေနဲ့ အဲဒီကိစ္စကို လောလောဆယ် ခေါင်းထဲမှာ လုံးဝထည့်မထားနဲ့၊ အချိန်ကျရင် မေမေတို့ စီစဉ်ပေးမယ်။

ထို့ကြောင့် သူ ဘွဲ့ရပြီးခါစအချိန်တွင် ကိုခင်မောင်မောင်စိန်ဆိုသူသည် သူတို့အိမ်သို့ အဝင်အထွက်ရှိလာခဲ့ခြင်း ဖြစ်သည်။ ဒါ သမီးနဲ့လက်ထပ်ပေးဖို့ ရည်ရွယ်ထားတဲ့ သူငယ်ပဲဟု ဖွင့်မပြောသည့်တိုင် သူစိမ်းယောက်ျားကလေးတစ်ယောက် အနေဖြင့် အိမ်ကို အကြောင်းမရှိဘဲနှင့်လည်း အလည်အပတ်လာခြင်း၊ ဖေဖေတို့ မေမေတို့က အလွန်အရေးပေးခြင်းတို့ကြောင့် သူ သိနားလည်ထားရသည်။ 'မောင်ခင်မောင်မောင်စိန်ကလေးဟာ မဆိုးဘူးကွယ့်၊ မိဘများကလည်း အဆင့်အတန်းရှိတယ်'

"သူကိုယ်တိုင်လည်း စီးပွားရေးလုပ်ငန်းတစ်ခုကို ဦးစီးနေတာမဟုတ်လား"ဟု သူ့ရှေ့မှာ ဖေဖေတို့ မေမေတို့ မကြာခဏ ပြောတတ်သည်။ ကိုခင်မောင်မောင်စိန်နှင့်ပတ်သက်၍ ဘယ်အဆင့်ထိ အစီအစဉ်လုပ်ထားပြီးဖြစ်ကြောင်းတော့ မသိ။ မိဘချင်း သဘောတူညီမှု ရရှိပြီးပြီလား၊ အရိပ်အမြွက် ပြောထားရုံပဲလား စသည်တို့ကိုလည်း သူ

သိခွင့်မရခဲ့။

ခုလည်း ဖေဖေ့သူငယ်ချင်းရဲ့သား ကိုအိုအောင်ဆိုသူတစ်ယောက် အိမ်ကို ရောက်လာပြန်ဦးမည်တဲ့။ ဒီလူကတော့ ဟိုလူလို အစီအစဉ်မျိုးနှင့် မဟုတ်။ သူ့ဘာသာ စာမေးပွဲလာဖြေခြင်း ဖြစ်သည်။ အဲဒီကိုအိုအောင်ဆိုသူ လာလျှင် ပုံမှန်ထက် ပို၍မဆက်ဆံဖို့၊ သိပ်အရောမဝင်ဖို့။

ခင်ဦးမြင့် စဉ်းစားရခက်နေသည်။ ဖေဖေတို့ မေမေတို့၏သဘောထားကို နားမလည်နိုင်အောင် ဖြစ်ရ၏။ သူတို့သည် ကိုယ်မကြည်ဖြူနိုင်သော လူတစ်ယောက်ကို ဘာကြောင့် အိမ်မှာလာနေဖို့ သဘောတူလက်ခံခဲ့ရသနည်း။ ထိုအကြောင်းကိုလည်း သူ့ကို ရှင်းမပြခဲ့ကြ။

တကယ်တော့ အိုအောင်နှင့် ပတ်သက်သောကိစ္စကို သမီးဖြစ်သူအား ကြိုတင်ပြောကြားထားခဲ့ခြင်းဖြစ်သည် ဒေါ်ကြည်မြင့်၏ အမှားတစ်ကွက် ဖြစ်သွားနိုင်သည်။

လူတို့သည် မလုပ်နှင့်ဆိုလျှင် လုပ်ကြည့်ချင်သည်။ မကြည့်နှင့်ဆိုတာကိုမှ ပို၍ကြည့်ချင်သည်။ မပြောရဆိုလျှင် ပိုပြောချင်သည်။ အိုအောင် လာမည့်ကိစ္စကို သာမန်အသိပေးရုံလောက် ခပ်ပေါ့ပေါ့ပြောခဲ့လျှင် အကြောင်းမဟုတ်။ ခုလို အရောမဝင်ရ၊ ခပ်မှန်မှန်နေဟု တားမြစ်ပိတ်ပင်သည့်သဘောမျိုး ပြောထားခဲ့သောအခါ ခင်ဦးမြင့်ဆိုသော မိန်းကလေးသည် လူ့သဘာဝအတိုင်း သိချင်၊ ပြောချင်၊ လုပ်ချင်သောစိတ်ကလေး ဝင်လာခဲ့လျှင် တစ်နည်းအားဖြင့် ဘယ်လိုလူပါလိမ့်ဟု စိတ်ဝင်စားမှုကလေး ရှိလာခဲ့လျှင်

ဒါကလည်း တကယ်လို့များ ဖြစ်လာခဲ့လျှင်ဟု ပြောခြင်းသာဖြစ်ပါသည်။ ဖြစ်လာမည်ဟု မဆိုရသေးပါ။

သို့ရာတွင် သူတို့နှစ်ယောက်၏ ပထမဆုံးတွေ့ဆုံခန်းသည် နည်းနည်းတော့ ထူးခြားလေသည်။

အိုအောင်သည် ဝင်းတံခါးဝနားတွင် ရပ်နေသည်။ ခြံဝင်းတံခါးသည် ဖွင့်ထား၏။ ဟိုဟိုဒီဒီ လှမ်းကြည့်သည်။ အထဲမှာ လူရိပ်လူယောင် မမြင်ရ။ ခြံထဲဝင်သွားရန် သင့်မသင့်စဉ်းစားသည်။ ခွေးတွေဘာတွေ မွေးထားပုံတော့မရ။ ပြီးတော့ တံခါးဖွင့်ထားသဖြင့် ခွင့်မတောင်းဘဲ မဝင်စေလိုသော သဘောမရှိ။ ထို့ကြောင့် သူ လျှောက်ဝင်သွားသည်။

ခင်ဦးမြင့်သည် ဧည့်ခန်းထဲက ဒရင်းဘတ်(ခေါ်) နိုင်ငံခြားဖြစ် ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေသည်။ ဖတ်နေသော မဂ္ဂဇင်းထဲက ဝတ္ထုတိုတစ်ပုဒ် ဆုံးသွားသောအခါ စာအုပ်ကိုပိတ်လိုက်ပြီး သူ စဉ်းစားသည်။ ကက်ဆက်ရီကော်ဒါ ဖွင့်ပြီး သီချင်းနားထောင်လျှင် ကောင်းမလား၊ ဖွင့်လျှင် ဘယ်အခွေကောင်းမလဲ ဖြူသီ၏ အဏ္ဏဝါချစ်ခရီး၊ စိုးပိုင်၏ ပထမသီချင်းများ၊ ဒါမှမဟုတ် နန်းတော်ရှေ့အလွမ်းပြေ၊ ခုမှ သတိရသည်၊ ကက်ဆက်က ဒီမှာမရှိ။ မေမေက ဝင်းဦး၏ သီချင်းကြီးတွေ နားထောင်မည်ဆိုပြီး သူ့အခန်းထဲ ယူသွားသည်။ ယင်းမာဆီ ဖုန်းဆက်မည်ဟု စိတ်ကူးမိပြန်သည်။ သူဖတ်နေသော ပေဖူးလွှာမဂ္ဂဇင်းထဲက ဝတ္ထုအကြောင်း ပြောပြရမည်။

ထိုအချိန်မှာပင် ခေါင်းလောင်းသံကြားရ၏။ တယ်လီဖုန်းကို ဆတ်ခနဲ လှမ်းကြည့်မိသေးသည်။ အိမ်ရှေ့တံခါးဆီမှ လူခေါ် ခေါင်းလောင်းသံဖြစ်ကြောင်း သိတော့မှ သူ မြန်မြန်ထပြီး တံခါးဆီသို့ သွားသည်။

ဘာဂျာတံခါးရှေ့တွင် ရပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။ သူ့ခြေရင်း သမံတလင်းပေါ်တွင်

အဝတ်အစားထည့်သည့် သားရေအိတ်တစ်လုံး ချထားသည်။ မေမေပြောသော ကိုအိုအောင်ပင် ဖြစ်လိမ့်မည်ဟု သိလိုက်သည်။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ"

အိုအောင်ဖြစ်မှန်းသိပါလျက် ဘာကြောင့် ဒီလိုမေးလိုက်မိမှန်း သူ့ကိုယ်သူမသိ။ မိန်းကလေးတစ်ယောက်အနေဖြင့် ဟန်ဆောင်လိုက်ရခြင်း ဖြစ်ချင်ဖြစ်မည်။ ဟော ကိုအိုအောင် မဟုတ်လားဟု မေးဖို့မသင့်လျော်ချေ။ အိုအောင်ကတော့ သူ့အဖေပြောလိုက်သော ခင်ဦးမြင့်ဆိုတာ သူပဲဟု အတပ်သိလိုက်သည်။ အဖေပြောသလို လှတယ်ဆိုတာ တကယ်ပဲဟုလည်း သူ့ကိုယ်သူ ဝန်ခံလိုက်သည်။

"ကျွန်တော် အိုအောင်ပါ၊ မြင်းခြံက ဦးအောင်ထိန်ရဲ့ သားပါ၊ ဒီက ဦးတို့ဆီလည်း ကျွန်တော့်အဖေက စာရေးထားပါတယ်"

"သြော်... ဟုတ်ကဲ့၊ ခဏနော်"

ခင်ဦးမြင့်က သော့သွားယူပြီး တံခါးဖွင့်ပေးသည်။

"အထဲကိုဝင်ပါ၊ ခဏထိုင်ပါဦး၊ မေမေ့ကို သွားခေါ်ပါ့မယ်"

အိုအောင်က ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ ခင်ဦးမြင့်က အပေါ်ထပ်သို့ တက်မည်ဟု လှည့်လိုက်ချိန်တွင် လှေကားမှဆင်းလာသော ဒေါ်ကြည်မြင့်ကို တွေ့လိုက်ရသည်။

"ဘယ်သူလဲ သမီး"

"ဟို..."

ခင်ဦးမြင့် ပြောရမှာခက်နေသည်။ အိုအောင်က မတ်တတ်ထရပ်လိုက်ပြီး ဝင်ပြောသည်။

"ကျွန်တော် မောင်အိုအောင်ပါ ခင်ဗျာ၊ မြင်းခြံက ဦးအောင်ထိန်ရဲ့ သားပါ"

"သြော်... အေး"

ဒေါ်ကြည်မြင့်က အေးစက်စက် ပြန်ပြောလိုက်သည်။

"ထိုင်ပါ"

အိုအောင် ပြန်ထိုင်သည်။ ဒေါ်ကြည်မြင့်သည် ခင်ဦးမြင့်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထိုအကြည့်သည် နည်းနည်းတင်းမာသော အမိပွါယ်ဆောင်နေကြောင်း အိုအောင် ရိပ်မိလိုက်သည်။ ဒေါ်ကြည်မြင့်က...

"သြော်... သမီး၊ အပေါ်မှာ မေမေ ကက်ဆက် မပိတ်ခဲ့မိဘူး၊ သွားပိတ်လိုက်ဦး၊ ပြီးတော့ ဘုရားစင်က သောက်တော်ရေလဲလိုက်စမ်းကွယ်၊ မနက်က မေမေ မလဲမိဘူး"

သူ့ကို နှင်လိုက်ခြင်းဖြစ်ကြောင်း ခင်ဦးမြင့် သိသည်။ လှည့်ထွက်ခါနီး အိုအောင်ကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်မိသည်။ လူကတော့ ခပ်ရိုးရိုးပုံပဲဟု ပထမဆုံးသော မှတ်ချက်ကို ချလိုက်သည်။

"မဒေါင်းရေ ကော်ဖီတစ်ခွက်"

ဟု ဒေါ်ကြည်မြင့် လှမ်းအော်သည်။ နောက်ဖေးဘက်မှ 'ဟုတ်ကဲ့ မမ'ဟု ပြန်အော်သံ ကြားရသည်။ ဒေါ်ကြည်မြင့်သည် ကုလားထိုင်တွင်ဝင်ထိုင်ပြီး...

"မင်း... ဦးလေးကတော့ ပွဲရုံသွားတယ်ကွယ့်၊ ညနေလောက်မှ ပြန်ရောက်လိမ့်မယ်၊ အဲဒီတော့မှပဲ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ဒါနဲ့ ကိုအောင်ထိန်တစ်ယောက် နေကောင်းရဲ့လား"

"ကောင်းပါတယ် ခင်ဗျား၊ ဒါပေမဲ့ တစ်ခါတစ်ခါတော့ ပန်းနာက ပြန်ပြန်ဖြစ်ချင်တယ်"

"အလုပ်အကိုင်ကော ကောင်းရဲ့လား"

"သိပ်အကောင်းကြီးမဟုတ်ပါဘူး၊ အလျင်မီရုံပါပဲ"

"ဪ... ဪ"

ကော်ဖီ ရောက်လာသည်။

"သောက်လိုက်ဦးကွယ်၊ ပြီးရင် မောင်အိုအောင်နေရမယ့်အခန်းကို လိုက်ပြပေးမယ်"ဟု ဒေါ်ကြည်မြင့်က ပြောသည်။

ဒေါ်ကြည်မြင့်သည် အတတ်နိုင်ဆုံး ဖော်ရွေပျူငှာအောင် ကြိုးစားနေရသည်။ တကယ်တော့ သူသည် ဟန်ဆောင်မကောင်းလှချေ။ စကားပြောရင်းက အိုအောင်၏ ရုပ်လက္ခဏာ နေပုံထိုင်ပုံ ပြောပုံဆိုပုံတို့ကို အကဲခတ်နေကြောင်း သိသာနေ၏။ ပြီးတော့ သူ့စိတ်ထဲမှာ မကျေမနပ် ဖြစ်နေတာတစ်ခု ရှိနေသေးသည်။

အိုအောင် ရောက်လာလာချင်း သမီးနှင့် စတွေ့သွားခြင်းကိုပင် ဖြစ်သည်။ ဒီအိမ်ကလူတွေထဲတွင် အိုအောင်ကို ပထမဆုံးမြင်တွေ့ရသူမှာ သမီးဖြစ်သကဲ့သို့ အိုအောင်အနေဖြင့်လည်း ဒီအိမ်သူအိမ်သားတွေထဲတွင် ခင်ဦးမြင့်ကို အရင်ဆုံး မြင်ဖူးလိုက်ရခြင်း ဖြစ်သည်။ ဒါကို ဒေါ်ကြည်မြင့်က သိပ်သဘောမကျဘဲ ဖြစ်နေသည်။

အမှန်စင်စစ် အိုအောင်နှင့် ခင်ဦးမြင့်တို့သည် တစ်ယောက်နှင့်တစ်ယောက် မြင်မြင်ချင်း ဘာမျှမဖြစ်လိုက်ကြပါ။

အိုအောင်သည် သူနေရမည့်အခန်းကလေးကို လှေ့လာကြည့်နေသည်။ အခန်းက နည်းနည်းတော့ကျဉ်းသည်။ သို့ရာတွင် သပ်သပ်ရပ်ရပ်ရှိ၏။ အသစ်သုတ်ထားသော သဘော်ဆေးနံ့ နည်းနည်းကျန်နေခြင်းသာ ပြောစရာရှိသည်။ ဒါလည်း ကိစ္စတော့ မရှိ။ ဒီအနံ့လောက်ကို သူခံနိုင်သည်။ ဘာပဲဖြစ်ဖြစ် ဒီအခန်းကလေးသည် သူ့အတွက် ကျေနပ်ဖွယ်ကောင်းသော အဆင့်မှာရှိသည်။

တစ်ခုတော့ စဉ်းစားစရာရှိသည်။ ဒီအခန်းကလေးသည် ဟိုးအရင်ကတည်းက ရှိနေခြင်းမဟုတ်နိုင်။ ခြေရာလက်ရာကို ကြည့်ခြင်းအားဖြင့် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းကမှ ပြင်ဆင်ထားခြင်းဖြစ်သည်။ ပြီးတော့ ထိုအခန်းသည် ဦးသာလှတို့နေသော တိုက်ထဲမှာမဟုတ်။ တိုက်နှင့် ကပ်လျက်ရှိသော အခန်းကျဉ်းကလေးတစ်ခုသာ။ အရင်က ပစ္စည်းသိုလှောင်ခန်းအဖြစ် အသုံးပြုခဲ့သလားမသိ။ ဒီအခန်းကို လိုက်ပြရင်း ဒေါ်ကြည်မြင့်က ပြောပြသွားခဲ့သည်။ ငါ့တူက စာမေးပွဲဖြေရမှာဆိုတော့ လွတ်လွတ်လပ်လပ် စာကြည့်လို့ရအောင် သီးသန့်စီစဉ်ထားတာပါတဲ့။ ထိုအတိုင်း အမှန်လည်း ဖြစ်ချင်ဖြစ်မည်။ ဖြစ်ချင်မှလည်း ဖြစ်မည်။ သူနှင့်ဆက်ဆံရာတွင် ဒေါ်ကြည်မြင့်၏အမူအရာ အေးစက်စက် ဖြစ်နေခြင်း၊ ခင်ဦးမြင့်ကို အပေါ်ထပ်သို့ သွားနေခိုင်းခြင်းတို့ကို ကြည့်၍ သူ့အပေါ် ဒေါ်ကြည်မြင့်က သိပ်လိုလားပုံမရဟု ခန့်မှန်းလိုက်သည်။

ဘာကြောင့်လဲ၊ ဖြစ်နိုင်တာ တစ်ခုပဲရှိသည်။ သူတို့သမီးနှင့် နီးစပ်သွားမှာ စိုးရိမ်သောကြောင့်သာ ဖြစ်ရမည်ဟု

အိုအောင် ခန့်မှန်းလိုက်၏။

တကယ်လည်း အဲဒီအတိုင်းပဲမဟုတ်လား။ အိုအောင်လာမည်ဆိုသောသတင်းကြောင့် ဦးသာလှနှင့် ဒေါ်ကြည်မြင့်တို့ ဇနီးမောင်နှံ အတော် ခေါင်းရှုပ်သွားသည်။ ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေ လုပ်ကြသည်။ ဦးသာလှက တာဝန်ယူစီစဉ်လိုက်သည်။ သူတို့တိုက်နှင့် ကပ်လျက်ရှိနေသော စတိုခန်းကို ရှင်းလင်းသည်။ ဆေးအသစ်သုတ်သည်။ သပ်ရပ်အောင်ပြုဆင်သည်။ ဒါမှ မျက်နှာလည်း မပျက်ရ။ အန္တရာယ်ကာကွယ်ပြီးသားလည်း ဖြစ်မည်။ ဒေါ်ကြည်မြင့်ကလည်း သမီးကို မျက်ခြည်မပြတ် ထိန်းသိမ်းထားရမည်။ ဒါ သူတို့ဘက်က ကာကွယ်ရေးအစီအစဉ်တွေပေါ့။

အိုအောင်လည်း ဒါကို နည်းနည်းတော့ရိပ်မိသည်။ တကယ်တော့ သူတို့၏ အစီအစဉ်များသည် အပိုသက်သက် ကိုယ့်ဒုက္ခကိုယ်ရှာခြင်းသာ ဖြစ်ပါလိမ့်မည်။ အကြောင်းမှာ သူသည် ခင်ဦးမြင့်ကို စိတ်ဝင်စားခြင်းမရှိကြောင်း သူ့ကိုယ်သူ သိသောကြောင့်ပင်။

ဧည့်ခန်းထဲရှိ ဧည့်ခံကုလားထိုင်ကြီးများပေါ်တွင် လူသုံးဦးတို့ ထိုင်နေကြသည်။ ဦးသာလှ၊ ဒေါ်ကြည်မြင့်နှင့် အိုအောင်တို့ဖြစ်လေသည်။ ဦးသာလှ ပြန်ရောက်လာပြီးနောက် အိုအောင်ကို ထမင်းစားလာခေါ်သည်။ ထမင်းစားကြတုန်း ဒေါ်ကြည်မြင့်က အိုအောင်ကို တစ်စုံတစ်ရာမေးဖို့ စကားစသေးသည်။ ဦးသာလှက အေးအေးဆေးဆေး ထမင်းစားပါစေဦးကွာ၊ ပြီးမှ စကားပြောကြတာပေါ့ဟု ဟန့်တားသဖြင့် မမေးဖြစ်ခဲ့။ ထမင်းစားပြီးကြတော့မှ ဧည့်ခန်းထဲမှာ ထိုင်ပြီး စကားပြောကြသည်။

ခုချိန်ထိ ထမင်းစားလို့ကောင်းရဲ့လား၊ နေရထိုင်ရတာ အဆင်ပြေရဲ့လား၊ ကိုအောင်ထိန်တစ်ယောက် နေကောင်းရဲ့လား၊ ဟုတ်ကဲ့... ခင်ဗျ၊ ဟုတ်ကဲ့... ခင်ဗျ ဆိုတာလောက်သာ ပြောရသေးသည်။ ပဓာနကျသော အကြောင်းအရာသို့ မရောက်ကြသေး။ ထိုအကြောင်းအရာသည် အိုအောင် အတွက် မဟုတ်။ ဦးသာလှ ဒေါ်ကြည်မြင့်တို့အတွက် ပဓာနကျသော အကြောင်းအရာသာဖြစ်သည်။

တစ်နည်းအားဖြင့် သူတို့ စိတ်ဝင်စားနေသောကိစ္စ။

ဦးသာလှ ဒေါ်ကြည်မြင့်တို့နှစ်ယောက်စလုံးပင် ထိုစကားကို စဖို့ ခက်နေကြသည်။ အမှန်အားဖြင့် ဘာမျှခက်စရာ အကြောင်းမရှိ။ ရိုးရိုးသာမန် ပြောရိုးပြောစဉ်စကားမျိုးကို ပြောရမှာပဲ၊ သို့ရာတွင် သူတို့သည် အိုအောင်အပေါ် သဘောထားတစ်မျိုး ဖြစ်နေသည်။ သူတို့ကိုယ်သူတို့ လိပ်ပြာမလုံ၊ အိုအောင်အပေါ် သိပ်မလိုလားကြောင်း ပေါ်သွားမည်ကိုလည်း စိုးရိမ်နေကြသည်။ ဦးသာလှကလည်း ဒေါ်ကြည်မြင့်များ စပြောမလားဟု စောင့်နေ၏။ ဒေါ်ကြည်မြင့်ကလည်း ဦးသာလှမျက်နှာကို တစ်ချက်တစ်ချက် လှမ်းကြည့်ပြီး အချက်ပေးဖို့ ကြိုးစားသော်လည်း မအောင်မြင်ချေ။ ဤသို့ဖြင့် အချိန်အတန်ငယ် ကြာမြင့်သွားသည်။

ထိုသုံးယောက်တွင် အိုအောင်သည် ကန္တေအရဆုံး ဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ဦးသာလှတို့ မိသားစုအပေါ်တွင် စိတ်ရှင်းရှင်းထားနိုင်သောကြောင့် ဖြစ်သည်။ သူသည် ဧည့်သည်ဖြစ်သောကြောင့် အနေကျုံ့ရသည်မှာ မှန်၏။ သို့ရာတွင် သူ့အဖို့ စိမ်းနေသေးသော ဧည့်ခန်းတွင်းရှိ ပစ္စည်းပစ္စယများ ခင်းကျင်းထားပုံကို ဧည့်သည်တို့ထုံးစံအတိုင်း လျှောက်ပြီး မျက်စိကစားကြည့်ခွင့်ကိုလည်း ရလိုက်သေးသည်။

'အပဟမ်း' ဆိုသော လည်းချောင်းရှင်း ချောင်းဟန့်လိုက်သောအသံကို ကြားသောကြောင့် အသံရှင် ဒေါ်ကြည်မြင့်ထံ မျက်နှာမူလိုက်သည်။

"သြော်... ဒါနဲ့ ငါ့တူကို မေးရဦးမယ်"

"ဟုတ်ကဲ့... မေးပါခင်ဗျာ"

အိုအောင်က တည်ငြိမ်စွာပင် ပြောလိုက်၏။

"အေးကွယ့်... ကိုအောင်ထိန်နဲ့ မတွေ့ကြတာလည်း တော်တော်ကြာပြီဆိုတော့ ငါ့တူအကြောင်းလည်း သေသေချာချာ အဲ... ရေရေလည်လည်ပေါ့ကွယ်၊ မသိရသေးဘူး မဟုတ်လား၊ အဲဒါ..."

"ဟုတ်တယ်ကွ၊ ကိုယ့်တူလိုသားလို ဖြစ်နေတဲ့လူဆိုတော့လည်း သိထားချင်တာပေါ့ကွာ၊ ပညာရေး၊ စီးပွားရေး စသည်ဖြင့် ဆိုပါတော့"

ဦးသာလှက ဝင်ပြောသည်။ ပြီးတော့ အိုအောင်၏မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ အိုအောင်က...

"ဟုတ်ကဲ့၊ ကျွန်တော် စိုက်ပျိုးရေးသိပ္ပံဘွဲ့ ရပြီးပါပြီ ခင်ဗျာ"

"သြော်...သြော်"

ဦးသာလှက သြော်...သြော်ဟု ဝင်ထောက်လိုက်ပြီး နောက်ထပ်မေးမည့် မေးခွန်းအတွက် စကားလုံးများကို စိတ်ထဲတွင် ရွေးချယ်နေသည်။ ဒီတစ်ခါလည်း ဒေါ်ကြည်မြင့်ကပင် ဦးသွားပြန်၏။

"အင်း.. ဒါနဲ့ ငါ့တူက အခု ရန်ကုန်ကိုလာတဲ့ကိစ္စက အလုပ်ကိစ္စတဲ့... ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

"စာမေးပွဲဖြေရမယ်လို့ ကိုအောင်ထိန် စာထဲမှာပါတယ်လေ၊ အလုပ်အတွက် စာမေးပွဲတဲ့၊ အဲ့ဒါ..."

ဆိုပြီး ဆက်မမေးဘဲ အဆက်ပြတ်သွားသည်။ အိုအောင်ကတော့ ဘာကို မေးကြောင်း သိလိုက်ပြီ။ ထို့ကြောင့် ဖြေ၏။

"ဟုတ်ကဲ့... ကျွန်တော်တို့ဌာနအနေနဲ့"

"ဌာန... ဟုတ်လား"

ဒေါ်ကြည်မြင့်က မနေနိုင်မထိုင်နိုင် ဖြတ်မေးလိုက်၏။ ဦးသာလှလည်း ကောက်ကိုင်လိုက်သော မီးခြစ်ကို ပြန်ချထားလိုက်မိသည်။

"သြော်... ကျွန်တော်က မန္တလေးရုံးကပါ၊ ရုံးချုပ်ကတော့ ရန်ကုန်မှာပါပဲ၊ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းပေါ့"

"ဆိုပါဦးကွယ့်"

ဦးသာလှက ဝင်မေးသည်။ သူတို့သည် အိုအောင်ဆက်ပြောမည့် စကားများကို ကြားချင်နေကြပြီမှာ သေချာလေပြီ။

"ဒီလိုပါခင်ဗျား၊ ကျွန်တော်တို့ဌာန အင်း.. ကော်ပိုရေးရှင်းပေါ့လေ၊ အဲဒီကနေ ပညာတော်သင်တွေလွှတ်ဖို့ အစီအစဉ်ရှိပါတယ်၊ အဲဒီအတွက် လူရွေးမယ်ဆိုပါတော့၊ ကျွန်တော် အခုလာတာ လူရွေးမယ့်စာမေးပွဲ လာဖြေတာပဲ"

“ပညာတော်သင်ဆိုပါတော့”

ဦးသာလှကပင် စကားဝင်ထောက်လိုက်ပြန်သည်။

“ဟုတ်ကဲ့… သွားရမယ့်နေရာတွေကတော့ အစုံပါပဲခင်ဗျ၊ ဂျပန်လည်းပါတယ်၊ ကနေဒါ၊ ဩစတြေးလီးယား၊ ပြီးတော့…”

ဒေါ်ကြည်မြင့်၏မျက်နှာသည် ဝင်းခနဲဖြစ်သွားသည်ကို အိုအောင် သတိပြုမိလိုက်သည်။ ဦးသာလှသည် ဒေါ်ကြည်မြင့်အား ဒီလောက်ကလေးမှ ဟန်မဆောင်နိုင်ရကောင်းလားဟု အပြစ်တင်သော အကြည့်မျိုးဖြင့် မကြည့်မိစေရန် ထိန်းချုပ်ထားရသည်။ တကယ်တော့ သူကိုယ်တိုင်ပင် မီးညှိပြီးသား စီးကရက်ကို ထပ်ညှိမိတော့မလို့ သီသီကလေး လိုသွားသည်။

အိုအောင်ကတော့ အဘိုးကြီး အဘွားကြီးနှစ်ယောက်တို့၏ သဘောထားများကို စောစောကထက် ပို၍ တီးမိခေါက်မိ ရှိသွားခဲ့လေပြီ။

(၃)

“သူ့လခက နည်းလို့ မပေးစားနိုင်ဘူးဆိုပြီး တစ်ခါတည်း အပြတ်မပြောလိုက်နဲ့နော်၊ သူ့အိတ်ထဲမှာ အောင်ဆုပန်က ထိုးလာတဲ့ ထီလက်မှတ်သုံးစောင်မြင်တယ်ကွ၊ ဒီဆိုင်က သိပ်ပေါက်တာ၊ ပေါက်ခဲ့ရင် ချက်ချင်းပေးစားနိုင်အောင် စကားကို မတင်မကျ ပြောထား၊ ကြားလား”

အထက်ပါစကားသည် ကာတွန်းဝိဇ္ဇာကြီး ဦးဘဂျမ်းရေးဆွဲခဲ့သော အောင်ဆုပန် ထီဆိုင်ကြော်ငြာကာတွန်းမှ စာသားဖြစ်ပါသည်။ ပုံထဲတွင် ဟိုးနောက်ဘက်တွင် ဟန်ရေးပြနေသော သမီးပုံ၊ ဒီဖက်ထောင့်မှာက အောင်ဆုပန်ထီလက်မှတ် သုံးစောင်ကို အိတ်ထဲထည့်ပြီး စပ်ဖြဲဖြဲကလေးထိုင်နေသော သမက်လောင်းပုံ၊ အလယ်မှာ အဘိုးကြီးက အဘွားကြီးကို အထက်ပါအတိုင်း ခပ်တိုးတိုးပြောနေပုံ ရေးဆွဲထား၏။

ခုလည်း…

ဦးသာလှနှင့် ဒေါ်ကြည်မြင့်တို့မှာ ထိုကိန်းအတိုင်း ဆိုက်နေကြလေသည်။ အိုအောင်နှင့် စကားပြောလိုက်သောအခါကျမှ သူတို့တင်ထားသမျှ တက်တက်စင် လွဲမှားနေကြောင်း သိလိုက်ရသည်။ သူတို့သည် အိုအောင်ကို ကြိုတင်၍ အထင်သေးထားမိသည်။ ခုကျမှ အိုအောင်သည် သိပ်မခေကြောင်း သိလိုက်ရ၏။ သူ့စကားအရဆိုလျှင် လယ်-စိုက်-ရှင်းမှာ အရာရှိကလေး ဖြစ်သည် ဆို၏။ ဒါတင်မကသေး၊ နိုင်ငံခြားသွားရဖို့ အလားအလာလည်း ရှိနေသည်။

ထိုအကြောင်းများကို အိုအောင်ထံမှ သိခဲ့ရပြီးနောက် တစ်နေ့တွင် ဦးသာလှသည် ရွှေတိဂုံဘုရားလမ်းရှိ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းရုံးချုပ်သို့ သွားလေ၏။ သူ့အသိမိတ်ဆွေများထဲမှာ အိုအောင်အကြောင်းကို စုံစမ်းသည်။ ဝမ်းမြောက်ဖွယ်သတင်းကို ကြားခဲ့ရသည်။

အိုအောင်သည် ထိုကော်ပိုရေးရှင်းတွင် နာမည်ကောင်းရသူ ဖြစ်သည်။ မန္တလေးရုံးမှာ လုပ်သော်လည်း

သူ့အကြောင်း ကောင်းသတင်းတို့သည် ရန်ကုန်ရုံးချုပ်ထိ ရောက်၏။ အလုပ်ကြိုးစားသည်။ အရည်အချင်းရှိသည်။ အသက်ငယ်သည်။ ရိုးသားသည်။ ရှေ့အဖို့ တက်လမ်းများစွာရှိသည်။ လူကြီးတွေ မျက်စိကျနေသော လူတစ်ယောက်ဖြစ်သည်။ သူ့အခြေအနေက တော်တော်ကောင်းနေ၏။ ထိုအခါ ဦးသာလှနှင့် ဒေါ်ကြည်မြင့်တို့သည် အိုအောင်အပေါ် သဘောထား ပြောင်းသွားကြလေသည်။

ဤသို့ဖြင့်...

အိုအောင်သည် သူ့အခန်းကလေးထဲတွင် စာဖတ်နေသည်။ ယခုအပတ်ထုတ် တိုင်းမဂ္ဂဇင်းဖြစ်သည်။ ထိုအချိန်တွင် လူရိပ်ကိုမြင်၍ လှည့်ကြည့်လိုက်သည်။ အပေါက်ဝတွင် ရပ်နေသော ဒေါ်ကြည်မြင့်ကို မြင်လိုက်ရ၏။ ဒေါ်ကြည်မြင့်၏မျက်နှာမှာ အိုအောင် စရောက်ရောက်ချင်းနေ့နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဟိုတုန်းက အေးစက်စက်။ အခုတော့...

"ဟော.. ငါ့တူ စာကြည့်နေသလား၊ အေး... အေး ကြည့်ကြည့်"

ဟု ဆိုပြီး ပြန်လှည့်ထွက်မည် ပြု၏။ သို့ရာတွင် အိုအောင် မတ်တတ်ရပ်ပြီးသား ဖြစ်နေသောကြောင့် အားနာဟန်ပြုပြီး အခန်းထဲဝင်လာသည်။ တကယ်တော့လည်း သူသည် အိုအောင်နှင့် စကားပြောချင်သောကြောင့် လာခဲ့ခြင်းဖြစ်သည်။ ဒါကို အိုအောင်ကလည်း သိသည်။ အကြောင်းမဲ့သက်သက်တော့ ဘယ်သူက လာပါ့မလဲ။ ပြီးတော့ သူ့မျက်နှာထား အိုအောင်အပေါ် အလွန်လိုလားနှစ်သက်နေကြောင်း သိသာသည်။ ထိုမျှမကသေး အိုအောင်၏ အခန်း (အမှန်မှာ သူတို့ပိုင်သောအခန်း) ထဲသို့ ဝင်လာပုံမှာ အိုအောင် စာဖတ်နေသည်ကို နှောင့်ယှက်မိသည့်အတွက် အလွန်အားနာနေဟန်။

"ထိုင်... ထိုင်ပါ ခင်ဗျာ"

အိုအောင်သည် ကုလားထိုင်ကို ဆွဲယူပေးရင်း ပြောလိုက်၏။ ပြောပြီးမှ စိတ်ထဲက ရယ်ချင်သွားသည်။ ခုအချိန်တွင် သူက အိမ်ရှင်တစ်ယောက်လို ဖြစ်နေပြီး ဒေါ်ကြည်မြင့်က ဧည့်သည်ပုံ ပေါက်နေသောကြောင့် ဖြစ်လေသည်။

"ရပါတယ်ကွယ်.. ရပါတယ်၊ ဒါနဲ့ ငါ့တူ နေရထိုင်ရတာ အဆင်ပြေရဲ့လားကွယ့်"

"ဟုတ်ကဲ့... ပြေပါတယ်ခင်ဗျ"

"စားရသောက်ရတာကော"

"ကောင်းပါတယ် ခင်ဗျာ"

"လိုတာရှိရင် ပြောနော်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ခင်ဗျ"

ခုရက်ပိုင်းအတွင်း ထိုကဲ့သို့သော လောကွတ်ပျူငှာစကားမျိုး အချီအချ ပြောနေရသည်မှာ နှစ်ကြိမ်သုံးကြိမ်မျှ ရှိနေပြီ ဖြစ်သည်။ အိုအောင် ဒီအိမ်ကို ရောက်ပြီး ငါးရက်၊ တစ်နည်းအားဖြင့် အိုအောင်၏အကြောင်း တိတိကျကျ သိရပြီး နောက်ပိုင်းရက်များကို ဆိုလိုပေသည်။ ဒေါ်ကြည်မြင့်သည် ခုလောက်အထိ ဂရုတစိုက် ရှိလာရခြင်းမှာ

အကြောင်းရှိရမည်ဟု အိုအောင် တွက်လိုက်မိသည်။ ဖြစ်နိုင်တာ နှစ်ချက်ရှိသည်။

ဒေါ်ကြည်မြင့်သည် သူ့ကို စတွေ့တွေ့ချင်း ဘယ်လိုလူမျိုးမှန်း မသိသေး၍ ခပ်တန်းတန်း ဆက်ဆံခဲ့ခြင်း ဖြစ်နိုင်သည်။

နောက်မှ သူ့ရိုးသားမှုကို ကျေနပ်သွား၍ ဖော်ရွေပျူငှာလာခြင်း ဖြစ်ချင်ဖြစ်မည်။ သို့တည်းမဟုတ်...

သူ့အလုပ်အကိုင်၏ အခြေအနေကိုကြည့်၍ ရှေ့အလားအလာကောင်းမည့်သူငယ်ပေပဲဟု သူတို့မိသားစုထဲ ဆွဲသွင်းချင်သောကြောင့်လား။ ဒါကတော့ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးရာကျသည်။ ဘာပဲဖြစ်ဖြစ် ခုရက်အတွင်း ထူးခြားလာသည်တော့ အမှန်ပင်။

(၄)

ရန်ဂါဆွာမိသည် အလွန် အံ့သြသွားလေသည်။

သူသည် ဒီအိမ်မှ ဒရိုင်ဘာအဘိုးကြီး ဖြစ်သည်။ အသက်သုံးဆယ်ကျော်လောက်က စတင်၍ အမှုထမ်းခဲ့ရာ ခု အသက်ငါးဆယ်ကျော်သည်အထိပင်။ နှစ်ပေါင်းငါးဆယ်ကျော်လောက်အတွင်း ခွင့်ယူရသည်ဟူ၍ အတော်ပင် နည်းပါးခဲ့လေသည်။ သူက ခွင့်မယူချင်သောကြောင့် မဟုတ်။ သူ့အလုပ်ရှင်များဖြစ်သော ဦးသာလုနှင့် ဒေါ်မြင့်ကြည်တို့က ခွင့်မပေးခဲ့ခြင်းသာဖြစ်သည်။ အကြီးအကျယ် နာဖျားမကျန်းမာဖြစ်ခြင်း၊ သေရေးရှင်ရေးတမျှ အရေးကြီးသောကိစ္စများ ပေါ်ပေါက်လာခြင်းတို့မှ လွဲ၍ ခွင့်မရခဲ့။ သူကလည်း အတော်ပင် အနာရောဂါကင်းပြီး ကျန်းမာလှသူဖြစ်သည်။ ထိုအခါ သူ့ခမျာ လေးငါးခြောက်လ နေလို့မှ ခွင့်တစ်ရက်တောင်မှ ယူခွင့်မရခဲ့ရှာတော့ချေ။

ပြီးခဲ့သောလတုန်းက ရှားရှားပါးပါး ခွင့်တစ်ရက် ရခဲ့သည်။ ဇနီးနှင့် သမီးတို့က ပီလီခတ်ဘုရားပွဲ သွားချင်သည်ဟု ပူဆာသည်။ သူကိုယ်တိုင်လည်း သွားချင်သည်။ ထို့ကြောင့် ထိုကြည်မြင့်ထံ ခွင့်တစ်ရက်တောင်းသည်။ ဒေါ်ကြည်မြင့်က မပေးနိုင်ဟု ဆိုသည်။ သူက ဘုရားပွဲဖြစ်သောကြောင့် ဇနီးနှင့်သမီးကို မပို့မဖြစ်လို့ပါဟု ရှိခိုးဦးတင် တောင်းပန်သည်။ ဘာသာရေးကိစ္စ ဖြစ်နေသောကြောင့် ဒေါ်ကြည်မြင့် မပေးချင်ပေးချင်နှင့် ခွင့်တစ်ရက်ပေးလိုက်ရသည်။ ထို့ကြောင့် နောက်လေးငါးလအတွင်း သူ သေကောင်ပေါင်းလဲ မဖြစ်လျှင် ခွင့်ထပ်ရနိုင်စရာ မရှိတော့ဟု ရန်ဂါဆွာမိ သိထားခဲ့၏။

သို့ရာတွင် ဒီနေ့မနက်အစောကြီး သူ ကားထုတ်ပြီး ရေဆေးနေတုန်း ဒေါ်ကြည်မြင့် ရောက်လာသည်။ ယနေ့ ခွင့်တစ်ရက်ပေးလိုက်ကြောင်း အေးအေးဆေးဆေး အနားယူနိုင်ကြောင်း ပြောသည်။ သူသည် ကုလားအဘိုးကြီးသာ ဖြစ်သဖြင့် အိပ်မက်လား တကယ်လားသိရအောင် ကိုယ့်လက်ကိုယ် ပြန်ဆိတ်ဆွဲကြည့်ပြီး အာရိရိဟု အော်ရလောက်အောင်တော့ စိတ်မကူးမိ။ အိပ်မက် မဟုတ်မှန်း သိနေသည်။ ဒေါ်ကြည်မြင့်ပါးစပ်က ခွင့်စကားထွက်သဖြင့် အံ့သြနေမိသည်တော့ အမှန်ပင်။

ရန်ဂါဆွာမိထက် ပို၍အံ့သြရသူမှာ ခင်ဦးမြင့်ဖြစ်သည်။ အိုအောင်နှင့် ပတ်သက်၍ သူ့အမေက မရောက်ခင်ကတည်းက ကြိုတင်၍မှာထားသည်။ အရောမဝင်နှင့်။ ခပ်မှန်မှန်နေတဲ့။ ခုကျတော့ ဘယ့်နယ် ဖြစ်သွားရပြန်တာတုန်း။

အိုအောင် စရောက်သည့်နေ့ကဆိုလျှင် သူနှင့် မျက်နှာချင်းတောင် ကြာကြာမဆိုင်မိစေရန် သူ့ကို

အိမ်ပေါ်ထပ်သို့ မသိမသာ နှင်လွှတ်ခဲ့သည်။ နောက်လေးငါးရက်ကြာသောအခါ အိုအောင်ကို ထမင်းပြင်ကျွေးဖို့ သူ့ကို ခိုင်းပြန်၏။ တကယ်တော့ ခင်ဦးမြင့်သည် ထမင်းပွဲပြင်တတ်သူ မဟုတ်ချေ။ ထမင်းပွဲပြင်တာများ ဘာခက်တာမှတ်လို့ ထမင်းနဲ့ဟင်း ချပေးလိုက်ပြီးတာပဲဟု ထင်ကောင်း ထင်ကြပေလိမ့်မည်။ မဟုတ်ပါ။ ထမင်းပွဲပြင်ဆင်ခြင်းသည် အတတ်ပညာတစ်ရပ် ဖြစ်လေသည်။ ထမင်းပွဲပြင်တတ်လျှင် စားသောက်ရသူအဖို့ အဆင်တပြေဖြစ်ပြီး မပြင်တတ်လျှင် ကသိကအောက်ကလေးတွေ ဖြစ်ရတတ်၏။

တစ်ခါတစ်ရံထမင်းဟင်းတွေအစုံအလင်ချပေးပြီးမှလက်ဆေးဇလုံချမပေးမိသဖြင့်စားရမည့်သူမှာငေါင်စင်းစင်း ထိုင်နေရတတ်သည်။ နောက်တစ်ခု ရှိသေးသည်။ နေရာအထားအသို ကိစ္စ။ ငါးပိရည်ပန်းကန်ကို စားမည့်သူ၏ ညာဘက်တွင်ထားပြီး တို့စရာပန်းကန်ကို ဘယ်ဘက်တွင် ထားမိလျှင် ဘာဖြစ်မည်နည်း၊ သာမန်အားဖြင့်ကြည့်လျှင် ဘာမျှမဖြစ်။ သို့ရာတွင် သေသေချာချာ မျက်စိထဲမြင်ကြည့်ပါ၊ ငါးပိရည်ဇွန်းကို ဘယ်ဘက်လက်ဖြင့် ကိုင်ရမည်ဖြစ်၍ တို့စရာများကို ညာဘက်လက်ဖြင့် နှိုက်ရမည်ဖြစ်သည်။ ဘယ်လက်မှာ ရှိနေသော တို့စရာကို ညာလက်ဖြင့်နှိုက်ပြီး ညာဘက်တွင်ရှိနေသော ငါးပိရည်ဇွန်းကို ဘယ်လက်ဖြင့် လှမ်းကိုင်ရခြင်းသည် အသေးအဖွဲသာ ဖြစ်သော်လည်း စားရသူအဖို့ သိပ်အထာမကျသည်ကို တွေ့ရပေလိမ့်မည်။ ထို့အပြင် အရိုးပန်းကန်၊ ဇွန်း၊ လက်သုတ်ပုဝါ စသည်တို့ကို ချမပေးမိခြင်း၊ ကြာဇံဟင်းခါးပန်းကန်တွင် ကြွေဇွန်းတပ်ပေးမိခြင်းတို့လည်း ဖြစ်တတ်သေးသည်။ ထမင်းတစ်ပွဲကို ကျွမ်းကျင်စွာ ပြင်ဆင်ပေးတတ်သူ တစ်ယောက်အဖို့တော့ ထိုအချက်များမှာ အလိုအလျောက် နားလည်ပြီးသား ဖြစ်ရလေသည်။

ခင်ဦးမြင့်သည် ဒါတွေနားလည်သူမဟုတ်။ အိုအောင်ကိုကျွေးသော ထမင်းပွဲကို ဒေါ်ဒေါင်းက ပြင်ပေးရခြင်း ဖြစ်သည်။ ပြီးမှ ခင်ဦးမြင့်က သူပဲ ပြင်ကျွေးသလိုလုပ်၍ ထမင်းထည့်ပါဦး၊ ဟင်းတွေ ထည့်စားနော် ဆိုတာလောက်သာ ဖြစ်သည်။ တစ်နည်းအားဖြင့် ထမင်းပွဲပြင်ရာတွင် ဒေါ်ဒေါင်းသည် ခင်ဦးမြင့်၏ ရှဲဒိုး ဖြစ်လေသည်။

ဒီနေ့တွင်လည်း ခင်ဦးမြင့်အဖို့ အံ့သြဖွယ်တစ်ချက်ကို ထပ်ကြုံရပြန်သည်။ ယင်းမာဆီသွားမည်ဟု အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာသောအခါ ဧည့်ခန်းမှာထိုင်နေသော အိုအောင်ကို တွေ့လိုက်ရသည်။ ဒေါ်ကြည်မြင့်က 'သမီးရေ ဆွာမိ နည်းနည်းနေမကောင်းလို့ သမီးကို မောင်အိုအောင်ပဲ လိုက်လို့လိမ့်မယ်'ဟု ပြောလိုက်၏။ မနက်ကပဲ ဦးဆွာမိကြီး ကားရေဆေးနေတာ တွေ့ပါသေးတယ်။ ခု ဘယ့်နှယ် ကောက်ကာငင်ကာ ဖျားသွားရတာလဲဟု သူ့စိတ်ထဲက အံ့သြမိသည်။

အိုအောင်ကတော့ သူ့ထုံးစံအတိုင်း အစောကြီးကတည်းက တွက်ဆထားမိပြီးသားဖြစ်၍ မအံ့သြချေ။ မနက်က အိပ်ရာကနိုးပြီး မျက်နှာသစ်ဖို့ နောက်ဖေးဘက်မှ လှည့်ပြီး ရေချိုးခန်းအသွားတွင် အိမ်သာမှထွက်လာသော ဒေါ်ကြည်မြင့်နှင့် ဆုံသည်။ သူ့ကို စကားမစပ်လုပ်၍ ကားမောင်းတတ်မှာပေါ့ဟု မေးသည်။ သူက မောင်းတတ်ကြောင်း ဖြေလိုက်သည်။ လက်ဖက်ရည်သောက်ဖို့ စားပွဲမှာ ထိုင်မိသောအခါ ဒေါ်ကြည်မြင့်က…

"မောင်အိုအောင်ရေ မင်းကိုပဲ အပူကပ်ရတော့မှာပဲ၊ မင်းနမက သူ့သူငယ်ချင်းအိမ် သွားချင်လို့တဲ့၊ ဒီနေ့မှပဲ ဒရိုင်ဘာက ဖျားနေလေရဲ့၊ အဲဒါ ငါ့တူပဲ လိုက်ပို့ပေးပါကွယ်၊ စာမေးပွဲရက်နီးနေတုန်း ပြောရတာ အားတော့နာပါတယ်"

အိုအောင်သည် ဒေါ်ကြည်မြင့်က ရန်ဂါဆွာမိကို ပထုတ်လိုက်ကြောင်းကို မသိခဲ့။ သို့ရာတွင် ဒေါ်ကြည်မြင့်၏

မျက်နှာရိပ်မျက်နှာကဲကို ကြည့်ခြင်းအားဖြင့် ခင်ဦးမြင့်အား သူ လိုက်ပို့စေချင်နေကြောင်း သိလိုက်လေသည်။

"ကြည့်လည်းလုပ်ဦးနော် မမြင့်"

"ဘာကို ကြည့်လုပ်ရမှာလဲ"

ဦးသာလှက ထုံးစံအတိုင်း ဆရာလုပ်ဖို့ စကားစလိုက်သောအခါ ဒေါ်ကြည်မြင့်ကလည်း ထုံးစံအတိုင်းပင် ဘာကိုမေးမှန်းသိလျက်နှင့် မသိဟန်ဆောင်လိုက်သည်။ ထိုသို့ မသိဟန်ဆောင်လိုက်ခြင်းဖြစ်ကြောင်းကိုလည်း ဦးသာလှက သိနေသဖြင့်...

"မနက်က... ဘာကိစ္စလဲ"

ဒါမျိုးက ဖြစ်နေကျ၊ တစ်ယောက်ကလည်း ဘယ်တော့မှ တိုက်ရိုက်မမေး၊ တစ်ယောက်ကလည်း ဘယ်တော့မှ တိတိကျကျ မဖြေ။

"မင်း.. မနက်က ဆွာမိကို ခွင့်ပေးလိုက်တာလေ"

"သြော်... ဒါလား၊ ဆွာမိခမျာ ပင်ပန်းရှာတယ် မဟုတ်လား၊ ဒါကြောင့်..."

"ဟော့... မမြင့်၊ တော်... တော်၊ မင်း ဘယ်တုန်းက ဒီလောက် သဘောကောင်းခဲ့ဖူးလို့လဲ၊ ဆွာမိအပေါ်မှာ မင်းထွင်လုံးတွေ ငါသိပါတယ်ကွယ်"

ဒေါ်ကြည်မြင့်က ဘာမျှပြန်မပြော။ ဦးသာလှက သူမှန်းဆလိုက်ရင် ကွက်တိပဲဆိုသော မျက်နှာထားမျိုးဖြင့် ပြုံးလိုက်ပြီး...

"အဲဒါ ပြောတာပေါ့ကွ၊ ကြည့်လည်းလုပ်ဦးဆိုတာ"

"ကျွန်မက ဘာတွေများ လျှောက်လုပ်နေလို့လဲ"

"ဒီလိုလေ... မနက်က ဆွာမိကို ထူးထူးဆန်းဆန်း ခွင့်တစ်ရက်ပေးလိုက်တယ်၊ ပြီးတော့ သမီးကို လိုက်ပို့ဖို့အတွက် မောင်အိုအောင်ကို ခိုင်းတယ်၊ ဒါ ရှင်းနေတာပဲ"

"ဘာဖြစ်လဲ၊ အဲဒါ ရှင် မကျေနပ်ဘူးလား"

"နေဦး... မင်းဆိုလိုတာက ဘာလဲ၊ ဘာကို မကျေနပ်ဘူးလားလို့ မေးတာလဲ"

"မောင်အိုအောင်ကို လိုက်ပို့ခိုင်းတာ မကျေနပ်ဘူးလားလို့ မေးတာ"

"ရှင်းရှင်းပြောစမ်းပါကွာ၊ မောင်အိုအောင်နဲ့ သမီးနဲ့ ရင်းနှီးမှုရှိအောင် ခုလို အကွက်ထွင်လိုက်တာကို မကျေနပ်ဘူးလားလို့ မေးစမ်းပါ"

"ဟုတ်တယ်၊ ရှင်.. မကျေနပ်ဘူးလား... ကဲ"

"ဘာလဲ... မင်းက မောင်အိုအောင်နဲ့ သမီးကို သဘောတူနေပြန်ပြီလား"

ဦးသာလှက ဒေါ်ကြည်မြင့်၏မေးခွန်းကို မဖြေဘဲ သူက ပြန်မေးလိုက်ခြင်းဖြင့် အထက်စီးနေရာကိုယူဖို့ ကြိုးစားလိုက်သည်။ ဒေါ်ကြည်မြင့်ကလည်း...

"ရှင်ကကော သဘောမတူဘူးလား"

"ငါ့အနေနဲ့က မောင်အိုအောင်ဟာ မဆိုးဘူးဆိုတာ လက်ခံတယ်၊ နို့ပေတဲ့ တိတိကျကျတော့

ဆုံးဖြတ်လို့မဖြစ်သေးဘူး၊ နည်းနည်း ထပ်ပြီး လေ့လာရဦးမယ်”

“ကျွန်မကတော့ သဘောကျတယ်၊ မောင်အိုအောင်က ရည်ရည်မွန်မွန် ရိုးရိုးသားသားကလေး၊ မျိုးရိုးဆိုတာကလည်း ဘာပြောစရာလိုသလဲ၊ ရှင့်သူငယ်ချင်းမဟုတ်လား၊ ကိုအောင်ထိန်က ခုလောလောဆယ် စီးပွားပျက်နေလို့သာ၊ ဒါတောင် ချို့ချို့တဲ့တဲ့တော့ မဟုတ်နိုင်ပါဘူး၊ နောက်ပြီး မောင်အိုအောင်က ရှေ့အလားအလာ အများကြီးရှိတဲ့ သူငယ်ပဲ”

“မောင်ခင်မောင်မောင်စိန်ကကော ဘယ်လိုလုပ်မလဲ”

“အို.. သူ့ကို သမီးနဲ့ပေးစားပါ့မယ်လို့ ပြောထားသေးတာမှ မဟုတ်ဘဲ၊ သင့်တော်မလားလို့ စဉ်းစားကြည့်ရုံ ရှိသေးတာပဲဟာ”

“အဲဒါ... ပြောတာပေါ့ကွာ၊ မောင်ခင်မောင်မောင်စိန်ကို မင်း တော်တော် ပစားပေးခဲ့တာပဲ၊ ခုလည်း မောင်အိုအောင်ကို စဉ်းစားနေပြန်ပြီ၊ ကြည့်လုပ်ဦးလို့ ပြောရတာက ကိုယ်က သမီးရှင်မဟုတ်လား၊ သိပ်သိသိသာသာကြီးဖြစ်အောင် မလုပ်သင့်ဘူး၊ သိက္ခာလေးဘာလေးရှိအောင် နေပြရမှာပေါ့”

ဒေါ်ကြည်မြင့်က ဘာမျှပြန်မပြောတော့ဘဲ ဦးသာလုစကားကို နာခံသလို လုပ်နေလိုက်သည့်အကြောင်းမှာ ဦးသာလုသည် အိုအောင်ကို သမီးနှင့် သဘောတူပါသည်ဟု ဖွင့်ဟဝန်မခံသည့်တိုင် သူ့စကား အသွားအလာအရ ဝန်ခံသည့်သဘောမျိုးဖြစ်နေသည်မဟုတ်လား။ ထို့ကြောင့် ဒေါ်ကြည်မြင့် ကျေနပ်သွားသည်။ လင်မယားချင်း အကြောခံရတာက အရေးမကြီး၊ သူဖြစ်ချင်သည်ကို ဦးသာလု မကန့်ကွက်ဖို့က အရေးကြီးသည်။

အမှန်စင်စစ် ဦးသာလုကလည်း အိုအောင်ကို သဘောကျသည်။ ဒေါ်ကြည်မြင့်လုပ်ပုံတွေက သိပ်သိသာလွန်းနေမည်စိုး၍ ဝင်ဟန့်ခြင်းသာဖြစ်သည်။ တစ်ခုတော့လည်း ကောင်းသည်။ အိုအောင့်ကိစ္စတွင် ဒေါ်ကြည်မြင့်က စတင်သဘောတူသူဖြစ်သောကြောင့် သူ့အဖို့ တာဝန်ကင်းသည်။ အကယ်၍ အိုအောင်မှာ ချွတ်ယွင်းချက်တစ်စုံတစ်ရာ ရှိနေခဲ့လျှင် ‘ကဲ... အစကတည်းက ငါ သတိမပေးဘူးလား’ဟု ဒေါ်ကြည်မြင့်အပေါ် အပြစ်ပုံချနိုင်သည်။ ထို့ကြောင့် ခုလိုပဲ အသာကလေး နောက်က မျှောလိုက်နေတာ ကောင်းမည်။

အိုအောင် စာမေးပွဲဖြေရသည်။ ဖြေလည်း ဖြေနိုင်သည်။ ပုံမှန်အတိုင်းဆိုလျှင် စာမေးပွဲဖြေပြီး တစ်ရက်နှစ်ရက်အကြာတွင် မန္တလေးမြို့သို့ပြန်ရမည်ဖြစ်သည်။ သို့ရာတွင် သူ စာမေးပွဲဖြေအပြီးတွင် ရုံးချုပ်သို့လာခဲ့ရန် အကြောင်းကြားသည်။ ရုံးချုပ်သို့ လိုက်သွားသောအခါ မန္တလေးရုံးမှ ညွှန်ကြားချက် ရောက်နေသည်။

ရုံးချုပ်မှ မန္တလေးရုံးသို့ စီမံချက်အသစ်တစ်ခု ပေးပို့ရန် ရှိနေသည်။ စာဖြင့် အကြောင်းကြားရုံနှင့် မလုံလောက်။ ရန်ကုန်ကလူတစ်ယောက် မန္တလေးသို့လွှတ်၍ အသေးစိတ်ရှင်းပြရမည်။ (သို့မဟုတ်) မန္တလေးမှ လူတစ်ယောက် ရန်ကုန်ဆင်းပြီး ယူရမည်။ ထိုအခါ အိုအောင် ရန်ကုန်ရောက်နေသည်နှင့် အဆင်သင့်သွားသည်။ ထိုစီမံချက်ကို အသေးစိတ်လေ့လာပြီး ညွှန်ကြားချက်ပါ ယူပြီးမှ မန္တလေးပြန်ဖို့ စီစဉ်လိုက်ကြသည်။ စီမံချက်ကို အပြီးသတ် ညှိနှိုင်းရန်နှင့် စီမံချက်နှင့်ပတ်သက်သောကိစ္စများကို လေ့လာရန်အတွက် အိုအောင်သည် ရန်ကုန်တွင် အနည်းဆုံး နှစ်ပတ်ခန့် နေရဦးမည်ဖြစ်သည်။

ထိုအကြောင်းကိုအိုအောင်ကဦးသာလှနှင့်ဒေါ်ကြည်မြင့်တို့အားပြောပြသည်။နောက်ထပ်ရက်သတ္တနှစ်ပတ်ခန့် ဆက်တည်းခိုခွင့်ပြုရန် တောင်းပန်သည်။ တကယ်တော့လည်း ဦးသာလှတို့သည် ဝမ်းမြောက်ဝမ်းသာ လက်ခံမည်ဟု သူ ခန့်မှန်းခဲ့ပြီးသားပင်။ တကယ်လည်း လက်ခံကြလေသည်။

ဦးသာလှက...

"အေး.. ရပါတယ်ကွ၊ ဘာမှ အားနာစရာမရှိပါဘူး၊ ဦးလေးတို့အတွက် ဘာတာဝန်ကြီးတာမှတ်လို့"

ဟု ခပ်အေးအေး ပြောသည်။ ဒေါ်ကြည်မြင့်ကမူ ဝမ်းသာအားရ ဖြစ်သွားပုံကို မဖုံးဖိနိုင်ဘဲ...

"အမယ်လေး ငါ့တူရယ်၊ ဒါများ နှစ်ပတ်မကဘူး နေချင်သလောက်နေလို့ရတယ်၊ ဒေါ်ဒေါ်တို့အိမ်များ တခြားလူမှ မဟုတ်တာ"

အိုအောင် စာမေးပွဲဖြေပြီးလျှင် ရောက်တုန်းရောက်ခိုက် နောက်ထပ် လေးငါးဆယ်ရက်လောက်နေဖို့ ဆွဲထားရင် ကောင်းမလားဟု စဉ်းစားနေတုန်းမှာပင် အိုအောင်က ခုလို ဆက်နေခွင့်တောင်းသဖြင့် ဒေါ်ကြည်မြင့် တော်တော် ကျေနပ်သွားသည်။

ပြီးတော့ နောက်တစ်နေ့မနက်တွင် အိုအောင့်အခန်းသို့ သူ ရောက်ရှိသွား၏။ ထုံးစံအတိုင်း နေရတာ အဆင်ပြေရဲ့လား၊ ဘာလိုသေးလဲ၊ ဘာလဲ...မေးရင်းက တစ်စုံတစ်ခုကို အနံ့ခံသလို လုပ်နေပြီး...

"ဟဲ့... ဘာနံ့လဲ၊ ဒေါ်ဒေါ့်နှာခေါင်းထဲ စိမ်းရွှေရွှေနဲ့"

အမှန်မှာထိုအနံ့သည်ဟိုယခင်ကတည်းကရှိနေပြီးသား။သဘော်ဆေးနံ့။အိုအောင်ကလည်းဘာပြောရမှန်းမသိ ဖြစ်နေသည်။ သူ မရောက်ခင်ကလေးကမှ သည်အခန်းကို အလျှင်အမြန် ရှင်းလင်းပြီး ဆေးအသစ်သုတ်ထားခြင်း ဖြစ်သည်။ သူ ရောက်သောအခါ ဆေးက အသားမသေသေးသဖြင့် အနံ့တထောင်းထောင်း ထွက်နေတုန်း။ တကယ်ဆိုလျှင် ခုချိန်မှာ ဆေးနံ့က အရင်လောက် မပြင်းတော့။ သဘော်ဆေးနံ့တွေ လှိုင်လှိုင်ထနေသော အချိန်ကတော့ ဘာမှမပြောဘဲ ခုကျမှ လာပြီး စိမ်းရွှေရွှေလုပ်နေသဖြင့် အိုအောင် စိတ်ထဲက ရယ်ချင်သွားမိသည်။ ဒေါ်ကြည်မြင့်၏ ရည်ရွယ်ချက်ကိုလည်း ခန့်မှန်းကြည့်လိုက်သည်။ ကြာကြာ ခန့်မှန်းကြည့်စရာမလို။ ဒေါ်ကြည်မြင့်က သူ့ဘာသာ ဖွင့်ပြောသည်။

"အေးကွယ်.. ကြည့်စမ်း၊ အနံ့အသက်က သိပ်မကောင်းလှဘူး၊ အင်းလေ.. ဒေါ်ဒေါ်ကလည်း အစကတည်းက ဒီအခန်းကို သိပ်သဘောကျလှတာ မဟုတ်ဘူး၊ ငါ့တူ စာမေးပွဲဖြေရမှာမို့ လွတ်လွတ်လပ်လပ် စာကြည့်နိုင်အောင် ကမန်းကတန်း စီစဉ်လိုက်ရတာကိုး။ ခု စာမေးပွဲလည်း ပြီးသွားပြီဆိုတော့..."

သိလိုက်ပြီ... အိုအောင် သိလိုက်ပြီ။ သူ့ကို သည်အခန်းက ပြောင်းခိုင်းတော့မည်။ ဘယ်ကို ပြောင်းခိုင်းမလဲ။ နောက်ဖေးဘက်က အလုပ်သမားတန်းလျားတော့ မဖြစ်နိုင်။ သူတို့တိုက်ကြီးထဲသို့ ပြောင်းခိုင်းခြင်းသာ ဖြစ်ဖို့များသည်။

"ကိစ္စတော့ မရှိပါဘူး ဒေါ်ဒေါ်၊ သဘော်ဆေးနဲ့ အကြွင်းအကျန်လောက်ပါ၊ သိပ်ဆိုးဆိုးရွားရွားလည်း မဟုတ်"

"အို... ဘယ်ဖြစ်မလဲ၊ မဖြစ်ပါဘူး.. မဖြစ်ပါဘူး၊ ငါ့တူ တိုက်ပေါ်ကို ရွှေ့မှဖြစ်မယ်"

"ကျွန်တော် ဒီမှာနေလို့ဖြစ်ပါတယ် ဒေါ်ဒေါ်၊ ပြီးတော့လည်း..."

အိုအောင်က ခဏ စကားဖြတ်လိုက်သည်။ ခင်ဦးမြင့်နှင့်ပတ်သက်သောစကားကို ပြောရမည်ဖြစ်သောကြောင့်

နည်းနည်း စဉ်းစားလိုက်ခြင်းဖြစ်သည်။ ဒေါ်ကြည်မြင့်က ဝင်၍...၏

"အားနာစရာ မရှိပါဘူးကွယ်၊ ဒေါ်ဒေါ်တို့တိုက်က အကျယ်ကြီးပဲဟာ၊ မင်းဦးလေးရယ်၊ ဒေါ်ဒေါ်ရယ် မင်းနှမရယ်က အပေါ်မှာနေကြတာ၊ အောက်ထပ်တစ်ထပ်လုံး ဘယ်သူမှ ရှိတာမဟုတ်ဘူး"

ထို့ကြောင့် 'ခင်ဦးမြင့် အနေကျုံ့မှာစိုးလို့'ဟု အကြောင်းပြရန် စဉ်းစားနေသော အိုအောင်၏အကြံအစည် ပျက်သွားရသည်။ တစ်မျိုး လှည့်ပြောရမည်။

"ဒီလိုပါခင်ဗျာ၊ ကျွန်တော်ကိုယ်နှိုက်ကိုက လွတ်လွတ်လပ်လပ် နေချင်တာက တစ်ကြောင်း၊ ဒီအခန်းမှာလည်း နေသားကျနေပြီဆိုတော့..."

ဤသို့ဖြင့် အိုအောင်ကို တိုက်ပေါ်ဆွဲတင်ပြီး ခင်ဦးမြင့်နှင့် ပိုမို၍အနေနီးရန် ဖန်တီးလိုသည့် ဒေါ်ကြည်မြင့်၏ အကြံအစည်ကို လက်လျှော့လိုက်ရသည်။

အိုအောင်ကတော့ ဒေါ်ကြည်မြင့်၏ သဘောထားကို တဖြည်းဖြည်း ပို၍ သိရှိလာခဲ့ရသည်။ ထို့ထက် ပို၍ပို၍ သိရှိလာရမည့်အကြောင်းများလည်း ဆက်၍ ဖြစ်လာခဲ့လေသည်။

(၅)

နောက်တစ်နေ့တွင် ဖြစ်သည်။ အိုအောင်အား ရန်ကုန်မြို့သို့ တန်ခိုးကြီးဘုရားများနှင့် ဗဟုသုတဖြစ်ဖွယ် နေရာများသို့ လိုက်ပို့ရန် စီစဉ်သည်။ ဒေါ်ကြည်မြင့်၏ အကြံအစည်ပင်ဖြစ်၏။ သူ၏ တကယ့်ဆန္ဒမှာ အိုအောင်ကို ကားမောင်းခိုင်းပြီး ခင်ဦးမြင့်ကို တစ်ယောက်တည်း ထည့်ပေးလိုက်ချင်သည်။ သို့ရာတွင် သည်လောက်ထိတော့ လုပ်ဖို့မသင့်။ ပြီးတော့ ရန်ဂါဆွာမိကို ရက်သတ္တပတ်အတွင်းထဲမှာ နှစ်ခါနေမကောင်းဖြစ်ခိုင်းလို့လည်း ယုတ္တိမရှိ။ ထို့ကြောင့်...

ကားကို ရန်ဂါဆွာမိသာ မောင်းခိုင်းရသည်။ ကိစ္စမရှိ။ ဆွာမိသည် ကားပေါ်မှာ စောင့်ပြီး နေရစ်ခဲ့ရမည့်သူ။ ဒေါ်ကြည်မြင့်နှင့် ခင်ဦးမြင့်တို့က လမ်းညွှန်ပြသမည့်သူများအဖြစ် လိုက်ကြမည်။ အားလုံး အဆင်သင့်ဖြစ်၍ သွားကာနီးကျမှ ဒေါ်ကြည်မြင့်က ရုတ်တရက် ခေါင်းမူးလာသည်(ဟု ဆို၏)။ ဒေါ်ကြည်မြင့်အစား ဒေါ်ဒေါင်းကို ထည့်ပေးလိုက်သည်။ ဒေါ်ဒေါင်းကို ဒေါ်ကြည်မြင့်က ကျိတ်ပြီး မှာလိုက်သေးသည်။

ဤသို့ဖြင့် အိုအောင်ကို ဘုရားဖူးလိုက်ပို့ကြသည်။ ဦးသာလှကတော့ အလုပ်တွေရှုပ်နေသဖြင့် ကိုယ်တိုင် လိုက်မပို့နိုင်သောကြောင့် အားနာကြောင်း ညကတည်းက ပြောထားပြီးသား ဖြစ်သည်။

"ကိုအိုအောင် ဘယ်သွားချင်သလဲ"

ကားထွက်သောအခါ ခင်ဦးမြင့်က မေးသည်။

တကယ်တော့ ရွှေတိဂုံဘုရား၊ ဗိုလ်တစ်ထောင်ဘုရား၊ ကမ္ဘာအေး၊ မယ်လမု၊ အာလိန်ငါးဆင့်၊ ကရဝိတ်ခန်းမ စသည်တို့မှာ အိုအောင် ရောက်ဖူးပြီးသားဖြစ်သည်။ အရင် အလုပ်ကိစ္စဖြင့် ရန်ကုန်ရုံးချုပ်ကို ရောက်ခဲ့စဉ်အခါက သွားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ခု ဒေါ်ကြည်မြင့်တို့က အတင်းလိုက်ပို့ဖို့ စီစဉ်နေသဖြင့် ဘာမှမပြောတော့ဘဲ လိုက်လာခဲ့ခြင်းဖြစ်သည်။

"အဆင်ပြေသလိုသာ သွားပါ"

ဟု သူပြောလိုက်သည်။ ရန်ဂါဆွာမိကလည်း သူတို့ရပ်ကွက်အတွင်း ကွေ့ကောက်မောင်းလာရင်း လမ်းမကြီးနားရောက်ကာနီးတွင် 'ဘယ်ကိုမောင်းရမလဲ'ဟု မေးပြန်သည်။ ခင်ဦးမြင့် အခက်တွေ့နေသည်။ ရန်ကုန်မြို့ရှိဘုရားများကို ဖူးရာတွင် ခရီးလမ်းပန်း အဆင်သင့်အောင် ဘယ်လိုသွားရမည်၊ ဘယ်ဘုရားကို အရင်ဦးဆုံး သွားရမည်ဆိုသော ခရီးစဉ်ကို သူ မညွှန်ပြတတ်။ ရန်ဂါဆွာမိကလည်း ဘယ်ဘုရား၊ ဘယ်နားမှာရှိသည်ကိုတော့ သိသည်၊ သို့ရာတွင် အစီအစဉ်ကျနအောင် မောင်းမပို့တတ်။ သွားတတ်သည့်တိုင်အောင် ဘယ်ကို အရင်သွားပါလားဟု ပြောလိမ့်မည် မဟုတ်။ ကားလက်ကိုင်ဘီးသည် သူ့လက်ထဲမှာရှိသော်လည်း ဒရိုင်ဘာပီပီ မောင်းခိုင်းသည့်နေရာကိုသာ မောင်းရမည်ဆိုသောအသိက စွဲနေခဲ့ပြီ။

"ဒေါ်လေးဒေါင်း၊ ဘယ်ဘုရား အရင်သွားမလဲ"

ကြံရာမရသဖြင့် ဒေါ်ဒေါင်းဘက်သို့ လှည့်မေးလိုက်ရ၏။ ဒေါ်ဒေါင်းကလည်း ဘာမျှသိသူ မဟုတ်။ သူ့ပါးစပ်ထဲ တွေ့ရာ ကောက်ပြောလိုက်သည်။

"ဗိုလ်တစ်ထောင်ဘုရား"

အိုအောင်မနေသာတော့။ ဗိုလ်တစ်ထောင်ဘုရားသည် သူတို့ရပ်ကွက်နှင့် အဝေးဆုံးနေရာ၊ နောက်ဆုံးမှ သွားသင့်သည့်နေရာ၊ အိုအောင်သည် မသိချင်ယောင်ဆောင်ပြီး လိုက်လာလို့ မဖြစ်တော့ကြောင်း နားလည်လိုက်၏။

"ဒီလိုလုပ်ပါလား၊ ကမ္ဘာအေးနဲ့မယ်လမုကို အရင်သွားပေါ့၊ ပြီးတော့မှ အာလိန်ငါးဆင့်ကနေ ရွှေတိဂုံကိုသွား"

ခင်ဦးမြင့်က သူ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သောအခါ...

"ရုံးက မိတ်ဆွေတစ်ယောက်က အဲဒီလို လမ်းညွှန်လိုက်တာပဲ...."

ဟု သူများပြောသလို လုပ်လိုက်သည်။ ခင်ဦးမြင့်ကလည်း အခက်အခဲတစ်ခုကို ပြေလည်သွားသဖြင့် ဝမ်းသာသွားသည်။ သို့ရာတွင် သူက လမ်းခရီး မကျွမ်းကျင်ဟု အထင်ခံရမည်စိုးသဖြင့် 'အဆင်ပြေသလို သွားတာပေါ့'ဟု မရေမရာ ပြောလိုက်သည်။

ဤသို့ဖြင့် ဧည့်သည်ဖြစ်သော အိုအောင်သည် လိုက်ပို့သူ အိမ်ရှင်များကို ဦးဆောင်ပြီး ဘုရားဖူးသွားခြင်းကို ပြုလုပ်ကြလေ၏။

ကမ္ဘာအေး၊ မယ်လမု၊ အာလိန်ငါးဆင့်၊ ထိုမှ ရွှေတိဂုံဘုရားစေတီကြီး၏ခြေတော်ရင်း ဓာတ်လှေကားအနီးတွင် ရပ်လိုက်သည်။ ထိုအချိန်တွင် ဒေါ်ဒေါင်းက...

"အမယ်လေး... ဒေါ်လေးတော့ မလိုက်နိုင်တော့ဘူးကွယ် ခြေထောက်တွေကို တောင့်နေပြီ"

ခင်ဦးမြင့်က ဒေါ်ဒေါင်းကို တစ်ချက် လှမ်းကြည့်သည်။

ဒေါ်ဒေါင်းကို မေမေက တစ်ခုခု မှာလိုက်တာဖြစ်ရမည်ဟု သူ သိလိုက်၏။ ဒေါ်ဒေါင်းက မျက်နှာကို တမင်ရှုံ့မဲ့ပြနေရသည်။ ဒေါ်ကြည်မြင့်က သူ့ကို မှာလိုက်သည်မဟုတ်လား၊ အစပိုင်း တစ်နေရာနှစ်နေရာလောက်သာ အိုအောင်တို့ ခင်ဦးမြင့်တို့နှင့် အတူလိုက်သွား၊ နောက်ပိုင်းကျရင် နေပူလွန်းလို့၊ ခြေထောက်ညောင်းလို့ စသည်ဖြင့် အကြောင်းပြပြီး နေခဲ့။

ခင်ဦးမြင့်က ဘာမျှမပြောတော့ဘဲ တံခါးဖွင့်ပြီး ထွက်လိုက်သည်။ အိုအောင်ကတော့ ဘာမျှမသိသလို ခပ်အေးအေး အမူအရာဖြင့် တံခါးဖွင့်ဆင်းသည်။ ခင်ဦးမြင့်သည် အရှဲ့တိုက်ဖို့ စိတ်ကူးကြည့်သေးသည်။ ဒေါ်ဒေါင်းမလိုက်လျှင်ရန်ဂါဆွာမိကိုခေါ်သွားဖို့ဖြစ်၏။အိုအောင်ကိုအားနာသောကြောင့်မခေါ်ဖြစ်တော့။ပြီးတော့လည်း အိုအောင်နှင့် နှစ်ယောက်တည်းသွားရလို့ ဘာတွေဖြစ်သွားမှာမို့လဲ။ ဘာမျှမဖြစ်။ အိုအောင်နှင့်ပတ်သက်၍ စိတ်လှုပ်ရှားစရာအကြောင်းလည်း မရှိ။ ကိုယ့်စိတ်က ရိုးသားနေလျှင် ပြီးတာပဲမဟုတ်လား။

သူတို့နှစ်ယောက် လျှောက်လာကြရင်း အိုအောင်က ဓာတ်လေးကားနဲ့တက်မလား၊ ခြေလျင်ပဲတက်မလား မေးသည်။ မြန်မြန်အပေါ်ရောက်အေးရောဆိုပြီး ဓာတ်လေးကားနဲ့ ကောင်းပါတယ်ဟု ပြောလိုက်သည်။ ပြီးမှ မေမေ လိပ်ခွံဘီးမှာလိုက်တာ သွားသတိရသည်။ အပြန်ကျမှ စောင်းတန်းအတိုင်း ဆင်းပြီးဝယ်တော့မည်။

ဓာတ်လေးကားနှင့်တက်လာပြီး စင်္ကြံလမ်းအတိုင်း ရင်ပြင်တော်ဘက်ဆီသို့ လျှောက်လာကြသည်။ ခင်ဦးမြင့်သည် ဘုရားကို မကြာခဏ ရောက်ဖူးနေကျဖြစ်သော်လည်း ဝန်းကျင်ရှုခင်းများကို မမြင်ဖူးသလို လျှောက်ကြည့်မိသည်။ အိုအောင်ကတော့ ရှေ့ကိုသာကြည့်ပြီး လျှောက်နေသည်။

"ပန်းဝယ်ဦးမလား"

ရင်ပြင်တော်ဘက်သို့ အချိုးတွင် အိုအောင်က မေးသည်။ ခင်ဦးမြင့်က ခေါင်းခါပြလိုက်သည်။ ရင်ပြင်တော်ပေါ်အရောက်တွင်...

"မခင်ဦးမြင့်က တနင်္လာသမီးလား"

"ဟုတ်တယ်"

"ဒါဆို တနင်္လာထောင့်ကို သွားတာပေါ့"

"ကိုအိုအောင်ကရော ဘာနေ့သားလဲ၊ တနင်္ဂနွေ ထင်တယ်"

"အင်း.. ဆိုပါတော့ဗျာ"

အိုအောင်စကားကြောင့် ခင်ဦးမြင့် ကြောင်သွားသည်။ ကိုယ် ဘာနေ့သားဆိုတာတောင် တိတိကျကျ မသိဘူးတဲ့လား။ (သို့မဟုတ်) သူ့ကို ငေါ့နေခြင်းဖြစ်ချင်ဖြစ်မည်ဟု ထင်လိုက်သည်။ အိုအောင် မျက်နှာကို အကဲခတ်ကြည့်တော့ ထေ့ငေါ့ချင်သော အမူအရာ မဟုတ်။

"ဒီလိုပါ၊ ကျွန်တော့်ကို မွေးတဲ့အချိန်က စနေနေ့ည သန်းခေါင်ကျော်လို့ နှစ်မိနစ်စွန်းတဲ့အချိန်၊ တနင်္ဂနွေဘက်ကို ကူးကူးချင်းပေါ့၊ တကယ်လို့သာ အဲဒီအချိန်မှာ ဆေးရုံကနာရီ မှန်မယ်ဆိုရင် တနင်္ဂနွေသား ဟုတ်တာပေါ့၊ နာရီမြန်နေတာလဲ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် စနေသားဆိုရင် လူတွေက သိပ်မလိုချင်ကြလို့ ဆေးရုံကနေ အချိန်ကို ပိုပြီး လိမ်ပြောတာလည်း ဖြစ်နိုင်တယ်၊ အဲဒါဆိုရင်တော့ စနေသားပဲ"

ခင်ဦးမြင့်စိတ်ထဲက သည်လူက တနင်္ဂနွေသား ဖြစ်ရမယ်၊ တနင်္ဂနွေသားတွေဟာ သည်လိုပဲ၊ လူကြည့်တော့ အေးတိအေးစက်နဲ့၊ စိတ်ဓာတ်သိပ်မာတာ။ လုပ်ချင်တာရှိရင် ဘယ်သူဘာပြောပြော စွတ်လုပ်တတ်တာပဲဟု တွေးနေသည်။ အိုအောင်က ဆက်ပြောသည်။

"တကယ်တော့ နေ့တွေနံတွေက အရေးကြီးတာမဟုတ်ပါဘူးဗျာ၊ ဉပမာ... ဗေဒင်မှာ ရှိတယ်မဟုတ်လား၊

ပုတိသဘော မကျော်ဇောဘူးတဲ့၊ ပုတိဖွားတွေဟာ မကျော်ကြားတတ်ဘူး၊ အညတရဘဝနဲ့ပဲ နေရတတ်တယ်ဆိုတဲ့ သဘောပေါ့၊ အဲ.. ဒါပေမဲ့ ရွှေမန်းတင်မောင်က ပုတိဖွားလို့ ကြားဖူးတယ်၊ သူ့ကျတော့ ဘယ်လိုလုပ်မလဲ ကျော်ဇောလိုက်တာမှ"

အိုအောင် ခုလောက်ထိ စကားများများပြောသည်ကို ခင်ဦးမြင့် မတွေ့ခဲ့ဖူးသေး။ တစ်ခုတော့ ကောင်းသွားသည်။ အိုအောင်သည် အခုလို စကားတွေ ပြောနေသဖြင့် ဘုရားပေါ် နှစ်ယောက်တည်းလာရ၍ ရှက်အန်းအန်းဖြစ်ခြင်းကို သက်သာစေသည်။ အိုအောင်ကတော့ ခင်ဦးမြင့် ရှက်နေမည်စိုး၍ တမင်အလိုက်သိစွာ စကားတွေ ပြောနေခြင်းလား၊ ဤသို့ဆိုလျှင်တော့ ခင်ဦးမြင့်အနေဖြင့် အိုအောင်ကို အထင်ကြီး လေးစားရပေလိမ့်မည်။

"အဲ... ဟိုဟာကတော့ ဂဠုန်ဦးစော တည်တဲ့ဘုရားပေါ့"

စေတီအရံလေးတစ်ဆူကို အိုအောင်က ပြသည်။ ခင်ဦးမြင့်က 'သြော်... သြော်... ဟုတ်လား' ဆိုပြီး ကြည့်နေသည်။ ပြီးမှ သူ့အဖြစ်ကိုသူ ပြန်သတိရ၏။ သူက အိုအောင်ကို ဘုရားဖူးလိုက်ပို့ရသည့် လူ၊ ကြည့်စရာရှုစရာကို သူကသာ ဦးဆောင်ပြီး ပြရမည်။ ခုတော့ အိုအောင်က သူ့ပြန်ပြနေပြီ။ တကယ်တော့လည်း ခင်ဦးမြင့်သည် ဘာမှသိတာမဟုတ်၊ ရွှေတိဂုံစေတီတော်သို့ မိဘများနှင့် မကြာခဏ ရောက်ဖူးသော်လည်း ဘယ်နားမှာ ဘာရှိမှန်း သူမသိ။ မုခ်လေးမုခ်ကိုပင် သေသေချာချာ မခွဲခြားတတ်ချေ။

အိုအောင်သည်လည်း သူ စကားပြော လောကြီးသွားကြောင်း သိလိုက်သည်။ အမှန်မှာ သူက ဘာမှ မသိဟန်ဆောင်ပြီး ခင်ဦးမြင့် လိုက်ပြသမျှ ကြည့်ရမည်ဖြစ်သည်။ ခုတော့ သူက ပြန်လိုက်ပြသလို ဖြစ်နေပြီ။ ထို့ကြောင့်... "အဲဒီစေတီ ရှိတယ်ကြားလို့ ကြည့်ချင်နေတာ"

ဆိုပြီး အမှတ်တမဲ့ ဟိုသည်ကြည့်ရင်း တွေ့လိုက်ရသလို လုပ်လိုက်သည်။ ခင်ဦးမြင့်၏ အခက်အခဲကို အကာအကွယ်ပေးလိုက်သဖြင့် အိုအောင်ကို ခင်ဦးမြင့်က ကျေနပ်သွား၏။ လူကြီးလူကောင်းတစ်ယောက်ဟု ထင်သလိုပင် ဖြစ်သွားသည်။

သို့ရာတွင်...

ရွှေတိဂုံစေတီပေါ်မှ ပြန်ဆင်းလာပြီး ကရဝိတ်ခန်းမသို့ ရောက်သောအခါ အိုအောင်က ဖောက်လာပြန်လေ၏။ ခင်ဦးမြင့်သည် ဘုရားပေါ်တွင် အိုအောင်နှင့် နှစ်ယောက်တည်း တွဲလျှောက်ရသဖြင့် ရှက်သလိုလို ဖြစ်နေခဲ့ရသည်။ အိုအောင်ကို အကဲခတ်ကြည့်သောအခါ၌မူ အသားယူလိုသော အမူအရာမျိုး မတွေ့ရ။ တည်တည်ငြိမ်ငြိမ်ပင် ဖြစ်သည်။ ထို့ကြောင့် အိုအောင်နှင့် တွဲသွားရသည်ကို သိပ် စိတ်အနှောင့်အယှက် မဖြစ်မိတော့။

ကရဝိတ်ခန်းမသို့ အရောက်တွင်လည်း သူသည် အိုအောင်နှင့် နှစ်ယောက်တည်းသာ သွားလိုစိတ် ပေါ်ပေါက်လာခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ အိုအောင်အပေါ် စိတ်ညွတ်မိသလိုလို ဖြစ်ခြင်းကြောင့်ကား မဟုတ်ချေ။ အချက် နှစ်ချက်ကြောင့် ဖြစ်သည်။

ပထမအချက်မှာ ဒေါ်ဒေါင်းကို ကလဲ့စားချေလိုသောကြောင့် ဖြစ်သည်။ ဒေါ်ဒေါင်းသည် ရွှေတိဂုံမှာတုန်းက ခြေထောက်ညောင်းတယ်ဆိုပြီး နေခဲ့သည်။ သူတို့နှစ်ယောက်တည်း သွားရအောင် တမင်လွှတ်ပေးခြင်း ဖြစ်သည်။ ကရဝိတ်ခန်းမမှာတော့ ဒေါ်ဒေါင်းသည် နေရစ်ခဲ့ချင်လိမ့်မည် မဟုတ်။ ကရဝိတ်ခန်းမထဲသို့ ဒေါ်ဒေါင်း

မရောက်ဖူးသေးသဖြင့် လိုက်ချင်မည်မှာ အမှန်ဖြစ်သည်။ ဒေါ်ဒေါင်းကို ပြန်လည်ပညာပေးသည့်အနေဖြင့် မခေါ်ဘဲ ထားခဲ့မည်ဟု စိတ်ကူးမိ၏။ ပြီးတော့လည်း ဒေါ်ဒေါင်းမှာ ရှိသမျှထဲမှ အသစ်လွင်ဆုံး အဝတ်အစားများ ဝတ်ဆင်လာသည့်တိုင်အောင် အဆင့်အတန်းရှိသော (သူတို့အခေါ် စတင်းဒက်ရှိသော) မိန်းမကြီးတစ်ယောက် မဟုတ်မှန်း သိသာနေသည်။ ထိုကဲ့သို့သော ဒေါ်ဒေါင်းနှင့်အတူ ကရဝိတ်ခန်းမထဲသို့ မဝင်လိုသည့်အကြောင်းက တစ်ကြောင်း။

ဒုတိယအချက်မှာ အိုအောင်လို တည်တည်ခံ့ခံ့ လူတစ်ယောက်နှင့် တွဲ၍ ကရဝိတ်လို နေရာမျိုးမှာ တစ်ခုခု စားသောက်ရခြင်းသည် သိက္ခာကျစရာ အကြောင်းမမြင်။ ဘေးက စတင်းဒက်ရှိသော ကြွယ်ဝချမ်းသာသော အတွဲတစ်တွဲဟု ထင်သွားလျှင်ပင် ဂုဏ်ယူစရာရှိဦးမည်။ သူ့အနေဖြင့် အိုအောင့်အပေါ် စိတ်ဝင်စားနေခြင်း မရှိကြောင်း သေချာသော်လည်း ခဏတဖြုတ် လူအထင်ကြီးရုံ တွဲကြည့်ချင်သော စိတ်ကူးပေါ်လာခြင်းဖြစ်သည်။

ထို့ကြောင့်...

"ဒေါ်လေးက ခြေထောက်ညောင်းတယ်ဆို"

ဟု စကားစလိုက်သည်။ ဒေါ်ဒေါင်းမျက်နှာ မသာမယာဖြစ်သွားသည်။ သူ့စကားနှင့်သူ ညီညွတ်အောင်နေဖို့သာ ရှိတော့သည်။ ကရဝိတ်ခန်းမထဲသို့လည်း ဝင်ကြည့်ချင်လှသည်။ ထို့ကြောင့် ခင်ဦးမြင့်အမေးကို မဖြေသေးဘဲ အင်း... အဲ လုပ်နေ၏။ ထိုအချိန်တွင် အိုအောင်က ဝင်ပြောလိုက်သည်။

"ဒေါ်လေးက ခုလောက်ဆို ခြေထောက်ညောင်းတာ ပျောက်ရောပေါ့၊ တစ်ခုခုစားရအောင် လိုက်ခဲ့ပေါ့"

ဒေါ်ဒေါင်း၏မျက်နှာသည် ဝင်းပသွားသည်။ 'အေးကွယ့် ဒေါ်လေးလည်း ဟိုဒင်းပြုတာပေါ့'ဟု မရေမရာ ပြောသည်။ ခင်ဦးမြင့်က တစ်ခုခု ထပ်မပြောခင် ကားအပြင်ကို အလျင်အမြန် ထွက်လိုက်သည်။ အိုအောင်သည် ထိုမျှနှင့် အားမရနိုင်သေးဘဲ...

"ဦးဆွာမိကော.. ကားမောင်းရတာ ပင်ပန်းနေရောပေါ့၊ ကျွန်တော်တို့နဲ့ လိုက်ခဲ့လေ၊ ရေခဲမုန့် စားကြတာပေါ့၊ ကရဝိတ်ရေခဲမုန့်က နာမည်ကြီးပဲ"

ခင်ဦးမြင့်၏စိတ်ထဲက မျက်လုံးပြူးသွားသည်။ အိုအောင် နောက်နေတာလားဟု လှမ်းကြည့်သည်။ နောက်နေတာ မဟုတ်။ အတည်ပြောနေခြင်းဖြစ်သည်။ ဦးဆွာမိကလည်း အိုအောင်ကို ကြောင်ကြည့်နေသည်။ အိုအောင်ကတော့ ဦးဆွာမိဘက်မှ ကားတံခါးကို တလေးတစား ဖွင့်ပေးလိုက်ချေသေးသည်။

ခင်ဦးမြင့်က ဦးဆွာမိကိုပါ ခေါ်ဖို့ကိစ္စကိုတော့ တားမြစ်ချင်သည်။ သို့ရာတွင် အိုအောင်ကိုယ်တိုင်က လိုလိုလားလား ခေါ်နေသောကြောင့် တစ်ကြောင်း၊ သူက တားမြစ်လိုက်လျှင် အလုပ်သမားများအပေါ် အဆင့်အတန်း ခွဲခြားဆက်ဆံသည်ဟု သူ့အပေါ် အိုအောင်က ထင်သွားမည်စိုး၍ တစ်ကြောင်း။

"အင်း.. လိုက်ခဲ့ပါလား ဦးဆွာမိ"

ဟု စိတ်မပါ့တပါ ပြောလိုက်ရသည်။ ဦးဆွာမိမှာ အိုအောင် ရောက်လာပြီးနောက်ပိုင်း ဒုတိယအကြိမ် အံ့သြခြင်းဖြစ်ရပြီးလျှင် ကရဝိတ်ခန်းမကြီးသို့သွားရာ စင်္ကြံလမ်းတစ်လျှောက်တွင် အိပ်မက်ထဲတွင် လမ်းလျှောက်နေရသကဲ့သို့ လိုက်ပါသွားလေတော့သည်။

စားပွဲတွင် လေးယောက်သား ထိုင်မိကြသည်။ ဒေါ်ဒေါင်း၏ဦးခေါင်းသည် အငြိမ်မနေ။ ခန်းမကို ကာရံထားသော ညို့မှိုင်းနေသည့် မှန်ကြီးများမှတစ်ဆင့် ကန်တော်ကြီးထဲက ရှုခင်းတွေကို ကြည့်လိုက်၊ ပန်းကနုတ်ဖော်ထားသော တိုင်လုံးကြီးတွေကို ကြည့်လိုက်၊ မီးစလောင်းကြီးတွေတပ်ထားသော မျက်နှာကျက်ကို မော့ကြည့်လိုက်နှင့် တအံ့တသြ ရှိနေကြသည်။ ဦးဆွာမိကမူ ဘာကိုမျှ ကြည့်ဖို့ သတိမရ၊ ကုလားထိုင်၌ပင် နောက်မှီ၍မထိုင်နိုင်။ ကိုယ်ကို ရှေ့သို့ ကုန်းထားပြီး ဖင်ချိတ်ရုံထိုင်နေသည်။ သူ့လက်များက စားပွဲပေါ် တင်ထားရမလို၊ စားပွဲအောက် သွင်းထားရမလို လက်ပိုက်ထားရမလို နေစရာမရှိ ဖြစ်နေသည်။

ခင်ဦးမြင့်သည် စိတ်ပျက်လက်ပျက်ဖြစ်နေကြောင်း မသိသာရန် တမင်ဟန်လုပ်ထားရသည်။ အိုအောင်ကတော့ မိသားစုနှင့်အတူ ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့ထိုင်နေရသည့်ဟန်မျိုး။

ကိုအိုအောင်တဲ့...။

နာနည်က နည်းနည်းဆန်းသည်။ ထို့အတူ လူကလည်း ထူးသည်။ လူအမျိုးမျိုး စိတ်အထွေထွေ ရှိလေ၏။ အချို့လူများ၏ စိတ်နေစိတ်ထားသည် မျက်နှာပေါ်တွင် ထင်ဟပ်နေလေ့ရှိသည်။ အချို့ကျတော့ သွားလာလှုပ်ရှားမှုဖြင့် သိသာစေသည်။ အချို့က သူတို့ပြောသော စကားမှတဆင့် သိရ၏။ ထူးခြားရှားပါးသော လူမျိုးများ ရှိသေးသည်။ သူတို့၏ စိတ်သဘောထားကို အကဲခတ်ရခက်သောသူများ ဖြစ်ပေသည်။ အိုအောင်သည် ထိုအမျိုးအစားထဲတွင် ပါဝင်၏။ ခင်ဦးမြင့်က ဤသို့ပင် ကောက်ချက်ချမိသည်။

အိုအောင်သည်စကားအပြောအဆိုရည်မွန်သည်။ သူ့စကားတွေက အထက်တန်းကျသည်။ သူ့ဟန်အမူအရာက လူကြီးလူကောင်း ပီသသည်။ ထို့ကြောင့် အထင်ကြီးလေးစားမိမည် ကြံတုန်းအချိန်မှာ သူ ဖောက်ပြန်လာသည်။ ကရဝိတ်ကို ရောက်ကြတုန်းက ဒေါ်ဒေါင်းကိုပါ ခေါ်သည်အထိ လက်ခံစရာ ရှိသေးသည်။ ဦးဆွာမိကြီးကို ခေါ်လိုက်တာကတော့ တော်တော်ဆိုးသည်။ ဘာသဘောနှင့် ခုလိုလုပ်သနည်း။ သူ့ကို အရွဲ့တိုက်တာလား၊ ဝတ္ထုထဲမှာလည်း ဖတ်ဖူးသေးသည်။ တချို့သောယောက်ျားတွေဟာ မိန်းမတွေရှေ့မှာ တမင်တကာ ဘုကန့်လန့် လုပ်ပြတတ်သတဲ့။ သူတို့ကို စိတ်ဝင်စားအောင် လုပ်ပြတဲ့သဘော။ ဒါကို မိန်းမတွေလည်း သဘောကျပြီး အထင်ကြီးတတ်သတဲ့။

သို့ဖြစ်လျှင် အိုအောင်သည် သူ့ကို အထင်ကြီးအောင် လုပ်ပြနေတာလား။ သို့ဆိုရအောင်လည်း အိုအောင်သည် ကြွားဝါတတ်သူမျိုး ဟုတ်ပုံမရ။ ဒါမှမဟုတ် သူ့ကို စိတ်ဝင်စားအောင် လုပ်ပြနေခြင်းလား။ အိုအောင်ကသာ အမှန်တကယ် ထိုသို့လုပ်ပြနေခြင်းဆိုလျှင် ထိုသူသည် မိမိအပေါ် မရိုးသားသောကြောင့်ဖြစ်ရမည်။ ခက်သည်က အိုအောင့် အပြုအမူ အပြောအဆို အားလုံးတို့သည် မရိုးသားဟန် လုံးဝမရှိ။ ထို့ကြောင့်ပင် အိုအောင်သည် အသိရခက်သော လူတစ်ယောက်ဟု ဆိုရခြင်းဖြစ်သည်။ (သို့မဟုတ်) ထိုသူသည် အလွန် ဟန်ဆောင်ကောင်းသော သူတစ်ယောက် ဖြစ်ချင်ဖြစ်ပေလိမ့်မည်။

မိမိကိုယ်တိုင်ကကော အိုအောင်အကြောင်းကို ဘာကြောင့် ဒါလောက် စဉ်းစားနေမိရသနည်း။

ဘာကြောင့်မှမဟုတ်။ ကိုယ့်အိမ်ပေါ်ရောက်နေသော သူတစ်ယောက်၊ လူကြီးတွေက မိမိနှင့် ရည်ရွယ်နေသယောင်ဖြစ်နေသော လူတစ်ယောက် အသိရခက်သော လူတစ်ယောက်အဖြစ် စဉ်းစားကြည့်ခြင်းသာ ဖြစ်သည်။ အိုအောင့်အပေါ် စိတ်ဝင်စားမိခြင်း မရှိကြောင်း သူ့ကိုယ်သူ သေသေချာချာ သိ၏။

မိန်းကလေးတို့၏ထုံးစံအတိုင်း တစ်ခုခု ဖြစ်လာသောအခါ တစ်ယောက်ယောက်ကို ဖွင့်ပြောပြချင်လာသည်။ ဒါကတော့ မိန်းကလေးမှမဟုတ်။ ယောကျ်ားတွေလည်း တူတူပါပဲ။ လူ့သဘာဝပဲ ထားလိုက်ပါတော့။

ဘယ်သူ့ကိုပြောရင် ကောင်းမလဲဟု စဉ်းစားကြည့်သည်။ ဖေဖေ မေမေတို့တော့ လုံးဝမဖြစ်နိုင်။ အိမ်က အခြေအနေ နားထောင်ရန် နားကျပ်ခွက်သာပါပြီး ပြန်ပြောဖို့ စကားပြောခွက်မပါသော တယ်လီဖုန်းတစ်လုံးသာ မဟုတ်လား။ ဒေါ်လေဒေါ်ဒေါင်းဆိုတာကလည်း မေမေခိုင်းတာသာ လုပ်ပြီး မေမေပြောတာသာ နားထောင်တတ်တဲ့သူ။

ခင်ဦးမြင့်အဖို့ ပြောစရာရှိလျှင် သတိရနေကျ လူတစ်ယောက် ရှိသည်။ "ယင်းမာ"။ ထို့ကြောင့် ယင်းမာဆီ ဖုန်းဆက်လိုက်သည်။ ယင်းမာက သူ့အိမ်မှာ ရှိနေသည်။ "ပြောစရာရှိလို့"ဟု ခင်ဦးမြင့်က ပြောသည်။

"ပြောလေ"

"ဖုန်းနဲ့ ပြောလို့မကောင်းဘူး"

"ဘာဖြစ်လို့လဲ၊ ဘေးမှာ လူရှိနေလို့လား"

"မဟုတ်ပါဘူး၊ နည်းနည်းကြာကြာ ပြောရမှာမို့လို့"

"ပြောပေါ့၊ ဘာဖြစ်လဲ ကြာတာ၊ မာနဲ့ ကိုအေးလွင်နဲ့ ဖုန်းပြောရင် တစ်ခါတစ်ရံ တစ်နာရီလောက် ကြာချင်ကြတာပဲ"

"ဖုန်းနဲ့ပြောလို့ သိပ်မကောင်းလို့ပါ၊ အေးအေးဆေးဆေး ပြောချင်တာပါ မာရဲ့"

"လေးလုံးအကြောင်းလား"

"ဟုတ်ပါဘူး၊ ဟိုဥစ္စာ... တွေ့မှ ပြောမယ်ကွာ"

"ဒီလောက်ဆို ခန့်မှန်းလို့ရပါပြီ"

"ဘာရတာလဲ"

"တွေ့မှပြောမယ်ဆို.. ကဲပါ၊ ခင်ဦး လာမှာလား"

"ဟင့်အင်း... ကားမရှိဘူး"

"ဒါဖြင့် မာ လာခဲ့ရမလား"

"ဖြစ်နိုင်မလား"

"သိပ်ဖြစ်တာပေါ့၊ မာက ကားကို ကိုယ်တိုင်မောင်းတတ်တာပဲ၊ ခင်ဦးလို ဦးဆွာမိဖြစ်ဖြစ် ကိုအိုအောင်ဆိုတဲ့လူ ဖြစ်ဖြစ် လိုက်ပို့မှ လာလို့ရတာမှ မဟုတ်ဘဲနော်... အိုကေနော်... လာခဲ့မယ်"

ခင်လွင်လွင်ရယ်သံကို ကြားရပြီး ဖုန်းချသွားသည်။ ခင်ဦးမြင့် တစ်ခုခု ပြန်ပြောဖို့ပင် အချိန်မရလိုက်။ သို့ရာတွင် သူ နားလည်လိုက်သည်။ ယင်းမာသည် သူ ဘာပြောချင်ကြောင်း ရိပ်မိလောက်ပြီ။ ထို့ကြောင့်ပင် 'ဦးဆွာမိဖြစ်ဖြစ်၊ ကိုအိုအောင်ဖြစ်ဖြစ် လိုက်ပို့မှ'ဆိုသော စကားကို ပြောပြီး ဖုန်းမြန်မြန်ချပစ်တာဖြစ်ရမည်။ သူတို့စကားထဲက 'လေးလုံး'

ဆိုသည်မှာ ကိုခင်မောင်မောင်စိန်ကို ပြောခြင်းဖြစ်သည်။ နာမည်လေးလုံးနှင့်လူဖြစ်သောကြောင့် ထိုသို့ခေါ်ခြင်းဖြစ်၏။

"စိတ်ကူးမလွဲနဲ့ ခင်ဦး၊ လက်ခံလိုက်"

အိမ်သို့ အိုအောင် ရောက်လာပုံ၊ အစပိုင်းတွင် လူကြီးတွေ၏ သဘောထား၊ နောက်ပိုင်း ပြောင်းလဲလာသော အခြေအနေ၊ သူနဲ့ အိုအောင်တို့ကို ပိုမိုရင်းနီးလာစေရန် ဒေါ်ကြည်မြင့် စီစဉ်ပုံတို့ကို ခင်ဦးမြင့်က ပြောပြသည်။ ထိုအခါ ယဉ်းမာက အထက်ပါအတိုင်း ပြန်ပြောခြင်းဖြစ်သည်။

"အို... ဘယ့်နယ် လက်ခံရမှာလဲ၊ မာ ပြောပုံက ကိုအိုအောင်ကပဲ ဖွင့်ပြောပြီးသလိုလို"

"မာ ပြောတာက ဒီလိုပါ၊ လူကြီးတွေက ခင်ဦးနဲ့ ကိုအိုအောင်ကို နေရာချထားပေးချင်တယ်လို့ ပြောလာတဲ့အခါကျရင် ဒါမှမဟုတ် ကိုအိုအောင်ကိုယ်တိုင်က ဖွင့်ပြောလာခဲ့ရင်လို့ ဆိုလိုတာပေါ့"

"ခင်ဦးမှ သူ့ကို စိတ်မဝင်စားဘဲ"

"ဟဲ့... ဒီလို မပြောနဲ့လေ"

"အမှန်အတိုင်းပြောတာပဲ၊ ဘာလဲ မာက ခင်ဦးကို ပတ်နေတယ်မှတ်လို့လား"

"အဲဒါ ပြောတာ မဟုတ်ပါဘူး၊ ခင်ဦးအနေနဲ့ သူ့ကို မကြိုက်ဘူးလို့ ပြောချင်ပြောပေါ့၊ စိတ်မဝင်စားဘူးလို့တော့ မပြောပါနဲ့၊ သူ့အကြောင်း စိတ်ဝင်စားလို့ပဲ ခု မာ့ကို ခေါ်ပြောတာမဟုတ်လား၊ စိတ်ဝင်စားတာနဲ့ ကြိုက်တာ တခြားစီပဲ၊ အင်းလေ.. တကယ်တော့လည်း ကိုအိုအောင်လိုလူမျိုးကို မိန်းကလေးတွေက စိတ်ဝင်စားမိကြမှာပါ"

"မာ ပြောတာက ရှုပ်နေတာပဲ မရှင်းဘူး"

"ရှင်းပါတယ်၊ ကိုအိုအောင်ဟာ နိုင်ငံခြားကို သွားဖို့ တော်တော်နီးစပ်နေတဲ့လူ၊ ပြီးတော့ ခင်ဦးပြောပုံအရဆိုရင် သူ့မှာ ခပ်ဆန်းဆန်းအပြုအမူ အပြောအဆိုတွေရှိတယ်၊ ဒီလိုလူမျိုးကို မိန်းကလေးတွေက စိတ်ဝင်စားတတ်ကြတာပဲ၊ မာ ပြောတဲ့ စိတ်ဝင်စားတယ်ဆိုတာက တို့တွေ ပြောပြောနေကျ အင်ထရက်ဖြစ်တာမျိုး မဟုတ်ဘူးလေ၊ ဒီလူ့အကြောင်း သိချင်တာ၊ ဘယ်လိုလူပါလိမ့်လို့ သိချင်တာကို ဆိုလိုတာလေ၊ အဲဒါက ကြိုက်တာနဲ့ မတူဘူးမဟုတ်လား၊ ခင်ဦးလည်း ကိုအိုအောင်ကို ခု မာ ပြောသလို စိတ်ဝင်စားမှုရှိနေတယ်မဟုတ်လား"

"ဒါပေမဲ့ ခင်ဦး သူ့ကို မကြိုက်ဘူးနော်"

"အင်းပါ၊ ဒါကို မာ နားလည်ပါတယ်၊ အင်း.. တကယ် ပြောမယ် ဆိုရင်တော့ ခင်ဦး သူ့ကို ကြိုက်သင့်တယ်"

"ဘာဖြစ်လို့"

"ကိုအိုအောင်ကို မာ မြင်ဖူးတယ်လေ၊ ဟိုတစ်ရက်က မာတို့အိမ်ကို ခင်ဦးလာတော့ ကားမောင်းပို့တုန်းက သူ့ရုပ်ကို မာ အကဲခတ်ကြည့်တယ်၊ အသားညိုပေမယ့် ရုပ်က မဆိုးဘူး၊ အထက်ရက်ရှင် ရှိတယ်၊ ယောက်ျားဆိုတာ ချောတာ မချောတာက အရေးမကြီးဘူး၊ ယောက်ျားပီသဖို့ အရေးကြီးတာမဟုတ်လား"

"ကိုအေးလွင်လိုပေါ့"

ဟု ခင်ဦးမြင့်က နောက်လိုက်သည်။

"အေး...ဟုတ်တယ်၊အမယ်..တကယ်ပြောကြစတမ်းဆိုရင် ကိုအေးလွင်ကမှ ရုပ်နည်းနည်းပျော့ချင်သေးတယ်"

"မာကတော့ ကိုအိုအောင်ကို တော်တော်ညွှန်းနေတော့တာပဲ၊ ဘာလဲ မာက ကိုအေးလွင်ကြီးကို

ငြီးငွေ့လာလို့လား၊ ဒါဆိုလည်း ကိုအိုအောင်ကို ခင်ဦး ပြောပေးမယ်လေ”

“အမယ်.. မာပြောနေတာက ခင်ဦးအတွက်ပါနော်၊ မာ့အတွက်က ကိုအေးလွင်တစ်ယောက်ဆိုတစ်ယောက်ပဲ”

“သိပါတယ်၊ ဟော... ဟိုလူကြီးအကြောင်း ပြောရတာနဲ့ မာ့ကိုတောင် ဘာစားမလဲလို့ မမေးရသေးဘူး၊ လာကိုဗို သောက်မလား”

“ဟင့်အင်း”

“နက်စ်ကော”

ယင်းမာက ခေါင်းခါသည်။ ခင်ဦးမြင့်က ‘အအေးသောက်လေ၊ ဆန်းကစ်’ဟု ပြောလိုက်လေသည်။ ယင်းမာက...

“ဟေ့အေးကွာ၊ အဲဒါတွေ လုပ်မနေနဲ့၊ မာ ဟိုတစ်ခါလာတုန်းက လက်ဖက်သုပ်မျိုးပဲ စားချင်တယ်”

“အေး.. ဟုတ်သားပဲ၊ ချဉ်စပ်လေး.. ခဏနော်”

ဆိုပြီး အခန်းထဲမှ ထွက်လိုက်သည်။ ဒေါ်ဒေါင်းကို လှမ်းခေါ်ဖို့၊ သို့ရာတွင် လှမ်းခေါ်စရာမလို။ ဒေါ်ဒေါင်းကို အခန်းပေါက်ဝမှာတင် တွေ့ရသည်။ မယောင်မလည်လုပ်ရင်း ရပ်နေသည်။

“ဒေါ်လေး.. ဘာလုပ်နေတာလဲ ဒီနားမှာ...”

ဒေါ်ဒေါင်းသည် ရုတ်တရက် အမေးခံလိုက်ရသဖြင့် အယောင်ယောင်အမှားမှား ဖြစ်သွားသည်။ ဟိုဟိုဒီဒီကြည့် လက်ညှိုးလျှော့ကုတ်ထိုးပြီး....

“ဟို... ဟို.. မမမြင့်က...”

“ဘာဖြစ်လို့လဲ... မေမေက...”

“ဟိုဟာပါ.. သွားကြည့်... အဲ... မဟုတ်ဘူး၊ သွားမေးဆိုလို့”

“ဘာမေးခိုင်းလို့လဲ”

“ဩော်... ခင်ဦးတို့ ဘာစားမလဲလို့”

ခင်ဦးမြင့်က ခပ်တည်တည် မေးနေရာမှ မျက်နှာကို ချိုချိုသာသာ ထားလိုက်ပြီး

“ခင်ဦးကို ဘာစားရင်ကောင်းမလဲဟင်”

ထိုအခါကျမှ ဒေါ်ဒေါင်းမှာ စိတ်သက်သာရာရသွားဟန်ဖြင့်...

“ဟိုဒင်း.. လက်ဖက်သုပ်စားပါလား ကလေးရဲ့၊ ချဉ်စပ်လေ”

ခင်ဦးမြင့် ပြုံးလိုက်သည်။ ဒီမိန်းမကြီး ခုနချောင်းပြီး နားထောင်နေတာ သေချာပြီ။

“ကဲ... ကဲ... သွားပါ၊ မြန်မြန်လေးလုပ်ခဲ့၊ ဂေါ်ဖီထုပ်ကို ပါးပါးလေး လှီးနော်၊ ပုဇွန်ခြောက်မှုန့် မထည့်နဲ့၊ အကောင်ကြီးတွေထည့်ခဲ့၊ ပြန်တက်လာတဲ့အခါ အပြင်က ရပ်စောင့်မနေနဲ့ဦးနော် ဒေါ်လေး၊ တစ်ခါတည်း တန်းဝင်ခဲ့ ကြားလား”

ဒေါ်ဒေါင်း လှည့်ထွက်သွားသည်။ ခင်ဦးမြင့် အခန်းထဲ ပြန်လာသည်။ ယင်းမာက ခုတင်ပေါ်လှဲနေ၏။ ခင်ဦးမြင့်က ဘေးမှ တင်ပါးလွှဲ ဝင်ထိုင်လိုက်သည်။

“ကဲ... ဆက်စမ်းပါဦး၊ မာရဲ့ ကိုအေးလွင်”

ယင်းမာက လက်ခါပြ၍...

"မာ့ ကိုအေးလွင်အကြောင်းမဟုတ်ဘူး၊ ခင်ဦးရဲ့ ကိုအိုအောင်အကြောင်း"

"ရှူး"

ခင်ဦးမြင့်က ပါးစပ်နား လက်ညှိုးကပ်ပြီး...

"ခုနက ဒေါ်လေးလာပြီး ချောင်းနားထောင်နေတယ်ထင်တယ်၊ တိုးတိုးပြော..."

ဟု ဆိုလိုက်သည်။

"ဒေါ်လေးက ဘာလို့ လာနားထောင်တာလဲ၊ ဝါသနာပါလို့လား"

"မဟုတ်ဘူးဟဲ့... မေမေ့ကို ပြန်ပြောပြမှာ"

ယင်းမာက ပခုံးတွန့်လိုက်သည်။

"အဘွားကြီးက တော်တော်အကွက်စေ့သားပဲ"

"အဲဒါပြောတာပေါ့၊ ဖေဖေကပါ မေမေ့သဘောအတိုင်း ဖြစ်နေပုံရတယ်"

"ဒါဆို လေးလုံးက ဘယ်လိုလုပ်မလဲ"

"ကြည့်ရတာတော့ လူကြီးတွေက လေးလုံးနဲ့ပတ်သက်ပြီး စကားမလွန်သေးဘူးထင်တယ်၊ ခုတိုင်းဆိုရင်တော့ လေးလုံးကို ခါမှာတော့ သေချာတယ်"

"အဲဒီတော့..."

ထိုအချိန်တွင် ဒေါ်ဒေါင်း ဝင်လာသဖြင့် စကားပြတ်သွားသည်။

"အဲဒီပေါ်မှာ ချခဲ့ ဒေါ်လေး၊ ဩော်.. နေဦး... မှန်တင်ခုံက ကုလားထိုင်ဆွဲပြီး... ဒီပေါ်တင်"

မှန်တင်ခုံကုလားထိုင်ကို ခုတင်နားရွှေ့ပြီး လက်ဖက်သုပ်ပန်းကန်နှင့် ရေနွေးကြမ်းထည့်လာသော လင်ဗန်းကို တင်လိုက်သည်။ ထို့နောက် ဒေါ်ဒေါင်းသည် ခပ်လေးလေး ထွက်သွားသည်။

"စားလေ... မာ"

ယင်းမာက လက်ဖက်တစ်ဇွန်းခပ်စားသည်။ ပြီးတော့ ဇွန်းဖြင့် လျှောက်မွှေပြီး ကြက်သွန်ဖြူဖတ် ရှာနေသည်။ ခင်ဦးမြင့်က ပုဇွန်ခြောက်တစ်ကောင်ကို လက်ဖြင့် အသာကလေး ယူဝါးလိုက်ပြီး...

"အဲဒါ... ခင်ဦး ဘယ်လိုလုပ်ရမလဲဟင်"

"ဘယ်လိုမှမလုပ်နဲ့၊ ကိုအိုအောင်ကို ကြိုက်လိုက်"

"ဟာ.. မာကလဲကွာ"

"ဟုတ်တယ် ခင်ဦး၊ စိတ်ကူးမလွဲနဲ့နော်၊ ခုလိုအချိန်မျိုးမှာ ဒီလိုလူမျိုး ကြုံရခဲတယ်၊ ခင်ဦးအနေနဲ့ စိတ်ကြိုက်ရှာဖို့ဆိုတာ အခွင့်အရေးရမှာမဟုတ်ဘူး၊ အိမ်ထဲက အိမ်ပြင်တောင် တစ်ခါတလေမှ ထွက်ရတာ"

"ခင်ဦးမှ သူ့ကို ကြိုက်လို့မရတာဟယ်"

"အို... ဒီလိုပဲ တဖြည်းဖြည်း ဖြစ်လာမှာပေါ့"

"သူကလည်း ခင်ဦးကို ကြိုက်တဲ့ပုံ မပေါ်ပါဘူး"

"ဟ… ဘယ်ပြောနိုင်ပါ့မလဲ၊ ခင်ဦးပဲပြောတယ် သူ့ပုံစံက အကဲခတ်ရ ခက်တယ်ဆို၊ သူ့စိတ်ထဲက ကျိတ်ပြီးကြိုက်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဘယ်ပြောနိုင်မှာလဲ၊ ယောက်ျားဆိုတာ တစ်ခါတလေ မိန်းမတွေထက်တောင် လျှို့ဝှက်တတ်သေးတယ်"

"သိပါဘူးဟယ်.. စိတ်ရှုပ်စရာကြီး"

ခင်ဦးမြင့်သည် ငွေမင်ရောင် ဆိုးထားသော ယင်းမာ၏ လက်သည်းချွန်ချွန်ကလေးများကို စမ်းသပ်ကိုင်တွယ်ကြည့်နေသည်။

အိုအောင်သည် သူ့အဖေထံသို့ စာတစ်စောင်ရေးသည်။ ဦးသာလှနှင့် ဒေါ်ကြည်မြင့်တို့၏ သဘောထားနှင့် ခင်ဦးမြင့်အကြောင်းများကို ပြည့်ပြည့်စုံစုံ ရေးထည့်လိုက်၏။

ဦးလေးဦးသာလှတို့စီးပွားရေးအခြေအနေကတော်တော်ကောင်းပါတယ်။ရောက်ခါစကတော့ကျွန်တော့်အပေါ် ဆက်ဆံရေးကတစ်မျိုးပဲ ဖေဖေ။ ဦးလေးရော အဒေါ်ရော အေးစက်စက်နဲ့။ ဒါပေမဲ့ ကျွန်တော်နဲ့ စကားပြောပြီးလို့ ကျွန်တော့်အကြောင်း ပြည့်ပြည့်စုံစုံ သိရတဲ့အချိန်ကျတော့ ရုတ်တရက် ပြောင်းလဲသွားတော့တာပါပဲ။ ကျွန်တော့်ကို အရမ်းဂရုစိုက်လာကြတယ်။ သူတို့က ဂရုစိုက်ပြီဆိုတော့လည်း အတော့်ကို ကြောက်စရာကောင်းပါကလား အဖေရ။ ဧည့်သည်တစ်ယောက်ကို ဂရုစိုက်ပုံမျိုး မဟုတ်တော့ဘူး။ သူတို့အိမ်ရဲ့ အရေးပါတဲ့ အိမ်သားတစ်ယောက်လို ဂရုစိုက်တာမျိုးလို့ ထင်တယ်။ ဒီလောက်ဆို ဖေဖေ ရိပ်မိလောက်ပါပြီ။

အဖေ့စကား မှန်ပါတယ်။ ခင်ဦးမြင့်ဆိုတာ အတော်လှတဲ့မိန်းကလေးပါပဲ။ စိတ်ထားကလည်း ရိုးသားပုံရပါတယ်။ မေတ္တာရေးရာကိစ္စတွေမှာ အတွေ့အကြုံတွေဘာတွေ ရှိဖူးမယ့်ပုံတောင်မပေါ်ဘူး။ ဒါပေမဲ့ ကျွန်တော် သူ့ကို မကြိုက်ဘူး ဘာကြောင့်လဲဆိုတော့ကာ သူ့မှာ ခုနကပြောတဲ့ အရည်အချင်းသုံးခုနဲ့ ချမ်းသာတာကလွဲလို့ တခြား ဘာမှမရှိလို့ပါပဲ။ အဖေ စဉ်းစားကြည့်လေဗျာ၊ သူ့လို မိန်းကလေးဆိုတာ အားအားရှိ သူ့ကိုယ်သူ အလှပြင်ဖို့လောက် စိတ်ကူးနေမှာမဟုတ်လား။ နောက်ပြီး သူကလည်း ကျွန်တော့်ကို စိတ်ဝင်စားပုံမပေါ်ပါဘူး။ သူ့မိဘကခိုင်းလို့သာ ကျွန်တော့်ကို ဂရုစိုက်ပြနေတာမှန်း သိသာပါတယ်။ အဖေ့စိတ်ကူးဆန္ဒကို အကောင်အထည် ဖော်မပေးနိုင်တဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး။ အဖေ ကျွန်တော့်ကို နားလည်လိမ့်မယ်လို့ ထင်ပါတယ်။ ဒီလိုပြောလိုက်လို့ သိပ်လည်း စိတ်မကောင်း ဖြစ်မသွားပါနဲ့ဦး အဖေ။ ခင်ဦးမြင့်မှာ ကျွန်တော်ကျေနပ်နိုင်မယ့် အရည်အချင်းကလေးများ ရှိလိုရှိငြား အကဲခတ်ကြည့်ပါဦးမယ်။ သိပ်တော့ မျှော်လင့်စရာ ရှိမယ်မထင်ပါခင်ဗျား။

ဆက်လက်၍ သူ့အလုပ်အကိုင် အဆင်ပြေကြောင်း၊ စာမေးပွဲဖြေနိုင်ကြောင်း၊ အောင်ဖို့ နီးစပ်ကြောင်း၊ ရန်ကုန်မှာ အလုပ်ကိစ္စရှိ၍ ရက်အတန်ကြာနေဦးမည်ဖြစ်ကြောင်းတို့ ရေးလိုက်သည်။

(၆)

ဒေါ်ကြည်မြင့်ပဲ ကံထနေလို့လား၊ ရန်ဂါဆွာမိပဲ ကံဇာတာ ညှိုးနွမ်းနေလို့လား မသိ။ ထိုကုလားအဘိုးကြီးသည် ကောက်ကာငင်ကာ ဖျားလေတော့၏။ ဖျားသမှ တုန်းခန်နေအောင် ဖျားခြင်းဖြစ်သည်။ သူ့မိန်းမ ကာလီမူသူးက

မိမိကိုယ်တိုင် အဖျားတက်နေသကဲ့သို့ တုန်တုန်ယင်ယင်ဖြင့် ခွင့်လာတိုင်သောအခါ ဒေါ်ကြည်မြင့်က ဝမ်းမြောက်ဝမ်းသာ ခွင့်ပေးလိုက်လေသည်။ ကာလီမူသူးသည် ယုတ္တိမဲ့သော ဒဏ္ဍာရီတစ်ခုကို ကြားလိုက်ရသလို အံ့အားကြီးသင့်သွား၏။

ဒေါ်ကြည်မြင့်အဖို့ ဆက်တိုက်ဆိုသလိုပင် အဆင်ပြေမှုများနှင့် ကြုံနေရသည်။ ထိုနေ့မှာပင် ခင်ဦးမြင့်က ယင်းမာတို့အိမ်သွားလိုကြောင်း ပြောကြားလာသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် ခင်ဦးမြင့်အား တစ်နေရာရာသို့ ကြုံဖန်သွားခိုင်းပြီး အိုအောင်အား ကားမောင်းလိုက်ပို့စေရန် အထူးတလည် ကြံစည်ဖို့မလိုတော့ချေ။ တိုက်ဆိုင်ချင်တော့ ထိုနေ့သည် တနင်္ဂနွေနေ့၊ အိုအောင်လည်း ရုံးကိစ္စတွေဘာတွေမရှိဘဲ အားလပ်နေသည်။

ဤသို့ဖြင့် အိုအောင်သည် ခင်ဦးမြင့်ကို ကားဖြင့် လိုက်ပို့ရလေတော့သည်။ ရပ်ကွက်တွင်းရှိ လမ်းပေါ်သို့အရောက်တွင် အိုအောင်က မေးသည်။

"ယင်းမာတို့အိမ် သွားမှာမဟုတ်လား မခင်ဦးမြင့်"

ခင်ဦးမြင့်ဆီမှ ရုတ်တရက် အသံပြန်မလာ။ အိုအောင် နောက်ကြည့်မှန်ထဲမှ မသိမသာကြည့်လိုက်သည်။ ခင်ဦးမြင့်၏ မျက်နှာအပေါ်ပိုင်း နဖူးစွန်းလောက်သာ မြင်ရသည်။ ခင်ဦးမြင့် အသံထွက်လာ၏။

"ကျွန်မ မြို့ထဲသွားမလို့"

အိုအောင်က ခေါင်းညိတ်လိုက်သည်။ ရပ်ကွက်ထိပ်ရောက်သောအခါ မြို့ထဲသွားမည့်လမ်းဘက် ချိုးကွေ့လိုက်သည်။

"ခင်ဦးမြင့်လည်း အိမ်ကို လိမ်ပြောတတ်နေပြီပဲ"

ခင်ဦးမြင့် အံ့သြသွားသည်။ အိုအောင်သည် ခုလိုနောက်ပြောင်လေ့ရှိသူမဟုတ်။ ခု ဘာသဘောနှင့် ပြောသနည်း။ သူနှင့် ပိုမိုရင်းနှီးခွင့်ရစေရန် အစပျိုးခြင်း ဖြစ်လေသလား။ မည်သို့ပင်ဖြစ်စေ ကရဝိတ်ခန်းမမှာ အိုအောင် ပြုမူခဲ့သည့်ကိစ္စအတွက် ခင်ဦးမြင့် စိတ်ထဲတွင် နည်းနည်းမကျေမနပ်ဖြစ်နေတုန်း ရှိသောကြောင့် ပြန်ပြောချင်လာသည်။

"ကျွန်မ လိမ်နေကျပဲ"

အိုအောင်က ဘာမျှပြန်မပြောဘဲ ပြုံးနေလိုက်သည်။ သို့ရာတွင် သူက ကျောခိုင်းထားသောကြောင့် နောက်ခန်းမှာ ထိုင်နေသော ခင်ဦးမြင့်က မမြင်လိုက်ချေ။ အိုအောင်က သူ့ကို တခြားတစ်ယောက်ဆီ သွားခြင်းဖြစ်မည်ဟု ထင်ကောင်းထင်လိမ့်မည်။ ယောကျ်ားတစ်ယောက်နဲ့ ချိန်းတွေ့တာလို့ သူ သံသယဖြစ်သွားသလား။ သူ့စိတ်ထဲ ဘယ်လိုများနေမလဲမသိဟု တွေးမိသဖြင့် ပြုံးယောင်ယောင်ပင် ဖြစ်သွားသည်။

"မြို့ထဲ ဘယ်နားကို မောင်းရမှာလဲ၊ လမ်းလည်းပြဦးနော်၊ ကျွန်တော်က နယ်ကလာတဲ့လူဆိုတော့ လမ်းတွေ သိပ်မကျွမ်းဘူး"

အိုအောင်က ကားကိုသာ ဂရုစိုက်မောင်းနေဟန်ဖြင့် နောက်လှည့်မကြည့်ဘဲ မေးသည်။

"သမ္မတဟိုတယ်တော့ သိမှာပေါ့"

အိုအောင်က ခေါင်းညိတ်ပြသည်။

သမ္မတဟိုတယ်ရှေ့မှာ ကားရပ်လိုက်သောအခါ ခင်ဦးမြင့်က 'ခဏ' ဆိုပြီး ဆင်းသွားသည်။ အောက်ထပ် လက်ဖက်ရည်ခန်းထဲဝင်သွားသည်။ ခင်ဦးမြင့်၏ဟန်ပန်သည် အနည်းငယ်မြူးကြွနေသည်။ သူ့ကိုကားပေါ်မှာထားခဲ့ပြီး လူတစ်ယောက်နှင့် ဝင်တွေ့ခြင်းဖြစ်သည်ဟု အိုအောင် တွက်တော့မှာပဲဟု ကျေနပ်မိခြင်းဖြစ်သည်။ သို့ရာတွင် မျက်စိလျင်သော အိုအောင်က ရပ်ထားသောကားတန်းများကြားမှ ယင်းမာ၏ ဆန်းဘင်းကားကလေးကို တွေ့ခဲ့ပြီးဖြစ်လေ၏။

ခဏကြာသောအခါ ခင်ဦးမြင့်နှင့် ယင်းမာတို့ ပြန်ထွက်လာကြပြီး ကားဆီလျှောက်လာသည်။

"ကိုအိုအောင် ခဏဆင်းပါဦးလား၊ လက်ဖက်ရည်လေးဘာလေး သောက်ရတာပေါ့"

ယင်းမာက ပြောသည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော် ဒီမှာပဲ စောင့်ပါမယ်"

"လာပါ ကိုအိုအောင်ရဲ့၊ ဟိုမှာ မိတ်ဆက်ပေးစရာလည်း ရှိလို့ပါ"

ဒီတစ်ခါတော့ အိုအောင့်မျက်နှာ တွေခနဲဖြစ်သွားသည်။ ယင်းမာနှင့် ခင်ဦးမြင့် ပူးပေါင်းပြီး သူ့ကို တွယ်ပြီလား။ ဟိုကျမှ ဒါ ကျွန်မ အမျိုးသားပဲဟု ခင်ဦးမြင့်က မိတ်ဆက်ပေးမှာလား။ အိုအောင့်မျက်နှာပေါ် တစ်ခုခု ရုတ်ခနဲ ပြောင်းလဲသွားသည်ကို ခင်ဦးမြင့် ရိပ်မိလိုက်သည်။

ဒါကို အိုအောင်ကလည်း သိသွားသည်။ သူ တစ်ခုခု ပြန်ပြောရသည်။

"ကျွန်တော့်အတွက်နဲ့ သူ တစ်ခုခု အနှောင့်အယှက်ဖြစ်နေပါဦးမယ်၊ ကျွန်တော့်ကို အားနာမနေပါနဲ့ဗျာ၊ အေးအေးဆေးဆေးပေါ့၊ ကျွန်တော် စောင့်နေပါ့မယ်"

စကားအဖွင့်အပိတ်ကလေးနှင့် ပြောလိုက်၏။

"ဖြစ်စရာမရှိပါဘူး ကိုအိုအောင်"

ခင်ဦးမြင့်က ဝင်ပြောသည်။ အိုအောင်က ဆတ်ခနဲ ခေါင်းညိတ်ပြီး လိုက်သွားသည်။

လက်ဖက်ရည်ခန်းထဲရှိ စားပွဲတစ်လုံးတွင် လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရသည်။ အသားလတ်လတ်၊ လူချောလူလှ မဟုတ်သော်လည်း သန့်ပြန့်သောရုပ်ရည်ရှိသည်။ သူက လှမ်းကြည့်ပြီး ပြုံးပြသည်။

ဝင်ထိုင်ကြသောအခါ ယင်းမာက မိတ်ဆက်ပေးသည်။

"ဒါက ကိုအေးလွင်တဲ့၊ အမ်အီးအိုင်စီက၊ ဒါ မာ ပြောနေတဲ့ ကိုအိုအောင်လေ မောင်ရဲ့၊ လယ်စိုက်ရှင်းမှာ၊ ခု ဖောရိန်းသွားဖို့ကိစ္စအတွက် မန္တလေးက ရန်ကုန်ဆင်းလာတာ"

ကိုအေးလွင်က လက်ကမ်းပေးလာသဖြင့် အိုအောင်က ဆွဲယူနှုတ်ဆက်လိုက်သည်။ ယင်းမာက ကိုအေးလွင်ကို မောင်ဟု သုံးနှုန်းလိုက်သဖြင့် ကိုအေးလွင်သည် ယင်းမာနှင့် ပတ်သက်သူဖြစ်ကြောင်း သေချာသွားသည်။

ကိုအေးလွင်က...

"ကဲ... ကိုအိုအောင်ရေ၊ သူတို့မိန်းကလေးများ လွတ်လပ်စွာ အတင်းစုံ ပြောနိုင်ဖို့အတွက် ကျွန်တော်တို့ ရှောင်ပေးမှထင်တယ်၊ အပေါ်တက်ကြစို့လား"

ပထမထပ်ရှိ အရက်ခန်းသို့ သွားဖို့ ဆိုလိုခြင်းဖြစ်သည်။ အိုအောင်က ခင်ဦးမြင့်ကို တစ်ချက်လှမ်းကြည့်၏။

ခင်ဦးမြင့်က… 'ကိုအေးလွင်ကတော့ ဒါပဲ စိတ်ကူးနေတာပဲ' ဟု မသွားစေချင်ဟန်ဖြင့် ပြောသည်။

ယင်းမာက…

"မိတ်ဖြစ်ဆွေဖြစ်ပေါ့ကွယ်၊ မောင် သိပ်တော့ မကြာစေနဲ့နော်"

အိုအောင်နှင့် ကိုအေးလွင်တို့ အပေါ်ထပ် တက်ခဲ့ကြသည်။ စားပွဲတစ်လုံးတွင် ထိုင်မိကြသောအခါ ကိုအေးလွင်က မေးသည်။

"ကိုအိုအောင်က ဘီယာပဲလား"

ကိုအိုအောင်က ခေါင်းခါပြလိုက်သည်။

"ကျွန်တော် မသောက်ဘူး ကိုအေးလွင်"

ကိုအေးလွင် စိတ်ပျက်သွားသည်။ သူ့ကို ယင်းမာက ပေးလိုက်သောတာဝန်တစ်ခုကြောင့်ဖြစ်၏။ ယင်းမာ၏ အကြံအစည်ကအိုအောင်နှုတ်သွက်လျှာသွက်ဖြစ်လာရုံလောက်အရက်တိုက်ရမည်၊ပြီးတော့ခင်ဦးမြင့်နှင့်ပတ်သက်၍ အိုအောင်၏ သဘောထားကို အစ်အောက်နှိုက်ယူခဲ့ရမည်တဲ့။

ခုတော့…

မတတ်နိုင်။ သူတစ်ယောက်တည်းပဲ သောက်ရတော့မည်။ ဦးနှောက်သွက်လာရုံလောက်၊ ပြီးမှ ယောကျာ်းချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောသလိုလုပ်ပြီး မေးရပေတော့မည်။

တစ်နာရီ ကြာသွားသည်။

သူတို့ လက်ဖက်ရည်ခန်းထဲ ပြန်ဆင်းလာသောအခါ ယင်းမာနှင့် ခင်ဦးမြင့်တို့က အကဲခတ်ကြည့်နေသည်။ ကိုအေးလွင်၏ မျက်နှာမှာ နည်းနည်းနီနေ၏။ အိုအောင်ကတော့ ကြွေရုပ်ရုပင်။

ကိုအေးလွင်နှင့် ယင်းမာတို့ နှုတ်ဆက်ပြီး ထွက်သွားကြသည်။ အိုအောင်နှင့် ခင်ဦးမြင့်တို့ ကားထဲဝင်ထိုင်ကြပြီးသောအခါ ခင်ဦးမြင့်က…

"ဗိုလ်ချုပ်ဈေး ခဏဝင်ချင်တယ်"

အိုအောင်က ခေါင်းညိတ်ပြပြီး မောင်းထွက်လာခဲ့သည်။ ယောက်လမ်းထဲ ချိုးဝင်ပြီးသောအခါ အိုအောင်က စကားစပြောသည်။

"ကိုအေးလွင်က တော်တော်ခင်မင်စရာကောင်းတာပဲ"

"ဟုတ်တယ် သိပ်သဘောကောင်းတယ်"

"အဲဒါမျိုးက ကြုံခဲတယ်လေ၊ လူတစ်ယောက်နဲ့ တစ်ယောက် စတွေ့တွေ့ချင်း စကားပြောရဆိုရ အဆင်ပြေတာမျိုး ရှားတယ် မဟုတ်လား"

ခင်ဦးမြင့်က ကျေနပ်သွား၏။ ကိုအေးလွင်သည် အတော်စည်းရုံးရေးကောင်းတာပဲ၊ အိုအောင်လိုလူမျိုးကို ကျအောင်ပြောဖို့ဆိုသည်မှာ အမှန်စင်စစ် မလွယ်ကူလှ။ ခင်ဦးမြင့် ကိုယ်တွေ့အရ သိနေသည်။

ဗိုလ်ချုပ်ဈေး ရောက်လာသည်။ အိုအောင်က ကားထဲမှာပင် စောင့်နေမည်ဆိုပြီး နေရစ်ခဲ့၏။ ခင်ဦးမြင့်ကို အတော်ကြာအောင် စောင့်ရပြန်သည်။ ခင်ဦးမြင့်၏ကိစ္စမှာ အင်္ကျီရွေးရုံမျှဖြစ်သည်။ သို့ရာတွင် အပ်ချုပ်ဆိုင်မှ

မမမေရီနှင့် နည်းနည်းစကားလက်ဆုံကျသွားသဖြင့် ကြာသွားခြင်းဖြစ်သည်။

သူ ပြန်လာသည်ထိ အိုအောင်သည် ကားထဲတွင်သာ ထိုင်၍စောင့်နေခဲ့လေသည်။ ခင်ဦးမြင့် ကားနားရောက်၍ တံခါးဖွင့်ရန် လက်ကိုင်ကို လှမ်းအကိုင်လိုက်တွင်...

"ဟယ်လို.. ခင်ဦး"

နှုတ်ဆက်သံ ကြားရပြီး လူတစ်ယောက် အနားလာရပ်သည်။ ခင်ဦးမြင့် မျက်နှာတွင် ဝမ်းသာအားရပုံစံ မပေါ်ချေ။ အနည်းငယ်မျှ ပြုံးပြပြီး...

"သြော်... ကိုခင်မောင်မောင်စိန်"

"ခင်ဦးတို့များ ဈေးထဲရောက်တာတောင် ကိုယ်တို့ဆိုင်ကို ဝင်ဖော်မရဘူး။ ခု ဘယ်လာတာလဲ၊ တစ်ယောက်တည်းလား၊ ဦးဆွာမိ လိုက်ပို့..."

"သြော်.. ခင်ဦးတို့အိမ်က ဒရိုင်ဘာ ပြောင်းလိုက်ပြီလား"

အိုအောင် ဆတ်ခနဲ လှမ်းကြည့်မည်ပြုပြီးမှ မကြားချင်ယောင် ဆောင်နေလိုက်သည်။

"အို.. မဟုတ်ပါဘူး၊ ဧည့်သည်ပါ"

ဟု ခပ်ဆတ်ဆတ် ပြန်ဖြေလိုက်သော ခင်ဦးမြင့်၏အသံ ကြားလိုက်ရသည်။

"အို.. ဆောရီး... ကိုယ်နဲ့ မိတ်ဆက်ပေးပါဦး"

ခင်ဦးမြင့်က 'ကိုအိုအောင်'ဟု ခေါ်သဖြင့် သူ လှည့်ကြည့်ရသည်။

"ဒါ ကိုမောင်မောင်စိန်တဲ့၊ ကုန်သည်ဆိုပါတော့၊ ဒါက ကိုအိုအောင်၊ မန္တလေးက၊ အလုပ်ကိစ္စနဲ့ နိုင်ငံခြားသွားဖို့အတွက် ခဏဆင်းလာတာ"

"တွေ့ရတာ ဝမ်းသာတယ်ဗျာ"

ကိုခင်မောင်မောင်စိန်က လက်ကမ်းပေးရင်း ပြော၏။ အိုအောင်က လက်ကိုဆုပ်ကိုင်လိုက်ရင်း ထုံးစံအတိုင်း တည်ငြိမ်စွာ ပြုံးပြလိုက်သည်။ ထို့နောက် ကိုခင်မောင်မောင်စိန်သည် ခင်ဦးမြင့်ဘက် ပြန်လှည့်ပြီး သူ အလွန်အလုပ်များနေသောကြောင့် ခင်ဦးမြင့်တို့အိမ်ဘက် မရောက်ဖြစ်ကြောင်း၊ ထို့အတွက် တောင်းပန်ကြောင်းများကို အတန်ကြာ ပြောနေသေးသည်။

အိုအောင်သည် ကားစက်နှိုးထားရန် သော့ကို လှမ်းကိုင်လိုက်ပြီးမှ မနှိုးသေးဘဲ စောင့်နေလိုက်သည်။

ဦးသာလှက တစ်ဖွန်း၊ ဒေါ်ကြည်မြင့်က တစ်ဖွန်း၊ တစ်ယောက်တစ်လှည့် ခပ်ထည့်ပေးလိုက်ကြရာ အိုအောင်၏ ပန်းကန်းထဲတွင် ထမင်းကို မမြင်ရလောက်အောင် ဟင်းဖတ်တွေ ဖုံးလွှမ်းသွားလေသည်။ ဝက်သားနှင့် သရက်သီးသနပ်၊ ကင်္ကုတစ်ပေါင်း၊ ရွှေပဲသီးကြော်၊ ပုဇွန်ခြောက်လေလွင့်ကြော်။ ဒါတောင် ခင်ဦးမြင့်က တစ်တပ်တအား ပါဝင်မထည့်ရသေး။

ဒီနေ့ တနင်္ဂနွေနေ့ဖြစ်သောကြောင့် ညနေစာ ထမင်းဝိုင်းတွင် လူစုံနေသည်။ ခါတိုင်းရက်များကဆိုလျှင် ဦးသာလှက အိမ်အပြန်နောက်ကျတတ်သည်။ ဒေါ်ကြည်မြင့်ကလည်း အိုအောင်နှင့်အတူ စားလေ့မရှိ။ အကြောင်းမှာ

အိုအောင်နှင့် ခင်ဦးမြင့်တို့ နှစ်ယောက် တွေ့ဆုံဖို့အခွင့်အလမ်းကို ပိုရစေရန်ဖြစ်၏။ ခင်ဦးမြင့်ကို တစ်ခါတစ်ရံ အိုအောင်နှင့်အတူတူ ထမင်းစားစေပြီး တစ်ခါတစ်ရံကျတော့ ထမင်းပွဲ ပြင်ဆင်ကျွေးမွေးစေခဲ့သည်။

သည်နေ့တော့ ဦးသာလှလည်း ပွဲရုံမသွားသဖြင့် သူတို့မိသားစု သုံးယောက်စလုံး အိုအောင်နှင့်အတူတူ ထမင်းစားကြသည်။ စားပွဲရှည်တွင် ဦးသာလှက ထိပ်တည့်တည့်မှာ ထိုင်သည်။ အိုအောင်က တစ်ဖက်၊ ဒေါ်ကြည်မြင့်နှင့် ခင်ဦးမြင့်က တစ်ဖက် ထိုင်ကြသည်။ ဦးသာလှရော၊ ဒေါ်ကြည်မြင့်ရော မိမိတို့ ပန်းကန်များထက် အိုအောင့်ပန်းကန်ကို ပို၍ ဂရုစိုက်ကြသည်။

ထမင်းပွဲ စလျှင်စချင်း ဒေါ်ကြည်မြင့်သည် ဝက်သားအတုံးလှလှတစ်တုံးကို ခပ်ပြီး အိုအောင့်ပန်းကန်ထဲ ထည့်မည်ဟု ဟန်ပြင်ပြီးမှ ဦးသာလှကို ဦးချရန် သတိရသည့်အဖြစ်တစ်ခု ဖြစ်သွားလေသည်။

အိုအောင်သည် နဂိုက ဟင်းခွက်တွေ အများကြီးနှင့် မစားတတ်သူဖြစ်သောကြောင့် ပန်းကန်ထဲမှာ ပုံနေသော ဟင်းဖတ်တွေကို ရှင်းဖို့ စိတ်ပျက်နေမိ၏။ တကယ်လို့ ခင်ဦးမြင့်ကများ သူ့မိဘတွေနှင့်အပြိုင် အားကျမခံ ဟင်းထည့်ပေးရင် ခက်ရချည့်ဟု တွေးမိ၏။ သို့ရာတွင် ခင်ဦးမြင့်က ထည့်မပေး။

"ဟဲ့... သမီး၊ မောင်အိုအောင်ကို ထမင်းထည့်ပေးလိုက်ဦးလေ"

ဦးသာလှက ပြောလိုက်သည်။ ဒေါ်ကြည်မြင့်က ကျိတ်၍ မကျေမနပ်ဖြစ်သွားသည်။ သူသည် ထိုစကားကို ပြောရန် အိုအောင့် ထမင်းပန်းကန်ကို ဂရုစိုက်ကြည့်နေခဲ့ပြီးမှ ဦးသာလှက လက်မတင်ကလေး ဦးသွားသောကြောင့် ဖြစ်၏။

"တော်ပြီ ခင်ဗျ၊ ကျွန်တော် ဝပါပြီ"

"အို... မဟုတ်တာ၊ နည်းလှချည်လား၊ ဟင်းမကောင်းလို့ထင်တယ်"

"ကောင်းပါတယ် ဒေါ်ဒေါ်၊ ညနေက အပြင်သွားရင်း ဆင်းဒဝစ်စားတာ များသွားလို့ပါ"

အိုအောင် ဆိုလိုသည်မှာ ကိုအေးလွင်နှင့် စားခဲ့ခြင်းကို ဖြစ်သည်။ ဦးသာလှနှင့် ဒေါ်ကြည်မြင့်တို့ကမူ အိုအောင်နှင့် ခင်ဦးမြင့် အပြင်သွားရင်း ဆိုင်တစ်ဆိုင်မှာ ဝင်စားခဲ့တာလားဟု မှန်းဆနေကြ၏။ သည်လိုဆိုလျှင်တော့ အခြေအနေ မဆိုးဘူးပေါ့။

ခင်ဦးမြင့်ကတော့ ခုထိဘာမျှဝင်မပြောသေး။ တကယ်ဆိုလျှင် သူ အိုအောင်ကို စကားပြောချင်နေသည်။ နေ့လယ်က ကိစ္စအတွက်ဖြစ်သည်။ ကိုခင်မောင်မောင်စိန်က အိုအောင့်ကို ဒရိုင်ဘာနှင့် မှားပြောသည့်အတွက် သူ အားနာနေသည်။ ကိုခင်မောင်မောင်စိန်သည် တကယ်ပင် မှားပြောမိတာလည်း ဖြစ်ချင်ဖြစ်မည်။ အိုအောင်ကို မြင်လိုက်ကတည်းက သူနှင့်ပြိုင်ဖက် ဖြစ်ကောင်းဖြစ်နိုင်သည်ဆိုပြီး ဦးအောင်တွယ်လိုက်ခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ထိုကိစ္စအတွက် မိမိမှာ တာဝန်မကင်းဟု ခင်ဦးမြင့် ထင်နေမိသည်။ ထို့ကြောင့် အိုအောင်ကို တောင်းပန်စကား ပြောချင်နေသည်။

အစက ထမင်းဝိုင်းမှာ ပြောမည်ဟု စိတ်ကူးခဲ့သည်။ လူကြီးတွေပါ ရှိနေသဖြင့် မပြောဖြစ်ခဲ့။ ထမင်းစားပြီးလျှင် အိုအောင်သည် ဧည့်ခန်းမှာ ခဏတဖြုတ် ထိုင်လေ့ရှိသည်။ အဲသည်ကျမှ ပြောတော့မည်ဟု စဉ်းစားထား၏။ သို့ရာတွင် ထမင်းစားပြီးတော့လည်း ဧည့်ခန်းထဲမှာ ဖေဖေတို့က အိုအောင်နှင့်အတူ ဝင်ထိုင်နေပြန်သဖြင့် မပြောသာ။

သူသည် အချိုပွဲနှင့် ရေနွေးကြမ်းအိုးကို စားပွဲပေါ်ချပေးပြီး ဧည့်ခန်းထောင့်ရှိ ဆိုဖာအဝိုင်းကလေးပေါ်ထိုင်၍ စာဖတ်နေလိုက်သည်။ လူကြီးတွေနှင့် အိုအောင်တို့ စကားပြောသံကို ကြားနေရသည်။

"ဒါနဲ့ မောင်အောင်တို့ အလုပ်တွေက ပြီးလုပြီးလားကွယ့်"

ဦးသာလှက မေးသည်။ ဘယ်နေ့လောက် ပြန်ဖြစ်မလဲသိလိုရင်းဖြစ်ကြောင်း အိုအောင် သိလိုက်၏။

"ဟုတ်ကဲ့... ပရောဂျက်က အသစ်စမှာဆိုတော့ နောက်ပိုင်း အခက်အခဲမရှိအောင် ခုကတည်းက စနစ်တကျ အချိန်ယူလုပ်နေရပါတယ်။ တစ်ပတ်ဆယ်ရက်တော့ ကြာဦးမယ်ထင်ပါတယ်"

"သြော်... သြော်... အေး.. အေး အလုပ်ကိစ္စ ပြီးပေမယ့်လည်း လေးရက်တန်သည် တစ်ပတ်တန်သည် နေချင်နေပါဦးလားကွယ်၊ ရောက်တုန်းရောက်ခိုက်ပေါ့"

"ကျေးဇူးပါပဲခင်ဗျာ၊ အောင်စာရင်းတွေ ထွက်ရင်လည်း တစ်ခေါက်လာရဦးမှာပဲ"

"အဲဒီအခါကျတော့လည်း ဒီမှာပဲတည်းနော်၊ ဘာမှ အားနာစရာမရှိဘူး၊ မတည်းရင်သာ ဒေါ်ဒေါ်တို့ စိတ်မကောင်းဖြစ်ရမှာ"

"ဟုတ်ကဲ့"

"ဒေါ်ဒေါ်တို့ တစ်အိမ်သားလုံးကတော့ မင်းကို မိသားစုလို သဘောထားကြတာကလား၊ ဟိုတစ်နေ့ကတောင် သမီးက ပြောသေးတယ်၊ အစ်ကိုအိုအောင်က ရန်ကုန်မှာ အလုပ်လုပ်တာဆိုရင် သိပ်ကောင်းမှာပဲတဲ့၊ သမီးက အစ်ကိုတွေ မောင်တွေ မရှိခဲ့ရှာတော့ မောင်အိုအောင်ကို အစ်ကိုတစ်ယောက်လိုခင်မင်ရှာထင်ပါရဲ့"

ခင်ဦးမြင့် မသိမသာ မျက်လုံးပြူးသွား၏။

သူသည် ထိုစကားမျိုး တစ်ခါမျှ မပြောဖူးခဲ့။

ဦးသာလှ 'အေးလကွယ်၊ ဒါလည်း အစ်ကိုပဲပေါ့၊ အောင်ထိန်နဲ့ ငါနဲ့ဆိုတာက ညီအစ်ကိုလို နေခဲ့ကြတာကလား' ဟု စကားဝင်ထောက်ပေးလိုက်၏။

ခင်ဦးမြင့် ထိုနေရာက ထထွက်သွားချင်သည်။ သူ့အကြောင်း ပြောနေတော့မှ ထွက်သွားဖို့ကလည်း မသင့်လျော်ချေ။ သူ ထိုင်နေရာနှင့် အနည်းငယ်လှမ်းသော်လည်း စကားတွေ အကုန်ကြားနေရ၏။ စာအုပ်ကို ငုံ့ဖတ်ရင်း ဣန္ဒြေမပျက် နေရသည်။

ထိုအချိန်တွင်တယ်လီဖုန်းခေါ်သံမြည်လာသည်။အနီးဆုံးတွင်ရှိနေသောခင်ဦးမြင့်ပင်ကောက်ကိုင်လိုက်သည်။

"ဟယ်လို... ပြောပါရှင်"

"ခင်ဦးလား"

ယင်းမာ၏အသံ။ 'အင်း၊ မာလား' ဟု ခင်ဦးမြင့် ပြန်ပြောသည်။ သူ့ဘက်သို့ လှည့်ကြည့်နေသော ဦးသာလှနှင့် ဒေါ်ကြည်မြင့်တို့ ပြန်လှည့်သွားကြသည်။

"ဘေးနားမှာ လူတွေရှိလား"

ယင်းမာက မေးသည်။

"အေး... စားပြီးပြီ"

ဟု သူ တလွဲဖြေလိုက်သည်။ လူမရှင်းကြောင်း ယင်းမာ နားလည်သွားသည်။

"ဒါဆို မာပဲပြောမယ်၊ ခင်ဦး နားထောင်ရုံပဲနားထောင်၊ ဟုတ်လား"

"အေး... စုံနေတာပဲ၊ ခုပဲ စားပြီးတာ"

ခုနစကားနှင့် အလိုက်သင့် ဆက်ပြောလိုက်သည်။

ယင်းမာက...

"နေ့လည်ကအကြောင်း ပြောမလို့"

"အင်း... ခင်ဦးလည်း မာ့ဆီ ဆက်မလို့ပဲ"

"သိပ်သိချင်နေပြီပေါ့"

ခင်ဦးမြင့်က ဘာမျှပြန်မပြော။ ယင်းမာက ဆက်ပြော၏။

"ခင်ဦးရဲ့လူက လူလည်ကြီးပဲ"

"ဟင်... ဘာ"

"ခင်ဦးရဲ့လူကို ပြောတာ"

ခင်ဦးမြင့် ပြန်ပြောလို့မရမှန်းသိ၍ ယင်းမာက နောက်နေသည်။

"ကဲပါ... ပြော.. ဘာဖြစ်လို့လဲ"

"နေ့လည်က ကိုအေးလွင်ကို တို့တွေ ခိုင်းလိုက်တယ်မဟုတ်လား ဟိုကိစ္စ"

"အင်း..."

"ကိုအိုအောင်က လုံးဝမသောက်ဘူးတဲ့"

"ဟုတ်လား"

"အေး.. ဒါတင် ဘယ်ကမလဲ၊ ကိုအိုအောင်က ခင်ဗျား သောက်ချင်သောက်ပါ၊ ကျွန်တော့်ကို အားမနာပါနဲ့ဆိုတာနဲ့ ကိုအေးလွင် နည်းနည်းသောက်သတဲ့၊ ခင်ဦးလည်း သိတဲ့အတိုင်းပဲ၊ ကိုအေးလွင်ဆိုတာကလည်း သိပ်သောက်နိုင်တဲ့လူမှ မဟုတ်ဘဲ၊ ဘီယာတစ်လုံးနဲ့ ဝီစကီနှစ်ပက်လည်း သောက်ပြီးရော ကိုအေးလွင်လည်း ရီတီတီ ဖြစ်လာတော့တာပေါ့၊ သူက ကိုအိုအောင့်ကို ခင်ဦးနဲ့ပတ်သက်တဲ့ သဘောထားမေးဖို့ စကားတောင် မစရသေးဘူး၊ ခင်ဦးရဲ့လူက လှည့်ပတ်ပြီး မေးလိုက်တာ၊ ကိုအိုအောင့်ဆီက ဘာတစ်ခွန်းမှ မသိလိုက်ရဘဲ မာနဲ့ ကိုအေးလွင်အကြောင်းတွေသာ လျှောက်ပြောခဲ့မိသတဲ့"

ခင်ဦးမြင့် အိုအောင့်ကို လှည့်ကြည့်မိသည်။ အိုအောင်သည် ဒေါ်ကြည်မြင့် ပြောနေသောစကားကို အလွန်ရိုကျိုးစွာ နားထောင်နေလေသည်။

"အဲ... ကိုအေးလွင်ကတော့ ကိုအိုအောင်ကို လူတော်လူကောင်းတစ်ယောက်ဆိုတာ အမှန်ပဲလို့ ခပ်ထွေထွေနဲ့ ချီးကျူးသွားသေးတယ်"

ခင်ဦးမြင့်သည် အိုအောင့်ကို ကိုခင်မောင်မောင်စိန်ကိစ္စ မတောင်းပန်တော့ဟု ဆုံးဖြတ်မိပြန်သည်။

(၇)

ခင်ဦးမြင့်သည် အစောကြီး အိပ်ရာဝင်ခဲ့သည်။ အိပ်ချင်သောကြောင့်တော့မဟုတ်။ စဉ်းစားချင်သောကြောင့် ဖြစ်သည်။ အမှန်ဆိုလျှင် အိပ်ခန်းထဲဝင်ပြီးမှ စဉ်းစားလို့ရသည်မဟုတ်။ ဘယ်နေရာဖြစ်ဖြစ် ရသည်ပင်။ အတွေးဆိုသည်မှာ အသံထွက်နိုင်သည်မှမဟုတ်ဘဲ လူပုံအလယ်မှာ ထိုင်စဉ်းစားနေလို့လည်း ကိုယ် ဘာစဉ်းစားသည်ကို သူများ သိနိုင်သည်မဟုတ်။ သို့ရာတွင် လူတို့သည် သူများမသိစေချင်သောကိစ္စကို လူရှေ့သူရှေ့မှာ မစဉ်းစားချင်ကြချေ။ စိတ်မလုံဘဲ ကိုယ့်ကိုယ်ကို ရှက်နေတတ်ကြသည်။ ထို့ကြောင့် ဆိတ်ကွယ်ရာမှာ စိတ်ရှင်းစွာ စဉ်းစားလေ့ရှိကြ၏။

ခင်ဦးမြင့် စဉ်းစားလိုသောအကြောင်းအရာမှာ အိုအောင်အကြောင်း။

သူနှင့် အိုအောင့်ကို လူကြီးတွေက သဘောတူနေသည်မှာ အလွန်သေချာနေပြီ။ မနေ့က ထမင်းစားအပြီး ဧည့်ခန်းမှာထိုင်ရင်း မေမေပြောသောစကား (ဟိုတစ်နေ့ကတောင် သမီးက ပြောသေးတယ်) သည် အတော်သိသာသွား၏။ အဓိပ္ပါယ်ကောက်နတ်တတ်သူတစ်ယောက်အဖို့ 'ဒက်ခနဲ' သိသွားစေနိုင်သော စကား။ အိုအောင်လိုလူမျိုးဆိုလျှင် ဒီလောက်ပင် ဖွင့်ပြောနေစရာမလို။

ကိုအိုအောင်ဆိုတဲ့လူကလည်း တစ်မျိုး။

ခင်ဦးမြင့်သည် အိုအောင်ကို မချစ်နိုင်သော်လည်း အိုအောင်က သူ့ကို ချစ်နေခြင်း ရှိမရှိကိုတော့ သိချင်နေသည်။ ထို့ကြောင့် ယင်းမာနှင့် တိုင်ပင်ပြီး အကြံအစည်တစ်ခု လုပ်ခဲ့သည်။ ယင်းမာကတစ်ဆင့် ကိုအေးလွင်ကို အကူအညီတောင်းခိုင်းလိုက်သည်။ အိုအောင်နှင့် ယောကျ်ားချင်း စကားပြောရာမှ သူ့သဘောထား တစ်စွန်းတစ်စ သိလိုသိငြား သမ္မတဟိုတယ်မှာ ဆုံပေးလိုက်သည်။ သို့ရာတွင် အိုအောင်က လိမ္မာပါးနပ်စွာ ရှောင်ထွက်သွားနိုင်သည်။ စကားတစ်ခွန်းသော်မျှ မရလိုက်။

သူက အိုအောင်ကို မချစ်သော်လည်း အိုအောင်က သူ့ကို ချစ်စေချင်သောစိတ်များ သူ့ဆီမှာ ရှိနေသလားဟု ခင်ဦးမြင့် သူ့ကိုယ်သူ မေးကြည့်သည်။ သေချာသောအဖြေ မရ။ ဖြစ်ကောင်းဖြစ်နိုင်သည်။ မိန်းကလေးဆိုသည်မှာ ကိုယ်ကသာ ပြန်မချစ်ချင်နေရမည်။ ယောကျ်ားလေးတွေက မိမိကို ဝိုင်းကြိုက်နေကြတယ်ဆိုတာမျိုးကို ဂုဏ်ယူချင်တတ်သည်မှာ ဓမ္မတာပင်။

အိုအောင်သည် လျှို့ဝှက်သိပ်သည်းသည်။ အသိရခက်သည်။ ပါးနပ်သည်။ ထိုအချက်များသည် စိတ်ဝင်စားစရာကောင်းနေသည်တော့အမှန်။ သူ့စိတ်သဘောထားအမှန်ကို သိရအောင် မိန်းမတို့မာယာနှင့် ဖြားယောင်းကြည့်ချင်စိတ်ပင် တစ်ခါတစ်ခါ ပေါ်လာမိသည်။ အိုအောင်ကြီးတစ်ယောက် မနေနိုင်မထိုင်နိုင်ဖြစ်ပြီး တမ်းတမ်းစွဲ ဖြစ်လာတော့မှ ခစ်ကနဲရယ်ကာ ခါထုတ်ပစ်လိုက်လျှင် ဘယ်လောက်အထိနာသွားလေမလဲ။ ဘယ်လောက် အရသာရှိလိုက်မလဲ။ သို့ရာတွင် ထိုစိတ်ကူးများသည် စိတ်ကူးသက်သက်။

အိုအောင်တို့အဖေ ဦးအောင်ထိန်နှင့် ခင်ဦးမြင့်တို့အဖေ ဦးသာလှသည် ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ ဦးအောင်ထိန်မိဘများက ချမ်းသာ၍ ဦးသာလှမိဘများသည် အလျဉ်မီရုံသာဖြစ်၏။

ဦးအောင်ထိန်ရော ဦးသာလှပါ ပညာတော်ကြသည်။ သို့ရာတွင် နှစ်ယောက်စလုံး ကောလိပ်သို့ မသွားကြ။ ဦးသာလှက ကောလိပ်တက်ရန် ငွေကြေးမတတ်နိုင်သောကြောင့်ဖြစ်သည်။ ဦးအောင်ထိန်ကမူ ကောလိပ်ပညာသင်ရန်ထက် စီးပွားရေးလုပ်ကိုင်ရန် စိတ်ပိုသန်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဦးအောင်ထိန်က မိဘလက်ငုတ်လုပ်ငန်းဖြစ်သော ပွဲရုံကို ဆက်လက်ဦးစီးလုပ်ကိုင်သည်။ သူငယ်ချင်းဖြစ်သူ ဦးသာလှကိုလည်း ခေါ်၍ သူနှင့်အတူ လုပ်ကိုင်စေသည်။ သူတို့နှစ်ဦးမှာ လူတော်လူထက်တွေချည်းဖြစ်သဖြင့် လုပ်ငန်းမှာ အလွန်အောင်မြင်သည်။

အချိန်တန်သောအခါ ဦးအောင်ထိန်သည် ဒေါ်ခင်မြနှင့် အိမ်ထောင်ကျသည်။ ဦးသာလှက ဒေါ်ကြည်မြင့်နှင့် လက်ထပ်သည်။ ဦးသာလှနှင့် ဒေါ်ကြည်မြင့်တို့၏ မင်္ဂလာပွဲကို ဦးအောင်ထိန်ပင် ကမကထလုပ်၊ အကုန်အကျခံ၍ စီစဉ်ပေးခြင်း ဖြစ်သည်။

ဦးအောင်ထိန်နှင့် ဒေါ်ခင်မြတို့က အိုအောင်ကို မွေး၍ ဦးသာလှနှင့် ဒေါ်ကြည်မြင့်တို့က ခင်ဦးမြင့်ကို မွေးသည်။ ခင်ဦးမြင့်က အိုအောင်ထက် လေးနှစ်ငယ်သည်။ အိုအောင် ခုနစ်နှစ်သားအရွယ်တွင် ဦးအောင်ထိန်က လုပ်ငန်းတည်နေရာပြောင်းဖို့ စီစဉ်သည်။ ဇာတိဖြစ်သော မြင်းခြံမြို့တွင် အခြေချမည်ဖြစ်သည်။ ထိုအခါ ဦးသာလှတို့ကို ခေါ်သည်။ ဦးသာလှတို့က ဒေါ်ကြည်မြင့်တို့၏ ဆွေမျိုးများနှင့် ခွဲခွာပြီး မလိုက်ချင်။ ထိုအခါ ဦးသာလှနှင့် ဒေါ်ကြည်မြင့်တို့က ရန်ကုန်တွင် ကိုယ်ပိုင်ပွဲရုံကလေးတစ်ရုံ လုပ်ကိုင်နိုင်ရန် ဦးအောင်ထိန်တို့က အရင်းအနှီး မ,တည်ထုတ်ပေးသည်။

ဦးအောင်ထိန်သည် မြင်းခြံတွင် အခြေစိုက်နေရာမှ ဇနီးဖြစ်သူ ဒေါ်ခင်မြ ဆုံးပြီးနောက် စီးပွားရေး အခြေယိုင်ခဲ့ရ၏။ ဦးအောင်ထိန်ကိုယ်တိုင်လည်း ပန်းနာရင်ကျပ်ရောဂါ စွဲကပ်လာသဖြင့် ပွဲရုံလုပ်ငန်းကို ရပ်ဆိုင်းပြီး ကျန်ရှိသော ငွေကြေးပစ္စည်းများကိုပင် သုံးစွဲရင်း အိုအောင်ကို ကျောင်းဆက်ထားခဲ့ရသည်။ ထိုအခါ မူလပွဲရုံကို အငှားချထားသောငွေနှင့် အခြေမပျက် နေနိုင်ရုံသာ ရှိတော့သည်။

ဦးသာလှတို့ကမူ ဦးအောင်ထိန်ထူထောင်ပေးခဲ့သောပွဲရုံကလေးမှတဖြည်းဖြည်းတိုးတက်ကြီးပွားလာခဲ့ကြရာမှ ယခုအခြေအနေထိ ရောက်ရှိလာခြင်းဖြစ်လေသည်။

“ဒါပဲ သမီး၊ မေမေတို့မှာ ကိုအောင်ထိန်တို့ သားအဖရဲ့ ကျေးဇူးတွေ အများကြီးပဲရှိတယ်၊ မေမေတို့ အခုလိုအခြေအနေထိ ဖြစ်လာခဲ့တာ ကိုအောင်ထိန် မ,တည်ပေးခဲ့လို့ပဲ၊ ဒါကြောင့် မေမေတို့က ကျေးဇူးမမေ့တဲ့အနေနဲ့ မောင်အိုအောင်ကို အစွမ်းကုန် ဂရုစိုက်ပေးရတာ၊ သမီးအနေနဲ့လည်း မောင်အိုအောင်ကို အတတ်နိုင်ဆုံး လိုက်လိုက်လျောလျော ဆက်ဆံပါကွယ်”

ဒေါ်ကြည်မြင့်က ခင်ဦးမြင့်ကို ထိုစကားပြောသောအခါ ခင်ဦးမြင့်က အဓိပ္ပါယ်ကို နားလည်လိုက်သည်။

အိုအောင်နှင့် သူ့ကို သဘောတူသည်။ အကယ်၍ အိုအောင်က ချစ်ကြိုက်ရေးစကားမျိုး စလာလျှင် လက်ခံရန် ဟူ၍ဖြစ်၏။

အိုအောင် မရောက်ခင်တုန်းက ဒီသူငယ် ရောက်လာရင် ခပ်မှန်မှန်ဆက်ဆံ၊ သိပ်အရောမဝင်နဲ့ ဆိုသောစကားကို ဒေါ်ကြည်မြင့် မေ့ချင်ယောင်ဆောင်နေလိုက်ပြီ။ ခင်ဦးမြင့်အနေနှင့်လည်း မေမေ အရင်ပြောတုန်းက တစ်မျိုးလားဟု ပြောခွင့်မရှိချေ။

ပြီးတော့လည်း သူ့မိဘတွေအကြောင်း သူသိသည်။ ဖေဖေနှင့် မေမေတို့သည် ခုလောက်ထိ သူတစ်ပါးကျေးဇူးကို တသသ အောက်မေ့လေ့ရှိကြသူများ မဟုတ်။ အိုအောင်၏ ရှေ့တက်လမ်းကို မြော်မြင်ပြီးမှသာ ကျေးဇူးတရားတွေဘာတွေကို အတင်းပြန်၍ သတိရခြင်းဖြစ်သည်။

တကယ်ဆိုတော့လည်း ဦးသာလှတို့ ဒေါ်ကြည်မြင့်တို့အတွက် လိုအပ်နေသောသူမှာ အိုအောင်လိုလူမျိုးဖြစ်သည်။ အစပထမ ကိုခင်မောင်မောင်စိန်နှင့် သဘောတူခဲ့ခြင်းမှာ သူ၏ စီးပွားရေးအကွက်မြင်မှုကြောင့်ဖြစ်သည်။ ထိုအချက်တစ်ချက်က လွဲလျှင် အခြားအချက်များ၌ အိုအောင်က အပြတ်အသတ်သာသည်။

အိုအောင်မှာ စီးပွားရေးမတောင့်တင်းခြင်းသာ ပြောစရာရှိသည်။ ဒါကလည်း အရေးမကြီး။ အိုအောင် နိုင်ငံခြားက ပြန်လာလျှင် ကားတစ်စီးလောက်ပါလာမည်။ ရာထူးတိုးဦးမည်။ ရှေ့အလားအလာ အများကြီးကောင်းသည်။

တကယ်ဆိုတော့ ဦးသာလှတို့အဖို့ ငွေကြေးပစ္စည်းဥစ္စာသည် ပြည့်စုံကုံလုံပြီးဖြစ်သည်။ သူတို့အဖို့ လိုအပ်နေသည်မှာ ဂုဏ်သာဖြစ်သည်။ ပညာဂုဏ်၊ ရိုးသားမှုဂုဏ်၊ ဒါတွေအားလုံး အိုအောင်ဆီမှာ အပြည့်အဝ ရှိနေသည်။ ထို့ကြောင့် အိုအောင်ကို ခင်ဦးမြင့်နှင့် သဘောတူလေ၏။

ခင်ဦးမြင့်အဖို့ ဘာလုပ်ရမည်နည်း။ ခုလိုအတိုင်း အသာကလေး မျှောနေရုံသာရှိသည်။ ထို့ထက်လည်း သူ ဘာမျှ ပို၍မတတ်နိုင်။ မေမေတို့က လိုက်လိုက်လျောလျော ဆက်ဆံဆိုလျှင် ဆက်ဆံလိုက်ရုံသာ။ တကယ်လို့များ အိုအောင်က ဖေဖေတို့ မေမေတို့ ဆင်သောအကွက်ထဲ ဝင်နင်းပြီး မိမိကို ဖွင့်ပြောလာခဲ့သော် ဘာလုပ်ရမည်နည်း။ သူ မသိ။ သူ တစ်ခုပဲ သိသည်။

အိုအောင်ကို သူ ချစ်နိုင်မည်မဟုတ်ချေ။

အိုအောင်နှင့် ခင်ဦးမြင့်တို့သည် ဧည့်ခန်းထဲမှာ ထိုင်နေကြသည်။ တစ်ခွန်းတလေကလွဲ၍ ဘာစကားမျှ မပြောဖြစ်ကြသေး။

ဒီညနေ ခင်ဦးမြင့်က အိုအောင်ကို ထမင်းပွဲပြင်ဆင်ကျွေးသည်။ အိုအောင်သည် ထမင်းစားပြီးနောက် ထုံးစံအတိုင်း ဧည့်ခန်းမှာ ခဏတဖြုတ် ထိုင်သည်။ ထိုအခါ ဒေါ်ကြည်မြင့်က ခင်ဦးမြင့်အား အနားမှာ သွားထိုင်ပြီး ဧည့်ခံခိုင်းလိုက်သည်။ ခင်ဦးမြင့်သည် အိုအောင်အနားမှာ ကြောင်စီစီ သွားထိုင်ရင်း ဧည့်ခံရလေသည်။

"ထမင်းစားလို့ကောင်းရဲ့လား"

"ကောင်းပါတယ်၊ ကျွန်တော် ဒီနေ့ တော်တော်စားလိုက်တာပဲ"

"ဆနွင်းမကင်း စားလိုက်ပါဦး"

"ဟုတ်ကဲ့"

အိုအောင်သည် ဆနွင်းမကင်းတွေဘာတွေ မကြိုက်လှသော်လည်း အားနာပါးနာ ယူစားၡ၏။

ခင်ဦးမြင့်သည် အိုအောင်ရှေ့တွင် အနေရခက်နေသည်။ အမှန်ဆိုလျှင် ဘာမျှ အနေရခက်စရာအကြောင်းမရှိ။ သူတို့နှစ်ယောက်မှာ အတော်အတန်ပင် ရင်းနှီးနေကြပြီမဟုတ်လား။ သို့ရာတွင် ဟိုနေ့က မေမေ ပြောခဲ့သောစကားအရ မိမိတို့သည် အိုအောင့်ကို မိအောင် ဝိုင်းဖမ်းနေကြရတာပါလားဟု စိတ်မှာစွဲနေသည်။ မေမေသည် မိမိကို အဓိကနေရာမှ ကပြခိုင်းနေခြင်းဖြစ်သည်။ ထို့ကြောင့် အိုအောင့်ရှေ့တွင် သူ စိတ်မလုံချေ။ ဒါကို အိုအောင်ကလည်း သိနေသည်။ ခင်ဦးမြင့် နေသာထိုင်သာရှိစေရန် စကားစရှာရ၏။

"မခင်ဦးမြင့်၊ ကိုအေးလွင်တို့ ယင်းမာတို့နဲ့ တွေ့သေးလား"

"ဩော်.. မတွေ့တာတောင် သုံးလေးရက် ရှိပြီ"

"ကျွန်တော်တော့ ကိုအေးလွင်နဲ့ မပြန်ခင် တစ်ခါလောက် ဆုံချင်သေးတယ်ဗျာ၊ သိပ်ခင်ဖို့ကောင်းတဲ့လူ"

ကိုအေးလွင်နှင့် အိုအောင် တွေ့ကြတုန်းက သူ လှည့်ပတ် ရှောင်ထွက်သွားပုံကို ခင်ဦးမြင့် သတိရလိုက်သည်။

"ဒါနဲ့... တစ်ခုပြောရဦးမယ်၊ ကျွန်တော်တို့ မြင်းခြံကို ပြောင်းသွားတုန်းက ကျွန်တော်က ခုနစ်နှစ်သားပဲ ရှိသေးတယ်တဲ့၊ အဲဒီတုန်းက မခင်ဦးမြင့်က ဘယ်နှစ်နှစ်သမီးလောက် ရှိမလဲ"

"သုံးနှစ်လို့ ပြောတာပဲ"

"ကျွန်တော်တော့ ရန်ကုန်မှာ နေသွားခဲ့တာ ကောင်းကောင်းမမှတ်မိဘူးဗျ"

"ကျွန်မလည်း မမှတ်မိဘူး၊ မေမေတို့ ပြောပြောနေလို့သာ"

စကားစပြတ်သွား၏။ ဒီတစ်ခါတော့ ပြောစရာအကြောင်းအရာရှာဖို့ ငါ့အလှည့်ပဲဟု ခင်ဦးမြင့်တွေးမိသည်။

"ကိုအိုအောင်ရဲ့နာမည်က တစ်မျိုးပဲနော်၊ နည်းနည်း ထူးခြားသလိုပဲ"

"ဟုတ်တယ်ဗျ"

"ကျွန်မ မသိလို့မေးတာပါ၊ ကိုအိုအောင်ဆိုတာက မြန်မာလို သက်သက်ပဲလား၊ ဒါမှမဟုတ် အော်လီဗာတို့ ဘာတို့လို အင်္ဂလိပ်နာမည် ယူခဲ့ဖူးလို့ အတိုကောက် အိုစာလုံးကို ယူထားတာလားလို့"

"မဟုတ်ဘူး မခင်ဦးမြင့်ရဲ့၊ ဒီလိုဗျ၊ ကျွန်တော့်ကိုမွေးတော့ တစ်ယောက်တည်းမဟုတ်ဘူး၊ အမြွှာမွေးတာ၊ အဲ... မြန်မာမှာ စကားရှိတယ် မဟုတ်လား၊ အိုအောင်မင်းအောင် ပေါင်းရပါစေဆိုတဲ့ ဆုပေးတဲ့စကားလေ၊ အဖေက အဲဒီထဲက ယူပြီး ကျွန်တော့်ကို အိုအောင်၊ ကျွန်တော့်ရဲ့ညီကို မင်းအောင်လို့ မှည့်လိုက်တာ၊ ကျွန်တော့်ညီကတော့ တစ်လသားအရွယ်မှာ ဆုံးသွားရှာတယ်"

ထိုအချိန်မှာပင် အပေါ်ထပ်မှ ဒေါ်ကြည်မြင့် ဆင်းလာသည်။ အိုအောင်ကို ပြုံးပြပြီး...

"ဩော်... မောင်အိုအောင် ထမင်းစားပြီးပြီလားကွယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"စားလို့ကောင်းရဲ့လား"

"အေးကွယ်၊ ဒေါ်ဒေါ်လည်း အပေါ်မှာ တရားခွေတွေဖွင့်ပြီး နားနေလို့"

အမှန်တော့မဟုတ်ချေ။ အိုအောင်တို့အခြေအနေကို လှေကားကွေ့မှ မသိမသာ ချောင်းကြည့်နေခဲ့ခြင်းသာ ဖြစ်၏။

"မောင်နှမနှစ်ယောက် ဘာတွေများ စကားကောင်းနေကြပါလိမ့်"

အိုအောင်က ရယ်၍

"ငယ်ငယ်တုန်းက အကြောင်းတွေ ပြန်ပြောနေကြတာပါ"

"ဟုတ်သကွယ့်၊ သမီးက ငယ်ငယ်က သိပ်ဆိုးတာ၊ မောင်အိုအောင်ဆို သိပ်နိုင်တာပဲ၊ ဟော... မောင်အိုအောင်တို့ မလာတာ ကြာပြန်ရင်လည်း အစ်ကိုအိုအောင် မလာတာကြာပြီ၊ သွားခေါ် ပေးပါဆိုပြီး ပူဆာပြန်ရော"

ဒေါ်ကြည်မြင့်သည် ရုတ်တရက် သတိရသွားဟန်ဖြင့်...

"သူ စိတ်ကောက်ပြီဆိုမှဖြင့် မောင်အိုအောင်က ကုန်းပိုးပြီးချော့ရတယ်"

ခင်ဦးမြင့်၏မျက်နှာမထားတတ်အောင်ဖြစ်သွားရသည်။အိုအောင်ကမူဒီလောက်တော့ဟုတ်မယ်မထင်ပါဘူးဟု တွေးနေမိလေသည်။

(၈)

"မမြင့်... ထိုင်ပါဦးကွ"

ဦးသာလှသည် နိုင်ငံခြားဖြစ် ပက်လက်ကုလားထိုင်ပေးမှာ မှီထိုင်ရင်း သတင်းစာဖတ်နေရာမှ ဒေါ်ကြည်မြင့်ကို မော့မကြည့်ဘဲ ပြောလိုက်သည်။ ဒေါ်ကြည်မြင့်က လာကိုဗိုပန်းကန်ကို ချပေးလိုက်ပြီး ဆိုဖာအဝိုင်းကလေးတစ်ခု ဆွဲယူထိုင်လိုက်သည်။

"ဘာလဲ ကိုသာလှ"

ဦးသာလှက ချက်ချင်းမပြောသေး။ ဖတ်လက်စ သတင်းတစ်ပုဒ်ကို ဆုံးအောင်ဖတ်သည်။ ပြီးမှ သတင်းစာကို ဘေးက စားပွဲကလေးပေါ် ခေါက်တင်၊ မျက်မှန်ကိုချွတ်၊ မျက်မှန်အိတ်ထဲ ပြန်ထည့်လိုက်ပြီး...

"ဟိုကိစ္စ... ဘယ်လိုသဘောရသလဲ"

ဒေါ်ကြည်မြင့်က ချက်ချင်းပြန်ဖြေသည်။

"ကျွန်မတော့ လျှော့ဈေးနဲ့ ထုတ်လိုက်ချင်ပြီ"

"ဟေ... ဘာပြောတယ်"

ဦးသာလှ မျက်လုံးဝိုင်းသွားသည်။

"ဟုတ်တယ်လေ၊ ကိုယ့်ပစ္စည်းကလည်း အပြစ်အနာအဆာမကင်းဘူး မဟုတ်လား"

"ဟေး.. မင်း ဘာတွေပြောနေတာလဲ မမြင့်"

ခက်ပါဘိတော့ဆိုသော မျက်နှာထားဖြင့် ဒေါ်ကြည်မြင့် ဆက်ပြောသည်။

"သြော်... အိမ်ကကားကို ပြန်ထုတ်ဖို့ပြောတာ မဟုတ်လား၊ ရှင်ပဲပြောတယ်၊ အင်ဂျင်က ကျနေပြီဆို၊ ဒါကြောင့်... အိမ်ကကား ပြန်ရောင်းပြီး တိုယိုတာ ဟိုင်းလတ်တစ်စီး ပြန်ဆွဲလိုက်ပေါ့"

ဦးသာလှက 'ကျွတ်' ဆိုပြီး စိတ်ပျက်ဟန် လုပ်လိုက်သည်။ ပြီးတော့ ထုံးစံအတိုင်း စကားကို အရင်မပြောသေးဘဲ စီးကရက်ဘူးကို ဆွဲယူသည်။ တစ်လိပ်ထုတ်ပြီး မီးခြစ်ရှာသည်။ သတင်းစာအောက် ရောက်နေသော မီးခြစ်ကိုယူပြီး

စီးကရက်မီးညှိသည်။ ပြီးမှ...

"မင်းပြောတာတွေ တစ်ခုမှ မဟုတ်ဘူးကွ"

"ဒါဖြင့် ဘာလဲ၊ ဟို... တယ်လီဖေးရှင်း"

"တော်စမ်းပါကွာ၊ မင်း အလကား ဒါတွေပဲ စဉ်းစားနေတာပဲ၊ ဒီမှာ မမြင့်၊ လောကကြီးမှာ ဘာအရေးကြီးဆုံးလဲ၊ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ မင်း စဉ်းစားစမ်း"

ဦးသာလှ အခွင့်သာတုန်း ဖိတွယ်နေသဖြင့် ဒေါ်ကြည်မြင့် မကျေမနပ်ဖြစ်သွားသည်။ ဒီအတိုင်း ဆက်နားထောင်နေလျှင် လိုရင်းကို ရောက်မည်မဟုတ်။ အတော်ကြာအောင် မဆိုင်သောစကားများဖြင့် သူ့ကို အထက်စီးက ပြောလိမ့်မည်။ သူ့ယောကျ်ားအကြောင်း သူသိပြီးသား။ ထို့ကြောင့်...

"ကဲ... ရှင့်ဆိုလိုရင်းက ဘာလဲ၊ ရှင်းရှင်းသာ ပြော"

ဦးသာလှက မပြောသေး။ စီးကရက်ပြာခြွေဖို့ ဆေးလိပ်ခွက် ရှာသလို လုပ်နေသည်။ ဒေါ်ကြည်မြင့်က ပက်လက်ကုလားထိုင်အောက် ရောက်နေသော ပြာခွက်ကို အလျင်အမြန် ယူပေးလိုက်သည်။ ဦးသာလှ ဆေးလိပ်ပြာခြွေသည်။ တစ်ဖွာ ထပ်ဖွာပြီးမှ..

"ငါပြောတာက သမီးကို ပြောတာကွ"

ဟု ဆိုပြီး မိန့်မိန့်ကြီး ပြုံးလိုက်လေသည်။

"သြော်.. ဒါလား၊ ကျွန်မလည်း မောင်အိုအောင့် အခြေအနေကို စောင့်ကြည့်နေတာပဲလေ"

ဒါကျတော့ မင်း ချက်ချင်းသဘောပေါက်သားပဲ ဟု ခနဲ့လိုက်မည် ကြံပြီးမှ စကားစပြတ်သွားမည်စိုး၍ ဦးသာလှ ခပ်မဆိတ်နေလိုက်သည်။ ဒီကိစ္စကိုတော့ သူကိုယ်တိုင်လည်း စိတ်ဝင်စားနေသည်မဟုတ်လား။

"အင်း... ဆိုစမ်းပါဦး"

ဒေါ်ကြည်မြင့်သည် ဆိုဖာပိုင်းကလေးကို ဆွဲ၍ ဦးသာလှ နားသို့ ပို၍ တိုးကပ်လိုက်သည်။

"ဒီလို.. ကိုသာလှရဲ့၊ မောင်အိုအောင့်အနေနဲ့ ကျွန်မတို့အိမ်မှာ လာတည်းနေရတာဆိုတော့ အားနာနေဟန် တူတယ်"

"ဘာကို အားနာတာလဲ"

"အို.. တစ်ခုခု ပြောဖို့ကိုပေါ့"

"ဘာတစ်ခုခုလဲ"

"သြော်... ရှင့်နယ်၊ ဒီလောက်ပြောရင် နားလည်ဖို့ကောင်းပြီ"

"အေးလေ... ထားပါတော့၊ မင်းဟာ သေချာလို့လား"

"ဒါကတော့ရှင်၊ ဒီလိုပဲ အကဲခတ်ယူရတာပေါ့"

အမှန်က ဒေါ်ကြည်မြင့်လည်း သေသေချာချာ မတွက်တတ်သေး။ အိုအောင်၏ နေပုံထိုင်ပုံက အကဲခတ်နိုင်ခွင့် မသာချေ။ သို့ရာတွင် ဒေါ်ကြည်မြင့်က သူ့ဘက်က သေချာသလို ရောချနေခြင်းဖြစ်သည်။

"အဲဒီတော့ကာ ကျွန်မ တစ်ခုစဉ်းစားမိတယ် သိလား"

ဦးသာလှက ဆိုစမ်းပါဦးဆိုသော သဘောဖြင့် မေးဆတ်ပြ၏။

"ကျွန်မ စဉ်းစားထားတာက ဒီလိုလေ၊ မောင်ခင်မောင်မောင်စိန်ကို ထမင်းစားဖိတ်လိုက်မလားလို့"

"ဘာ... ဘာပြောတယ်"

"ဩော်... ရှင့်နယ်၊ နားများလေးနေသလား၊ မောင်ခင်မောင်မောင်စိန်ကို ထမင်းစား ဖိတ်မလို့ပါဆို၊ လာမယ့် တနင်္ဂနွေနေ့"

"ဟေး... ဘာသဘောလဲကွ"

ဒီတစ်ခါတော့ ဦးသာလှ ဉာဏ်မမီနိုင်တော့ချေ။ ဒေါ်ကြည်မြင့်သည် အစဉ်းစားရခက်သောမျက်နှာ ထားရှိနေသည့် ဦးသာလှကိုကြည့်ပြီး ကျေနပ်နေမိ၏။ သူ့ခင်ပွန်းသည် သူ့အပေါ် စကားတင်စီးခဲ့ပေါင်းများပြီ။ ဒီတစ်ခါတော့ ဦးသာလှအမှန်ပင် အကျောခံရခြင်းဖြစ်သည်။ ဒေါ်ကြည်မြင့် ဆင်သောအကွက်ကို သူ ခန့်မှန်းကြည့်ရာ အတော်စိတ်ရှုပ်သွားသည်။ ဒေါ်ကြည်မြင့်က အထက်စီးက ပြုံးလိုက်ပြီး...

"ဘာသဘောလဲဆိုတာ နောက်တော့ သိရမှာပေါ့ရှင်"

ဟု ပြောလိုက်သည်။ ပြီးတော့ အခန်းထဲမှ မြူးကြွစွာ ထွက်သွား၏။ ဦးသာလှသည် အောင့်သက်သက်နှင့် ကျန်ခဲ့လေသည်။

မာဇဒါဆီဒင် ထောင့်သုံးရာ ကားတစ်စီးသည် တိုက်ရှေ့ဆင်ဝင်သို့အရှိန်ဖြင့် ဝင်ရောက်လာပြီးမှ တိကနဲ ရပ်သွားသည်။ ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ အသားဖြူဖြူ အရပ်မြင့်သော်လည်း ဗိုက်နည်းနည်းထွက်နေသောကြောင့် ရှိရင်းအရပ်လောက် မြင့်သည်ဟု မထင်ရချေ။

သူသည် ဤအိမ်တွင် အစဉ်ဝင်ထွက်နေကျဟန်ပန်မျိုးဖြင့် လူခေါ် ခေါင်းလောင်းကို မနှိပ်တော့ဘဲ သံတံခါးကြားမှ ချောင်းကြည့်ရင်း...

"အန်ကယ်တို့ အန်တီတို့... ခင်ဦးတို့"

ဟု လှမ်းအော်လိုက်သည်။ ခဏအကြာတွင် ဒေါ်ဒေါင်း ထွက်လာပြီး ဩော်.. မောင်ခင်မောင်မောင်စိန်ပါလား ဆိုပြီး သော့ပြေးယူသည်။ တံခါးဖွင့်ပေးသည်။

ကိုခင်မောင်မောင်စိန်က ဧည့်ခန်းမှာ ဝင်ထိုင်သည်။ ဒေါ်ဒေါင်းသည် ဦးသာလှနှင့် ဒေါ်ကြည်မြင့်တို့ကို ကိုခင်မောင်မောင်စိန် ရောက်လာကြောင်း အကြောင်းကြားပြီးနောက် တစ်ဆက်တည်းပင် အိုအောင်ကို သွားခေါ် သည်။

အိုအောင် ရောက်လာသောအခါ ဧည့်ခန်းတွင် ခင်ဦးမြင့်က လွဲ၍ လူစုံ ရောက်နေပြီ။ အိုအောင်က ကိုခင်မောင်မောင်စိန်ကို ပြုံးပြပြီး ဝင်ထိုင်သည်။ ဒေါ်ကြည်မြင့်က အိုအောင်၏အဖေ ဦးအောင်ထိန်နှင့် သူတို့မှာ ဆွေမျိုးရင်းချာတမျှ ခင်မင်လှကြောင်းကို တခမ်းတနား ပြောပြလေသည်။ ဦးသာလှကလည်း ခုမှ ဒေါ်ကြည်မြင့်အကြံကို ရိပ်မိသွားပြီး စကားဝင်ထောက်ပေးသည်။

"ဒါနဲ့ မောင်ခင်မောင်မောင်စိန်လည်း အိမ်မလာတာ အတော်ကြာပါပကော၊ ဖိတ်မှပဲ ရောက်ပေတော့တယ်"

"ဟာ.. ကျွန်တော်က သိပ်လာချင်တာပေါ့ အန်ကယ်၊ ဒါပေမဲ့ အလုပ်က သိပ်ရှုပ်နေလို့ပါ ခုတလော

ပစ္စည်းအဝင်အထွက်ကလည်း သိပ်များတယ်လေ၊ ဗိုလ်ချုပ်ဈေးသစ်က ဖွင့်လိုက်တော့ ပိုဆိုးတာပေါ့၊ ကျွန်တော့်မှာ လပတာပြင်ပြေးရ၊ စိန်ဂျွန်းဈေးက ဆိုင်သွားကြည့်ရ၊ ဆယ်ရပ်ကွက်မှာ သွားကြီးကြပ်ရနဲ့ လူကို ဆယ်ကိုယ်လောက် ခွဲလိုက်ချင်တယ်"

နာမည်ကြီး ဈေးတိုင်းလိုလိုမှာ သူ့ဆိုင်တွေရှိကြောင်း အိုအောင်ကို တစ်ခါတည်း သိစေလိုက်သည်။

ခဏအကြာတွင် ခင်ဦးမြင့် ရောက်ရှိလာသည်။

ခင်ဦးမြင့်သည် ခါတိုင်း အိမ်နေရင်း ဝတ်စားပြင်ဆင်သည်ထက် နည်းနည်းပို၍ ပြင်ဆင်ခြယ်သထား၏။ သူ့သဘောအတိုင်းသာဆိုလျှင် ဒီလောက်လုပ်ဖြစ်မည်မဟုတ်။ ဒေါ်ကြည်မြင့်က ပြင်ဆင်ခိုင်းထားသောကြောင့်သာဖြစ်သည်။

"ဘယ်လိုလဲ ခင်ဦးရဲ့၊ ဧည့်သည်ကို ဖိတ်ထားပြီးမှ ကျွေးရမှာစိုးလို့ ရှောင်နေတာလား"

ကိုခင်မောင်မောင်စိန်သည် ခင်ဦးမြင့်နှင့် သူ၏ ရင်းနှီးမှုအတိုင်းအတာကို ပြလိုက်သည်။ ခင်ဦးမြင့်က ဘာမျှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးပြပြီး ဝင်ထိုင်သည်။

ဒေါ်ကြည်မြင့်က အိုအောင်ကို မသိမသာ အကဲခတ်သည်။ အိုအောင်ကတော့ တစ်ချပ်မှောက် ဖဲသမားတစ်ယောက်ကဲ့သို့ အတွင်းစိတ်ကို မျက်နှာပေါ်၌ မဖော်ပြချေ။

ဒေါ်ဒေါင်းက ထမင်းပွဲပြင်ပြီးကြောင်း လာပြောသဖြင့် ထမင်းစားခန်းသို့ သွားကြသည်။ ဦးသာလှက စားပွဲထိပ်က ထိုင်သည်။ အိုအောင်နှင့် ကိုခင်မောင်မောင်စိန်တို့က တစ်ဖက်၊ ဒေါ်ကြည်မြင့်နှင့် ခင်ဦးမြင့်တို့က တစ်ဖက် ထိုင်ကြသည်။

ဒေါ်ကြည်မြင့်သည် ကြက်သားဟင်းကို ဦးသာလှအား အရင်ဆုံး ဦးချလိုက်သည်။ ပြီးတော့ အသားတစ်တုံးကို ခပ်သည်။ ခဏဆိုင်းနေပြီး အိုအောင့်ပန်းကန်ထဲသို့ အရင်ထည့်ပေးသည်။ ပြီးမှ ကိုခင်မောင်မောင်စိန် ပန်းကန်ထဲ ထည့်ပေး၏။ ထိုအချိန်တွင် ဒေါ်ကြည်မြင့်၏မျက်နှာထားမှာ အလွန်ပညာသားပါသဖြင့် ဦးသာလှပင် စိတ်ထဲက ကျိတ်၍ ချီးကျူးရလေ၏။ ထိုအချင်းအရာကို ကိုခင်မောင်မောင်စိန်ကလည်း ရိပ်မိလိုက်သည်။ ထို့ကြောင့် ထမင်းစားနေရင်း သူ့လုပ်ငန်းအခြေအနေ တိုးတက်နေကြောင်းကို အာဘောင်အာရင်းသန်သန် ပြောနေရှာလေသည်။

အိုအောင်ကတော့မူ ထုံးစံအတိုင်း။

ထမင်းစားအပြီးတွင် ဧည့်ခန်းသို့ ပြန်ကူးလာကြပြန်သည်။ ဒေါ်ကြည်မြင့်က မူလစိတ်ကူးထားသည့်အတိုင်း မိတ်ဆွေတစ်ယောက် အသည်းအသန်ဖြစ်လို့ သွားကြည့်ဦးမည်ဆိုပြီး ဦးသာလှကိုပါ ခေါ်၍ အပြင်ထွက်သွားသည်။ ဧည့်ခန်းတွင် အိုအောင်၊ ကိုခင်မောင်မောင်စိန်နှင့် ခင်ဦးမြင့်တို့သာ ကျန်ခဲ့သည်။

ခင်ဦးမြင့်က ရေခဲသေတ္တာထဲမှ လိုက်ချီးစ်ဘူးကို ဖွင့်ပြီး အချိုပွဲအဖြစ် ဖန်တီးပေးသည်။

ကိုခင်မောင်မောင်စိန်သည် ထမင်းပွဲတွင် ဒေါ်ကြည်မြင့်က အိုအောင်ကို သူ့ထက်ပို၍ အရေးပေးသယောင် ပြုလုပ်ခဲ့သည်ဟု သံသယဖြစ်နေသည်။ ထို့ကြောင့် ခင်ဦးမြင့်ရှေ့တွင် အိုအောင့်ကို နည်းနည်းပြန်ကြောပေးရမည်ဟု စဉ်းစားသည်။

ထို့ကြောင့်...

"ဒါနဲ့... ကိုအိုအောင်တို့ ဇာတိက မြင်းခြံနော်"

"ဟုတ်ပါတယ်"

"အညာမှာ တော်တော်ပူမှာပဲနော်"

သူ ပြောလိုက်ပုံက ပြောင်ကြီးများ ဖြစ်သွားမလားဟု ကိုခင်မောင်မောင်စိန် တွေးသည်။ အိုအောင်က ပြုံး၍ ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်ဗျ။ အညာက ပူရင်လည်းတအား၊ အေးရင်လည်းတအားပဲ၊ ဒါပေမဲ့ အညာကလူတွေက သဘောကောင်းပါတယ်ဗျ"

ခင်ဦးမြင့်ကတော့ ဘာမျှဝင်မပြောဘဲ အကဲခတ်ကြည့်ရုံသာ ကြည့်နေသည်။

ဒါနဲ့ ကိုအိုအောင်တို့က ရုံးသမားဆိုတော့ အညောင်းမိမှာပေါ့နော်၊ စပို့တစ်ခုခု မလုပ်ဘူးလား

ကိုခင်မောင်မောင်စိန်က အကွက်တစ်ခု ဆင်ပြန်သည်။ အားကစားတစ်ခုခု ဝါသနာမပါဘူးလားဟု မေးခြင်းဖြစ်သည်။ အိုအောင်က ဝါသနာပါပါတယ်ဟု ပြောလျှင် ခင်ဦးမြင့်တို့ တိုက်ဘေး ကြက်တောင်ကွင်းမှာ တစ်ပွဲလောက် ကစားရအောင် စိန်ခေါ်မည်။ ထိုပွဲမှာ အိုအောင်ကို အပြတ်ရိုက်ပစ်မည်။ သူ့လက်ကို သူ ယုံကြည်သည်။ သို့ရာတွင် အိုအောင်က ရှောင်ထွက်သွားပြန်၏။

"အားကစားရယ် ဘာရယ်တော့ မလုပ်ဖြစ်ဘူးခင်ဗျာ၊ ညောင်းရင်လည်း လမ်းလျှောက်လိုက်တာပဲ၊ တစ်ခါတလေ ခြင်းဝိုင်းကလေးဘာလေး ကြုံရင် ဝင်ခတ်လိုက်တာလောက်ပဲ ရှိတာပါ"

ခင်ဦးမြင့်သည် ရယ်ချင်နေမိ၏။ အိုအောင့်ကို မဲပြီး တိုက်ခိုက်ဖို့ ကြိုးစားနေသော ကိုခင်မောင်မောင်စိန်၏ အဖြစ်ကြောင့်ပင်။ ခုထိ သူ အိုအောင့်ကို မကျောနိုင်သေးသည့်အတွက် ကျေနပ်သလိုတော့ ဖြစ်မိ၏။

ထိုအချိန်မှာပင် ကိုခင်မောင်မောင်စိန် တစ်စခန်း ထပြန်သည်။ အလှပြမှန်ဗီရိုမှ နိုင်ငံခြားဖြစ် စစ်တုရင်ခုံကို တွေ့သွားသောကြောင့် ဖြစ်လေသည်။

"ဟာ... အတော်ပဲ.. ကိုအိုအောင် ခင်ဗျား ချက်စ်ထိုးတတ်တယ်မဟုတ်လား၊ အပျင်းပြေပေါ့ဗျာ"

"နည်းနည်းပါးပါးတော့ ထိုးတတ်တယ်ဗျ၊ အလေ့အကျင့်တော့ မရှိဘူး... ထိုးတတ်တယ်ဆိုရုံပေါ့"

"ဒါဖြင့် တစ်ပွဲလောက် လုပ်ကြရအောင်ဗျာ"

သို့ဖြင့် သူတို့ စစ်တုရင် ထိုးဖြစ်ကြသည်။

ပွဲစလျှင်ပင် ကိုခင်မောင်မောင်စိန် ဝမ်းသာသွားသည်။ အိုအောင် အရုပ်တွေရွှေ့ပုံမှာ ပရမ်းပတာ နိုင်လှသည်။ သူ့လက်သည် သာမန်အဆင့်လောက်သာရှိကြောင်း ကိုခင်မောင်မောင်စိန် သိရပြီ။ ကိုခင်မောင်မောင်စိန်မှာ စစ်တုရင် တော်တော်ကျွမ်းသည်။ သူတို့မြို့နယ်ထဲတွင် မစ္စတာတွိုက်အေးမှ လွဲ၍ အားလုံးကို အနိုင်ကစားနိုင်သူ ဖြစ်သည်။

ခင်ဦးမြင့်သည် မဂ္ဂဇင်းတစ်အုပ်ကို ကောက်လှန်ရင်း စစ်တုရင်ပြိုင်ပွဲကို မသိမသာ အကဲခတ်သည်။ သူသည် လူတစ်ဖက်သားကို အကျောကြီးနှင့် နိမ်ချင်တတ်သော ကိုခင်မောင်မောင်စိန်ကို အမြင်ကတ်နေသည်။ ထို့ကြောင့် အိုအောင့်ကို အနိုင်ရစေလိုသောစိတ် အလိုလို ဖြစ်ပေါ်မိ၏။

ပြီးတော့ ထိုသူနှစ်ယောက်၏ အင်္ဂါရုပ်များကို နှိုင်းယှဉ်လေ့လာကြည့်နေသည်။ ကိုခင်မောင်မောင်စိန်က

အသားဖြူပြီး ပိုချောသည်ဟု ဆိုရမည်။ သို့ရာတွင် အိုအောင်ကဲ့သို့သော ယောက်ျားပီသသော ရုပ်မျိုးမဟုတ်။ အိုအောင်က အသားညိုသော်လည်း ကျစ်ကျစ်လျစ်လျစ် ရှိသည်။

အထူးသဖြင့် မျက်နှာထားမှာ သိသိသာသာ ကွဲပြား၏။ ကိုခင်မောင်မောင်စိန်သည် အိုအောင်ကဲ့သို့ ဣန္ဒြေသိက္ခာရှိသော ရုပ်မျိုးမဟုတ်ချေ။ ခင်ဦးမြင့်သည် စစ်တုရင် ကစားနည်းကို နားမလည်။ သူ့စိတ်ထဲ၌ ခုပွဲကို ကြည့်ရသည်မှာ ဇော်ဟိတ်နှင့် တိုင်းလုံးကျော်၏ လက်ဝှေ့ပွဲကို ကြည့်ရသကဲ့သို့ပင် ဖြစ်လေ၏။

ကိုခင်မောင်မောင်စိန်သည် အိုအောင်လို အကောင်မျိုးကို အေးအေးဆေးဆေး နိုင်မည်ဟု တွက်ထားသဖြင့် ခပ်ပေါ့ပေါ့ပင် ကစားနေ၏။ သို့ရာတွင် အိုအောင် စွတ်စက်ပြီး တက်လိုက်သော မြင်းကွက်တစ်ကွက်မှာ စစ်တုရင် ဂရင်းမာစတာကြီးတွေသုံးသောအကွက်မျိုး မတော်တဆဖြစ်သွားသဖြင့် ကိုခင်မောင်မောင်စိန်၏ ဘုရင်မကြီးနှင့် ရထားတစ်ကောင် အစားခံလိုက်ရသည်။ ဝင်မွှေကစားကွက်ကို သန်သူဖြစ်သဖြင့် အကွက်တွေ ပျက်ကုန်ပြီး သရေကျရန် မနည်းကစားယူလိုက်ရသည်။

ကိုခင်မောင်မောင်စိန်ကား ဤအိမ်တွင် သူ၏အခန်းကဏ္ဍ မှေးမှိန်လာပြီဖြစ်ကြောင်း ရိပ်မိသွားလေသည်။

(၉)

ဒေါ်ကြည်မြင့်၏ အကြံအစည်မှာ ဤသို့ဖြစ်သည်။ ကိုခင်မောင်မောင်စိန်ကို ထမင်းစားဖိတ်ခြင်းသည် ထိုအကြံအစည်၏ သော့ချက်ဖြစ်၏။ ကိုခင်မောင်မောင်စိန်လာလျှင် အိုအောင်နှင့် ထိပ်တိုက်တွေ့တော့မည်။ ထိုအခါ မိမိတို့က အိုအောင်ကို မသိမသာ ပို၍ဂရုစိုက်လိုက်မည်။ ကိုခင်မောင်မောင်စိန်သည် အခြေအနေမှန်ကို ရိပ်စားမိပြီးနောက် ဆုတ်သွားလိမ့်မည်။ အိုအောင်ကလည်း မိမိတို့က သူ့ကိုလိုလားနေကြောင်း တိတိကျကျ သိသွားလိမ့်မည်။ ထိုအခါ သူသည် မဝံ့မရဲဖြစ်နေသောစိတ်၊ အားတုံ့အားနာဖြစ်နေသောစိတ်တွေ ပပျောက်သွားပြီး ပြောရဲဆိုရဲ ရှိလာလိမ့်မည်။

သို့တည်းမဟုတ်...

နောက်တစ်မျိုး စဉ်းစားလို့ရသေးသည်။ အိုအောင်က ကိုခင်မောင်မောင်စိန် ဆိုသောလူသည် သူနှင့် အပြိုင်အဆိုင် ဖြစ်နေကြောင်း သိသွားလိမ့်မည်။ လူဆိုသည်မှာ ပြိုင်ဘက်ရှိလျှင် ပို၍ ကြိုးစားမြဲ၊ အကြံချင်းတူလျှင် ဦးသူသာစတမ်း မဟုတ်လား။ ထိုအခါ အိုအောင်သည် ကိုခင်မောင်မောင်စိန် ဦးသွားမည်ကို စိုးရိမ်ပြီး မြန်မြန်ထက်ထက် ဖွင့်ပြောလိမ့်မည်။ ထိုအတိုင်းပင် ဒေါ်ကြည်မြင့် တွက်ကိန်းချထားသည်။

ဒေါ်ကြည်မြင့်၏ ထုံးစံအတိုင်း သူ့တွက်ကိန်း လွဲလေ၏။

အိုအောင်သည် သူထင်သလို ဖွင့်ပြောဖို့ နေနေသာသာ ပို၍ပင် ကင်းရှင်းနေပြလိုက်သောကြောင့်ဖြစ်သည်။ ကိုခင်မောင်မောင်စိန် လာသည့်နေ့မှစ၍ အိုအောင်သည် ခင်ဦးမြင့်ကို ရှောင်နေလေတော့သည်။ ခါတိုင်းကမှ ထမင်းစားပြီးလျှင် ဧည့်ခန်းမှာ ခဏတဖြုတ် ထိုင်သေးသည်။ ခု.. ထိုသို့မဟုတ်။ ထမင်းစားပြီးသည်နှင့် သူ့အခန်းသို့ တန်းပြန်သည်။ထမင်းစားနေတုန်းလည်းခင်ဦးမြင့်နှင့်အာလာပစကားမျိုးသိပ်မပြောတော့။မေးထူးခေါ်ပြောအဆင့်သာ ဆက်ဆံသည်။ ရုံးကိစ္စသွားပြီး ပြန်ရောက်လျှင် သူ့အခန်းမှာ သူအောင်းနေသည်။

ဒေါ်ကြည်မြင့် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေတော့၏။ ဦးသာလှကလည်း သူ့အကြံအစည် မအောင်မြင်သည့်အတွက် လှောင်သလို ခနဲ့သလို လုပ်လာသည်။ ပြီးတော့ အိုအောင် ပြန်ရတော့မည့်ရက်ကလည်း တဖြည်းဖြည်း နီးကပ်လာသည်။ ထိုအခါ ဒေါ်ကြည်မြင့်၏ နည်းဗျူဟာများသည် နည်းနည်း ပို၍ ကြမ်းလာလေသည်။

"ငါ့တူရယ်... မင်း ရန်ကုန်ရုံးချုပ်ကို ပြောင်းလာပါလားကွယ်၊ ပြောင်းချင်တယ်ဆို ပြောလေ၊ မင်းဦးလေးကို သွားပြောခိုင်းပေးမယ်၊ အမယ်လေး နေဖို့ထိုင်ဖို့ကတော့ ဘာမှမပူနဲ့၊ ဒေါ်ဒေါ်တို့အိမ်ဟာ မင်းအိမ်လိုပဲ သဘောထား၊ ဘယ့်နယ်ကွယ်.. တခြားလူမှမဟုတ်တာ၊ ကိုအောင်ထိန့်သားဆိုတော့ ဒေါ်ဒေါ်တို့သားပဲပေါ့၊ ဟင်း... ဟင်း.. ဟုတ်တယ်ကွယ့်၊ ဒေါ်ဒေါ်တို့မှာက သားယောကျ်ားလေးလည်း ရှိတာမဟုတ်၊ သမီးအဖို့လည်း မောင်ဘွားရယ်လို့ အားကိုးစရာ ရတာပေါ့၊ မဟုတ်လား"

ဆိုသော စကားမျိုး။

ပြီးတော့ အိုအောင်နှင့် ခင်ဦးမြင့်တို့ နှစ်ယောက်တည်း ရုပ်ရှင်ကြည့်ဖြစ်အောင် ဖန်တီးသည့်နည်း။ ယခင်အခါများကလိုပင် ရန်ဂါဆွာမိကို ခွင့်ရက်ပေးလိုက်သည်။ ဒီအရေးအခင်းတွင် ရန်ဂါဆွာမိ အတော်အမြတ်ထွက်လေသည်။

နောက် ရုပ်ရှင်ကြည့်ဖို့ စီစဉ်သည်။ ရန်ဂါဆွာမိ နေမကောင်းသဖြင့် အိုအောင်ကို လိုက်ပို့ပါဟု အကူအညီတောင်းသည်။ သွားခါနီးကျမှ ဒေါ်ကြည်မြင့်သည် ကောက်ခါငင်ခါ မူးဝေလာသည်။ ထိုအခါ အိုအောင်နှင့် ခင်ဦးမြင့် နှစ်ယောက်တည်း သွားရလေတော့သည်။ သို့ရာတွင် သူတို့သည် ရုပ်ရှင်ကို မသွားကြ။ ခင်ဦးမြင့်က ကျွန်မ ငြီးစီစီကြီးဖြစ်နေလို့ ရုပ်ရှင်မကြည့်တော့ဘူး၊ ယင်းမာတို့အိမ်သာ ပို့ပေးပါဟု ဆိုသည်။ အိုအောင်ကလည်း ဝမ်းမြောက်စွာ လိုက်ပို့ပေးခဲ့ပြီး မြို့ထဲ ဟိုဟိုဒီဒီ လျှောက်သွားနေလိုက်သည်။

ခင်ဦးမြင့်က လက်ရှိအခြေအနေကို ယင်းမာနှင့် တိုင်ပင်ကြည့်သည်။ အဖြေတစ်မျိုး ထွက်လာသည်။ အိုအောင်သည် သူ၏ထုံးစံအတိုင်း ဒေါ်ကြည်မြင့်၏ဆင်ကွက်များကို လိမ္မာပါးနပ်စွာ ရှောင်တိမ်နေခြင်းဖြစ်မည်။ သို့မဟုတ် ဒေါ်ကြည်မြင့်တို့ကို စိတ်အလုပ်ရှုပ်အောင် တန်ပြန်လှည့်ဖျားနေခြင်း ဖြစ်ချင်ဖြစ်မည်။

သို့မဟုတ် အိုအောင်က ကိုခင်မောင်မောင်စိန်သည် ခင်ဦးမြင့်နှင့် စေ့စပ်ထားသူဟု ထင်ချင်ထင်လိမ့်မည်။ ထို့ကြောင့် သူ ခင်ဦးမြင့်နှင့် ကင်းကင်းနေဖို့ ကြိုးစားခြင်းဖြစ်ချင်ဖြစ်မည်။ ထိုအချက် မှန်လျှင်တော့ အိုအောင်သည် ခင်ဦးမြင့်ကို စိတ်ဝင်စားနေပြီဟု ဆိုရပေလိမ့်မည်။ ခင်ဦးမြင့်ကို စိတ်မဝင်စားဘူးဆိုလျှင် ကိုခင်မောင်မောင်စိန် ရောက်လာရုံနှင့် ဘာကြောင့် အမူအရာပြောင်း သွားရမည်နည်း။ ခင်ဦးမြင့် ဘယ်သူနဲ့ပဲ စေ့စပ်စေ့စပ် သူနှင့် ဘာဆိုင်သနည်း။ သူ ဆိုင်ချင်နေလို့သာ ခုလိုဖြစ်နေခြင်း မဖြစ်နိုင်ဘူးလား။

သူတို့ ရရှိသော အဖြေမှုကွဲများသည် ပြောသာပြောရသည်။ တစ်ခုမျှ သေချာခြင်းမရှိ။ ဖြစ်ကောင်းဖြစ်နိုင်သည် ဆိုတာမျိုးချည်းသာ။

ဒီနေ့လည်း ခင်ဦးမြင့်သည် ဒေါ်ကြည်မြင့်၏ ခိုင်းစေချက်အရ အလုပ်တစ်ခုကို လုပ်ရပြန်သည်။ မိန်းကလေးတစ်ယောက်အနေနှင့်ဆိုလျှင် အတော်အတန် အတင့်ရဲသော အပြုအမူဟု ဆိုကောင်းဆိုနိုင်သည်။ ဒေါ်ကြည်မြင့်ကတော့ ဒါတွေ ဂရုစိုက်မနေနိုင်အားတော့။

အိုအောင်သည် ရုံးက အစောကြီးပြန်ရောက်လာသည်။ မွန်းလွဲရုံလောက်သာရှိသေးသည်။ ရောက်လာပြီးနောက် ဘယ်မှ မထွက်ဘဲ အခန်းအောင်းနေခဲ့သည်။ နေ့လယ်တွင် ဒေါ်ကြည်မြင့်က ခင်ဦးမြင့်ကို တစ်ခုခိုင်းသည်။ အိုအောင့်အခန်းသို့ ကော်ဖီနှင့် မုန့်သွားပို့ခိုင်းခြင်းပင် ဖြစ်လေသည်။

ခင်ဦးမြင့်သည် မေမေ့ကို မကျေနပ်။ မိန်းကလေးတစ်ယောက်အနေဖြင့် ယောကျ်ားကလေးတစ်ယောက် နေသောအခန်းသို့ သွားရမည်ဆိုသည်မှာ ကိုယ့်ဘက်က ဘယ်လောက်သိက္ခာကျလိုက်ပါသနည်း။ သို့ရာတွင် ပို့ရမည်က ပို့ရမည်သာ။ မေမေခိုင်းလျှင် သူ လုပ်ရမည်သာ။ မိဘအလိုကျ နေခဲ့ရသည်မှာ အကျင့်ပါနေပြီမဟုတ်လား။

ကော်ဖီနှင့် မုန့်ပန်းကန်တင်ထားသော လင်ဗန်းကို ကိုင်ရင်း အခန်းပေါက်ဝတွင် ရပ်လိုက်သည်။ အိုအောင်သည် အိပ်ရာပေါ်တွင် ပက်လက်လှန်၍ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စိုက်ပျိုးရေးစာအုပ်တစ်အုပ်ကို ဖတ်နေသည်။ ခင်ဦးမြင့်ကို သူ မမြင်သေး။

ခင်ဦးမြင့်သည် ချောင်းဟန့်သံလေး ပေးရကောင်းမလား။ လှမ်းခေါ်ရင် ကောင်းမလား စဉ်းစားနေ၏။ ထိုအချိန်မှာ အိုအောင်က စာမျက်နှာသစ်တစ်ခုကို လှန်လိုက်သည်။ မျက်စိညောင်းဟန်ဖြင့် ခေါင်းမော့လိုက်ရာ ခင်ဦးမြင့်ကို မြင်သွားသည်။

"ဟင်… မခင်ဦးမြင့်"

အိုအောင်က ပျာပျာသလဲ ထရပ်လိုက်သည်။ အပေါက်ဝသို့ ခြေလှမ်းကျဲနှင့်ထွက်လာပြီး လင်ဗန်းကို လှမ်းယူ၏။

"အားနာစရာကြီးဗျာ၊ မခင်ဦးမြင့်ကိုယ်တိုင် ဘာလို့ လာပို့ရတာလဲ၊ ဒေါ်လေး မရှိဘူးလား"

"ရှိပါတယ်"

ခင်ဦးမြင့် လွှတ်ခနဲ စကားမှားပြောမိ၏။ အိုအောင့်ခေါင်းထဲ၌ အတွေးတွေ အများကြီး ဖြတ်သန်းသွားသည်။ သူ သက်ပြင်းချသည်။

"မခင်ဦးမြင့် ခဏလောက် ထိုင်ပါဦးလား"

အိုအောင်သည် ကော်ဖီပန်းကန်ကို စားပွဲပေါ်တင်ပြီး ကုလားထိုင်ကို ယူရင်း အခန်းပြင်ကို ပြန်ထွက်လာသည်။

အခန်းပြင်က စင်္ကြံတွင် ချပေးလိုက်သည်။ ခင်ဦးမြင့် ခပ်လေးလေး ဝင်ထိုင်သည်။ အိုအောင်က စင်္ကြံအုတ်တိုင်ကို မှီ၍ရပ်နေသည်။

"မခင်ဦးမြင့် အားပါတယ်နော်"

"ဟုတ်ကဲ့"

ခင်ဦးမြင့် ငြိမ်သက်စွာ ထိုင်နေသော်လည်း စိတ်တွေက လှုပ်ရှားနေ၏။ ဖြစ်ကောင်းဖြစ်နိုင်သော စကားများကို မှန်းဆကြည့်နေ၏။

"မခင်ဦးမြင့်"

ခင်ဦးမြင့်သည် အိုအောင်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည်ဟု ဆုံးဖြတ်ပြီး မော့ကြည့်လိုက်သည်။ သို့ရာတွင် မျက်လုံးချင်း ကြာရှည်မဆိုင်ဘဲ မေးစေ့လောက်သို့ အကြည့်ပြန်ဆင်းသွားသည်။

"ကျွန်တော် သန်ဘက်ခါ ပြန်တော့မယ်"

"ဟုတ်ကဲ့"

"အဲဒါ.. ကျွန်တော် ပြောစရာလေးတစ်ခုရှိလို့"

အိုအောင့် အမူအရာနှင့် အသံနေအသံထားကို ခင်ဦးမြင့် တွေ့ကြားသိနေရသည်။ မှုမှန်သော မျက်နှာထားနှင့် ပင်ကိုယ်အတိုင်းရှိသောအသံ။

"ဒီလိုဗျာ၊ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်"

အိုအောင်က ခင်ဦးမြင့်ကို တစ်ချက်အကဲခတ်ပြီး...

"ကျွန်တော် မပြောမဖြစ်လို့ ပြောရတာပါ၊ ဘာလဲဆိုတော့ မခင်ဦးမြင့်တို့မိဘများက ကျွန်တော်နဲ့ မခင်ဦးမြင့်ကို ဘယ်လို သဘောထားကြတယ်ဆိုတာ မခင်ဦးမြင့် သိမှာပေါ့"

ခင်ဦးမြင့်က ဘာမျှပြန်မပြော။

"အဲ... ကျွန်တော့်အဖေရဲ့ဆန္ဒက မခင်ဦးမြင့်တို့မိဘတွေ သဘောအတိုင်းပါပဲ"

ခင်ဦးမြင့် ရင်ခုန်စပြုသည်။

"အဲဒါဗျာ... သိသင့်တာလေးတွေ သိရအောင် ကျွန်တော် ပြောမလို့ပါ"

အိုအောင်သည် ခဏမျှ ဆိုင်းငံ့နေသည်။ ခင်ဦးမြင့်ကို မကြည့်ဘဲ ပိန္နဲပင်ကို လှမ်းကြည့်ရင်း ပြောသည်။

"အဲဒါ... မခင်ဦးမြင့် ဘယ်လိုသဘောရသလဲ သိချင်လို့ပါ"

"ရှင်.."

ခင်ဦးမြင့် ဆတ်ကနဲ ဖြစ်သွားသည်။ အိုအောင်၏စကားသည် ဘယ်လောက် ရင့်လှကျောလှပါသနည်း။ သူ့သဘောထားကို အရင်မပြောဘဲ မိန်းကလေးဆီက စကားကို ဦးအောင် နှိုက်ယူဖို့ သူ ကြံသည်။

ခင်ဦးမြင့် မကျေမနပ်ဖြစ်သွားကြောင်း အိုအောင်ကလည်း သိလိုက်၏။

"ဆောရီး.. မခင်ဦးမြင့်၊ ကျွန်တော်က မိန်းကလေးမို့ ဦးစားပေးချင်တဲ့ဆန္ဒ စောသွားလို့ပါ၊ ဟုတ်တာပေါ့၊ ဒီကိစ္စမျိုးမှာ ယောကျ်ားလေးက စပြီးပြောရမှာပါပဲ"

ခင်ဦးမြင့် ခေါင်းငုံ့သွားပြန်သည်။ အိုအောင်ကလည်း ပိန္နဲပင်ကို ကြည့်ပြန်သည်။ ပြီးတော့...

"ပြောရမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ မခင်ဦးမြင့်အပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး၊ ကျွန်တော် မခင်ဦးမြင့်ကို မိတ်ဆွေတစ်ယောက်လိုပဲ ခင်ချင်ပါတယ်"

ဘယ်လောက်များ ရှက်ဖို့ကောင်းလိုက်သလဲ၊ ဘယ်လောက်များ စော်ကားလိုက်ပါသလဲ၊ ဘယ်လိုမှ သဘောမထားလျှင် ဘာပြောနေစရာလိုသလဲ၊ သူ့ဘာသာ မန္တလေးပြန်သွားရုံပေါ့၊ ခုတော့ 'ကျုပ်ကို ဒီလိုမိအောင်ဖမ်းလို့ ဘယ်ရမလဲဗျ'ဟူသော သဘော။ အသာစီးယူသွားပြီ။ ဒီလူ အပြတ်အသတ် နိုင်သွားပြီ။

အိုအောင့်ဆီမှ ပြန်လာပြီးနောက် ခင်ဦးမြင့် အိပ်ခန်းထဲတန်းဝင်သည်။ အိပ်ရာပေါ်ပစ်လှဲပြီး ခေါင်းအုံးပေါ် မျက်နှာအပ်ထားလိုက်သည်။

ငိုတော့ မငိုချေ။

အိုအောင် မန္တလေးသို့ပြန်ရန် ဘူတာလိုက်ပို့သောနေ့က မြင်ကွင်းသည် ခြောက်တိခြောက်ကပ် နိုင်လှသည်။

ဦးသာလှက အလုပ်ကိစ္စအကြောင်းပြပြီး လိုက်မပို့ဘဲ နေခဲ့သည်။ ဒေါ်ကြည်မြင့်တို့သာ လိုက်ပို့ရသည်။

အိုအောင်သည် ပြီးခဲ့သောရက်များအတွင်း ရန်ကုန်မှာနေခဲ့စဉ် ဘာထူးခြားမှုမှ မဖြစ်ခဲ့သလို မျက်နှာထားဖြင့် ရထားပေါ် တက်သွားလေသည်။

ခင်ဦးမြင့်သည် ဟိုတစ်နေ့က အိုအောင် ပြောခဲ့သော စကားများအတွက် မကျေမနပ်ဖြစ်နေတုန်းပင် ဖြစ်သည်။

ထို့ကြောင့် အိုအောင်ကို စကားဟဟမပြောဘဲ နေသည်။ မျက်နှာထားကိုလည်း ခပ်မှန်မှန် ထားသည်။

ဒေါ်ကြည်မြင့်ကမူ သမီးတစ်ယောက်တော့ မောင်အိုအောင်အပေါ် သံယောဇဉ်တွယ်တာမိလို့များ ခွဲခွာရမှာ စိတ်မကောင်း ဖြစ်နေရှာသလား မသိဘူးဟု ခုထိ မလျှော့သေးဘဲ လိုရာဆွဲတွေးလိုက်သေးသည်။

သို့ရာတွင် ရထားထွက်ပြီးနောက်တွင် ခင်ဦးမြင့်၏မျက်နှာထားမှာ ဝမ်းနည်းနေပုံမဟုတ်ဘဲ ရွှင်ပြသွက်လက်လာသည်ကို တွေ့ရပြန်လေ၏။

အိုအောင်သည် စိတ်ထဲက စနိုးစနောင့်နှင့် မရှင်းမလင်းဖြစ်နေသည်။ ဟိုနေ့က သူ ခင်ဦးမြင့်ကို ပြောခဲ့သောစကားသည် မှားများသွားသလားဟု တွေးမိသည်။ မိမိအနေဖြင့် ဘာမျှမပြောဘဲ ပြန်လာခဲ့လို့လည်း ဖြစ်လျက်သားနှင့် ခုတော့ ခင်ဦးမြင့်အပေါ် အကျောကြီးနှင့် ဆက်ဆံခဲ့သလို ဖြစ်သွားရသည်။

အမှန်တော့လည်း မိမိသည် ထိုစကားများကို တကယ့်စိတ်ရင်းအတိုင်း ပြောခဲ့ခြင်းဖြစ်သည်။ ခင်ဦးမြင့်ကို မိမိ မချစ်နိုင်ချေ။ တစ်ခုရှိတာက ခင်ဦးမြင့်အပေါ် မချစ်နိုင်သည်ကလွဲ၍ အခြားအချက်များ ကျေနပ်ဖွယ်ချည်း ဖြစ်သည်။

ခင်ဦးမြင့်သည် လှ၏။ ကိုယ်ကျင့်တရား ကောင်းမွန်၏။ တစ်ဦးတည်းသော သမီးဖြစ်၏။ ပြီးတော့ ချမ်းသာ၏။ မချစ်နိုင်တာလေးလောက်နဲ့များ ဒီအခွင့်အရေးကို စွန့်လွှတ်တော့မှာလား။ သူ နမြောသလိုလို ဖြစ်လာသည်။

အိုအောင်ပြန်သွားပြီး နောက်ရက်များတွင် ခင်ဦးမြင့်ရင်ထဲ၌ ဟာသလိုလို ဖြစ်နေသည်။ အိုအောင့်ကို လွမ်းလို့မဟုတ်။ အိမ်မှာ တစ်လကျော်ကျော် နေသွားသူတစ်ယောက် မရှိတော့သဖြင့် မြင်နေကျအရာတစ်ခုကို မမြင်ရသလို ခံစားရခြင်းမျှသာ ဖြစ်သည်။ အိမ်မှာ ခိုင်းဖို့ခေါ်ထားသည့် ကောင်မလေး တောခဏပြန်သွားတုန်းက ခံစားရသလောက်သာ ဖြစ်သည်။ သူ့ကို ကျောသွားသည့်အတွက် အိုအောင့်ကို ခုထိ မကျေနပ်သေး။ ဒီလူ ပြန်သွားတာပဲ ကောင်းသည်။

ထိုအချိန်တွင် ခင်ဦးမြင့်သည် ထိတ်လန့်ဖွယ်ကောင်းသော အတွေးတစ်ခုကို တွေးမိလေသည်။ ဖေဖေနှင့်မေမေတို့သည် အိုအောင်နှင့်ပတ်သက်၍ မျှော်လင့်ချက်မရှိတော့လျှင် ကိုခင်မောင်မောင်စိန်ကို ပြန်လည် လက်သင့်ခံပေတော့မည်။ ကိုခင်မောင်မောင်စိန်ကို မိမိ မချစ်နိုင်ရုံသာမက ရွံလည်းရွံသည်။ မုန်းလည်း မုန်းသည်။ ကိုခင်မောင်မောင်စိန်နှင့်စာလျှင် အိုအောင်က အပုံကြီးသာလေသည်။ မိမိသည် အိုအောင်ကို မချစ်နိုင်သော်လည်း

ရွေးချင်းရွေးလျှင် အိုအောင်ကိုသာ ရွေးသင့်သည်။

အိုအောင်သည် တည်ကြည်ခံ့ညားသည်။ ကိုယ်ကျင့်တရားကောင်းသည်။ ပညာတတ်သည်။ ရာထူးအဆင့်အတန်း ရှိနေသည်။ ပြီးတော့ မကြာခင် နိုင်ငံခြားပြန်ဖြစ်ဖို့ အလားအလာလည်း ရှိသည်။

အချစ်နှင့် အိမ်ထောင်ရေးသည် တခြားစီဟု လူကြီးတွေ ပြောကြသည် မဟုတ်လား။ လူကြီးတွေစကား နားထောင်လျှင် လိမ္မာသောသမီးဟု ဆိုကြလေ၏။

"ကိုင်း... ဘယ်လိုတုန်း မမြင့်၊ မင်းစီမံကိန်းကြီးက ရေစုန်မျောပြီ မဟုတ်လား"

"အို.. ဒီလိုလည်း ပြောလို့မရသေးပါဘူးရှင်၊ မောင်အိုအောင်က စာမေးပွဲအောင်စာရင်းထွက်ရင် တစ်ခေါက်လာဦးမှာပဲ"

"တော်ပါတော့ကွာ၊ ဒီကိစ္စကို မင်း ဘာမှဝင်မလုပ်နဲ့တော့"

"ဟင်.. ရှင်က လက်လျှော့လိုက်ပြီပေါ့ ဟုတ်လား"

"ဟား... ဟား.. သာလုပါကွ၊ ဘယ်တုန်းက လွယ်လွယ်နဲ့ လက်လျှော့ဖူးလို့လဲ၊ ငါဖြစ်စေချင်တာကို ဖြစ်အောင်လုပ်တတ်တာလဲ မင်း အသိသားပဲ"

"ဒါပေမဲ့ သူတို့ချင်းက ဘာမှမဖြစ်ကြဘဲ"

"ဟေ့... လူကြီးကွ၊ မိဘကွ၊ တစ်ချက်လွှတ်အာဏာ သုံးပိုင်ခွင့်ရှိတယ်၊ လူကြီးတွေက သင့်တော်မယ်ထင်လို့ စီမံတာကို သင်းတို့က နာခံရမယ်သိလား၊ ဟေ့ ဒီမှာ ငါ မြင်းခြံသွားမယ်၊ အောင်ထိန်နဲ့တိုင်ပင်ပြီး ဒီကိစ္စကို စီစဉ်မယ်၊ ဒါပဲ"

အိုအောင်နိုင်ငံခြားမသွားမီတစ်လခန့်အလိုတွင်အိုအောင်နှင့်ခင်ဦးမြင့်တို့၏စေ့စပ်ကြောင်းလမ်းပွဲပြုလုပ်သည်။ အိုအောင် နိုင်ငံခြားမှ ပြန်လာပြီးနောက် လအနည်းငယ်အကြာတွင် မင်္ဂလာဧည့်ခံပွဲကို အင်းယားကန်ဟိုတယ်တွင် ခမ်းနားကြီးကျယ်စွာ ကျင်းပသည်။ ငွေတွေ သောက်သောက်လဲကုန်သည်။ လက်ဖွဲ့ပစ္စည်းတွေ၊ လက်ဖွဲ့ငွေတွေ သောက်သောက်လဲ ပြန်ရသည်။

အိုအောင်သည် နိုင်ငံခြားမှပြန်လာသောအခါ ကားတစ်စီးပါလာသည်။ မစ်ဆူဘီရှီကုမ္ပဏီမှ ထုတ်လုပ်သောကားဖြစ်သည်။ ကားနာမည်က 'လင်ဆာ' တဲ့။ ပြီးပါပြီ။

မင်းလူ